www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဖျူးစာပေ)
အမှတ်- ၅၂၀(က)၊ ဘင်း၀ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျင်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ တော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုပေါက် ☎း ၀၉ ၄၂၀၂၄၃၃၂၇
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၅ ခုနှစ်၊ ဇူလိုင်လ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ဖျူးစာပေ
၀၉ ၅၀၃၀၁၀၆၊ ၀၉ ၅၁၁၅၀၈၄၊ ၀၁ ၈၅၀၀၆၉၆

၈၉၅. ၈၃
ဖျူး
မိုးရွှေဝါခြေဝလာနဲ့
ဖျူးစာပေ ၊ ၂၀၁၅။
၂၅၆ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) မိုးရွှေဝါခြေဝလာနဲ့

## အခန်း (၁)

"သံသာလေး အိပ်ရာက မထသေးဘူးလား၊ ဘယ်အချိန်ရှိပြီလဲ"

ခုတင်ထက်မှာ ကျောပေးအိပ်ပျော်နေသော သမီးလေးကို လက်က ပုတ်နှိုးလိုက်သည်။ မျက်လုံးလေးများကို လက်နှင့်ပွတ်သပ်လျက် သံသာ ငုတ်တုတ်ထထိုင်၏။

"ဒီနေ့ ကျောင်းပိတ်ရက်မဟုတ်ဘူးလား ကာကာ"

"ကျောင်းတော့ပိတ်တာပေါ့ သံသာရဲ့၊ ဒါပေမဲ့ ရှစ်နာရီတောင် ကျော်နေပြီလေ၊ ထသင့်နေပြီမဟုတ်ဘူးလား၊ အန်တီနုကို သမီးကြိုက်တတ်တဲ့မုန့်တွေ မှာလိုက်တယ်၊ ရေမိုးချိုးပြီးရင် အဆင်သင့်စားလို့ ရလောက်ပြီ"

"ကာကာက ရုံးသွားတော့မှာလား"

သမီးမျက်နှာလေး ရှုပုပ်လျက် မေးသည်၊ လက်က ပြုံးရယ်လျက် သမီးဆံပင်လေးများအား ပွတ်သပ်ချော့မြူလိုက်၏။

www.burmeseclassic.com



"ကာကာ ရုံးသွားနေတုန်း သမီးလေးက ကျောင်းကပေးလိုက်တဲ့ အိမ်စာတွေ အားလုံးလုပ်ထားနော်"

"ဟုတ်ကဲ့ပါ ကာကာ၊ အပြန်ကျရင် သမီးကို ဒိုးနပ်မုန့် ဝယ်ခဲ့နော်"

"အများကြီးမစားပါဘူးလို့ ကတိပေးမှ ဝယ်လာမယ်၊ ဘယ်လိုလဲ ပေးမှာလား"

လက်ညှိုးလေးကို သံသာမျက်နှာရှေ့ ထောင်ပြရင်း သတိပေးတောင်းဆိုလိုက်တော့ သမီးက ချက်ချင်းပင် ခေါင်းညိတ်သည်။

"သမီး အများကြီးမစားပါဘူး ကာကာရဲ့၊ ကတိပေးပါတယ် ဟိုတစ်ခါက တစ်ဘူးလုံးစားလိုက်တာ ချောင်းတွေတအားဆိုးလို့ ကာကာရော သမီးရော ညကောင်းကောင်း မအိပ်ရဘူးလေ"

"အေး သမီးက မှတ်မိသားပဲ၊ တော်တဲ့ကလေးအတွက် ကာကာ ဝယ်လာခဲ့မှာပေါ့"

ကိုးနှစ်အရွယ် သံသာလေးကို အိမ်မှာ မနုနဲ့နှစ်ယောက်တည်း ထားခဲ့ရတာ စိတ်မချပေမယ့် လက်ာ့မှာ ဘယ်လိုမှမတတ်နိုင်ခဲ့ပါ။ သံသာက လိမ္မာသော ကလေးမလေးမို့ လက်ာ စိတ်အေးလက်အေး ထားသွားနိုင်ခြင်းလည်း ဖြစ်သည်။

"လက်ာတို့ကတော့ အမြဲတမ်း အချိန်တိကျတယ်နော်"

ဒါရိုက်တာအဖွဲ့ဝင်တစ်ယောက်ဖြစ်သော ကိုအုပ်စိုးရဲ့နှုတ်ဆက်စကားကြောင့် လက်ာ ပြုံးမိသည်။ လက်ာ အလုပ်ဝင်ခဲ့သောကာလတစ်လျှောက်လုံး အကြောင်းကိစ္စ ကြီးကြီးမားမားမရှိပါဘဲ ဘယ်တုန်းကမှ အလုပ်နောက်မကျခဲ့ဘူးပါ။ အလုပ်ကိုသာ အာရုံအမြဲစူးစိုက်လျက် ကြိုးစားပမ်းစား လုပ်တတ်တာလည်း အကျင့်တစ်ခုလိုဖြစ်နေပါပြီ။





လုပ်ငန်းခွင်ထဲမှာ လက်ာ မှားယွင်းလို့ ဆုံးရှုံးသွားတယ်ဆိုတာမျိုး ဘယ်တော့မှလည်း မဖြစ်ဘူးခဲ့။ ကိုယ့်တာဝန်ကိုယ် ကျေပွန်အောင် အစဉ်ကြိုးစားခဲ့သည်။ တစ်ခုပါပဲ မန်နေဂျာတစ်ယောက်အနေနဲ့ ဝန်ထမ်းတွေအပေါ်မှာ စည်းကမ်းတင်းကျပ်တာမျိုးလေးတွေတော့ ရှိရတာပေါ့လေ။ ဒါကြောင့်လည်း ဝန်ထမ်းတွေအပေါ် အေးစက်စက်ဆက်ဆံသူလို့ ထင်ချင်စရာတွေ ဖြစ်နေခဲ့သည်။

"ဒီနေ့ အစည်းအဝေးမှာ နွေရာသီရေကူးကန်ပါတီလေးလုပ်ဖို့ ကျွန်မ ဆုံးဖြတ်ထားပါတယ်၊ ဒီနှစ်နွေက အရင်နှစ်တွေထက် ပိုပူမယ်လို့ တွက်ချက်ထားတာဆိုတော့ အရင်လို အပျော်တမ်းကစားနည်းတွေပါတဲ့ ပါတီမျိုးထက် ရေကူးကန်ကို ပိုတိုးတက်အောင်ပြုပြင်ပြီး Pool Side Party လေးလုပ်တာက ပိုအဆင်ပြေပါလိမ့်မယ်"

"ကြီးကျယ်တဲ့ ပါတီတစ်ခုလုပ်ဖို့ အခုရှိနေတဲ့ ရေကူးကန်က တော်တော်လေး သေးနေတယ်လို့ မထင်မိဘူးလား"

ကိုအုပ်စိုး ပြောတာလည်း မှန်ပါသည်။ လက်ာတို့ဟိုတယ်မှာ ယခုလက်ရှိ အသုံးပြုနေသော ရေကူးကန်က တစ်ကန်တည်း၊ ပါတီပွဲတစ်ခုပြုလုပ်ဖို့ဆို သေးငယ်လှပါသည်။

"ဒီအတွက်လည်း ကျွန်မ ပြင်ဆင်ထားပါတယ်၊ ဟိုတယ်အနောက်ဘက်မှာ လွတ်နေတဲ့ မြေနှစ်ဧကမှာ ပြုလုပ်ဖို့ စဉ်းစားထားတယ်၊ အသေးစိတ်အချက်အလက်ကိုတော့ လူကြီးမင်းတို့ရှေ့က ဖိုင်တွဲတွေမှာ လေ့လာနိုင်ပါတယ်"

ဘဲဥပုံစားပွဲတွင် ထိုင်နေသော တာဝန်ရှိသူအသီးသီးရှေ့ အစည်းအဝေးမစခင်တည်းက အတွေးရေးမှူးမလေး တင်ပေးထားသော ဖိုင်တွဲလေးတွေကို လက်ာ ရည်ညွှန်းပြောလိုက်ပြီး နေရာတွင် ပြန်ထိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့။

ဒီအစီအစဉ်ကို လက်ာတို့သူဌေးလည်း သဘောကျမှာပါလေ။

''ဒီအိုင်ဒီယာကို ဘယ်လိုရတာလဲ''

ကျွန်မထင်သည့်အတိုင်း အစည်းအဝေးခန်းထဲကထွက်သည်နှင့် ဘော့စ်ဖြစ်သူက စိတ်ဝင်တစား မေးမြန်းသည်။

''ဒါဘာမှမဟုတ်ပါဘူး။ အရင်နှစ်တွေတုန်းကထက် ဧည့်သည်အရေအတွက်ပိုများအောင်လုပ်နိုင်ဖို့ တွေးကြည့်ရင်းထွက်လာတဲ့ ရိုးရှင်းတဲ့အစီအစဉ်တစ်ခုပါပဲ''

ဟိုတယ်တစ်ခုလုံးရဲ့ပိုင်ရှင် မင်းသွေးစက်ဆိုတာ လုပ်ငန်းအကြောင်းကို ဘာမှနားမလည်သော မန်နေဂျင်းရာထူးအမည်ခံ သက်သက်ပါပဲ။ ရှယ်ယာအများဆုံးပိုင်ဆိုင်ခဲ့သော ဖခင်ဖြစ်သူ သေဆုံးပြီးနောက်မှာ တစ်ဦးတည်းသော အမွေဆက်ခံသူအဖြစ် ဒီနေရာကိုရောက်လာခဲ့တာ။

''ဖေဖေ မရှိတဲ့နောက်မှာ ကျွန်တော့်အားကိုးစရာက မလက်ာနဲ့ကိုအုပ်စိုးတို့ပါပဲ''

''ကျွန်မက ဦးမင်းမျိုးဆက် ရှိစဉ်တည်းက ဒီဟိုတယ်ရဲ့ဂျီအမ်ပါ၊ Cele ဟိုတယ်ရဲ့ အကျိုးက ကျွန်မရဲ့အကျိုးပါပဲ''

''ကျေးဇူးတင်ပါတယ်ဗျာ''

ကျွန်မထက် ငါးနှစ်လောက်ငယ်သော မင်းသွေးစက်ဟာ တစ်သက်လုံး စန္ဒရားတီးရင်းဖြင့်သာ ဘဝကိုငြိမ်းချမ်းစွာ ဖြတ်သန်းလာသော ယောက်ျားတစ်ယောက်ဖြစ်သည်။ နိုင်ငံခြားက အနုပညာတက္ကသိုလ်တစ်ခုမှာ ဂီတပညာကို လေ့လာဆည်းပူးရင်းဖြင့် သူ့အချိန်တွေကို ကုန်လွန်စေခဲ့သူ။





ရုတ်တရက်ကြီး ဖခင်ဆုံးပါးသွားတော့လည်း တစ်ဦးတည်းသော သားမို့ ရွေးချယ်စရာမရှိပါဘဲ ဒီဟိုတယ်ကြီးရဲ့အုပ်ချုပ်သူတစ်ယောက် ဖြစ်လာခဲ့ရတာ။ ကျွန်မတို့ဘက်ကလည်း သူ့ကို အတတ်နိုင်ဆုံး ကူညီသွားရမှာပါပဲ။ ဦးမင်းမျိုးဆက်လက်ထက်တည်းက ဟိုတယ်မှာ ကိုယ့်လက်ကိုယ့်ခြေ ဆုံးဖြတ်ရပ်တည်လာရတာမို့ ကျွန်မအတွက်ကတော့ လုပ်ငန်းခွင်မှာ ဘာမှထိခိုက်နှောင့်နှေးသွားတာမျိုး မရှိပေမယ့် ခုမှ အစိမ်းသက်သက် မန်နေဂျင်းဖြစ်လာသော မင်းသွေးစက်အတွက်တော့ အရာရာကို ခက်ခဲလို့နေသည်။

''ခွေရာသီပါတီအတွက်ကိုတော့ ကိုအုပ်စိုးနဲ့နှစ်ယောက်တိုင်ပင်ပြီး အကောင်းဆုံးဖြစ်အောင် လုပ်ပေးစေချင်ပါတယ်၊ ကျွန်တော်မန်နေဂျင်းဖြစ်ပြီး ပထမဆုံးပွဲမို့ ဘာကိုမှ အမှားအယွင်းမဖြစ်စေချင်လို့ပါ''

''တကယ်တော့ မန်နေဂျင်းကိုယ်တိုင် ကျွန်မတို့နဲ့အတူ လုပ်ငန်းတွေကို လက်တွဲလေ့လာရင် ပိုကောင်းမှာပါ၊ ဒီလိုလုပ်မှလည်း လုပ်ငန်းအကြောင်းကို မြန်မြန်ဆန်ဆန် သိလာနိုင်မှာလေ၊ အခု အောက်တိုဘာဆိုတော့ ကျွန်မတို့ဒီပရောဂျက် စတင်ဖို့ အချိန်သိပ်မကျန်တော့ဘူး''

''ကျွန်တော်လည်း မလက်ာတို့ဆီက သင်ယူစရာတွေ အများကြီးပါ၊ ခုလိုမျိုးကြားရတော့ ဝမ်းသာပါတယ်ဗျာ''

''ဒါက အထူးတလည် ပြောနေရမယ့်အရာမှ မဟုတ်တာ၊ မန်နေဂျင်းရယ်၊ ကျွန်မက ဒီဟိုတယ်တိုးတက်ဖို့အတွက်ဆို ကူညီဖို့အသင့်ပါပဲ''

ပြုံးချိုနေသော မျက်နှာလေးက နုနယ်သည်။ ကျွန်မထက်

www.burmeseclassic.com



ငါးနှစ်သာငယ်သည်ဆိုသော်လည်း မြင်နေတွေ့နေရတာ တကယ့်ချာတိတ်လေးတစ်ယောက်လိုပါပဲ။ အသက်နှစ်ဆယ့်ကိုးနှစ်ဆိုတာ ယောကျ်ားတစ်ယောက်အတွက် ရင့်ကျက်ပြည့်စုံဖို့ လုံလောက်ပြီဆိုပေမယ့် မင်းသွေးစက်အတွက်တော့ တကယ့်လောကကြီးထဲကို ခုမှ ထဲထဲဝင်ဝင် ရောက်ရှိလာရသလိုမျိုး။

''ကာကာ ဒီနေ့ပြန်လာတာ စောတယ်နော်၊ သမီးအတွက် ဒိုးနပ်ရော ပါလာရဲ့လား''

အိမ်ရှေ့ထိထွက်ကြိုနေသော သံသာလေးက မျက်နှာလေးရှုပ်လျက်မေးသည်။ သမီးလေးကို စနောက်ချင်လို့ မုန့်ထုပ်ကိုနောက်တွင်ဖွက်ယူလာခဲ့တာလေ။

''ဟယ် ကာကာ မေ့သွားတယ်ကွယ်''

''ဟွန့် ကာကာက အမြဲတမ်း အဲဒီလိုပဲ၊ အလုပ်ပဲသိတယ်၊ သမီးကိုဆို သတိမရဘူး''

ခြေဆောင့်နှုတ်ခမ်းဆူလျက် သမီးပြောသည်။ ထိုအခါကျမှ နောက်ဘက်မှာ ဖွက်ထားသော အထုပ်အား ထုတ်ပြလိုက်၏။ အခုမှ ပြုံးရွှင်သွားလျက် လက်ာ့လက်ထဲက အထုပ်ကို သမီး လှမ်းယူသည်။

''ကာကာနော် သမီးကို စတယ်၊ ခုနက ပြောမိတာ စိတ်မဆိုးနဲ့နော် အဟီး''

ချက်ချင်းပင် မုန့်ဘူးကိုဖွင့်ပြီး ပန်းပွင့်ပုံမုန့်လေးကို သမီး ထုတ်စားသည်။

''သမီး တစ်ယောက်တည်း အများကြီး မစားရဘူးနော်၊ အန်တီနုကိုလည်း ကျွေးလိုက်ဦး''

မနုက သမီးလေးမွေးတည်းက အနားမှာ မခွဲမခွာ စောင့်





ရှောက်ပေးခဲ့သူတစ်ယောက် ဖြစ်သည်။ သံသာလေးကို သံယောဇဉ်ကြီးလျက် သံသာကလည်း မနုနဲ့ဆို စကားနားထောင်ပြီး ကလန်ကဆန်မလုပ်တတ်ပါ။ ဒါကြောင့်လည်း နေ့စဉ်နေ့တိုင်း ရုံးကို လက်ာ စိတ်ဖြောင့်ဖြောင့်နဲ့ သွားနိုင်ခြင်း ဖြစ်သည်။

မနုနဲ့သံသာတို့ မုန့်စားနေတုန်း လက်ာ အခန်းထဲဝင်လာပြီး ရေမိုးချိုး သန့်စင်လိုက်သည်။ ပြီးရင် အိမ်သယ်လာသည့် အလုပ်လေးဆွဲ လုပ်မည်။ လက်ာ့ရဲ့တစ်နေ့တာက ရိုးရှင်းအေးဆေးပါသည်။ ဒီလိုဘဝမျိုးမှာ အသားကျလာနိုင်အောင်လည်း လက်ာ မနည်းကြီး ပြန်တည်ဆောက်ထားခဲ့ရတာလေ။

■ ■ ■

''ဒါကို တာဝန်ယူဆောက်ဖို့ ကွန်စရက်ရှင်ကို ကျွန်တော်တို့ ရွေးချယ်ရမယ်နော်၊ အရင်တစ်ခါ အပန်းဖြေစခန်း တာဝန်ယူဆောက်ခဲ့တဲ့ တော်ဝင်နှင်းဆီဆိုရင်ရော လက်ာ ဘယ်လိုမြင်လဲ''

''ဆိုးတော့ မဆိုးပါဘူး၊ ဒါပေမဲ့ ကျွန်မတို့အားလုံးယှဉ်ကြည့်နိုင်အောင် တင်ဒါစနစ်နဲ့ စီစဉ်လိုက်ရင်ရော''

''ဒါလည်း မဆိုးပါဘူး။ မန်နေဂျင်းက ဘယ်လိုသဘောရလဲ''

''ကျွန်တော်ကတော့ အကောင်းဆုံး ကွန်စရက်ရှင်တစ်ခုနဲ့ ဆက်တွဲဖြစ်ဖို့က အဓိကပါပဲ၊ ကျန်တာက ကိုအုပ်စိုးတို့သဘောပေါ့''

အို ဒီမန်နေဂျင်းကို ကျွန်မတော့ နည်းနည်းမှ အားမရပါ။

''တင်ဒါစနစ်နဲ့ဆိုရင် ကျွန်တော်တို့ ခုကတည်းက စခေါ်မှဖြစ်မယ်နော် လက်ာ''

''ဟုတ်ပါတယ် ကိုအုပ်စိုး၊ အဲဒီအပိုင်းကို''

''ကျွန်တော် တာဝန်ယူပေးပါ့မယ် လက်ာ''



www.burmeseclassic.com

www.burmeseclassic.com



စကားမဆုံးသေးခင်မှာပဲ ကိုအုပ်စိုးက ကြားဝင်ပြောလိုက်သည်။ ဒီတော့လည်း ကျွန်မမှာ ဘာများပြောစရာလိုမှာလဲ။ သူ့နေရာနဲ့သူ အဆင်ပြေသွားတယ်လို့ပဲ သဘောထားလိုက်ရုံပါ။ ကိုအုပ်စိုးဆိုတာလည်း ဒါရိုက်တာအဖွဲ့ဝင်တစ်ယောက်ဆိုတာထက် ဦးမင်းမျိုးဆက်ရဲ့လူယုံတစ်ယောက်လို့ သတ်မှတ်ရင် ပိုမှန်ကန်မယ့်လူမျိုးပါ။ အနီးကပ်အုပ်ချုပ်ရေးအပိုင်းကို တာဝန်ယူထားသူတစ်ယောက် ဖြစ်သည်။

''ဒီနေ့ နေ့လယ်စာကို ကျွန်တော်နဲ့အတူ လာစားဖို့ ခင်ဗျားတို့နှစ်ယောက်ကို ဖိတ်ပါရစေ''

မင်းသွေးစက်ရဲ့ဖိတ်ခေါ်မှုကို ကိုအုပ်စိုးပါ လက်ခံလိုက်ပါသည်။ ခုချိန်မှာ မင်းသွေးစက်ရင်ထဲက ခံစားချက်ကိုလည်း လက်ဘာ မြင်နိုင်ပါ၏။ ကျွန်မတို့နှစ်ယောက်ကို ချဉ်းကပ်ပြီး သူ့အတွက် ပညာတွေရအောင်ယူရမှာပဲလေ။ ဟိုတယ်တစ်ခုကို စီမံအုပ်ချုပ်ဖို့ဆိုတာ အနုပညာကျောင်းထွက် သူ့အတွက်တော့ သိပ်ခက်ခဲနေသော အခြေအနေတစ်ရပ်ပဲမဟုတ်လား။

ဟိုတယ်ထဲမှာ ဖွင့်လှစ်ထားသော နိုင်ငံတကာစားသောက်ဆိုင်တစ်ခုမှာပဲ ကျွန်မတို့သုံးယောက် နေ့လယ်စာအတူ စားဖြစ်ကြသည်။

''ဟိုတယ်နဲ့ပတ်သက်လို့ အချိန်တစ်ခုသတ်မှတ်ပြီး သေချာသင်ယူရမှာဗျ''

''ဒါကို လက်ဘာ တာဝန်ယူလိုက်ရင် ပိုသင့်တော်မယ်နဲ့ တူတယ်နော်''

ကိုအုပ်စိုးက ရှေ့မှ ဟင်းချိုခွက်ကို တစ်ဖွန်းခပ်သောက်လိုက်ရင်း လက်ဘ့ကို စသလိုနောက်သလို ပြောသည်။

''မန်နေဂျင်းအတွက် ဟိုတယ်ပိုင်းနဲ့ပတ်သက်လို့ ကျွန်မ





တာဝန်ယူပေးမှာပါ ကိုအုပ်စိုး''

''ဒါဆိုရင် ကျွန်တော်တို့ ဘယ်အချိန်လောက်စမလဲ''

မင်းသွေးစက်ပုံစံက တကယ့်ကို အားတက်သရောမို့ လက်ဘာ စိတ်ချသွားပါသည်။ ဦးမျိုးမင်းဆက် သိပ်ကိုမြတ်နိုးတန်ဖိုးထားခဲ့သော ဒီဟိုတယ်ကို မင်းသွေးစက်လက်ထဲမှာ ဆုတ်ယုတ်မှုတွေ မဖြစ်စေချင်တာတော့ လက်ဘ့ရင်ထဲက ဆန္ဒအမှန်ပါ။

''အလုပ်ပြီးရင်ဖြစ်ဖြစ် ကျွန်မတို့ အချိန်တစ်ခုသတ်မှတ်ပြီး ဆွေးနွေးကြတာပေါ့နော်''

စာရင်းအင်းပိုင်းတွေ အခွန်ဆိုင်ရာကိစ္စတွေ ရှယ်ယာနဲ့ဆိုင်သော စာရွက်စာတမ်းတွေ ဒါတွေအားလုံး မင်းသွေးစက်ကို သင်ကြားပြသပေးရမယ့်တာဝန် ကျွန်မမှာ အပြည့်အဝရှိပါသည်။ ဦးမင်းမျိုးဆက်ဆုံးပါးခင်တည်းက ကျွန်မကို ယုံကြည်စွာ လွှဲအပ်ထားသော ဟိုတယ်နှင့်ပတ်သက်သည့် စာရင်းဇယားတွေ၊ တချို့အရာတွေက ကိုအုပ်စိုးသောင် သိရှိမထားသော ကျွန်မတစ်ယောက်တည်း ကိုင်တွယ်ခဲ့ရသည့် စာရွက်စာတမ်းကိစ္စလေးတွေ။

အင်းလေ ခုတော့လည်း တာဝန်တွေအားလုံးကို မင်းသွေးစက်ထံ လွှဲပြောင်းပြီးပါက ကျွန်မလည်း အေးအေးချမ်းချမ်း နေနိုင်ဖို့သာ ပြီးစားပါတော့မည်။

■ ■ ■

''သံသာလေး အိပ်သွားပြီလား မနု''

ကွန်ပျူတာတစ်လုံးနဲ့ အလုပ်ရှုပ်နေသည့် ကျွန်မအတွက် အဆာပြေမုန့်နှင့် နွားနို့ပူပူလေး လာပို့ပေးသော မနုကို ကျွန်မ ဆီးမေး လိုက်သည်။ သံသာက အိပ်ရာဝင်နောက်ကျလျှင် မနက်အိပ်ရာနိုးရ



www.burmeseclassic.com

www.burmeseclassic.com



တာလည်း သိပ်ခက်ခဲ၏။

''ခုပဲ အခန်းထဲဝင်ပြီး အိပ်ပျော်သွားပါပြီ''

''သူ့ အိမ်စာတွေရော အားလုံးပြီးသွားပြီလား''

''အိမ်စာတွေလည်း နေ့လယ်တည်းက အားလုံးအပြီးသတ်လိုက်ပြီးပြီ၊ ကလေးက လိမ္မာပါတယ် လက်ာရယ်''

''ကျွန်မကလည်း သံသာမလိမ်မာလို့ ပြောနေတာ မဟုတ်ပါဘူး မနုရယ်၊ ဒီအရွယ်တည်းက ထိန်းကျောင်းပေးမှ အရွယ်ရောက်လာရင်လည်း ကိုယ့်ကိုယ်ကို ထိန်းသိမ်းနိုင်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်လာမှာလေ''

''မနု နားလည်ပါတယ်ကွယ်''

ကျွန်မ ပခုံးလေးတစ်ဖက်ကို ခပ်ဖွဖွဆုပ်ကိုင်ရင်း မနု တီးတိုးရေရွတ်သည်။

''မနုလည်း အိပ်တော့လေ၊ ကျွန်မက ဒီမှာ အလုပ်လေးတွေ မပြီးပြတ်သေးဘူး''

''ဟုတ်ပါပြီ၊ လက်ာလည်း သိပ်ညဉ့်နက်မနေနဲ့ဦးနော်''

အခန်းထဲက မနု ထွက်သွားတော့ လက်ာ ခဏတာ တွေဝေနေမိသေးသည်။ သံသာလေးကို အလွန်တင်းကျပ်သော စည်းမျဉ်းတွေ ချမှတ်ထားတာလည်း မရှိခဲ့ပါ။ မိန်းကလေး တစ်ယောက် ဖြစ်သင့်ဖြစ်ထိုက်တာလေးတွေပဲ ပြောဆိုဆုံးမခဲ့ခြင်း ဖြစ်သည်။ ကလေးတစ်ယောက် နားလည်နိုင်လောက်သော စကားလုံးမျိုးလေးတွေနဲ့ပါပဲ။

သံသာကလည်း လိမ္မာပါသည်။ လက်ာပြောလျှင် နားထောင်တတ်သည့် ကလေးမျိုးပါ။ နွဲ့ဆိုးဆိုးချင်သော်လည်း ကဗျာလို ထင်ရာစိုင်းတတ်ခြင်းမျိုးတော့ သံသာ့ထံမှာ မတွေ့ရ။





ဟူး။

သက်ပြင်းလေးကို ခပ်ဖွဖွချရင်း ခေါင်းတစ်ချက် ခါရမ်းလိုက်မိသည်။

ကဗျာရေ နင် ဘယ်များရောက်နေတာလဲ။ နင် ဒီလောက်ထိ လုပ်ရက်လိမ့်မယ်လို့ ငါ မထင်ထားခဲ့မိတာ အမှန်ပါ။ နင့်ဘဝမှာ လက်ာ ချီဆိုတဲ့ အစ်မတစ်ယောက်ဟာ နည်းနည်းမှ ပြန်လှည့်ကြည့်စရာ မလိုအပ်တဲ့ ဖြစ်တည်မှုတစ်ခုလား။ ဘာပဲဖြစ်ဖြစ်ပါလေ ငါကတော့ ငါ့တာဝန် ငါကျေရမှာပါ။

■ ■ ■

''ဒီလုပ်ငန်းတွေအားလုံးကို လေ့လာမယ်ဆိုရင် သုံးလလောက်တော့ အနည်းဆုံး အချိန်ယူရလိမ့်မယ်''

''ကျွန်တော် အကောင်းဆုံး ကြိုးစားမှာပါ''

''အဲဒီအတွက် ကျွန်မက ကျေးဇူးတင်ပါတယ်ရှင်''

''ဒါနဲ့ တင်ဒါခေါ်ဖို့ကိစ္စ ဘာတွေပြင်ဆင်ပြီးပြီလဲ''

''ဒီနေ့ သတင်းစာမှာ ကြော်ငြာပါလာမှာပါ မန်နေဂျင်း''

''ဒါဆို ကျွန်တော်တို့ စောင့်ကြည့်ကြရုံပေါ့''

မာတ်လှေကားထဲမှ ပြိုင်တူထွက်လိုက်ကြပြီး ဆန့်ကျင်ဘက်အရပ်များဆီ မျက်နှာမူလိုက်သည်။ ဒီအထပ်က ကျွန်မတို့အုပ်ချုပ်သူများရဲ့ ရုံးခန်းတွေနဲ့ အစည်းအဝေးခန်းရှိသော အထပ်ဖြစ်သည်။ ဧည့်သည်တွေအတွက် ကန့်သတ်ထားသော အထပ်၊ သာမန်ဝန်ထမ်းတွေတောင် အရေးအကြောင်းရှိမှ လာခွင့်ရခြင်း ဖြစ်သည်။

ကိုအုပ်စိုးကလည်း ဒါရိုက်တာအဖွဲ့ဝင်မို့ နေ့စဉ် ရုံးတက်စရာ မလို။ များသောအားဖြင့်တော့ ကျွန်မတို့အထပ်က တိတ်ဆိတ်ငြိမ်သက်



www.burmeseclassic.com

www.burmeseclassic.com



ရှာ မိုနေတတ်သည်။

"ကျွအမ်ကို မန်နေဂျင်းက အစည်းအဝေးခန်းထဲမှာ တွေ့ချင်တယ်လို့ ပြောခိုင်းလိုက်ပါတယ်"

မင်းသွေးစက်ရဲ့ အတွင်းရေးမှူးမလေးက လက်ာ့အခန်းထဲ ဝင်လာပြောသည်။

"အိုကေ ကိုယ် ခဏနေရင် လာခဲ့မယ်နော်"

အစည်းအဝေးခန်းထဲ ဝင်လိုက်တော့ မန်နေဂျင်းနေရာ အလယ်ခေါင်တည့်တည့်မှ ထိုင်ခုံတွင် စိမ်ပြေနပြေထိုင်နေသော မင်းသွေးစက်ကို တွေ့လိုက်ရသည်။

"မန်နေဂျင်း ဘာကိစ္စများရှိလို့လဲ"

မင်းသွေးစက်ပုံကို ကြည့်ရတာ တစ်ခုခုကို မသက်ာဖြစ်နေသလို။

"ဘာကိုဆိုလိုချင်တာလဲ မသိဘူး"

"ကျွန်တော့်စိတ်ထဲမှာ တစ်ခုခုကို သံသယဖြစ်နေမိတယ်"

"ရှင်"

သူ့စကားကို လက်ာ နားမလည်ပါ။ ဘာကိုရည်ရွယ်ပြောနေမှန်းလည်း မသိ။ ပြီးတော့ လက်ာ့ကိုမှ သီးသန့်ခေါ်ယူပြီး ပြောခြင်းဟာ ဘယ်လိုအကြောင်းကိစ္စများကြောင့်ပါလိမ့်။

"မန်နေဂျင်း ဆိုလိုတဲ့စကားကို ကျွန်မ နားလည်အောင် ပြောပြပါဦးလား"

သူမရဲ့ရှုစမ်းလိုသော မျက်ဝန်းများကို မင်းသွေးစက် ရှုစိုက်ကြည့်သည်။ နောက်တော့ ခေါင်းကိုငုံ့ချသွားလျက် စိတ်ပျက်လက်ပျက် အမူအရာမျိုးဖြင့် သက်ပြင်းလေးချ၏။





"ပြောပါ ကျွန်မ ကူညီနိုင်တာရှိရင်လည်း ကူညီလို့ရတာပေါ့"

"ဟင့်အင်း ဘာမှမဟုတ်တော့ပါဘူး မလက်ာ"

နေရာမှ သူ ဆတ်ခနဲ ထသည်။ ပျက်ယွင်းနေသော မျက်နှာကိုလည်း ချက်ချင်းပြင်ဆင်လိုက်ပြီး အပြုံးတစ်ပွင့်ဖြင့် အစားထိုးလိုက်၏။

"ကျွန်တော် တောင်းပန်ပါတယ်၊ ဘာမှမဟုတ်ဘဲနဲ့ မလက်ာကို နှောင့်ယှက်သလို ဖြစ်သွားပြီ"

အခန်းထဲမှ ထွက်သွားရန် ခြေလှမ်းပြင်နေသော မန်နေဂျင်းလက်မောင်းကို ကျွန်မ ဖမ်းဆွဲထားလိုက်မိ၏။ ကြောင်တောင်တောင်နှင့် သူ ပြန်လှည့်ကြည့်သည်။ သူ့အကြည့်များကြောင့်ပင် လက်ာလည်း ယောင်ယမ်းဆွဲထားမိသော လက်များအား ဖြေချပေးလိုက်၏။

"ဆောရီးပါ မန်နေဂျင်း၊ ကျွန်မတောင်းပန်ပါတယ်"

ခေါင်းငုံ့ တောင်းပန်မိသည်။ သူ ကျွန်မနှင့် မျက်နှာချင်းဆိုင်ရပ်လိုက်ပြီး

"ကျွန်တော်က တောင်းပန်ရမှာပါ၊ မလက်ာရဲ့အချိန်တွေကို ကျွန်တော် အလဟဿ ဖြုန်းတီးလိုက်မိတယ်"

ဒီတစ်ခါတော့ သူ တကယ်ပင် လက်ာရှေ့မှ ထွက်သွား၏။ သူမ စိတ်ထဲမှာသာ ပဟေဠိတွေဖြင့် ကျန်ရစ်ခဲ့ရသည်။ မင်းသွေးစက် ဘာတွေဖြစ်နေတာလဲ။ သူ ဘာကို သံသယဖြစ်နေတာလဲ။ နှစ်ယောက်တည်း သီးသန့်တွေ့ဆုံဖို့ထိ ခေါ်ပြီးတော့မှ ဘာမှမပြောတော့ခြင်းဟာလည်း ထူးဆန်းနေပါသည်။

ကိုအုပ်စိုး မရှိသည့်အချိန်မှာ လက်ာတစ်ယောက်တည်းကို ခေါ်တွေ့ခြင်းဆိုတော့ လက်ာနှင့်ပတ်သက်သော ကိစ္စတစ်ခုခုများလား။



www.burmeseclassic.com

www.burmeseclassic.com



ထိုတစ်နေ့လုံး မင်းသွေးစက် ပေးလိုက်သော ပဖောဦကသာ လက်ာ့ခေါင်းထဲမှာ ပြည့်နှက်နေခဲ့သည်။

"မန်နေဂျင်း ဘာဖြစ်နေတာလဲ"

"ထွေထွေထူးထူး ဘာမှမဖြစ်ပါဘူး ဂျီအမ်"

မင်းသွေးစက်ရဲ့ အတွင်းရေးမှူးမလေးကလည်း ဘာမှသိထားပုံမပေါ်။ ဘာပဲပြောပြော မင်းသွေးစက်နဲ့လက်ာတို့ အသက်ချင်းအနည်းငယ်သာ ကွာခြားတယ်ဆိုပေမယ့် ဦးမျိုးမင်းဆက်ကိုယ်တိုင်က သူ့သားကို လက်ာ့အား အပ်သွားခဲ့သည်။ လုပ်ငန်းကိစ္စတွေနဲ့ပတ်သက်လို့ ဘာမှနားမလည်သေးသော ကလေးတစ်ယောက်လိုမို့ လက်ာ သင်ပြပေးပါဆိုပြီး သူ့ရဲ့နောက်ဆုံးအချိန်လေးမှာ တောင်းဆိုခဲ့ခြင်းပါ။

လက်ာကိုယ်တိုင် ပေးအပ်ခဲ့သော ကတိတစ်ခုကြောင့်ပင် မင်းသွေးစက်ကို မျက်စိဒေါက်ထောက် လိုက်ကြည့်နေမိခြင်း ဖြစ်၏။

"နေတွေဘာတွေရော ကောင်းရဲ့လား"

"အားလုံး ပုံမှန်ပါပဲ ဂျီအမ်ရဲ့၊ ကျွန်မကတော့ ထူးထူးခြားခြား သတိမထားမိပါဘူး။ မန်နေဂျင်းကိုကြည့်ရတာ အားလုံးပုံမှန်ပါပဲ"

"အင်းလေ ဒါဆိုလည်း ပြီးတာပါပဲ၊ တစ်ခုခုထူးခြားရင် ကိုယ့်ကိုပြောဦးနော်"

အပြုံးလေးဖြင့် နှုတ်ဆက်ပြီး အတွင်းရေးမှူးမလေး လက်ာ့အခန်းထဲကနေ ပြန်ထွက်သွားသည်။ လက်ာတစ်ယောက်တည်း သက်ပြင်းလေး ချလိုက်မိ၏။

■ ■ ■

"သဘက်ခါ သံသာလေး မွေးနေ့နော်"

"သိပါတယ် မနုရယ်၊ ကျွန်မ မမေ့ပါဘူး"





"သမီးလေးက သူ့ကို မွေးနေ့လက်ဆောင် ဘာဝယ်ပေးမှာလဲဆိုပြီး စိတ်ဝင်စားနေတာလေ"

"ကျွန်မ အားလုံးစီစဉ်ပြီးပါပြီ၊ သံသာရော ခေါ်လိုက်ပါဦး"

အခန်းထဲမှာ စာလုပ်နေသော သံသာ့ကို မနုက သွားခေါ်လာပေးသည်။ လက်ာ့နားသို့ အပြေးကလေး ကပ်လာပြီး လက်မောင်းအားဆွဲကိုင်လှုပ်ရမ်းရင်း

"သမီးအတွက် ဘာဝယ်ပေးမှာလဲဟင် ကာကာ"

"သမီးက ဘာလိုချင်လို့လဲ"

"ဟင် သမီးလိုချင်တာ ကာကာက ဝယ်ပေးမှာလား"

မျက်လုံးလေးများ ဝိုင်းစက်လျက် သမီးက သူမမျက်နှာကိုကြည့်ပြီး အံ့သြတကြီး မေးသည်။ ပျော့ပျောင်းနူးညံ့သော ဆံနွယ်တိုလေးများကို ပွတ်သပ်လိုက်ပြီး

"သမီးကိုပေးဖို့ မွေးနေ့လက်ဆောင် ကာကာ စီစဉ်ပြီးပါပြီကွယ်"

သမီးမျက်နှာလေး မသိမသာ ပျက်သွားသည်။ လက်ာ သတိထားမိပါရဲ့။

သံသာ့မွေးနေ့ရောက်တိုင်း သူမက ကလေးပူဆာတိုင်း မဝယ်ပေးဘဲ တကယ်လိုအပ်မည့်အရာများကိုသာ ရွေးချယ်ဝယ်ပေးတတ်ခဲ့သည်။ ကလေးဆိုတာမျိုးက လက်ရှိအချိန်မှာ ဘာကိုအလိုအပ်ဆုံးလဲဆိုတာမျိုးတွေကို မှန်ကန်စွာ စဉ်းစားတတ်ဦးမှာ မဟုတ်ဘူးလေ။ တစ်နှစ်သာလည်း အရုပ်၊ နောက်နှစ်လာလည်း အရုပ်၊ သံသာလေး အခန်းထဲမှာလည်း အခန်းသုံးပုံနှစ်ပုံလောက်က အရုပ်တွေဖြင့် ပြည့်နှက်နေပြီ။ လက်ာ ဝယ်ပေးခဲ့တာများထက် အတန်းဖော် သူငယ်ချင်းများက မွေးနေ့



www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင်အဖြစ် သို့မဟုတ် အမှတ်တရ လက်ဆောင်တစ်ခုခုအဖြစ် ပေးခဲ့ကြတာက များသည်။

ဒါတောင်မှပဲ သမီးက အမွှေးပွအရုပ်များကို တန်းတန်းစွဲ ချစ်ခင်လိုချင်နေတုန်းပါ။

"ဒီလိုဆို သမီးလိုချင်တဲ့ Stitch ရုပ်ကြီး မရတော့ဘူးလား ဟင်"

အသံလေးက မဝံ့မရဲ။ သူမ သံသာ့အခန်းလေးအား စိတ်ကူးဖြင့် ပုံဖော်လိုက်ရင်း မျက်မှောင်ကျုံ့လိုက်သည်။

"ဟို သွားကြီးကြီး နားရွက်ရှည်ရှည်ကောင် မဟုတ်လား။ အဲဒါ သမီးဆီမှာ ရှိသားပဲလေ၊ ရွှေနှစ်မွေးနေ့တုန်းက နှင်းနှင်း လက်ဆောင်ပေးခဲ့တာ ကာကာ မှတ်မိပါတယ်"

သံသာနှင့်ကျူရှင်အတူတက်သော နှင်းနှင်းဆိုသည့် ကလေးမလေး လက်ဆောင်ဝယ်ပေးခဲ့တာ ကျွန်မ ကောင်းကောင်းမှတ်မိတာပေါ့။ လူတစ်ဖက်စာ အပြာရောင်အရုပ်ကြီးလေ။

"ဟုတ်ပါတယ် ကာကာရဲ့၊ ဒါပေမဲ့ သမီးဆီမှာရှိတာက အပြာရောင်လေ၊ သမီးက ပန်းရောင်လေး ထပ်လိုချင်သေးတာ"

"စိတ်မကောင်းပါဘူး သမီးရယ်၊ ကာကာက တခြားပစ္စည်းတစ်ခု ဝယ်ထားပြီးသွားပြီ၊ ဒါပေမဲ့ သမီးကို ဒီ့ပြင် ပျော်စရာလေးတွေ ကာကာ စီစဉ်ပေးထားပါတယ်"

"ဘာလဲဟင် ကာကာ"

"သမီး သူငယ်ချင်းတွေကိုခေါ်ပြီး ဦးဦးသုတရဲ့ စားသောက်ဆိုင်လေးမှာ ပွဲလေးတစ်ခုလုပ်ပေးမယ်လေ၊ သမီး သဘောမကျဘူးလား"

ထိုအခါမှပင် သံသာ့မျက်နှာလေး ပြန်လည်ကြည်လင်လာလျက်





ဝမ်းသာရွှင်မြူးသွားသည်။

"တကယ်ပြောတာလားဟင် ကာကာ၊ ဒါဆို သမီးသူငယ်ချင်းတွေကို ခုပဲ ဖုန်းဆက်ပြီး ဖိတ်လိုက်တော့မယ်နော်"

"ဖိတ်ပေါ့ သမီးရဲ့၊ ကာကာက တကယ်ပြောနေတာပဲဟာ"

"ဟေး ပျော်စရာကြီး"

ခုန်ဆွခုန်ဆွလုပ်ကာ ပျော်ရွှင်မြူးတူးစွာဖြင့် သံသာက သူငယ်ချင်းတွေထံ တစ်လှည့်စီ ဖုန်းခေါ်နေတော့၏။ ခုလိုမျိုး သမီးလေးပျော်နေတာ မြင်ရတော့လည်း စိတ်ချမ်းသာရတာ လက်ာပါပဲ။

တစ်ခါတလေတော့လည်း သံသာ့စိတ်ထဲမှာ လက်ာ့ကို နေရာတကာ ထိန်းချုပ်လွှမ်းတတ်သူကြီးလို့ ထင်ချင်လည်းထင်နေမှာပါ။ ဒါပေမဲ့ လက်ာ ခံယူထားတာကတော့ ခုချိန် သမီးလေး စိတ်ထဲ ထင်ချင်သလို ထင်နေပါစေ အချိန်တန်လို့ မိန်းကလေးပီပီသသနှင့် လိမ္မာရေးခြားရှိသော မိန်းမတစ်ယောက် ဖြစ်လာခဲ့ရင် လက်ာ ကျေနပ်ပါပြီ။

အထူးသဖြင့် လူ့ကျင့်ဝတ်ကို နားလည်ပြီး သစ္စာတရားကြီးမားသော၊ ကိုယ်ချင်းစာစိတ်ဆိုသည့် မွန်မြတ်သော စိတ်လေးနှင့် နွေးထွေးသော နှလုံးသားတစ်ခုရှိခဲ့ရင် တော်ပါပြီလေ။

■ ■ ■

"ဘယ်လိုလဲ ကိုအုပ်စိုး၊ တင်ဒါလျှောက်လွှာတွေ စစ်ဆေးပြီးပြီလား"

"တင်လာတဲ့ဖောင်တွေကတော့ များတယ် မန်နေဂျင်း၊ ဒါပေမဲ့ ချုပ်တော် အားလုံးကို အကောင်းဆုံး စီစဉ်မှာပါ"

ကိုအုပ်စိုးပုံစံက ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှုအပြည့်အဝ။ အသဲဖြစ်ဖြစ် လုပ်ငန်းပိုင်းကို ကျွမ်းကျင်သော ကိုအုပ်စိုးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အနားမှာ အကူအညီတစ်ခုအနေနဲ့ ရှိနေခြင်းဟာ လက်ာ့အတွက်လည်း ပိုမိုလွယ်ကူအဆင်ပြေစေပါသည်။

"အားလုံးထဲကမှ အရည်အသွေးကောင်းကောင်းနဲ့ ဈေးသင့်တင့်တာကို ရွေးချယ်ကြတာပေါ့ဗျာ"

"ကျွန်တော်လည်း ဒီလိုပဲ စဉ်းစားထားပါတယ်"

မင်းသွေးစက်စကားကို ကိုအုပ်စိုးက ထောက်ခံလျက် နှစ်ယောက်သား အတိုင်အဖောက် ညီနေကြသည်။

"ဒါပေမဲ့ ကျွန်မတစ်ခုတော့ ပြောချင်တယ်၊ အရည်အသွေးပြည့်မီတဲ့ ကုန်ကြမ်းတွေဖြစ်ဖို့ဆိုတာ လွယ်လွယ်ကူကူနဲ့ စစ်ဆေးနိုင်တာမျိုး မဟုတ်ဘူးလေ၊ ကိုအုပ်စိုး အဲဒီအတွက် ဘာတွေများ ပြင်ဆင်ထားလဲ၊ ငွေကြေးထက် အရည်အသွေးပိုင်းကို ပိုပြီးအလေးထားတာ သင့်တော်မယ်လို့ ကျွန်မ ယူဆတယ်"

သူမအတွက် ဒီစကားပြောရတာ ဟိုတယ်ကောင်းကျိုးအတွက်ပါပဲ။ ယခုလက်ရှိ ထိုင်နေသော သူတွေလက်ထဲမှာ ဘယ်သူ့ကိုမှလည်း ရည်ရွယ်ပြောလိုက်ခြင်းမဟုတ်ပါ။ ကောင်းမြောင်းပြောဆိုဖို့ ပိုလို့တောင်ဝေးပါသေးသည်။ ဒါပေမဲ့ လက်ာ့စကားအဆုံးမှာ ကိုအုပ်စိုး မျက်နှာကွက်ခနဲ ပျက်သွား၏။

ကျွန်မကိုယ်တိုင်လည်း နည်းနည်းတော့ ကသိကအောင့် ခံစားလိုက်ရပေမယ့် ကိုယ့်လိပ်ပြာကိုယ်လုံစွာနှင့်ပင် စကားဆက်ပြောဖို့ ဝမလေးပါ။

"လက်ာက ဘာကိုဆိုလိုတာလဲ"

ကိုအုပ်စိုးအသံက တိုပြတ်စွာ ထွက်ကျလာသည်။

"မလက်ာပြောတာ ကျွန်တော် နားလည်ပါတယ်၊ ကိုအုပ်





ဘာကိုသိချင်နေတာလဲဗျ"

"ဗျာ"

မင်းသွေးစက်ကပါ ဝင်ပြောလိုက်တော့ ကိုအုပ်စိုးမျက်မှောင်ကျုံ့သွား၏။ ကျွန်မကို တစ်ချက်လှည့်ကြည့်သည်။

"ကျွန်မ အဓိက ပြောချင်တာကတော့ ကျွန်မတို့စီစဉ်ထားတဲ့ အရာအားလုံးကို အကောင်းဆုံးဖြစ်သွားအောင် စနစ်တကျ ပြင်ဆင်စေချင်တာပါ"

"ဒီနေ့ အစည်းအဝေးက ဒီလောက်ပါပဲ"

လက်ာနှင့်ကိုအုပ်စိုး မတ်တပ်ရပ်လျက် ကိုယ့်အခန်းကိုယ် ပြန်ရန် ပြင်လိုက်သည်။ ဒီနေ့က မင်းသွေးစက်အခန်းထဲမှာပဲ သုံးယောက်သား ဆွေးနွေးဖြစ်ကြခြင်းပါ။ အခန်းထဲက ထွက်လာချိန်မှာ နှစ်ယောက်သုံး ဘာမှမပြောဖြစ်ကြပေမယ့် ကိုအုပ်စိုးက သူ့အခန်းရှေ့တည့်တည့်ရောက်ချိန်မှာ

"ကွန်စရက်ရှင်ရွေးချယ်တဲ့ကိစ္စမှာ ကျွန်တော်နဲ့အတူ လက်ာပါဝင်ချင်တယ်ဆိုလည်း ဖိတ်ခေါ်ပါတယ်နော်၊ အချိန်မရွေးပါ"

"လောလောဆယ်တော့ မိုးမြတ်ဝေဟင် မင်္ဂလာပွဲအတွက် ကျွန်မ လုံးပန်းရဦးမှာလေ၊ ကိုအုပ်စိုးတစ်ယောက်လုံးတာဝန်ယူထားတာဆိုတော့ ကျွန်မတောင် ဝင်ပါစရာလိုသေးလို့လားရှင်"

စူးရှသောအကြည့်များဖြင့် လက်ာ့ကို စူးစူးနစ်နစ် ကြည့်နေရင်းမှ သူ ပြုံးပြလျက် အခန်းတံခါးလေးကို တွန်းဖွင့်လိုက်သည်။ လက်ာကိုယ်တိုင်လည်း စားပွဲမှာ ထိုင်မိသည်ထိ ဘာကိုမှ ရေရေရာရာ တွေးတောလို့မရ။ လက်ာ ပြောလိုက်သည့်စကားက ကိုအုပ်စိုးကိုဘာတွေများ ထိခိုက်နစ်နာသွားစေလို့လဲ။ သေချာတာကတော့ ကိုအုပ်စိုးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ အဖုအထစ်လေးတစ်ခု ဖြစ်ပေါ်သွားပုံပါပဲ။

''ကျွန်မ့်ကို မိုးမြင့်ဝေဟာင်ရဲ့ သတို့သားက တွေ့ချင်တယ်လို့ ပြောနေပါတယ်''

ဟိုတယ်ညွှန်ကြားမှုအဆောင်ရှေ့မှအဖြစ် အိပ်ခန်းဆောင် တာဝန်ယူထားသော ဝန်ထမ်းလေးတစ်ယောက်က သတင်းလာပေးသည်။

ထိုဝန်ထမ်းကောင်လေးနှင့်အတူ ခုနစ်လွှာမှာရှိသော မိုးမြင့်ဝေဟင်တို့အခန်းလေးဆီ လက်ာ တက်လာခဲ့လိုက်သည်။ အခန်းထဲမှာ မိုးမြင့်ဝေဟင် မရှိပါဘဲ သူ့သတို့သားကိုသာ တွေ့ရ၏။

''ဘာများကူညီရမလဲရှင့်''

''ခင်ဗျား ဟိုတယ်မန်နေဂျာလား''

''ဟုတ်ပါတယ်ရှင်၊ ဘာအကူအညီများ လိုပါသလဲ''

''ကျွန်တော်တို့ မင်္ဂလာပွဲကို ခန်းမထဲမှာ မလုပ်ဘဲ ဟိုတယ်ရှေ့ မြက်ခင်းပြင်မှာပဲ လုပ်ချင်တယ်''

လက်ာ နည်းနည်းတော့ စိတ်ရှုပ်သွား၏။ တောင်းဆိုချက်က မဖြစ်နိုင်လွန်းတော့ မဟုတ်ပေမယ့် မနက်ဖြန်ညမှာ ကျင်းပမယ့် မင်္ဂလာပွဲအတွက် ဟိုတယ်ဝန်ထမ်းတွေအားလုံးက ခန်းမဆောင်ထဲမှာ ပြင်ဆင်မွမ်းမံနေကြပြီ။ ဒီနေ့မနက်မှ ခန်းမထဲမှာ မလုပ်ချင်တော့ပါဘူး၊ မြက်ခင်းပြင်မှာ ကျင်းပချင်ပါတယ်ဆိုတော့ လက်ာ ဦးနှောက်ခြောက်ရတာတော့ အမှန်ပါပဲ။

''အခက်အခဲရှိလို့လား''

''ဒီလိုတော့ မဟုတ်ပါဘူး၊ လူကြီးမင်းတို့ စပြီး ဘွတ်ကင်လုပ်တည်းက Grand Ballroom ကို ငှားရမ်းခဲ့တာဆိုတော့ ကျွန်မတို့ဘက်ကလည်း အခမ်းအနားအပြင်အဆင်တွေကို စတင်လုပ်ကိုင်နေကြပြီ''

''ဒါဆို မင်းတို့ဟိုတယ်က ဧည့်သည်စိတ်တိုင်းကျ မလုပ်ပေးနိုင်ဘူးလို့ ဆိုလိုတာလား''

ထိုလူ့အသံက ခပ်မာမာထွက်ကျလာသည်။ ဝန်ထမ်းကောင်လေးက လက်ာ့မျက်နှာကို လှမ်းကြည့်၏။

''ကျွန်မ အဲဒီလို မဆိုလိုပါဘူး၊ ဒီရာသီက မိုးလည်းမကုန်သေးတော့ ဧည့်ခံပွဲကို မြက်ခင်းပြင်မှာလုပ်ရင် အခက်အခဲ တစ်ခုခုရှိမှာစိုးရိမ်မိတာပါ''

''ငါ့ဧည့်ခံပွဲကို ငါကြိုက်တဲ့နေရာမှာ လုပ်မှာပေါ့၊ မင်းတို့ဆီက အကြံဉာဏ်ချက်လိုသလား။ ပိုက်ဆံပေးပြီး လုပ်မှာကွ၊ မလောက်လေးမလောက်စားကောင် မဟုတ်ဘူး''

တကယ့်ကို ပလိန်းကြီးပါပဲ၊ တမင်သက်သက် ပြဿနာ ရှာနေသလားတောင် အောက်မေ့ရပါသည်။ ဒါပေမဲ့ လက်ာတို့လို ဟိုတယ်ဝန်ထမ်းတွေအတွက် ဧည့်သည်က လိုအင်ဆန္ဒတွေကို အတတ်နိုင်ဆုံးဖြည့်ဆည်းပေးရမှာ ဝတ္တရားပါပဲ။

''ဟုတ်ကဲ့ ကျွန်မ နားလည်ပါတယ်၊ လူကြီးမင်းစိတ်တိုင်းကျ မြက်ခင်းပြင်မှာပဲ ဧည့်ခံပွဲ ပြင်ဆင်ပေးပါ့မယ်''

ယောကျ်ားကြီးတန်မယ့် မျက်စောင်းကြီးခဲပြီး အိပ်ရာထက်သို့အိပ်ချလိုက်၏။ လက်ာတို့လည်း အလိုက်သိစွာပင် အခန်းထဲမှ ပြန်ထွက်ခွာလာခဲ့သည်။

ပထမဆုံး လက်ာ သွားဖြစ်တာကတော့ ခန်းမပြင်ဆင်နေသည့် ဝန်ထမ်းလေးတွေဆီကိုပါပဲ။ ဒီနေရာမှာ ဆက်မလုပ်တော့ဘဲ သူတို့ ပြင်ဆင်ထားသမျှ အလကားဖြစ်ပြီဆိုတာသိရင် အားလုံး စိတ်ပျက်ကုန်

www.burmeseclassic.com



ကြမှာ အမှန်။ ဒါပေမဲ့ ဘယ်တတ်နိုင်မလဲလေ။

လက်ာ့ စကားအဆုံးမှာ ဘာမှပြန်မပြောခဲ့ကြပေမယ့် မျက်နှာလေးတွေကတော့ သိသိသာသာ ပျက်ယွင်းသွားကြ၏။ နိုင်ငံကျော် မင်းသမီးတစ်ယောက်ရဲ့ မင်္ဂလာပွဲဆိုတော့ တော်တန်ရုံပြင်ဆင်လို့ရတာမျိုး ရတာမျိုးလည်း မဟုတ်တော့ အားလုံးခက်ခဲပင်ပန်းစွာ လုပ်ကိုင်ကြရခြင်း ဖြစ်သည်။

ခုလိုမျိုး လုပ်ထားသမျှတွေ အားလုံးပြန်ဖျက်ပစ်ပြီး မြက်ခင်းပြင်မှာ အသစ်တစ်ဖန် ပြန်စတင်လုပ်ကိုင်ရမည်ဆိုတော့ အားလုံး စိတ်ညစ်သွားကြမှာလည်း လက်ာ နားလည်ပါ၏။

"ဒီလိုဆို အခမ်းအနားအပြင်အဆင်ကို ပြန်ပြီး တိုင်ပင်ရေးဆွဲရဦးမှာပေါ့"

ကြီးကြပ်လုပ်ဆောင်နေသူ ကိုကျော်မင်းက လက်ာ့ကို လှမ်းမေးသည်။ စိတ်ပျက်စရာ အဖြေဆိုပေမယ့် ခေါင်းညိတ်ခြင်းကလွဲလို့ ဘာတတ်နိုင်မှာလဲ။

လက်ာ့ ရုံးခန်းထဲမှာ လိုအပ်သည့်လူများကို ခေါ်၍ ချက်ချင်းပင် ဆွေးနွေးတိုင်ပင်ရ၏။

"ခန်းမနဲ့မြက်ခင်းပြင်ဆိုတာ လုံးဝကို ကွဲပြားခြားနားသွားပြီ ကျွန်တော်တို့အားလုံး အသစ်က ပြန်စမှ အဆင်ပြေတော့မှာ၊ အချိန်မမီရင် ဘယ်လိုလုပ်မလဲ"

"လောလောဆယ် ကျွန်မတို့တွေ ဆင်ခြေပေးတာတွေလျှော့ပြီး စဆွေးနွေးလိုက်ရအောင်၊ အားလုံး သိတဲ့အတိုင်း အချိန်က လုံးဝကိုမရှိတော့ဘူး၊ အဲဒီ အချိန်နည်းနည်းလေးအတွင်းမှာ အားလုံးကို လောက်ပြေည့်စုံသွားအောင် လုပ်ရမှာ"





"ပန်းမုခ်ဦးတစ်ခု လုပ်ရမယ်၊ စားပွဲတွေကတော့ ခန်းမထဲက ဟာတွေပဲ အပြင်ထုတ်လိုက်၊ သတို့သား သတို့သမီးနာမည်တွေကို ဘုတ်တစ်ခုနဲ့ ထောင်ထားမယ်၊ ခန်းမထဲက စာလုံးစီထားတာတွေလည်း ရှင်းထုတ်ပစ်လိုက်"

တစ်ခုချင်းစီ တာဝန်ခွဲပေးလိုက်ပေမယ့် အားလုံးကိုလိုက်ကြည့်စစ်ဆေးရတာကတော့ လက်ာပဲပေါ့။

"မိုးမြင့်ဝေဟင်က သူ့မင်္ဂလာပွဲကို မြက်ခင်းပြင်မှာလုပ်ဖို့ ချက်ချင်းကြီး ပြောင်းလဲသွားတာ ဘာသဘောလဲဗျ"

"မိုးမြင့်ဝေဟင်ကိုယ်တိုင်က တောင်းဆိုတာတော့ မဟုတ်ပါဘူး၊ သူ့သတို့သားလောင်းက ကျွန်မကိုခေါ်ပြောတာပါ"

"တကယ်ဆိုရင် အချိန်က သိပ်ကပ်နေပြီလေ၊ သူတို့ စရံချေသားခဲ့တာလည်း ခန်းမအတွက်ပဲ မဟုတ်လား"

ကိုအုပ်စိုးပုံစံက ဒီကိစ္စကို ဘဝင်မကျဖြစ်နေပုံပါပဲ။ ပန်းအလှပြင်ဆင်နေသည့် ဝန်ထမ်းလေးများကို မျက်မှောင်ကြီးကျုံ့ကြည့်နေသည်။

"အချိန်က ကပ်နေတယ်ဆိုပေမယ့် ကျွန်မတို့အတွက်က ဧည့်သည်ရဲ့ဆန္ဒကို လိုက်လျောရမှာပဲလေ"

"မင်းမှားတယ်လို့ မဆိုလိုပါဘူး"

"ကျွန်မ ဘယ်တော့မှ မမှားပါဘူး ကိုအုပ်စိုး"

အနားကထွက်ခွာသွားသော ကိုအုပ်စိုးကိုကြည့်ပြီး လက်ာ သက်ပြင်းချမိသည်။ ဒီရက်ပိုင်း ကိုအုပ်စိုးကိုကြည့်ရတာ တစ်ခုခုဖြစ်နေပုံပါပဲ။ အရာရာကို အလိုမကျနိုင်ဖြစ်နေသည့်ပုံ။ လုပ်ငန်းတစ်ခုတည်း အတူတူလုပ်ကိုင်လာတာ ကြာပြီဆိုတော့လည်း တစ်ယောက်အပြုအမူကို တစ်ယောက် အကဲခတ်မိနေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



''ဟယ်လို မနုလား ပြော''

ကုတ်အင်္ကျီအိတ်ကပ်ထဲ ထည့်ထားသည့် ဖုန်းလေးတုန်ခါသွားသောကြောင့် လက်ာ ထုတ်ယူကြည့်လိုက်သည်။

''လက်ာ မေ့နေမှာစိုးလို့ မနု ဖုန်းထပ်ဆက်လိုက်တာပါ၊ ဒီနေ့ သံသာလေးကို မောင်သုတဆိုင်မှာ မွေးနေ့ပွဲလေး လုပ်ပေးမယ်လို့ ပြောထားတယ်နော်''

သက်ပြင်းလေးကို တိတ်တိတ်လေး ချလိုက်မိသည်။ နာရီကို ကြည့်လိုက်တော့ ငါးနာရီခွဲကျော်။

''ကျွန်မမမေ့ပါဘူး မနုရယ်၊ ဒီမှာမင်္ဂလာပွဲအခမ်းအနားလေး တစ်ခု ပြင်ဆင်နေရလို့ပါ''

''ဒီလိုဆို အချိန်မီရောက်ပါ့မလား''

''မပြောနိုင်သေးဘူး၊ ဒါပေမဲ့ ကျွန်မ အတတ်နိုင်ဆုံး ကြိုးစားမှာပါ''

''လက်ာ မလာရင် သံသာလေး စိတ်မကောင်းဖြစ်တော့မယ်''

မနုအသံက တိုးဖျော့ဖျော့။

''လောလောဆယ်တော့ မနုပဲ အဆင်ပြေအောင် လုပ်ပေးထားပါနော်၊ ကျွန်မလည်း သုတဆီဖုန်းဆက်ထားလိုက်ပါ့မယ်''

ဖုန်းချလိုက်ရသော်လည်း လက်ာ့စိတ်ထဲတော့ မကောင်းဖြစ်နေမိသည်။ သမီးကို ဒီနှစ်မှ အပြင်ဆိုင်တစ်ခုခုမှာ သူငယ်ချင်းတွေဖိတ်ပြီး ပျော်စရာပွဲတစ်ခု ဖန်တီးခွင့်ပေးခဲ့တာလေ။ ခုတော့ အဲဒီပွဲလေးကို လက်ာ မရောက်ဖြစ်တော့ဘူးလား မသိပါ။

''အေး သုတရေ ငါ့တူမမွေးနေ့ပွဲလေးကို နင် အတတ်နိုင်ဆုံး ကောင်းကောင်းမွန်မွန် လုပ်ပေးပါနော်''



''သံသာ့အတွက် ကိတ်မုန့်တောင် ခုပဲ ဖုတ်ပြီးသွားတာ၊ နေစမ်းပါဦး နင်က ဖုန်းဆက်ပြီး တကူးတက ဘာတွေထပ်ဖြစ်နေတာလဲ''

''အေးဟာ ငါ ဒီနေ့နောက်ကျမလား မသိဘူး၊ ဟိုတယ်မှာ အရေးကြီးကိစ္စလေးတစ်ခု ပေါ်နေလို့ဟ''

''အင်း နင်ကတော့ ဖြစ်ရမယ်၊ လုံးဝကို ဟိုတယ်သရဲပဲ''

''အောင်မာ နင်ကများ ငါ့ကို''

''မဟုတ်လို့လား၊ ကလေးကို တစ်ခါလောက်လေး ပွဲလုပ်ပေးပါတယ်၊ နင်က မလာနိုင်ဘူးဆိုတော့''

''ငါ မလာနိုင်ဘူးလို့ မပြောပါဘူး၊ နည်းနည်းနောက်ကျမယ်လို့ပဲ ပြောတာပါ''

''အမလေး တော်သေးတာပေါ့''

သုတအသံက လက်ာ့ကို တမင်ရွဲ့နေတာပါ။ ဒါပေမဲ့လည်း ဘာတတ်နိုင်မလဲ။ ငယ်သူငယ်ချင်းတစ်ယောက်အနေနဲ့ သူမအကြောင်းကို အသိဆုံးက သူပဲမဟုတ်လား။ ပြောမနာ ဆိုမနာ စိတ်ဆိုးဖို့လည်း ခက်ပါသည်။

''ကိုအမ် ဘာကိစ္စရှိလို့လဲဗျ''

အနားမှာ စားပွဲခင်းများ ပြင်ဆင်နေသော ကိုကျော်မင်းက လက်ာ့ကို လှမ်းမေးသည်။

''ဒီလိုပါပဲရှင် မိသားစုကိစ္စလေးတွေပါ''

''ကိစ္စရှိရင် ပြန်ချင်ပြန်ပါနော်၊ ကျွန်တော်တို့တွေအားလုံး လုပ်နိုင်ပါတယ်''

''ကိုကျော်မင်း စေတနာကိုတော့ နားလည်ပါတယ်၊ ဒါပေမဲ့ အားလုံး တက်ညီလက်ညီလုပ်နေတဲ့အချိန်မှာ တာဝန်ယူထားတဲ့ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com



[illegible]ဆိုတာ ဘယ်လိုမှ မဖြစ်သင့်ဘူးလေ''

''သိပါပြီဗျာ၊ အလုပ်နဲ့ပတ်သက်လာရင် ဂျီအမ်ကို ပြောလို့ ရေနာဘူးဆိုတာ''

ကိုကျော်မင်းက ရယ်ရယ်မောမော ပြောသည်။ လက်ာ တာဝန်ယူထားတဲ့ကိစ္စတွေနဲ့ပတ်သက်လို့ ချွတ်ချော်မှုတစ်ခုခု အမှားယွင်းတစ်ခုခု ဖြစ်သွားမှာမျိုးကို ကြောက်ပါသည်။ ဒါကြောင့်လည်း အလုပ်နဲ့ပတ်သက်လာရင် ကိုယ့်ကိုယ်ကိုယ် အကောင်းဆုံးဖြစ်အောင် အမြဲကြိုးစားနေမိသည်။

ထိုစဉ်မှာပင် ယခုပွဲရဲ့အဓိကဇာတ်ဆောင် သတို့သမီး မိုးမြင့်ဝေဟင် လက်ာ့နားသို့ ရောက်လာ၏။ ပြင်ဆင်နေသည့် ပွဲခင်းတစ်ခုလုံးကို လှည့်ပတ်ကြည့်ရှုလိုက်ပြီး နှာခေါင်းလေးတစ်ချက် ရှုံ့သည်။ နုဖတ်ဖြူဝင်းသော အသားအရေ၊ လှပချောမောလွန်းသော မျက်နှာလေးက ဘယ်လိုနေနေ ကြည့်ကောင်းအဆင်ပြေပါသည်။ ဒါကြောင့် တစ်နိုင်ငံလုံးက သည်းသည်းလှုပ်ချစ်ခင်အားပေးမှုကို ရနေသည့် မင်းသမီးတစ်လက်ဖြစ်နေတာပေါ့။

''အဆင်မပြေတဲ့နေရာရှိရင် ပြောပါနော်''

''အင်း ရှိတယ်''

လက်ာ နည်းနည်းတော့ ထိတ်လန့်သွားမိသည်။ ကြီးကြီးမားမားတစ်ခုခုမဟုတ်ပါစေနဲ့လို့သာ ကြိတ်ဆုတောင်းနေမိ၏။

''စားပွဲတင်ပန်းအရောင်ကို အဖြူထက် တခြားအရောင်တစ်ခုခု အစားထိုးပေးလို့ မရဘူးလား။ မိုးဝတ်မယ့်အင်္ကျီအရောင်နဲ့ လိုက်ဖက်အောင်လေ''

''ဘယ်လိုအရောင်ကို လိုချင်လို့လဲရှင်''





''ဒါကတော့ ရှင်တို့ဘက်က အဆင်ပြေအောင် လုပ်ပေးပါ၊ အဖြူရောင်ကိုတော့ သိပ်သဘောမကျဘူး''

ခေါင်းလေးတရမ်းရမ်းနှင့် ပြောချင်ရာပြောပြီး အနားက ထွက်သွားသော မိုးမြင့်ဝေဟင်ကိုကြည့်လျက် လက်ာ့ခေါင်းထဲမှာ အတွေးတွေ ဆင့်ကဲဆင့်ကဲ စဉ်းစားနေမိသည်။

''စားပွဲမှာတင်မယ့်ပန်းတွေကို အဖြူရောင်ထက် ခရမ်းရောင်လေးတွေ သုံးရင် ပိုသင့်တော်မယ်နဲ့တူတယ်''

မှန်ဦးအကွေးလေးမှာ ဆင်ယင်ထားသည့် ပန်းများက အဖြူရောင်၊ ပန်းရောင်နဲ့ ခရမ်းရောင်တို့ကို ရောယှက်ထားခြင်း။ စားပွဲဝိုင်းများပေါ် ခင်းထားသော စားပွဲခင်းအရောင်က ပန်းနုရောင်ဖျော့ဖျော့လေးမို့ ထိုစားပွဲတွေပေါ်မှာ အလှတင်မည့်ပန်းများကိုခရမ်းရောင်လေးတွေဆိုက ပိုလှပမည်လို့ လက်ာ ထင်မိသည်။

ပွဲကလည်း ညပွဲလေ။ သတို့သမီးကိုယ်တိုင်က ပန်းရောင်နုနုဂါဝန်ကို ဝတ်ဆင်မှာဆိုတော့ လက်ာအတွေးအတိုင်း တော်ဝင်ဆန်သည့် ခရမ်းရောင်လေးတွေ ပြောင်းလဲပေးလိုက်ရင် ပိုလှပမြိုင်ဆိုင်သွားပါလိမ့်မည်။

''ဒါပေမဲ့ လောလောဆယ်တော့ ကျွန်တော်တို့ဆီမှာ အဖြူရောင်ပန်းတွေပဲ ရှိတော့တာလေ''

''အချိန်တွေ လိုပါသေးတယ်၊ မရှိတော့ရင် ရှိအောင်လုပ်ယူရုံပေါ့၊ ပန်းမှာတဲ့ဆီကို အခုချက်ချင်း ဖုန်းဆက်ပါ''

''ဗျာ''

''မဗျာနဲ့၊ အချိန်ကို အကောင်းဆုံး အသုံးချရမှာ''

လက်ာတို့ ဟိုတယ်က ကျင်းပပြုလုပ်သည့် အခမ်းအနားတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့မှာ မှာယူဆင်ယင်သော ပန်းတွေကို မော်တီဘက်က ပန်းစိုက်ခင်းကြီးထဲက ဝယ်ယူခြင်းဖြစ်သည်။ လတ်ဆတ်လှပပြီး အရောင်အသွေးစုံသောပန်းများမို့ လက်ာတို့နှင့် လက်တွဲခဲ့တာ နှစ်ပေါင်းများစွာ ရှိနေခဲ့ပြီ။ နိုင်ငံရပ်ခြားက ပန်းများမှာယူရသောအခေါက်မျိုးတွေလည်း ရှိပေမယ့် များသောအားဖြင့်တော့ ထိုခြံထဲမှသာ မှာယူအသုံးပြုခဲ့ခြင်း ဖြစ်သည်။

ခုလို အရေးတကြီး လိုအပ်နေသည့်အချိန်မျိုးမှာ အကူအညီရမှာ သေချာပါသည်လေ။

''ဖုန်းဆက်ခဲ့ပြီးပါပြီ၊ ဒါပေမဲ့ သူတို့က ပန်းတွေကို ကိုယ်တိုင်လာကြည့်စေချင်နေတယ်၊ သူတို့ပို့ပေးလိုက်တော့မှ အဆင်မပြေဖြစ်နေမှာစိုးလို့တဲ့လေ''

ပန်းခြံဘက်က ပြောသည့်စကားကလည်း ဟုတ်နေတာပါပဲ။ ဒါပေမဲ့ ခုချိန်ရောက်မှ ဟိုးမော်ဘီဘက်ထိ လိုက်ကြည့်ဖို့ဆိုတာကတော့။

''မနက်စောစော သွားကြည့်လိုက်ရင်တော့ ရမှာပါပဲ''

''နေ့လယ်ဘက်လောက်ရရင် အဆင်ပြေပါတယ် ဂျီအမ်''

''အိုကေ ဒီလိုဆို ကျွန်မ မနက်စောစော သွားကြည့်ပြီး တစ်ခါတည်း မှာယူခဲ့မယ်''

''ဘယ်ကိုသွားမလို့လဲ မလက်ာ''

အနောက်ဘက်ဆီမှ ကြားလိုက်ရသော အသံကြောင့် လက်ာလှည့်ကြည့်လိုက်မိတော့ မင်းသွေးစက်။

''မန်နေဂျင်း ပြန်တော့မလို့လား''

''ပြန်တော့မလို့ပါပဲ၊ ဒီမှာ လက်ာတို့အဖွဲ့ အလုပ်များနေတာတွေ့လို့ ဝင်လာတာ''

''ဟုတ်တယ် မနက်ဖြန် မိုးမြင့်ဝေဟာင်ရဲ့မင်္ဂလာပွဲလေ''





''ခန်းမထဲမှာ ပြောထားရာကနေ မြက်ခင်းပြင်ကို ပြောင်းသွားတာတော့ ကျွန်တော် သိပါတယ်၊ တကယ်ဆို အခုရက်ပိုင်း မိုးပြန်ရွာနေတာ မြက်ခင်းပြင်မှာ မလုပ်သင့်ဘူး''

''ကျွန်မလည်း မန်နေဂျင်းတွေ့တဲ့အတိုင်းပါပဲ၊ ဒါပေမဲ့ မတတ်နိုင်ဘူးလေ၊ ကာယကံရှင်တွေကိုယ်တိုင်က ဒီလိုဖြစ်ချင်နေတာကို''

''ခုနက မနက်စောစောသွားမယ်ဆိုတာက''

''သြော် မော်ဘီက ပန်းခြံကိုပါ၊ ပန်းအရောင်လေးတွေ ချိန်းချင်တယ်လို့ ခုနကပဲ မိုးမြင့်ဝေဟာင်ကိုယ်တိုင် လာပြောသွားတာလေ''

''ကျွန်တော်တို့ မီပါ့မလား''

''မနက်စောစော သွားကြည့်ပြီး ယူခဲ့မှာဆိုတော့ မီမှာပါ''

''မလက်ာ တစ်ယောက်တည်း သွားမှာလား''

''အဲဒီလိုပဲ စဉ်းစားထားပါတယ်''

''ကျွန်တော် လိုက်ခဲ့ပေးပါ့မယ်''

မင်းသွေးစက်က အားတက်သရော ပြောသည်။

''လေးနာရီလောက် ထသွားမှာဆိုတော့''

''ရပါတယ်ဗျာ ကျွန်တော်က ဒီဟိုတယ်ရဲ့မန်နေဂျင်းပါ''

ထိုစကားကြောင့် လက်ာ အားတက်သွားမိ၏။ ခုလိုမျိုး ဟိုတယ်ကိစ္စတွေမှာ မင်းသွေးစက်ကိုယ်တိုင် ပါဝင်ဆောင်ရွက်မှာမျိုးကို လက်ာအမြဲတမ်း မျှော်လင့်နေခဲ့တာပါ။ ဒါမှလည်း ဖခင်ဖြစ်သူ ဦးမင်းမျိုးဆက်တန်ဖိုးထားခဲ့တဲ့အရာတစ်ခုကို ပိုင်ပိုင်နိုင်နိုင် အုပ်ချုပ်စီမံနိုင်မှာလေ။

''ဒါဆို ကျွန်တော့်ကားနဲ့ပဲ သွားကြမလား''

''မန်နေဂျင်းက လမ်းသိလို့လား''

သူ ဟက်ခနဲ တစ်ချက်ရယ်လျက် ဆံပင်များကို ပွတ်သပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မသိဘူး ဒါပေမဲ့ မလက်ာ မောင်းပေါ့"

"ဟုတ်ပါပြီရှင်"

"ဒါဆို ကျွန်တော် ဖုန်းဆက်လိုက်ပါ့မယ်"

မင်းသွေးစက် နှုတ်ဆက်ထွက်ခွာသွားတော့ ခုနစ်နာရီထိုးဖို့ ဆယ်မိနစ်သာ လိုတော့သည်။ သံသာနှင့်သူငယ်ချင်းတွေက ခုနစ်နာရီဆို သုတရဲ့ဆိုင်လေးမှာ ရောက်နေကြတော့မှာ။ စိတ်က သမီးလေးဆီ ရောက်သွားသည်။ လက်ာ အချိန်မီ မရောက်လာလျှင် သမီးလေး ဝမ်းနည်းသွားမှာ သေချာပါသည်။

ဒါပေမဲ့လည်း မနုနဲ့သုတက သမီးလေးကို အကောင်းဆုံး အားပေးမှု လုပ်နိုင်ကြမှာပါ။

"ဘောလုံးတွေ လေထိုးပြီးရင် ဒီနေ့အတွက် အားလုံးနားလို့ ရပါပြီ"

လက်ာ့စကားဆုံးသည်နှင့် အားလုံးရဲ့မျက်နှာမှာ အပြုံးကိုယ်စီ ဖြစ်ထွန်းသွား၏။ အင်းလေ ဝန်ထမ်းလေးတွေလည်း တော်တော်ပင်ပန်း နေကြပါပြီ။

ဟိုတယ်ကနေ ကျွန်မ ပြန်ထွက်လာချိန်မှာ ညရှစ်နာရီထိုးနေပြီ။ သံသာတော့ သူမကို စိတ်ကောက်နေပြီလား မသိပါ။

"ဟေး သံသာလေး"

ဆိုင်တံခါးကို တွန်းဖွင့်လိုက်တော့ တံခါးဝမှာ တွဲလောင်းချိတ်ထားသည့် အပြာရောင်ကြယ်လေးတွေ လှုပ်ခါမြည်ဟီးသွားသည်။ တံခါးဘက်ဆီ လှည့်ကြည့်လိုက်သော သမီးကို လက်ာ အစွမ်းကုန်ပြုံးလျက် လှမ်းနှုတ်ဆက်လိုက်သည်။ သံသာကတော့ သူမကို ပြန်မပြုံးပြပါ။ နှုတ်





မ်းလေးစူလျက် ရှေ့ဆီ ပြန်လှည့်သွားသည်။

စိတ်ကောက်နေပြီနဲ့ တူပါရဲ့။ ဒီလောက်တော့ လက်ာ မျှော်လင့်ပြီးသားပါ။

ဂငယ်ပုံ ဘားကောင်တာနောက်ဘက်မှာ ထိုင်နေသည့် သုတက လက်တစ်ဖက်မြှောက်ကာ နှုတ်ဆက်သည်။ လက်ာလည်း ပြန်လည်နှုတ်ဆက်လိုက်ရင်း သမီးလေးဆီ ခပ်သွက်သွက် လျှောက်သွားလိုက်၏။

သမီးရဲ့သူငယ်ချင်းတွေလည်း မပြန်ကြသေးပါ။ သူတို့လေးတွေ ရဲ့ အုပ်ထိန်းသူတွေလည်း ရှိနေကြတုန်း။ ဟင် ကလေးများထိုင်နေသော းလေးတွေရဲ့ အလယ်တည့်တည့် စားပွဲပေါ်မှာ သွားဖြဲပြနေသည့် နားရွက် ည်ရှည်ကောင်ပုံ ပန်းရောင်ကိတ်မုန့်တုံးကြီး။

"Happy 10th Birthday

သံသာချို" တဲ့"

"ဒါက"

"ဟိုးတစ်ရက်က သံသာ့ကို ငါဖုန်းဆက်ပြီး မေးထားတာပါ၊ သူက ဒီအရုပ်လေး လိုချင်နေတာဆိုလို့ ကိတ်မုန့်အဖြစ် ဖန်တီးပေး ိုက်တာလေ"

"အင်း အဲဒါကတော့ ဟုတ်ပါပြီ၊ ဒါပေမဲ့ ခုချိန်ထိ ကိတ်မုန့် ိုးရသေးဘူးလား"

လက်ာ အံ့သြတကြီး မေးမိသည်။ ကလေးတွေလည်း လူစုံ က်စုံ ရောက်နေကြပါပြီ။ ခုနစ်နာရီအတိမှာ ပွဲလေးစတင်ဖို့ကိုလည်း ့်ထားခဲ့ပြီးသား။ ဒါပေမဲ့ ကိတ်မုန့်က ခုထိ မခွဲရသေးဘူးတဲ့။

"သံသာက လက်ာကို စောင့်နေတာ"

မနု ဝင်ပြောလိုက်သော စကားကြောင့် သံသာ့သူငယ်ချင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့အုပ်ထိန်းသူ လူကြီးတွေကို လက်ာ အားနာသွားမိသည်။

"အို မနကလည်း ကျွန်မနောက်ကျမယ်လို့ ပြောထားသားပဲ၊ လူကြီးတွေရော ကလေးတွေရော အားနာစရာ"

"ရပါတယ်ရှင် ကျွန်မတို့က မွေးနေ့ရှင်လေးရဲ့ဆန္ဒကို လိုက်လျောရမှာပေါ့"

ကလေးမိဘတစ်ဦးက ပြုံးချိုစွာ ဝင်ပြော၏။

"ဟုတ်ပါတယ် ကာကာ၊ သမီးက ကာကာလာမှ ကိတ်မုန့်လှီးမယ်လို့ ပြောထားတာပါ"

"အဲဒီလို မလုပ်ရဘူးလေ သံသာ၊ လူကြီးတွေက နောက်စရာမှမဟုတ်ဘဲ"

သူမအသံက ပြတ်ပြတ်သားသား။ သံသာ့မျက်နှာလေး ပျက်ကျသွားသည်။

"ကလေးကို အဲဒီလို မပြောပါနဲ့"

"ငါက ဘာများပြောမိလို့လဲ သုတရယ်"

"ဘယ်လိုပဲဖြစ်ဖြစ် သူ့မွေးနေ့မှာ သူစိတ်ချမ်းသာဖို့က အဓိကပဲမဟုတ်လား"

"အေးပါ ငါနားလည်ပါတယ်၊ ငါကလည်း ဆူနေတာ မဟုတ်ပါဘူး၊ ကဲ ပြောနေကြာတယ်၊ အခု ငါရောက်ပြီဆိုတော့ ကိတ်မုန့်လှီးဖို့ လုပ်ကြတော့လေ"

လက်ာနဲ့သုတက ဖယောင်းတိုင် ရောင်စုံသေးသေးလေးတွေကို ကိတ်မုန့်ပေါ် ထိုးစိုက် မီးညှိလိုက်သည်။ နောက်တော့ အားလုံး တပျော်တပါး လက်ခုပ်များတီးလျက် မွေးနေ့သီချင်းဆိုကြ၏။ သံသာလေး ကိုယ်တိုင် ကိတ်မုန့်များကို လှီးဖြတ်ပြီး လက်ာ့ကို အရင်ဦးဆုံး လာခွံ့





သည်။

"ကာကာ့ကို စိတ်ဆိုးနေတာလား"

"မဆိုးပါဘူး၊ ကာကာ အလုပ်များနေတာကို သမီးက နားလည်ပေးရမှာပေါ့"

"ကျေးဇူးတင်ပါတယ် သံသာရယ်"

လက်ာက ဘီးကုပ်လှလှလေး တပ်ထားသော သံသာဆံပင်တိုတိုများကို ပွတ်သပ်ချော့မြှူလိုက်သည်။ သံသာနဲ့သူငယ်ချင်းတွေ စားပွဲဝိုင်းလေးများ လာချပေးသော စားစရာများကို စားသောက်ပျော်ပါးနေချိန်း မုန့်ပြတင်းများနားမှာ တစ်ယောက်တည်း ရပ်ကြည့်ပြုံးနေသည့် သုတနားသို့ လျှောက်လာခဲ့လိုက်သည်။

"နင်မစားဘူးလား။ ဟိုတယ်မှာ အလုပ်များခဲ့တာဆိုတော့ ညစာ ဘယ်စားရဦးမလဲ"

"နင်ရော စားပြီးပြီလား"

"မစားရသေးပါဘူး၊ ကလေးတွေကိုကြည့်ပြီး စိတ်ချမ်းသာနေတာနဲ့ ဟင်း ဟင်း"

သုတ မျက်နှာပေါ်က အပြုံးကိုကြည့်ရတာ တကယ့်ကိုပဲ ကြည်နူးချမ်းမြေ့နေသည့်အနေအထား။ အချင်းချင်းတစ်ယောက်နဲ့ တစ်ယောက် ကိတ်မုန့်များဖြင့် လိုက်သုတ်လိုက် စားပွဲပေါ်က စားစရာသောက်စရာတွေဆီ ပြေးလာစားလိုက်နှင့် ကလေးဘဝက လွတ်လပ်ပွင့်သင်းမှု ရှိလွန်းလှသည်။

"ငါတို့နှစ်ယောက်လည်း ဒီအရွယ်လောက်မှပဲ စခင်မင်ခဲ့ကြတာနော်"

"အင်း ဟုတ်တယ်၊ နင်က ငါတို့ကျောင်းကို ပြောင်းလာတာ



www.burmeseclassic.com

www.burmeseclassic.com



လေး ကဗျာနဲ့နင်နဲ့''

စိတ်လွတ်လပ်စွာ ပြောလိုက်သော စကားကို အဓိပ္ပာယ်မသိ ဘဲ လက်ာ့မျက်နှာကို သူ လှမ်းကြည့်၏။ အားတုံ့အားနာဖြစ်နေဟန်

''ငါ ဗိုက်နည်းနည်းဆာလာသလိုပဲ၊ ငါတို့ရော တစ်ခုခုစားကြ မလား''

''အေး စားမယ်လေ၊ နင် ခေါက်ဆွဲအေးကြိုက်တယ်မလား ငါကိုယ်တိုင်လုပ်ပေးမယ်''

လက်ာ စကားလမ်းကြောင်းပြောင်းလဲလိုက်တာကို သူလည်း လိုက်လျောညီထွေဖြစ်ဖို့ ကြိုးစားလိုက်သည်။ လက်ာ့ရင်ထဲက ခံစားချက် တွေကို သူ အသိဆုံးပဲ မဟုတ်လား။

■ ■ ■

## အခန်း (၂)

''ကျွန်တော် ဘယ်ကိုလာခဲ့ရမလဲ မလက်ာ''

သုံးနာရီထိုးလောက်တည်းက အိပ်ရာထပြီး ပြင်ဆင်နေခဲ့တာမို့ မင်းသွေးစက်ဆီက ဖုန်းဝင်လာသည့်အချိန်မှာ လက်ာ အားလုံးအဆင် သင့်ဖြစ်နေခဲ့ပြီ။

''ကျွန်မအိမ်က ဟိုတယ်အနောက်ဘက် သုံးလမ်းမြောက်မှာပါ၊ မန်နေဂျင်းကို လမ်းထိပ်ကနေ ထွက်စောင့်နေပါ့မယ်''

မနက်လေးနာရီထိုးအချိန်မို့ ကောင်းကင်မှာ အလင်းရောင် မရှိသေးပေမယ့် မိုးရွာမယ့်အနံ့အသက်လေးတွေတော့ ခံစားနေရသည်။ လေလေးက အေးစိမ့်စိမ့်နှင့်မို့ ဝတ်ထားသော ကုတ်အင်္ကျီ၏အောက်ဘက် နားမှ တစ်လုံးတည်းသော ကြယ်သီးကို တပ်လိုက်သည်။

လက်ာ သိပ်မစောင့်လိုက်ရပါ။ မင်းသွေးစက်ရဲ့ခဲပုပ်ရောင်ကား လေးက ရှေ့တည့်တည့်သို့ ဆိုက်ရောက်လာခဲ့သည်။

''ကျွန်တော် မကြာပါဘူးနော်''



www.burmeseclassic.com

www.burmeseclassic.com



"မကြာပါဘူးရှင်၊ ကမန်မလည်း ခုလေးတင် ရောက်တာပါ"

မင်းသွေးစက်က ဟိုတယ်ဘေးဘက်ခြမ်းက ဘန်ဂလိုပုံစံ သီးသန့်အိမ်လေးမှာပဲ နေထိုင်ခြင်းမို့ လက်ခံနေသည့်နေရာနှင့် မဝေးလှဘူးလို့လည်း ပြောလို့ရပါသည်။

ကားပေါ်က ဆင်းလာပြီး လက်ဘက်ကို မောင်းသူနေရာ ဝင်ထိုင်စေ၏။ သူကတော့ လက်ဘေးမှာ။

"ကျွန်တော်တို့ အဆင်ပြေမှာပါနော်၊ ပန်းတွေက လိုသလောက် ရပါ့မလား"

"ဟိုရောက်ရင် သိရမှာပေါ့"

မင်းသွေးစက်ကို ကြည့်ရတာ ကလေးတစ်ယောက်လို စိတ်လှုပ်ရှားနေသည့်ပုံပါပဲ။

"ကျွန်တော်က ယေယေတည်းက ဟိုမှာပဲ အနေများတော့ မြန်မာပြည်နဲ့က သိပ်အကျွမ်းတဝင် မဖြစ်လှဘူး၊ ဒါကြောင့် လမ်းတွေလည်း သိပ်မသိဘူးလေ"

"ဒါဆိုရင် မန်နေဂျင်းကို သင်ပေးရမယ့်ထဲမှာ ရန်ကုန်မြို့ရဲ့ လမ်းတွေအကြောင်းပါ ပါသွားပြီပေါ့"

"အားကိုးပါတယ်ဗျာ"

ဟိုတယ်ထဲမှာ မန်နေဂျင်းဆိုတဲ့ရာထူးနဲ့ ခန့်ခန့်ထည်ထည်နေရသော်လည်း တကယ်တမ်းတော့ မင်းသွေးစက်ဟာ ပျော်ပျော်နေချင်ပုံရသည့် ကောင်လေးတစ်ယောက်ပါပဲ။

ကားကို မှန်ပြတင်းပေါက်များအားလုံးပိတ်လျက် အဲကွန်းဖွင့်မောင်းနေသောကြောင့် မိနစ်အနည်းငယ်လောက်အကြာမှာ သူ ငိုက်မြည်းလာပုံရသည်။ နှုတ်ပိတ်တိတ်ဆိတ်လျက် ထိုင်ခုံကို နောက်သို့





အနည်းငယ်လှန်လိုက်ပြီး မျက်လုံးများကိုလည်း မှိတ်ထား၏။ မင်းသွေးစက်ဟာ စောစောစီးစီး အိပ်ရာထသည့်အကျင့် ရှိပုံမပေါ်ပါ။

"ရောက်ပါပြီ"

ခြံကျယ်ကြီးတစ်ခုထဲကို ချိုးကွေ့ဝင်လိုက်ပြီး လက်ဘက်နှုတ်က ဘီးတိုးရွတ်လိုက်သည်။ မင်းသွေးစက်ကတော့ တကယ်ပင် အိပ်ပျော်နေသည့်ပုံပါ။ သူ့ပခုံးစွန်းလေးကို လက်နှင့်အသာပုတ်နှိုးလိုက်တော့ မျက်လုံးများ ဖြည်းညင်းစွာ ပွင့်လာ၏။

"ဆင်းလို့ရပါပြီ မန်နေဂျင်း"

မျက်စိရှေ့တည့်တည့်မှာ မြင်နေရသော အဆုံးမရှိကျယ်ပြန့်သည့် ပန်းခင်းကြီးကို သူ မယုံကြည်နိုင်လောက်အောင် ဖြစ်နေမိသည်။ အိပ်ချင်မူးတူးနှင့် မှေးစင်းနေသော မျက်ဝန်းများလည်း ပုံမှန်ထက်ပင် ပြူးကျယ်သွား၏။ ရောင်နီပျိုးစမိုးကောင်းကင်အောက်မှာ ရောင်စုံအတန်းလိုက်စီတန်း စိုက်ပျိုးထားသော ပန်းခင်းကြီးက မျက်စိတစ်ဆုံး လှလှပပ။

"ပန်းတွေ လိုသလောက် မရမှာ ပူနေသေးလား မန်နေဂျင်း"

သူမ ပြုံးပြုံးလေး မေးလိုက်လျှင် သူ လေပူတစ်ချက်မှုတ်ထုတ်သွက် ရယ်မောလိုက်ပြီး

"လုံးဝကို စိတ်မပူတော့တာပါဗျာ"

ခြံရှင်ဦးလေးကြီးနှင့် လက်ဘက်တို့က ရင်းနှီးနေပြီးသား။ လက်ဘက်ဟိုတယ်က မှာယူရင် ဘယ်လိုအရည်အသွေးကောင်း ပန်းများကိုသာ ရွေးသက်တတ်တယ်ဆိုတာလည်း သိနေပြီးသားမို့ အထူးတလည်တော့ မှာဆေးစရာ မလိုခဲ့ပါ။ ခရမ်းရောင်ရင့်ရင့် ပန်းပွင့်သေးသေးလေးများက အလယ်မှာ အဝါရောင်ဝတ်ဆံလေးများဖြင့် လှပဝင့်ကြွားလွှန်းနေသည်။

"ဦးလေးတို့ဆီက ကားနဲ့လိုက်ပို့မှ အဆင်ပြေမှာ၊ ပန်းတွေတင်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ ကျွန်မတို့ ကားမပါလာဘူး''

''ရပါတယ် ဦး အားလုံးစီစဉ်ပေးပါ့မယ်၊ Cele ဟိုတယ်နဲ့ဆိုတာ
ပြောစရာလူတွေမှ မဟုတ်ဘဲ''

ကျသင့်ငွေကို ချက်ချင်းရှင်းပေးလိုက်ပြီး လက်ာတို့နှစ်ယောက်
ကားလေးစီး ပြန်လာခဲ့ကြသည်။

''အပြန်ကို မန်နေဂျင်းမောင်းမလား''

''မနောက်ပါနဲ့ မလက်ာရယ်၊ မနက်က ကျွန်တော် တစ်လမ်း
လုံး အိပ်ပျော်လာတာကို''

''ဟုတ်ပါပြီ၊ ဒီလိုဆိုလည်း အပြန်တော့ လမ်းလေးတွေ လေ့
လာကြည့်ဦးပေါ့''

လိုချင်သည့်ပုံစံ အရည်အသွေးနှင့် ကိုက်ညီသည့် ပန်းများ
ရလာသောကြောင့် လက်ာတို့နှစ်ယောက်လုံး စိတ်ထဲမှာ ကြည်နူးနေ
ကြသည်။ ဒီနေ့မနက်ခင်းလေးက သင်းပျံ့မွှေးကြိုင်နေသော ပန်းရနံ့တွေ
ကြားမှာ နုပျိုလတ်ဆတ်ခဲ့ပြီ မဟုတ်လား။

''ဒါနဲ့ ကျွန်တော် တစ်ခုလောက် ပြောပါရစေ''

မျက်မှောင်ကြီးကျုံ့လျက် ပြောလာသော မင်းသွေးစက်စကား
က ဘာများပါလိမ့်။

''ဟိုတယ်မှာမဟုတ်ရင် ကျွန်တော့်ကိုမန်နေဂျင်းလို့ ခေါ်စရာ
မလိုပါဘူး။ ဒီတိုင်း နာမည်ပဲခေါ်လည်း အဆင်ပြေပါတယ်''

''ရှင် ဒါကတော့ မသင့်တော်ပါဘူး၊ ကိုယ့်အလုပ်ရှင် အထက်
အရာရှိ ဘော့စ်တစ်ယောက်ကို နာမည်တပ်ခေါ်တာကတော့ နည်းနည်
များ ရိုင်းနေသလားလို့ပါ''

''ဘာလို့ရိုင်းရမှာလဲ၊ မလက်ာက ကျွန်တော့်ထက်လည်





အသက်ကြီးတာပဲဟာကို၊ ကိုယ့်မောင်လေးတစ်ယောက်ကို ရင်းရင်းနှီးနှီး
ခေါ်တယ်လို့ သဘောထားလိုက်ပေါ့''

ကိုယ့်မောင်လေးလို သဘောထားလိုက်ပေါ့ဆိုတဲ့ မင်းသွေးစက်
စကားကြောင့် လက်ာ့ခေါင်းထဲ အရင်ဆုံး ဝင်ရောက်လာခဲ့သည့်အ
ကြောင်းအရာက ကဗျာပါပဲ။ ကဗျာဆိုရင်လည်း မင်းသွေးစက်နှင့်ရွယ်တူ
လောက်ပဲ ရှိပါသေးသည်။ နင်ဘယ်တွေများ သွားနေတာလဲ ကဗျာရယ်။

''မလက်ာ ကျွန်တော်ပြောတာ ကြားပါတယ်နော်''

''ဩော် ဟုတ် ကြားပါတယ် မန်နေဂျင်း''

လက်ာ့ စကားကြောင့် သူ စိတ်ညစ်သွားပုံနှင့် မျက်နှာကြီးရှုံ့
မဲ့သွားသည်။

''ကြားတယ်လည်း ပြောသေးတယ်၊ ဒီမန်နေဂျင်းဆိုတာကြီးက
ပါနေတုန်းလား''

''မန်နေဂျင်းကို မန်နေဂျင်းလို့ခေါ်တာ မကြိုက်ရင် ဘယ်လို
ခေါ်စေချင်တာလဲ''

''တစ်ခုခုပေါ့၊ ကျွန်တော့်နာမည်ပဲဖြစ်ဖြစ်''

''ကောင်းပါပြီ နောက်ဆို အလုပ်ချိန်ပြင်ပမှာ မန်နေဂျင်းလို့
မခေါ်တော့ဘူး။ သွေးလို့ ခေါ်မယ်လေ''

''သွေး ဟုတ်လား။ ကောင်းပါတယ် မန်နေဂျင်း မန်နေဂျင်းလို့
ခေါ်ခေါ်နေတာထက်စာရင်တော့ သွေး ဆိုတာက အများကြီး နားဝင်ချို
တယ်''

မင်းသွေးစက်ကို ကြည့်ရတာ စီးပွားရေးနဲ့ပတ်သက်ပြီး ဘယ်
ဘုန်းကမှ မလေ့လာခဲ့ဖူးသလို စိတ်လည်းမဝင်စားလှမှန်း သိသာပါ
သည်။ မလွှဲသာမရှောင်သာ အခြေအနေတစ်ခုကြောင့်သာ ဒီဟိုတယ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို နေ့ချင်းညချင်း လက်ပြောင်းယူ အုပ်ချုပ်နေရသော်လည်း တကယ် တမ်းက သူ စိတ်ပါဝင်စားတာ စန္ဒရားတီးခြင်းအနုပညာပဲ မဟုတ်လား။

ဦးမင်းမျိုးဆက်က သူ့သားကို စီးပွားရေးအကြောင်း ကောင်း ကောင်းနားလည်ပြီး သူ့လက်ထက်ကလိုပဲ ဟိုတယ်ကို နိုင်နင်းစွာ အုပ် ချုပ်နိုင်စေချင်သည်။ ဒါကြောင့်လည်း မင်းသွေးစက်ကို တာဝန်ယူသင် ကြားပေးဖို့ လက်ာ့မှာ ဝတ္တရားအပြည့်ရှိနေခြင်းပါ။ ပြီးတော့ လက်ာ သိချင်နေသော အကြောင်းအရာတစ်ခု။ ဟိုးတစ်ရက်က အစည်းအဝေး ခန်းထဲကို သူမအား ခေါ်ယူပြီး သူပြောခဲ့သော စကား။ တစ်ခုခုကို သံသယဖြစ်နေတယ်ဆိုသော စကား။

အဲဒီစကားကို ပြောခဲ့တာ သွေးရိုးသားရိုးတော့ မဟုတ်နိုင်ပါ။ သူ့မှာလည်း ခိုင်လုံသည့်အကြောင်းတရားတစ်ခု ရှိကိုရှိနေပါလိမ့်မည်။ ခုချိန်မှာ လက်ာ့ကို ထုတ်မပြောသေးတာ ဘာကြောင့်များလဲ။

''ကျွန်တော်တို့ ဒီညနေ အချိန်ကိုက်ပြီးမှာပါနော်''

လုပ်ငန်းနဲ့ပတ်သက်ပြီး အကျွမ်းတဝင် မရှိသေးပေမယ့် စိုးရိမ် ပူပန်တတ်ခြင်းကတော့ မင်းသွေးစက်မှာ အပြည့်အဝ ရှိနေ၏။ သူ့အဖေ တစ်သက်လုံး ထိန်းသိမ်းလာသော ဟိုတယ်ကို သူ့ကြောင့်နဲ့ တစ်ခုခု ချွတ်ချော်သွားမှာတော့ ကြောက်ရွံ့နေပုံပါပဲ။

''ကျွန်မတို့ဆီက ဝန်ထမ်းတွေ မညံ့ပါဘူး မန်နေဂျင်း၊ ကျွန်မ စိုးရိမ်တာက ရာသီဥတုပါပဲ''

ဟိုတယ်ကားပါကင်ထဲ ချိုးကွေ့ဝင်လိုက်ရင်း ကားမှန်ပေါ်မှ မိုးဖွားစက်လေးများကို ရေသုတ်တံဖြင့် သုတ်ချလိုက်သည်။ ခုတောင် မိုးကအုံ့ဆိုင်းပြီး မိုးစက်လေးတွေ တဖွဲဖွဲကျနေတာ ညနေဘက်မှာလည်း





မိုးမရွာဘူးလို့ ဘယ်သူမှမပြောနိုင်ပါ။ ရာသီဥတုဆိုတာက လူတွေ တားဆီး လို့ရသည့်အရာတစ်ခုမဟုတ်။ ရန်ကုန်မိုးကလည်း ဆိုင်းမဆင့်ဗုံမဆင့် ရွာချတတ်တာဆိုတော့။

မင်္ဂလာပွဲမှာ တည်ခင်းဧည့်ခံမည့် စားသောက်ဖွယ်ရာများကို ချက်ပြုတ်ဖို့ အဖွဲ့က သက်သက်။ ပုံမှန်ဧည့်သည်များအတွက် စီမံချက် ပြုတ်ပေးရတာက သက်သက်။ ဒီတစ်နေ့လုံး လက်ာ ဟိုပြေးဒီပြေးနှင့် ဘကယ့်ကို အလုပ်များနေခဲ့သည်။ နာရီကိုကြည့်လိုက်တော့ လေးနာရီ ထိုးပြီး ငါးမိနစ်။ ခုချိန်ထိ နေ့လယ်စာ ထမင်းမစားရသေးတာမို့ ဗိုက်ထဲ က အသံများပင် မြည်နေသည်။

အရင်နေ့တွေလည်း နေ့လယ်စာစားချိန် မမှန်ပေမယ့် မနက်စာ ကို ဝဝလင်လင် စားခဲ့သောကြောင့် ဆာလောင်ခြင်းကို သိပ်မခံစားရ။ ဒီနေ့အတွက်ကတော့ မနက်အစောကြီးထဲက ထလှုပ်ရှားနေတာမို့ Breakfast လေးပင် မစားနိုင်ခဲ့။

''ဂျီအမ် ထမင်းမစားရသေးဘူး မဟုတ်လား''

စားဖိုဆောင်ထဲမှာ စားသောက်စရာများ ချက်ပြုတ်နေသည်ကို လိုက်စစ်ဆေးပြီး ပြန်ထွက်လာတော့ ဧည့်ခန်းမဆောင်နားမှာ ကိုကျော် မင်းနှင့် တည့်တည့်တိုးသည်။

''ထမင်းက အရေးမကြီးပါဘူးရှင်၊ ညနေစောင်းတော့မှာဆို တော့ အားလုံးအဆင်သင့်ဖြစ်အောင် အချိန်မီလိုက်စစ်နေရတယ်၊ ကို ကျော်မင်းတို့ ဧည့်ကြိုတွေလည်း သေချာဂရုစိုက်ပေးပါနော်၊ နိုင်ငံကျော် မင်းသမီးဆိုတော့ တက်ရောက်မယ့် ဧည့်သည်တွေကလည်း နာမည် ကြီးတွေပဲဖြစ်မှာ၊ မီဒီယာတွေလည်း အများကြီးလာမှာပဲ၊ ကျွန်မတို့ ဟိုတယ်ဘက်က တစ်ခုခုချွတ်ချော်သွားခဲ့ရင် ပြန်ပြင်ဆင်ဖို့ သိပ်ခက်



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့်မယ်၊ ကျွန်မပြောတာ နားလည်ပါတယ်နော်''

''နားလည်ပါတယ် ဂျီအမ်၊ အတိမ်းအစောင်း မဖြစ်စေရပါဘူး''

ကိုကျော်မင်းကို အပြုံးလေးဖြင့် နှုတ်ဆက်လျက် ခြေလှမ်းများကို မြန်မြန်သွက်သွက် လှမ်းရပြန်သည်။ မီဒီယာတွေအတွက် နေရာထိုင်ခင်းက သီးသန့်ဘေးတစ်ဖက်မှာ စီစဉ်ပေးရမှာကို စားပွဲခင်းကျင်းပြင်ဆင် နေသည့် ဝန်ထမ်းလေးတွေ မသိမှာစိုးရိမ်မှုဖြင့် မြက်ခင်းပြင်ဆီ ခပ်သွက်သွက် သွားနေမိခြင်းပါ။

''ဖြည်းဖြည်းသွားလည်း ရပါတယ် လက်ာရယ်၊ ခုမှ ငါးနာရီထိုးခါနီးပဲ ရှိပါသေးတယ်၊ ပွဲက ခြောက်နာရီခွဲမှ စမှာပါ''

တခြားရှယ်ယာပိုင်ရှင်တစ်ဦးနှင့် အတူတွဲလျက် ဟိုတယ်စားသောက်ဆိုင်ဘက်မှ ထွက်လာသော ကိုအုပ်စိုးက လက်ာ့ကို လှမ်းပြောလိုက်ခြင်း။ သွက်လက်မြန်ဆန်နေသော ခြေလှမ်းများကို လက်ာ ရပ်တန့်ပစ်လိုက်သည်။

''မီဒီယာတွေအတွက် နေရာထိုင်ခင်းကို ကျွန်မကိုယ်တိုင် ဂရုတစိုက်လုပ်ပေးချင်လို့ပါ၊ မီဒီယာတွေကို အကောင်းဆုံးဆက်ဆံနိုင်မှ စီလီအတွက်လည်း အကောင်းဆုံးတုန့်ပြန်မှုကို ရမှာလေ''

''ကျွန်တော်တို့ဟိုတယ်က ဒီနိုင်ငံမှာ ကြယ်ငါးပွင့်အဆင့်ရှိပြီး နာမည်လည်းရပြီးသားပါ လက်ာရယ်''

''နာမည်ဆိုတာ ထိန်းသိမ်းနိုင်မှ အမြဲရပ်တည်နိုင်မှာပါ ကိုအုပ်စိုး''

လက်ာရဲ့မပြုံးမရယ် ခပ်တည်တည်အပြောကြောင့် ကိုအုပ်စိုးက အရှက်ပြေတစ်ချက် ဟက်ခနဲ ရယ်သည်။





''ကျွန်တော်လည်း ဒီဟိုတယ်ကို ချစ်မြတ်နိုးသူတစ်ယောက်ပါပဲ''

''ဒါဆို ကျွန်မတို့ အတူတူပဲပေါ့ရှင်''

အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့ဝင်တစ်ယောက်ဖြစ်သော ကိုအုပ်စိုး၏စကားနိုင်လုဖို့ရာ လက်ာ ဘယ်တုန်းကမှ စိတ်ကူးမရှိခဲ့ပါ။ သူသည်လည်း ငွေကြေးထည့်ဝင်မြှုပ်နှံထားသူမို့ ဒီဟိုတယ်ရဲ့ဆုတ်ယုတ်မှုကို ဘယ်တော့မှ လိုလားမယ့်သူ မဟုတ်ပါဘူးလေ။ ငွေဝင်ကောင်းဖို့အတွက် ဟိုတယ်ကြီးတိုးတက်နိုင်မှာလျက် အစဉ်ရပ်တည်နေမှုကိုသာ အလိုရှိမှာပါ။

ခန်းမအပြင်အဆင် အားလုံးပြီးစီးသွားချိန်မှာ ညနေခြောက်နာရီတိတိ။ မီဒီယာသမားတွေ ဝင်ရောက်စပြုနေပြီ။ ခန်းမနားမှာ လောလောဆယ် တာဝန်ပြီးဆုံးသွားပြီမို့ စားဖိုဆောင်ဘက်ဆီ ထွက်ခဲ့လိုက်၏။ စိတ်တွေ ရေခဲမုန့်တွေလို အသေးအဖွဲ့ကစလို့ ဟင်းပွဲကြီး ဟင်းရံများအထိ လက်ာ မြည်းစမ်းရသည်။ အရသာမှာ ဘာလိုအပ်နေသလဲဆိုသည့်နောက်ဆုံးမြည်းစမ်းမှု။

''အားလုံး အဆင်ပြေပါတယ်၊ ခြောက်နာရီလေးဆယ့်ငါးမိနစ်ကျော်မှ ဟင်းပွဲတွေကို လိုက်ချပေးပါ''

ခြောက်နာရီခွဲရန် ငါးမိနစ်သာ လိုတော့သည်။ မြက်ခင်းပြင်မှာလည်း မီးရောင်များ ထိန်ထိန်ညီးလျက် ဒီနိုင်ငံရဲ့အလှပဆုံးငွေကြယ်ပွင့်များဖြင့် လင်းလက်တောက်ပစပြုနေပြီ။

ခြောက်နာရီခွဲအတိမှာ တစ်ကိုယ်လုံးလှပပေါ်လွင်လွန်းသည့် အနီနုရောင်ကိုယ်ကျပ်ဂါဝန်လေးဖြင့် မိုးမြင့်ဝေဟင်တို့စုံတွဲ မြက်ခင်းပြင်ဆီ ရောက်ရှိလာခဲ့သည်။ လက်ကိုင်ပန်းကိုပါ ခရမ်းရောင်ပွင့်သေးသေး



www.burmeseclassic.com

www.burmeseclassic.com



လော်မျှားဖြင့် စည်းနှောင်ပြင်ဆင်ပေးထားတာမို့ ပွဲတစ်ခုလုံးက တကယ့်ကို ကြွရွနန်းဆန်နေသည်။

ဟင်းပွဲများအားလုံးချပြီးချိန်မှာ ခုနစ်နာရီထိုးခါနီး။ တိမ်တွေကို မော့ကြည့်မိတော့ အလင်းရောင်မှဲ့သွားပြီဖြစ်သောကြောင့် ညိုမှောင်နေသော ကောင်းကင်ပြင်ဟာ တစ်စထက်တစ်စ နီရဲလာနေ၏။ လက်ဘ့ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ မိုးများရွာချလိုက်လေမလား။ လေလေးကလည်း အေးစိမ့်စိမ့်နှင့်။ ဒါဟာ မိုးရွာခါနီး ရှေ့ပြေးနိမိတ်တွေပဲလေ။

"ကိုကျော်မင်းရေ ရာသီဥတုအခြေအနေက မှုမမှန်ဘူးနော်"

"ဟုတ်တယ် ဂျီအမ်၊ ကျွန်တော်လည်း ခုပဲ တွေးနေတာပါ"

"ခန်းမထဲမှာ reserve လုပ်ဖို့ထားထားတဲ့ စားပွဲတွေ အသင့်ပြင်ထားပေးနော်၊ တစ်ခုခုဆို အဆင်သင့်ဖြစ်နေအောင်လို့"

ကိုကျော်မင်းနှင့်ဝန်ထမ်းလေးတချို့ အနားကခပ်သွက်သွက်ထွက်သွားသည်။ နာရီကို ထပ်ကြည့်မိတော့ ခုနစ်နာရီဆယ့်ငါးမိနစ်၊ ပွဲက ရှစ်နာရီပြီးဆုံးဖို့ သတ်မှတ်ထားပေမယ့် များပြားလှသော ဧည့်သည်တွေကြောင့် အချိန်ထပ်တိုးချင်လည်း တိုးသွားနိုင်သည်။

နိုင်ငံကျော် အနုပညာရှင်များစွာ တက်ရောက်သောပွဲမို့ တကယ့်ကို စည်ကားသိုက်မြိုက်လွန်းသည်။ ရောင်စုံလှုပ်ရှားမှုများနှင့် ပြိုးပြက်နေသော မီးရောင်စုံများ၊ အရာရာဟာ လှပကျက်သရေရှိနေ၏။ အပြုံးတွေဝေဆာနေသော သတို့သမီး မိုးမြင့်ဝေဟင်ကိုကြည့်ရင်းနှင့် လက်ဘ့ မျက်လုံးများထဲမှာ အဖြူရောင် မြန်မာဝတ်စုံလေးဖြင့် ပျော်ရွှင်ရင်ခုန်နေခဲ့ဖူးသော အသက်နှစ်ဆယ်စွန်းကာစအရွယ် မိန်းကလေးတစ်ယောက်ကို မြင်ယောင်နေမိသည်။

ဒီလို ခမ်းနားကြီးကျယ်လှသော ဟိုတယ်ကြီးမှာ မဟုတ်ပေမယ့်



သွန်ခဲ့တဲ့ဆယ်နှစ်ကျော် ထိုအချိန်တုန်းက လက်ဘ့ဘဝမှာ နောက်တစ်ခါဖြန်မရနိုင်တော့သော ရင်ခုန်ကြည်နူးမှုမျိုးကို ပိုင်ဆိုင်ခဲ့ရဖူးသည်။ အရာရာဟာ လှပတက်ကြွလျက် ဘဝတစ်လျှောက်လုံး လုံခြုံနွေးထွေးစွာ နေထိုင်ခွင့်ရပြီဖြစ်သော အတွေးအဟုန်များဖြင့် လက်ဘ လိုက်ဖိုမော နေခဲ့သည်။

ပါးပြင်ပေါ်သို့ လာထိခတ်သော အေးစက်စက် အထိအတွေ့ကြောင့် ခဏတာရောက်ရှိသွားသော အတိတ်တွေထဲကနေ လက်ဘ လန့်သွားသည်။ လက်ချောင်းထိပ်လေးများဖြင့် စမ်းသပ်ကြည့်တော့လည်း အေးစက်သော ခံစားမှု၊ ဒါ သူမမျက်ရည်တွေတော့ မဟုတ်တာ သေချာသည်။

"ဟင်"

လေပြင်းတစ်ချက် ဝှေ့ခနဲ တိုက်ခတ်သွားပြီး နီရဲနေသော ကောင်းကင်က ချက်ချင်းမည်းမှောင်အရောင်ပြောင်းသွားသည်။ တစ်စက်ချင်း ကျလာသော မိုးဖွားလေးတွေက တဖြည်းဖြည်း မြန်ဆန်များပြားလာ၏။

"သတို့သား၊ သတို့သမီးနဲ့ ဧည့်သည်တွေအားလုံးကို ထီးမိုးပေးပြီးခန်းမထဲ မြန်မြန်ခေါ်သွားပါ"

လက်ဘ ကြိုတင်ပြင်ဆင်ခိုင်းထားသဖြင့် ဟိုတယ်တံဆိပ်ရိုက်နှိပ်ထားသော ချာလီထီးများက ဟိုတယ်ဆင်ဝင်နားမှာ အဆင်သင့်။ ဓာလာပွဲမှာ ဧည့်ခံပေးနေရသော ဝန်ထမ်းများအပြင် ဟိုတယ်တွင်းမှ ဝန်ထမ်းလေးတွေပါ အပြေးအလွှား ရောက်လာလျက် မြက်ခင်းပြင်မှ ဧည့်သည်တွေကို ဟိုတယ်ခန်းမထဲ ပို့ဆောင်ပေးကြသည်။

စားပွဲဝိုင်းတွေ မသူကမ၊ ကုလားထိုင်တွေ ရွှေ့သူကရွှေ့နှင့်

www.burmeseclassic.com

www.burmeseclassic.com



အားလုံး သွက်လက်စွာ လှုပ်ရှားနေရသည်။ ပန်းမှန်ဦးအဝင်ဝမှာ ထောင်ထားသည့် မိုးမြင့်ဝေဟင်တို့စုံတွဲပန်းချီကားပုံ။ လက်ာ့ခြေလှမ်းတွေက ထိုနေရာဆီ ဦးတည်သွားလျက် ပန်းချီကားကို မယူလိုက်သည်။ လူတစ်ယောက်စာ ပန်းချီကားမို့ ရွှေရောင်ကွပ်ထားသော ဘောင်များက လေးလံစေသည်။ ဒါပေမဲ့လည်း လက်ာ မရရအောင် သယ်မလာခဲ့၏။

လေးလံမှုနှင့် မိုးရေတို့ကြောင့် ခြေလှမ်းတွေ သွက်သွက်လက်လက် မလှမ်းနိုင်ရသည့်အထဲ နောက်ဘက်ကနေ တစ်စုံတစ်ယောက် ဝင်တိုက်လိုက်သောကြောင့် လက်ာ သယ်မလာသော ပန်းချီကားဘောင်စွန်းနှင့် ဒူးခေါင်းတို့ အရှိန်ဖြင့်ဝင်ဆောင့်မိကြသည်။ နာကျင်မှုကြောင့် လက်ာ လဲပြိုကျမတတ် ဖြစ်သွား၏။

ကံကောင်းထောက်မစွာပင် သူမ လက်နှစ်ဖက်ဖြင့် မလွှတ်တမ်း ဆုပ်ကိုင်ထားသော ပန်းချီကားကို လွှဲပြောင်းမယူလိုက်သော လက်တစ်စုံ။

"ကျွန်တော် ဒီပန်းချီကား ယူသွားလိုက်မယ်၊ မလက်ာ ဖြည်းဖြည်းချင်း လိုက်ခဲ့ပါနော်"

မိုးရေများဖြင့် စိုရွှဲနေသော မင်းသွေးစက်။ သူ့ကို ထီးမိုးပေးထားသော အတွင်းရေးမှူးမလေးနှင့်အတူ လက်ာရှေ့မှ အပြေးထွက်သွားကြသည်။ တော်ပါသေးရဲ့ အဲဒီပန်းချီကားသာ တစ်ခုခုဖြစ်သွားခဲ့ရင် လက်ာတို့ ဖြေရှင်းရမည့်ပြဿနာက သေးမည်မဟုတ်ပါ။

နောက်ဆုံးတော့ ကြီးကြီးမားမား လွဲချော်မှားယွင်းမှုမျိုး မရှိပါဘဲ လက်ာတို့တွေ ဟိုတယ်ညှိခန်းမဆောင်ထဲ ဝင်ရောက်နိုင်ခဲ့သည်။ တချို့ဧည့်သည်တွေကတော့ ပြန်ကုန်ကြပြီ။ ရှစ်နာရီထိုးရန် ငါးမိနစ်သာ လိုတော့သည်မို့ မိုးမြင့်ဝေဟင်တို့ငှားရမ်းထားသည့်အချိန်လည်း သိပ်မကြာခင်မှာ ပြည့်တော့မှာပင်။





ဆိုးဆိုးရွားရွား ဘာတစ်ခုမှ ဖြစ်မသွားတာပဲ လက်ာ စိတ်ကျေနပ်လိုက်ရ၏။ သက်ပြင်းကိုလျော့ချလိုက်စဉ်မှာ ဒူးခေါင်းဆီမှ ဆစ်ခနဲ နာကျင်မှုက ထိုးတက်လာသည်။ ဘောင်စွန်းနှင့်ခြစ်မိထားသော ဒဏ်ရာက တစ်လက်မခန့်ပြတ်ရှကာ သွေးများယိုစီးကျနေ၏။

ပွဲမပြီးသေးသည်မို့ လက်ာ့မှာ နာကျင်မှုကို ခဏတာမြိုသိပ်ထားလိုက်ရသည်။

"မလက်ာ ခြေထောက်ထိသွားတာ မဟုတ်လား။ ဆေးခန်းသွားလိုက်ပါ၊ ဒီမှာ ကျန်တဲ့ကိစ္စတွေ ကျွန်တော်တာဝန်ယူပါ့မယ်"

ဟိုတယ်ဝတ်စုံ စကော်အနက်ရောင်ဒူးဖုံးရှုံလေးက လက်ာ့ဒဏ်ရာကို ဖုံးကွယ်ပေးနိုင်စွမ်း မရှိခဲ့ပါ။

"မန်နေဂျင်းတစ်ယောက်တည်း ဖြစ်ပါ့မလား"

"စိတ်မပူပါနဲ့ ကျွန်တော် ဖြေရှင်းထားလိုက်ပါ့မယ်၊ မလက်ာ ဒဏ်ရာက သွေးထွက်များသွားရင် မကောင်းဘူး"

မင်းသွေးစက်က ဆေးခန်းအတင်းသွားခိုင်းနေပြီး ဒူးခေါင်းဆီက သွေးထွက်များနေသောကြောင့်လည်း နောက်ဆုံးမှာ ဧည့်ကြိုဝန်ထမ်းမိန်းကလေးတစ်ယောက်နှင့်အတူ ဟိုတယ်ဆီမှ လက်ာ ထွက်လာခဲ့ရ၏။

ကိုကျော်မင်း ထည့်ပေးလိုက်သော မိန်းကလေးက ကားမောင်းထွက်၍ တော်သေးသည်။ ဒဏ်ရာက တဆစ်ဆစ် ကိုက်ခဲမှုကြောင့် သူမ တစ်ကိုယ်လုံးပါ လိုက်လံနာကျင်နေရသလိုပင်။ ထိုအချိန်မှာပင် အိတ်ကပ်ထဲမှ ဖုန်းလေးမြည်လာ၏။ မင်းသွေးစက်ထံမှ ဖြစ်သည်။ ကားက ဟိုတယ်အလွန်လေးနားမှာပင် ရှိသေးသည်။ မင်းသွေးစက် ဖုန်းဆက်လာတယ်ဆိုတော့ ဘာပြဿနာပေါ်လဲ မသိပါ။

"ပြောပါ မန်နေဂျင်း"



www.burmeseclassic.com

www.burmeseclassic.com



"မလင်္ကာ ဟိုတယ်ကို ပြန်လာဖို့ မလိုတော့ဘူးဆိုတာ လှမ်းပြောတာပါ၊ အိမ်ကိုတန်းပြန်ပြီး အနားယူလိုက်ပါနော်"

"မဖြစ်သေးဘူးနဲ့ တူပါတယ်"

သူမ စိတ်ထဲမှာ မတင်မကျ ဖြစ်နေမိသည်။ ဒီလို ရုတ်ရုတ်သဲသဲ ဖြစ်သွားသည့်အတွက် Complain တစ်စုံတစ်ရာ ပေါ်မလာဘူးလို့ မပြောနိုင်ပါ။ မိုးမြင့်ဝေဟင်ရော သူမ သတို့သားပါ ပုံစံအနေအထားတွေ ကြည့်ရတာ ပြဿနာကို မီးခွက်ထွန်းရှာမည့်ပုံမျိုးတွေ။ မင်းသွေးစက် တစ်ယောက်တည်းကို လင်္ကာ ဘယ်လိုစိတ်ချနိုင်ပါ့မလဲ။

"ဘာလို့မဖြစ်ရမှာလဲ မလင်္ကာ၊ ကျွန်တော်က ဒီဟိုတယ်ရဲ့ မန်နေဂျင်းပါ"

ပြောပုံဆိုပုံ လေသံကို နားထောင်ရတာတော့ ကိုယ့်ကိုကိုယ် ယုံကြည်မှုရှိရှိပါပဲ။ လင်္ကာ အစိုးရိမ်လွန်နေတာလည်း ဖြစ်မှာပါလေ။ မင်းသွေးစက်ဘေးမှာ အရည်အချင်းရှိသော အတွင်းရေးမှူးအပြင် ညော့်ကြိုမန်နေဂျာ ကိုကျော်မင်းတစ်ယောက်လုံး ရှိနေခဲ့တာပဲ။ ဒီတစ်ခါလောက်တော့ သူမ စိတ်ချလက်ချ ထားသွားနိုင်မှာပါ။

"ကျွန်တော်ပြောတာ မလင်္ကာ နားလည်ပါတယ်နော်"

"ကျွန်မ နားလည်ပါတယ် မန်နေဂျင်း"

"ကောင်းပြီ ဒါဆို ကျွန်တော် နောက်မှ ဖုန်းထပ်ဆက်လိုက်ပါ့မယ်၊ မလင်္ကာရဲ့ဒဏ်ရာအကြောင်း သိချင်လို့ပါ"

သူ ဖုန်းချသွားသည်။ လင်္ကာ့ဒဏ်ရာအကြောင်းကို သူက သိချင်နေသေးသည်တဲ့။ လေသံကို နားထောင်ရတာတော့ သူမကို သူ စိတ်ပူနေပုံပါပဲ။

ဒဏ်ရာက သုံးချက်ချုပ်လိုက်ရသည်။ သူမ ဖုန်းဆက်ခေါ်လိုက်





သောကြောင့် သုတ ချက်ချင်းရောက်လာချိန်မှာ ဝန်ထမ်းမိန်းကလေးကို ကားငှားပြီး ပြန်စေလိုက်၏။ အစိမ်းချုပ်မို့ နာကျင်မှုက ဆိုးရွားလှသည်။ သုံးချက်တည်းမို့လို့သာ တော်ပါသေးရဲ့၊ ဒဏ်ရာသာ ဒီထက်ပိုကြီးခဲ့ရင် ဘယ်လောက်တောင် နာကျင်ခံရခက်လိုက်မလဲ မသိ။

"ဘယ်လိုဖြစ်တာလဲ လင်္ကာရယ်"

လင်္ကာ့ လက်မောင်းတစ်ဖက်ကို ဖေးမတွဲရင်း သုတ စိတ်ပူစွာ မေးသည်။ ကားမောင်းသူ ဘေးနေရာထိ လိုက်တွဲပို့ပေးပြီး သူက ကားမောင်းမည့်သူနေရာတွင် ဝင်ထိုင်သည်။

"နင့်ကားကို ဘယ်လိုလုပ်မှာလဲ"

"နောက်မှ ပြန်လာယူမှာပေါ့။ အဝေးကြီးမှမဟုတ်တာကို၊ ငါ မေးတာသာ နင်ဖြေပါဦး၊ ဘယ်လိုဖြစ်ရတာလဲ"

"ဒီနေ့ ဟိုတယ်မှာ မိုးမြင့်ဝေဟင် မင်္ဂလာပွဲရှိတယ်လေ"

"ဒီလောက် တစ်နိုင်ငံလုံး ဟိုးလေးတကျော်ကျော်ကိစ္စကို ငါ သိပါတယ်"

"အေးဟာ မြက်ခင်းပြင်မှာ လုပ်တာဆိုတော့ မိုးလည်းရွာရော ဧည့်သည်တို့အားလုံး ယောက်ယက်ခတ်သွားတော့တာပေါ့၊ ငါက သူတို့စုံတွဲ ခန်းဆီးကားကို ပြေးမတာ အဲဒီဘောင်စွန်းနဲ့ ခြစ်မိသွားတာလေ"

လင်္ကာက အတိုချုံးကာ ပြောပြလိုက်သည်၊ သုတက နှာခေါင်း တစ်ချက်ရှုံ့၏။

"နိုင်ငံကျော်တစ်ယောက်ဖြစ်ပြီး စိတ်ကူးကလည်း ဘယ်လို ကြီးတုန်း၊ မိုးမကုန်သေးတာ သိလျက်နဲ့ မြက်ခင်းပြင် မင်္ဂလာပွဲလုပ်တယ်ဆိုတော့ နားမလည်နိုင်တော့ဘူး"

"လူတစ်ကိုယ်စိတ်တစ်မျိုးပေါ့ဟာ၊ ဘယ်သူမဆို ကိုယ်ကြိုက်လာ



www.burmeseclassic.com

www.burmeseclassic.com



ပွဲလေးကိုတော့ ကိုယ့်စိတ်တိုင်းကျ လုပ်ချင်တတ်ကြတာပဲလေ''

''အေးလေ အဲဒီလို စိတ်တိုင်းကျလုပ်မှ ခုလိုမျိုး မထော်မငင်းတွေ ဖြစ်ကုန်တာပေါ့''

''ကဲပါ တော်ပါတော့၊ ငါ ခဏလောက် နားချင်တယ်''

မျက်လုံးများကိုမှိတ်လျက် ကျောမှီပေါ် ပြေလျော့လျော့ လှဲချလိုက်ရင်း လက်ာ ဆိုလိုက်သည်။

''နှင် ဟိုတယ်ပြန်မသွားဘူး မဟုတ်လား''

''အင်း''

စကားဗွေအများကြီး ပြန်ပြောဖို့ မဆိုထားနှင့် နှုတ်ခမ်းများတောင် မဖွင့်ဟချင်တော့တာမို့ အင်းတစ်လုံးသာ အသံပြုမိသည်။ လက်ာ ပင်ပန်းနေတာကို သုတလည်း နားလည်စာနာစွာနှင့် ဘာမှထပ်မပြောတော့လို့ တော်ပါသေးရဲ့။

''ဟင် လက်ာ ဘယ်လိုဖြစ်တာလဲ''

သုတကိုတွဲပြီး အိမ်ထဲဝင်လာသော လက်ာ့ကိုမြင်တော့ မနု ပြူးပြူးပျာပျာနှင့် ပြေးလာသည်။

''ဟိုတယ်မှာ မတော်တဆ ဖြစ်လာတာလေ၊ ကျွန်တော့်ကို ဖုန်းလှမ်းဆက်လို့ ဆေးခန်းလိုက်ပေးပြီး ပြန်လာခဲ့တာ''

''သံသာရော မနု''

''မနက်ကျောင်းသွားရမှာဆိုတော့ ခုလေးတင်ပဲ မနု အိပ်ရာဝင်နိုင်းလိုက်တယ်''

''ဩော် အင်း ဒါဆို လက်ာလည်း အခန်းထဲသွားတော့မယ်''

သုတက လက်ာ့အိပ်ခန်းထဲထိ တွဲပို့ပေးသည်။

''နှင် တစ်ခုခုစားလိုက်ဦးနော်၊ ငါလုပ်ပေးသွားမယ်၊ ဘာစား





ချင်လဲ ပြော''

''အင်း နှင်လုပ်ပေးမယ်ဆိုတော့ ခေါက်ဆွဲပြုတ်လေးပဲ လုပ်ပေးသွားပါဟာ၊ ရေခဲသေတ္တာထဲမှာ အသီးအရွက်တွေရှိတယ်၊ မနုကိုလည်း အိပ်ချင်အိပ်လို့ရပြီလို့ ပြောလိုက်နော်''

''နှင်က ငါ့ကိုခက်ခက်ခဲခဲတွေ ခိုင်းတာပဲ၊ ကဲပါ နှင့်စိတ်တိုင်းကျ ခေါက်ဆွဲပြုတ်ဆိုတော့လည်း ခေါက်ဆွဲပြုတ်ပေါ့''

အခန်းထဲကနေ သုတ ထွက်သွားတုန်း လက်ာ အဝတ်အစားလဲလိုက်သည်။ မင်းသွေးစက် အဆင်မှပြေရဲ့လားလို့ အတွေးကရောက်၏။ လက်ာ့ဆီလည်း ဘာဖုန်းမှ ထပ်မလာတော့ အဆင်ပြေပြေပြီးဆုံးသွားတာပဲ ဖြစ်မှာပါ။

''ရော့ နှင့်အတွက် တစ်နေ့လုံး ဘာမှမစားထားတော့ ငါ အစပ်လျှော့လာခဲ့တယ်၊ တော်ကြာ နှင် အစာအိမ်ပြန်ဖြစ်နေမှာစိုးလို့''

ငယ်ငယ်တည်းက အစားအသောက်မမှန်ခဲ့သောကြောင့် လက်ာ ခဏခဏ အစာအိမ်အောင့်တတ်သည်။ အဲဒီလို အစာအိမ်အောင့်တတ်လို့ အစားအသောက်ကို အဆင်တပြေ စားသောက်သလားဆိုတော့လည်း လက်ာ ဘယ်တော့မှ ဂရုတစိုက် မစားဖြစ်ခဲ့ပါ။ အဆာလွန်သွားတာ မစားဖြစ်လိုက်တာတွေက များနေသည်။ အစပ်တအားစားပြီး ကော်ဖီမစ်သောက်တတ်သော အကျင့်ကိုလည်း မဖျောက်နိုင်ခဲ့။

''ကျေးဇူးတင်ပါတယ် သုတရယ်၊ နှင်လည်း ပြန်ချင်ပြန်တော့လေ၊ ငါ့ကြောင့်နဲ့ ဆိုင်ကိုပစ်ခဲ့ရတာ မဟုတ်လား''

''ဆိုင်က ငါ့ကောင်လေးတွေ သိမ်းထားလိမ့်မယ်၊ နှင် စားတာကြည့်ပြီးမှပဲ ငါ ပြန်မယ်လေ''

''ရပါတယ်ဆို ငါ့ကိုစိတ်ပူမနေနဲ့ သေလောက်တဲ့ဒဏ်ရာလည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး''

''နှင် မနက်ဖြန်ရော အလုပ်သွားမှာလား''

''သွားရမှာပေါ့၊ ခုတော့ မင်းသွေးစက် တစ်ယောက်တည်း အဆင်ပြေရဲ့လားလို့ စိတ်ပူနေတာ''

''အင်း နှင့်ကိုကြည့်ရတာ ငါတော့ ပင်ပန်းတယ် လက်ာ၊ ဘာလို့များ နှင့်အချိန်တွေကို အလုပ်ထဲမှာပဲ နှစ်မြုပ်ထားတာလဲ''

''နှင်မသိလို့ မေးနေတာလား သုတ''

ရုပ်တည်ကြီးနှင့် အေးစက်စက်မေးလိုက်သော သူမစကားကြောင့် သုတ သက်ပြင်းကိုချသည်။ မျက်နှာချင်းဆိုင်ထိုင်နေရာကနေ လက်ာ့ကို ကျောပေးလိုက်သည်။

''နှင့်အကြောင်းကို ငါ့ထက်ပိုပြီး ဘယ်သူက သိမှာလဲ လက်ာ''

''ဒါဆိုရင် နှင်ဘာကြောင့်များ ခုလိုမေးခွန်းမျိုး မေးတာလဲ''

''နှင့်ကိုစိတ်ပူလို့ပေါ့၊ နှင်တစ်သက်လုံး ခုလိုပဲ နေထိုင်သွားမှာစိုးလို့ပေါ့''

လက်ာ နှုတ်ခမ်းလေးတစ်ချက် တွန့်လျက် ပြုံးလိုက်သည်။ ပျော်ရွှင်အားရသော အပြုံးမျိုးတော့ ဘယ်ဟုတ်ပါ့မလဲ။ လောကကြီးကို စိတ်နာစွာ ပြုံးမိသော မဲ့ပြုံး။

''အချိန်တစ်ခုတော့ လိုမှာပေါ့''

''ဘယ်လောက်တောင်လဲ လက်ာ၊ ဆယ်နှစ်ဆိုတဲ့ ကာလတစ်ခုက နှင့်အတွက် လုံလောက်တဲ့အချိန် မဟုတ်ဘူးလား၊ ဒီအဖြစ်တွေကနေ နှင် ရုန်းထွက်နိုင်ဖို့ မကြိုးစားတော့ဘူးလား''

လက်ာ့ ပခုံးနှစ်ဖက်ကို လက်နှင့်ဆုပ်ကိုင်ရင်း သုတ အားမလိုအားမရစွာ ပြောသည်။ သုတ မေးတာတွေ မလွန်ပါဘူး၊ ဒါပေမဲ့လည်း





သက်ာ ကိုယ်တိုင်ကိုက

''ငါ အခုအလုပ်ထဲမှာပဲ အာရုံနှစ်ထားတယ်ဆိုတာ ငါ ကြိုးစားနေတာပေါ့ သုတ''

''နှင်က ရုန်းထွက်ဖို့ ကြိုးစားနေတာမှ မဟုတ်တာ၊ နှင်တစ်စတစ်စ နှစ်မြုပ်နေတာကို လူမမြင်အောင် ဖုံးကွယ်နေတာပဲ''

''နှင် ငါ့ကို အဲဒီလို မစွပ်စွဲနဲ့''

''ငါ စွပ်စွဲနေတာ မဟုတ်ဘူး၊ ငါမြင်နေတာတွေ ပြောပြနေတာ၊ နှင့်ကိုယ်နှင် မသိမှာစိုးလို့ ငါက ပြောပြနေတာ''

''တော်ပြီဟာ ငါမပြောချင်တော့ဘူး၊ နှင်လည်း ပြန်ပါတော့''

သုတက သူ့ဆံပင်များကို လက်နှင့်ထိုးတင်ဖွပစ်လိုက်ရင်း လေပူကြီးတစ်ချက် မှုတ်ထုတ်လိုက်သည်။

''ခေါက်ဆွဲတွေ မပွခင် စားလိုက်ဦး''

အခန်းတံခါးကို ဆွဲပိတ်ပေးသွားပြီး သုတ ပြန်သွားခဲ့ပြီ။ ခပ်နွေးနွေးသာ ကျန်တော့သော ခေါက်ဆွဲတွေကို တူတစ်စုံနှင့် ခပ်မြန်မြန်ဆွဲယူစားသောက်လိုက်သည်။ သူမကိုယ်သူမ အလုပ်တွေနဲ့ပဲ အချိန်တိုင်း အသားကျအောင် နေထိုင်မိနေတာ သုတ ပြောသလိုမျိုးများ ဖြစ်နေခဲ့ပြီလား။

ဒါပေမဲ့ အားလုံးထဲမှာ ဒီအဖြစ်တွေကနေ အရုန်းထွက်ချင်ဆုံးသူကလည်း လက်ာ ကိုယ်တိုင်ပဲဆိုတာ သုတ နားမလည်လေရောသလား။ တစ်သက်စာ နာကျည်းဖွယ်အပြုအမူတွေနှင့် လက်ာ့ကို ရက်စက်စွာ သတ်မာသွားသောလူတွေကို လက်ာ ခွင့်မလွှတ်နိုင်သေးတာတော့ သေချာသည်။

ခွင့်မလွှတ်နိုင်သေးသည့် ပူလောင်သော စိတ်ခံစားချက်များကို



www.burmeseclassic.com

www.burmeseclassic.com



မေ့လျော့ထားချင်စိတ်ဖြင့် အလုပ်တွေထဲမှာသာ အချိန်တိုင်း စိတ်နှစ်ထား တတ်လာသည်။ လက်ာ့ကမ္ဘာလေးကို ခုချိန်ထိ အကောင်းဆုံး တည် ဆောက်ထားနိုင်ခဲ့တာပဲလေ။ ဘဝမှာ ကြီးမားသော ဆိုးရွားသည့် ရိုက်ခတ် ချက်ကိုတောင် တောင့်ခံပြီး ရပ်တည်နေလာခဲ့သည့် လက်ာချိုပါ။

"မင်း မနေ့က ဘယ်ကိုပျောက်သွားတာလဲ လက်ာ"

ကားပါကင်မှာ ကားထိုးပြီးဆင်းလာရုံရှိသေး၊ အနားသို့ ကိုအုပ် စိုး ရောက်လာကာ ပြောလိုက်သောစကား။ လက်ာ နည်းနည်းတော့ အံ့အားသင့်သွားပါသည်။

"ကိုအုပ်စိုး ဘာကိုဆိုလိုချင်တာလဲ"

"မနေ့က မိုးမြင့်ဝေဟောင်တို့စုံတွဲ ပြဿနာရှာလို့ မန်နေဂျင်း တော်တော်ဖြေရှင်းလိုက်ရတယ်"

"ရှင် ဘယ်လိုဖြစ်တာလဲ"

မင်းသွေးစက်ဆီကလည်း ဖုန်းထပ်မလာတော့လို့ အရာအား လုံး အေးချမ်းစွာ ပြီးဆုံးသွားခဲ့တယ်လို့ လက်ာ ထင်နေခဲ့တာလေ။ ခု တော့ စိုးရိမ်ခဲ့တဲ့အတိုင်း ဖြစ်လာခဲ့ပြီ။

"ဒါဆို ကျွန်မ မန်နေဂျင်းရုံးခန်းကို သွားလိုက်ဦးမယ်"

ခြေလှမ်းတွေက မြန်ဆန်သွက်လက်နေသည်။ ဓာတ်လှေကား ခလုတ်ကိုနှိပ်ပြီး ဘယ်လိုတယ်လို မန်နေဂျင်းရုံးခန်းရှေ့ ရောက်လာလိုက် မှန်းပင် ကိုယ့်ဘာသာ သတိမထားလိုက်မိ။

"မန်နေဂျင်းရှိလား"

"အခုပဲ ရောက်တယ်ရှင့်"

တံခါးကိုတွန်းဖွင့်ဝင်လိုက်လျှင် ကုလားထိုင်မှာ ခေါင်းမှီရင်း မျက်လုံးများစုံမှိတ်ထားလျက် မင်းသွေးစက်ကို တွေ့လိုက်ရ၏။





"မန်နေဂျင်း ညက မိုးမြင့်ဝေဟောင်တို့နဲ့ အဆင်မပြေ ဖြစ်ခဲ့ ဘယ်ဆို"

လက်ာ့အသံကြောင့် မျက်လုံးတွေ ဖြည်းညင်းစွာ ပွင့်လာပြီး သူမကို လိုက်လိုက်လှဲလှဲ ပြုံးပြ၏။ သူ့မျက်နှာမှာ ဘယ်လိုစိုးရိမ်ပူပန်မှု မျိုးကိုမှ မတွေ့ရပါ။

"သူတို့မင်္ဂလာပွဲ ဒီလိုဖြစ်သွားတော့ ဧည့်သည်တွေလည်း အဆင်မပြေဖြစ်ရတယ်ဆိုပြီး ကွန်ပလိန်းတက်လာတာပါ"

"ကျွန်မကို ဘာလို့ ဖုန်းမဆက်ခဲ့တာလဲရှင်"

"ဒဏ်ရာတယ်လိုနေသေးလဲ၊ ကျွန်တော်တောင် ခုပဲ ဖုန်းဆက် ဖို့ စဉ်းစားနေတာပါ၊ ညတည်းက ဆက်ရမှာကို ကျွန်တော် အိပ်ပျော် သွားတယ်ဗျာ"

"ကျွန်မဒဏ်ရာက အရေးမကြီးပါဘူး၊ ညကကိစ္စကိုပဲ ပြောပြပါ မန်နေဂျင်း"

သူလက်ာ့ကိုကြည့်ပြီး မျက်ခုံးတစ်ချက် ပင့်သည်။ နောက်တော့ တော်တပ်ထရပ်လိုက်ရင်း

"နေ့လယ်ကျရင် မီဒီယာတွေနဲ့ အင်တာဗျူးလုပ်ဖို့ မိုးမြင့်ဝေ ဟောင်တို့က ဖိတ်ထားတယ်"

"ဟင် ဒါဆို သူတို့က ကျွန်မတို့ဟိုတယ်ရဲ့ချို့ယွင်းချက်တစ်ခု အဖြစ် ချပြမယ်ဆိုတဲ့ သဘောလား"

"ဆိုပါတော့ဗျာ"

"အဲဒီလိုဖြစ်လို့ မရဘူးလေ၊ အခု ဘာဆက်လုပ်ကြမလဲ"

"ကျွန်တော် ဖြေရှင်းပါ့မယ်"

"ဘယ်လိုနည်းနဲ့လဲ မန်နေဂျင်း၊ ပြည်သူတွေက သူတို့ချစ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အနုပညာရှင်တစ်ယောက်စကားထက် ကျွန်မတို့ဟိုတယ်ဘက်က ပြောတဲ့ စကားကို ပိုပြီး ယုံကြည်ပေးလိမ့်မယ်လို့ မျှော်လင့်နေတာလား''

''ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ဖြေရှင်းရမှာပဲလေ မလက်ာ''

ဒီမင်းသမီး မိုးမြင့်ဝေဟင်က ဘာလို့ဒီလောက်ထိ လက်ာတို့ ဟိုတယ်ကို ပြဿနာရှာနေရတာလဲ။ အနုပညာလောကမှာ သူမ ကျင်လည်နေသည့် ကာလတစ်လျှောက်လုံးလည်း ပြဿနာရှာတတ်သော ရန်များသော မင်းသမီးတစ်လက်ပါဆိုသည့် ဘယ်လိုသတင်းမျိုးမှ မထွက် ခဲ့ဖူးပါ။ ခုတော့ ထူးဆန်းနေသည်။

''မီဒီယာတွေနဲ့ ဘယ်အချိန် ချိန်းထားတာလဲ မန်နေဂျင်း''

''နှစ်နာရီထိုးပါ''

''အချိန်တော့ ရပါသေးတယ်၊ ဒီကြားထဲမှာ ကျွန်မ တစ်ခုခု ကြံကြည့်ပါဦးမယ်''

မင်းသွေးစက် ရုံးခန်းထဲက ထွက်လာသည်နှင့် လက်ာ အရင် ဦးဆုံး လှုပ်ရှားရတာကတော့ သုတဆီ ဖုန်းဆက်ခြင်းပါပဲ။

''သုတရေ ငါ့ကိုတစ်ခုလောက် ကူညီပါလား''

''အသံကတော့ အလုပ်ဆင်းတဲ့ပုံပဲနော်''

အရေးထဲမှ သုတက ခနဲ့တဲ့တဲ့လေသံမျိုး ပြောနေသေးသည်။ ဒါပေမဲ့ လက်ာ့မှာ စိတ်မဆိုးအားပါ။

''ဟုတ်တယ် ဟိုတယ်မှာ ပြဿနာပေါ်နေလို့ နင့်ဆီက အကူ အညီ ယူစရာလေး ရှိတယ်''

''နင့်အသံနားထောင်ရတာ တော်တော်အရေးကြီးပုံပဲ၊ ကဲ ပြော ငါ ကူညီရမယ်ဆိုတာ ဘာလဲ''

''ငါ့ကိုလူတစ်ယောက်ရဲ့နောက်ကြောင်း လိုက်ပေးပါ''





''ဘယ်သူလဲ လက်ာ''

''မိုးမြင့်ဝေဟင်ရဲ့သတင်းသားအကြောင်း ငါသိချင်တယ်၊ အခု ချက်ချင်းနော်၊ ငါတို့ဟိုတယ်အတွက် သိဖို့အရေးကြီးနေလို့ပါ၊ အချိန် သိပ်မရဘူး။ နေ့လယ်နှစ်နာရီမတိုင်ခင် ငါသိချင်တာ''

လက်ာ့အသံကို နားထောင်တာနဲ့တင် ဘယ်လောက်တောင် အရေးကြီးမှန်း သုတ ရိပ်မိလောက်ပါသည်။

''ဒီခေတ်မှာ လူတစ်ယောက်နောက်ကြောင်းစုံစမ်းတာ အဲဒီ လောက်တောင် မကြာပါဘူးဟာ၊ ကွန်ပျူတာတစ်ချက်ဖွင့်လိုက်ရင် ရပါ တယ်''

''ဒါဆိုလည်း နင့်ဆီက သတင်းကိုစောင့်နေမယ်နော်''

တစ်နာရီကျော်လောက်တည်းက ဟိုတယ်ညှိခန်းမဆောင်မှာ မီဒီယာသမားတွေရောက်ရှိ ပြင်ဆင်နေကြပြီ။ တချို့ကလည်း ဟိုတယ် ထဲကို လိုက်လေ့လာကြည့်ချင်တယ်ဆိုပြီး တောင်းဆိုခြင်းကြောင့် လက်ာ ကိုယ်တိုင် လိုက်လံပြသပေးနေရသည်။ ခုချိန်ထိတော့ သုတဆီမှ အဆက် အသွယ် မရသေးပါ။

ထူးထူးခြားခြား တစ်ခုခုတော့ ရှိမှာ ကျိန်းသေပါသည်။ လက်ာ့ စိတ်ထဲက အလိုလို သိနေသော ခံစားမှုတစ်ခုတည်းနဲ့တင် မိုးမြင့်ဝေဟင် ဆိုလုပ်ရပ်တွေက ပုံမှန်မဟုတ်ဘူးဆိုတာ သေချာနေ၏။

''ဂျီအမ့်ကို မန်နေဂျင်း ခေါ်ခိုင်းလိုက်ပါတယ်''

အနားရောက်လာသော မင်းသွေးစက်ရဲ့အတွင်းရေးမှူးမလေး ဆီမှ နာရီကိုထပ်ကြည့်မိတော့ နှစ်နာရီထိုးရန် ဆယ့်ငါးမိနစ်သာ လို တော့သည်။

''ကျွန်တော်တို့လည်း ပြင်လိုက်ဆင်လိုက်ဦးမယ်၊ နလိုမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်နဲ့ပတ်သက်ပြီး လိုက်ပြသပေးတာ ကျေးဇူးတင်ပါတယ်''

အလိုက်သိသော သတင်းထောက်ကြောင့် လက်ာ ကျေးဇူးတင်ရသေးသည်။ မင်းသွေးစက်ရဲ့ရုံးခန်းဆီ လျှောက်လာနေရသော တစ်လမ်းလုံး လက်ာ့ရင်တွေတဒိတ်ဒိတ် ခုန်နေသည်။ ခုချိန်ထိ သုတဆီမှ ဖုန်းမလာသေး။

''ဘယ်လိုလဲ မလက်ာ၊ နည်းလမ်းကောင်းတစ်ခုခုများ မတွေ့မိဘူးလား''

''ကျွန်မ''

လက်ာ့စကားပင် အစမပျိုးရသေးခင် သုတဆီမှ ဖုန်းဝင်လာခဲ့၏။

''ဘယ်လိုလဲ အိုကေလား သုတ''

''အိုကေပါတယ်၊ နင် စိတ်ပူနေတာလား''

''ပူတာပေါ့၊ နင်က ဖုန်းမှပြန်မဆက်တာ''

''နောက်ကြောင်းက တခြားလူတွေလောက် မရှုပ်ရှင်းဘူး၊ ဟိုဘက်က ဒီဘက်က သေချာစစ်ဆေးနေရသေးတာဟ''

''အင်း အဲဒီတော့''

သုတ ပြောပြသော စကားများအဆုံးမှာ လက်ာ အားရဝမ်းသာ ပြုံးလိုက်မိသည်။

''ဘာတွေဖြစ်နေတာလဲ မလက်ာ''

ဖုန်းချလိုက်သည်နှင့် သိချင်ဇောကြီးနေသော မင်းသွေးစက်က လှမ်းမေးသည်။

''ရပြီ မန်နေဂျင်း၊ ဒီကိစ္စကို ကျွန်မ ဖြေရှင်းပေးပါ့မယ်၊ မန်နေဂျင်းကတော့ ရုံးခန်းထဲမှာပဲ ခဏနေနေပေးပါ၊ ဘယ်သတင်းထောက်ကိုမှ





သည်း ပေးမဝင်ပါနဲ့ဦး''

မင်းသွေးစက်ကို မှာစရာရှိတာတွေ မှာပြီးသွားတော့ လက်ာ့ခြေလှမ်းများက မိုးမြင့်ဝေဟင်တို့ အခန်းဆီသို့။

''ဘာကိစ္စရှိလို့လဲ''

မိုးမြင့်ဝေဟင်ရဲ့သတို့သားဖြစ်သူ သီဟနိုင်ရဲ့အသံက မာထန်သည်။ ဘယ်လောက်ပဲ လေသံမာမာနဲ့ ဆက်ဆံလာသော ညွှန်သည်ဖြစ်ပါစေ ကိုယ့်ဘက်က အပြုံးလေးနှင့် နေပြခဲ့ရတာ ဟိုတယ်ဝန်ထမ်းတွေရဲ့ အလေ့မို့ ဒီလောက်ကတော့ လက်ာ မမှုပါ။

''ကျွန်မ စကားနည်းနည်းလောက် ပြောစရာရှိလို့ပါ''

''ခင်ဗျားတို့ဟိုတယ်က ဝန်ဆောင်မှုအကြောင်းကို မီဒီယာတွေဆီ ဖွင့်ချပြမှာစိုးရိမ်လို့ ခုလို လာတွေ့တာလား၊ သိပ်နောက်ကျနေပြီနော်''

''မဟုတ်ပါဘူး၊ ကျွန်မ အခုပြောချင်တာက ကိုသီဟနိုင်တို့ဟိုတယ်မှာ ဘာအကြောင်းတွေနဲ့ ဒီလိုမျိုး ပြဿနာတွေ ဖန်တီးနေတယ်ဆိုတာ ပြောပြချင်ရုံပါ''

''ခင်ဗျား ဘာကိုဆိုလိုတာလဲ''

သီဟနိုင်အသံက ခုချိန်ထိ မာနေတုန်းဖြစ်ပေမယ့် ဘေးမှာထိုင်နေသော မိုးမြင့်ဝေဟင်ကတော့ မျက်နှာပျက်စပြုနေပြီ။

''ဘန်ကောက်မှာရှိနေတဲ့အိမ်ကို အပေါင်ခံထားတယ်လို့ သိရပါတယ်၊ အဲဒီအတွက် ဘဏ်က လေလံဆွဲတော့မယ်ဆိုတာလည်း သိပါတယ် ခုလို ပြဿနာတွေဖန်တီးပြီး ကျွန်မတို့ဟိုတယ်ဘက်ကို ငွေကြေးညှစ် ချုပ်ကိုင်ဖို့ ကြိုးစားနေတာ မဟုတ်ဘူးလား ကိုသီဟနိုင်''

''မင်း မင်း ဘာတွေလာပြောနေတာလဲ''

လက်ာ့စကားအဆုံးမှာ မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်သွားသော



www.burmeseclassic.com

www.burmeseclassic.com



သီဟနိုင်ပုံစံက လက်ာ ပြောခဲ့သမျှတွေအားလုံးကို ဝန်ခံနေသလိုပါပဲ။

"ဟိုတယ်ဘက်ကို မမှန်ကန်တဲ့ အကြောင်းပြချက်တွေနဲ့ လျော့ကြေးတောင်းဖို့ စဉ်းစားထားတယ်လို့ ထင်ပါတယ်၊ အဲဒီလို စဉ်းစားထားတယ်ဆိုရင်တော့ ကျွန်မတို့ဘက်ကလည်း ပြောသင့်ပြောထိုက်တဲ့ အတိုင်းအတာထိ မီဒီယာတွေကို ဖွင့်ပြောသွားမှာပါ"

"အဲဒီလိုလုပ်လို့ လုံးဝမဖြစ်ဘူး"

တစ်ချိန်လုံး ငြိမ်နေခဲ့သော မိုးမြင့်ဝေဟင်ဆီမှ အလန့်တကြားထွက်လာသော အသံ။

"အဲဒီလိုလုပ်လို့ မဖြစ်တာ ကျွန်မ သိပါတယ်ရှင်"

အပြုံးလေးနှင့် လက်ာ တုန့်ပြန်ပြောလိုက်သည်။ ဒီလိုကိစ္စကို သီဟနိုင်က လက်ခံနိုင်ရင်တောင် နိုင်ငံကျော်မင်းသမီးတစ်ယောက်ဖြစ်သော မိုးမြင့်ဝေဟင်ကတော့ ဘယ်လိုမှ လက်ခံမှာမဟုတ်ဘူးလေ။ ဒါဟာ လက်ာ့လက်ထဲမှာရှိနေသော သူတို့ရဲ့အားနည်းချက်ပါပဲ။

"ကိုသီဟနိုင်တို့ရဲ့လျှို့ဝှက်ချက်ကိုမပေါက်ကြားစေရပါဘူး၊ ဒါကျွန်မဘက်က ကတိပါ၊ ဒါပေမဲ့ ကိုသီဟနိုင်တို့ဘက်ကလည်း ကျွန်မတို့ဟိုတယ်အကျိုးယုတ်စေမယ့် ဘယ်လိုလုပ်ကြံစကားမျိုးကိုမှ မပြောပါဘူးလို့ ကတိပေးစေချင်ပါတယ်၊ ဒါဟာ မျှတတဲ့တောင်းဆိုမှုပါရှင်"

"အင်တာဗျူးလုပ်ဖို့ အချိန်ကျနေပါပြီ ကိုအမ်"

အိပ်ခန်းဆောင်တာဝန်ခံ ဝန်ထမ်းလေးက လက်ာ့ကို အကြောင်းကြားသည်။

"ကိုသီဟနိုင်တို့ အဆင်သင့်ဖြစ်ပြီဆို အင်တာဗျူးစတင်လို့ရပါပြီ"

မိုးမြင့်ဝေဟင်က မှန်တင်ခုံရှေ့ထိုင်ပြီး မျက်နှာကိုအနည်းငယ်





ပြင်ဆင်သည်။ အားလုံးအသင့်ဖြစ်တော့မှ သူတို့လင်မယားနှင့်အတူ လက်ာပါ အင်တာဗျူးလုပ်မည့်ခန်းမဆီ ထွက်လာခဲ့လိုက်သည်။ အရင်ရောက်နှင့်နေသော မင်းသွေးစက်က လက်ာ့ကို လှမ်းကြည့်၏။ သူ့မျက်နှာမှာ စိုးရိမ်ပူပန်မှုတွေ အတိုင်းသား ပေါ်လွင်နေတုန်းပင်။

အဝေးကနေ သူ့ကိုလှမ်းပြုံးပြလိုက်မှ မင်းသွေးစက် အနည်းငယ် စိတ်သက်သာရာ ရသွားပုံပေါ်သည်။ ပြန်လည်ပြုံးပြလိုက်သော သူ့အပြုံးတွေထဲမှာ မျှော်လင့်ချက်လေးတွေ လက်ာ မြင်လိုက်ရလို့ပေါ့။

နောက်ဆုံးတော့ လက်ာတို့ ဖြစ်စေချင်ခဲ့သည့်အတိုင်းပင် မိုးမြင့်ဝေဟင်တို့ဘက်မှ ဟိုတယ်ဆုတ်ယုတ်စေမည့် စကားမျိုး မပါဝင်ဘဲ အင်တာဗျူးကို အောင်မြင်စွာ အဆုံးသတ်လိုက်သည်။ မင်းသွေးစက် အလှည့်ရောက်လာတော့ လက်ာ့မှာ အနားကပ်ကာ သတိပေးရသေး၏။

"ကျွန်မတို့ဟိုတယ်ဘက်က လုပ်ပေးခဲ့တာတွေကို အမှန်အတိုင်းပဲပြောပါ၊ နှစ်ဦးနှစ်ဖက်လုံး မနစ်နာစေမယ့် နည်းလမ်းနဲ့ပေါ့"

"စိတ်ချပါ ဒီလောက်တော့ ကျွန်တော် လုပ်တတ်ပါတယ်ဗျာ"

"ကျွန်မ မန်နေဂျင်းကို ယုံပါတယ်"

ဒီတစ်ပတ်ထုတ်ဂျာနယ်ထဲမှာ မင်းသမီး မိုးမြင့်ဝေဟင်ရဲ့မင်္ဂလာအပြင် Cele ဟိုတယ်ရဲ့ ဝန်ဆောင်မှုကောင်းမွန်ပုံတွေပါ ပြည့်ပြည့်စုံစုံပါလာတာမို့ လက်ာတို့ဘက်က ဒီမင်္ဂလာပွဲ ကြိုတင်စာရင်းသွင်းထားတုန်းက မျှော်လင့်ခဲ့သည့်အတိုင်း ကောင်းမွန်သည့်ရလဒ်များကို ကြိုးပမ်းရယူနိုင်ခဲ့သည်။

"ဒီတစ်ခါ ဟိုတယ်အကျိုးကို တကယ်ဆောင်ရွက်ခဲ့တာ ကျွန်တော်တို့ရဲ့ အထွေထွေမန်နေဂျာ မလက်ာပါပဲ"

မင်းသွေးစက်က ဟိုတယ်ဝန်ထမ်းတွေရဲ့လပတ်အစည်းအဝေး



www.burmeseclassic.com

www.burmeseclassic.com



ပွဲမှာ ပြောခဲ့သော စကား။ ခုလိုမျိုး ထုတ်ဖော်ချီးကျူးတာမျိုးကို ဂုဏ်ယူ
ချင်လို့မဟုတ်ပေမယ့် အသိအမှတ်ပြုခံရသည့်စကားမို့ ပီတိဖြစ်မိတာတော့
အမှန်ပါ။

"သူဌေးအပြောင်းအလဲကြောင့် ကျွန်တော်တို့ဟိုတယ် ယုံကြည်
မှု လျော့နည်းနေတဲ့အချိန်မှာ ဒီမင်္ဂလာပွဲရလဒ်က သိပ်ကိုအကျိုးဖြစ်စေ
ပါတယ် မလင်္ကာ"

"ကျွန်မတစ်ယောက်တည်း လုပ်ဆောင်ခဲ့တာတော့ မဟုတ်
ဘူး မန်နေဂျင်း"

"မလင်္ကာကတော့ လုပ်ပြီ၊ ကျွန်တော်တို့ အခုဟိုတယ်မှာ
မဟုတ်တာကို ဟိုတစ်ခါကပြောထားသလိုပဲ ရင်းရင်းနှီးနှီးခေါ်ပါ"

မင်းသွေးစက် တောင်းဆိုနေပေမယ့် လင်္ကာက နှုတ်မရဲတော့
ခက်နေသည်။ မန်နေဂျင်းလို့ ခေါ်နေခဲ့တာကလည်း အသားကျနေခဲ့ပြီ
လေ။

"မိတ်ဆက်ပေးရဦးမယ် ဒါက ကျွန်မရဲ့သူငယ်ချင်း သုတတဲ့
သုတ ဒါက ဌါဘော့စ် ဦးမင်းသွေးစက် တဲ့"

ကိုယ့်အလုပ်ရှင်မို့ လေးလေးစားစား ဆက်ဆံဖို့သာ လင်္ကာ
စိတ်ထဲ အမြဲရှိနေခဲ့တာလေ။ သူ့ကို 'ဦး' တပ်ခေါ်လိုက်လို့ မင်းသွေးစက်
မျက်နှာက ရှုံ့မဲ့သွား၏။

"ဟိုတယ်အပြင်ဘက်မှာ ကျွန်တော့်ကို ခင်ခင်မင်မင် နေနိုင်
ပါတယ်လို့ မလင်္ကာကိုပြောထားရက်သားနဲ့ဗျာ"

ကလေးတစ်ယောက်လို ပြောလိုက်ပုံကြောင့် သုတပင် ပြုံးလိုက်
သေးသည်။

"ဟုတ်ပါပြီ ကျွန်မ သတိထားပါ့မယ်"





"ကျွန်တော့်ဆိုင်ကို ပထမဦးဆုံးအကြိမ်လာတဲ့ ကက်စတမ်မာ
ဆိုတော့ စိတ်ကြိုက်မှာပါ၊ ကျွန်တော်ကိုယ်တိုင် ပြင်ဆင်ပေးပါ့မယ်"

"မလင်္ကာရဲ့ငယ်သူငယ်ချင်းဆိုတော့ ကျွန်တော့်အတွက်လည်း
အစ်ကိုတစ်ယောက်လိုပါပဲ၊ ဒီလိုဆို တို့အစ်ကိုလက်ရာကို မြည်းစမ်းကြည့်
ဦးမှာပေါ့"

မင်းသွေးစက်က စားသောက်ဖွယ်ရာများ မှာယူလိုက်တော့
သုတလည်း မီးဖိုဆောင်ဘက် ထွက်ခွာသွားသည်။ မျက်နှာမှာအပြုံးတွေ
အဆက်မပြတ် ပွင့်လန်းနေသော မင်းသွေးစက်ကိုကြည့်ပြီး လင်္ကာ
ကျေနပ်နေမိ၏။ သူ တော်တော်လေး စိတ်ချမ်းသာနေပုံရသည်။

"ဖေဖေ့လက်ထက်မှာ ယုံယုံကြည်ကြည်လက်တွဲခဲ့တဲ့ တချို့
ဒါရိုက်တာအဖွဲ့ဝင်တွေက ကျွန်တော့်လို ဘာလုပ်သက်မှလည်းမရှိ စီးပွား
ရေးနဲ့ပတ်သက်ပြီးလည်း ဘာတွေ့အကြုံမှမရှိတဲ့သူကို သဘောမကျကြ
ဘူးလေ၊ ဟိုတယ်ကို ဆုတ်ယုတ်သွားအောင် လုပ်မယ့်သူလို့ပဲ ယူဆနေ
ကြတာ၊ ဒီတစ်ခေါက်ကိစ္စနဲ့သာ တစ်ခုခုမှားယွင်းသွားရင် ဖေဖေ့တစ်သက်
လုံး ထိန်းသိမ်းလာတဲ့ ဟိုတယ်ကြီးကို ကျွန်တော် လက်လွှတ်ဆုံးရှုံးလိုက်
ရတော့မှာလေ"

"ကျွန်မ သိပါတယ်၊ ဦးမြင့်အောင်တို့လို ဒါရိုက်တာအဖွဲ့ဝင်တွေ
ကတော့ လူငယ်တွေကို သိပ်ပြီးဦးစားမပေးချင်ကြဘူး၊ အထူးသဖြင့်
မန်နေဂျင်းလို"

စကားရှေ့ဆက်ရသေးခင်မှာ လင်္ကာ့ကိုမျက်မှောင်ကြီးကျုံ့ပြီး
ကြည့်နေသော သူ့ကြောင့် ချက်ချင်းပင် အခေါ်အဝေါ်ကို ပြောင်းလဲ
လိုက်ရ၏။

"အထူးသဖြင့် သွေး အဟက်"



www.burmeseclassic.com

www.burmeseclassic.com



စကားကိုဆက်မပြောသေးဘဲ လက်ာ သဘောတကျ ရယ်မောလိုက်မိသည်။

''ဘာရယ်တာလဲဗျ''

''မန်နေဂျင်းလို့ပဲ နှုတ်ကစွဲနေတော့ ခုလိုခေါ်ရတာ တစ်မျိုးဖြစ်နေလို့ပါ''

''နားထောင်ရတာတော့ ဘာမှမဖြစ်ပါဘူး၊ အဆင်ပြေသားပဲ''

''ဟုတ်ပါပြီရှင်၊ ခုနက စကားလေး ဆက်ပါဦးမယ်၊ အထူးသဖြင့် သွေးလို လုပ်ငန်းနားမလည်တဲ့ လူတစ်ယောက်ကို သူတို့လွှယ်လွှယ်လက်ခံမှာတော့ မဟုတ်ဘူးလေ၊ သူ့ငွေးရဲ့တစ်ဦးတည်းသောသားဖြစ်နေတယ်၊ ရှယ်ယာပိုင်ဆိုင်မှုအများဆုံးဖြစ်နေတာတွေရယ်ကြောင့် ဘာမှမပြောနိုင်လို့ လက်ခံထားရတာ၊ တစ်ချိန်ချိန်မှာ မန်နေဂျင်းနေရာနဲ့ ပတ်သက်ပြီး စကားပြောရတာမျိုးတွေ ဖြစ်လာနိုင်တယ်''

''ကျွန်တော်သိပါတယ် မလက်ာ''

မင်းသွေးစက်မျက်နှာက တွေးတွေးစစပုံ ဖြစ်သွားသည်။ တစ်သက်လုံးက လိုချင်တာအားလုံး မကြောင့်မကြ ပိုင်ဆိုင်ခဲ့ရပြီး ခုလိုမျိုးစိတ်ဖိစီးမှုများသောနေရာမျိုးမှာ နေနေရတာ သူ့အတွက်လည်း တကယ့်ကို ခက်ခဲနေမှာပါ။ လက်ာ နားလည်ပေးနိုင်ပါသည်။

ပြီးတော့ ရှယ်ယာရှင်တော်တော်များများကလည်း မင်းသွေးစက်လို စီးပွားရေးနှင့် ဘာမှမပတ်သက်သော အနုပညာကျောင်းဆင်းတစ်ယောက်ကို မန်နေဂျင်းနေရာမှာ ထိုင်နိုင်းထားရတာ မကျေနပ်ချင်ကြမှန်း လက်ာ သိပါသည်။ ဒီအတွက်လည်း မင်းသွေးစက်ဖေဖေဦးမင်းမျိုးဆက် လွှဲအပ်ခဲ့သော တာဝန်များကို လက်ာ ကျေပွန်ချင်ခဲ့တာပါ။



တစ်ဦးတည်းသောသားကို ဟိုတယ်လုပ်ငန်းနှင့်ပတ်သက်သမျှ ထဲထဲဝင်ဝင် နားလည်တတ်ကျွမ်းပြီး ဟိုတယ်နှင့်တစ်သားတည်း ဖြစ်စေချင်ခဲ့တာ ဦးမင်းမျိုးဆက်ရဲ့ဆန္ဒပါပဲ။ မသေဆုံးခင်အချိန်တွေထဲက မင်းသွေးစက်ကို ဂရုစိုက်ဖို့ လက်ာ့ကို တဖွဖွမှာသွားခဲ့တာ။ ရိုးသားဖြောင့်မတ်စွာ အုပ်ချုပ်ခဲ့ပြီး ဝန်ထမ်းတွေအားလုံးကို မိသားစုဝင်လို သဘောထားဆက်ဆံတတ်ခဲ့သော ဦးမင်းမျိုးဆက်ရဲ့ယုံကြည်စွာ ပေးအပ်ခဲ့သောတာဝန်ကို လက်ာ အတတ်နိုင်ဆုံး ကျေပွန်ချင်ပါသည်။

''ကဲ မှာထားတာတွေ အားလုံးရပါပြီဗျာ''

သုတက စားသောက်ဖွယ်ရာများကို တွန်းလှည်းလေးနှင့် ထည့်သွင်းလာခဲ့သည်။ မင်းသွေးစက်က ဟိုဟင်းဒီဟင်း နည်းနည်းစီ မြည်းစမ်းစားကြည့်ရင်း သဘောတွေ့နေပုံရ၏။

''ကိုသုတ လက်ရာကတော့ တကယ့်ရှယ်ပဲဗျ''

''သုတက ဒီစားသောက်ဆိုင်ဖွင့်ဖို့အတွက်ကို ပြင်သစ်ထိတောင်သွားလေ့လာထားတာလေ''

''လေးစားပါတယ်ဗျာ၊ ကိုယ် တကယ်ဝါသနာပါတဲ့အလုပ်နဲ့ အသက်မွေးဝမ်းကျောင်းပြုနေတဲ့အလုပ် တစ်ထပ်တည်းကျတာ ဝမ်းသာစရာပါပဲ''

လက်ာတစ်ယောက်တည်း သက်ပြင်းလေး ခိုးချမိသည်။ မင်းသွေးစက် ဝါသနာပါသည့် ဂီတအနုပညာနဲ့ လက်ရှိရပ်တည်နေရသည့် ဟိုတယ်မန်နေဂျင်းရာထူးက တစ်စိုးတစ်စိမျှ ပတ်သက်မှုမရှိဘူးလေ။

''ဟာ ဟိုမှာ ဘာလဲ''

ဆိုင်ရဲ့ထောင့်ဘက်တစ်နေရာမှာ ခန့်ညားစွာရှိနေသော စန္ဒရားတစ်ခုကို မင်းသွေးစက် မြင်သွားလျက် မျက်လုံးများအရောင်တောက်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ချက်ချင်းလိုလိုပင် နေရာမှထလျက် ထိုနားသို့ ရောက်ရှိသွားဏ်း ဆိုင်ပိတ်လိုက်ပြီဖြစ်သောကြောင့် မီးချောင်းများကို လိုသလောက်ပဲ ထွန်းထားသဖြင့် ထိုနေရာမှာ မှောင်ရိပ်ကျနေခဲ့သည်။

''ဒါ စန္ဒရားပဲ၊ ကိုသုတက စန္ဒယားတီးတတ်တာလား''

အို ဟုတ်ပါရဲ့။ သုတရဲ့စန္ဒရားတစ်လုံး ဒီနေရာမှာရှိနေတာ လက်ာ မေ့လျော့နေခဲ့သည်။

''ကျွန်တော် မတီးတတ်ပါဘူး။ အဘိုးလက်ထက်တုန်းကဟာပါ၊ တစ်ပတ်တစ်ခါလောက်တော့ အပျော်တမ်းသမားလေးတွေ ဆိုင်လာပြီး ဖျော်ဖြေတယ်လေ၊ ကျန်တဲ့အချိန်ကတော့ ဒီတိုင်းပါပဲဗျာ''

''ဒါဆို ကျွန်တော် တီးကြည့်လို့ရမလားဗျ''

''ရပါတယ် တီးပါ တီးပါ ကျွန်တော်တို့လည်း နားထောင်ရတာပေါ့ဗျာ''

နှစ်ယောက်သား အတိုင်အဖောက်ညီစွာဖြင့် အဆင်ပြေနေကြ၏။

''ကျွန်တော့်စန္ဒရားက ဟိုကအိမ်မှာတော့ ရှိပါတယ်၊ မြန်မာပြည်မှာတော့ ထပ်မဝယ်ဖြစ်သေးဘူးဗျာ၊ ဖေဖေဆုံးပြီး ဒီရောက်တည်းက ဟိုတယ်နဲ့ပဲ နှစ်ပါးသွားနေရတာဆိုတော့လေ''

သူက ပြောပြောဆိုဆို စန္ဒရားကို စတင်တီးခတ်လိုက်သည်။ သာယာလှပသော ညခင်းလေးနှင့်လိုက်ဖက်ညီလှသည့် ငြိမ့်ညောင်းသော ဂန္ထဝင်တေးသွားတစ်ခု ဖြစ်၏။

''ပြင်သစ်က ကျွန်တော့်ပါတနာတစ်ယောက် လက်ဆောင်ပို့ထားတဲ့ ဝိုင်တစ်ပုလင်းရှိတယ်၊ အဲဒါဖောက်ဖို့အတွက် ကျွန်တော် အကြောင်းရှာနေတာ၊ ခုတော့ သံစဉ်ငြိမ့်ငြိမ့်လေးနဲ့ ဝိုင်တစ်ပုလင်းနဲ့ဆို



သိပ်လိုက်ဖက်မယ်လို့ ထင်တယ်ဗျာ''

ဝိုင်ပုလင်းများ စီတန်းထည့်ထားသည့် စင်ပေါ်ကနေ အစိမ်းရောင်ပုလင်းရှည်တစ်လုံးကို ဆွဲထုတ်လိုက်ပြီး သုတ ပြောသည်။ ဝိုင်ခွက်ရှည်လေး သုံးလုံးထဲမှာ သုတကိုယ်တိုင် ငှဲ့ထည့်ပေးပြီး လက်ာတို့ ချက်ချင်းထိတိုက်လိုက်ကြ၏။ ဝိုင်၏ချိုအီပြင်းရှသော အရသာက လက်ာ့ သွေးကြောများတစ်ခုလုံးကို ပျံ့နှံ့စီးဝင်သွားသည်။

''ဘယ်လိုလဲ လက်ာ၊ အဆင်ပြေရဲ့လား''

''ပြေပါတယ် သုတရဲ့''

လက်ာတို့သုံးယောက်သားလုံး ဒီညလေးကို မေ့ဖြစ်မည်မထင်ပါ။ စိတ်ပေါ့ပါးစွာ လွတ်လပ်စွာ အတူတကွ ကုန်ဆုံးခဲ့ရသော အချိန်လေးတွေပါပဲ။

''ငါ လိုက်ပို့မယ် လက်ာ''

မတ်တပ်ထအရပ်မှာ အနည်းငယ်ယိုင်နဲ့သွားသော သူမကို သုတက တွဲလိုက်ရင်း ပြောသည်။ အိမ်ပြန်ကားထားပြီးမှ ပြန်ထွက်လာသာမို့ လက်ာတစ်ယောက်တည်းပြန်ဖို့ကတော့ ဘယ်လိုမှ မဖြစ်နိုင်ပါ။ ခုလိုမျိုး ဝိုင်တန်ခိုးနဲ့ မှားချင်ချင်ဖြစ်နေသော ခြေလှမ်းများဖြင့် အိမ်ကို တစ်ယောက်တည်း ဘယ်လိုပြန်ရပါ့မလဲ။

''ကျွန်တော်ပဲ ဝင်ပို့ခဲ့ပါ့မယ် ကိုသုတ''

''တကူးတကကြီး လှည့်ဝင်ပို့နေရမှာစိုးလို့ပါ''

''ကျွန်တော်က ဟိုတယ်ဝင်းထဲမှာပဲ နေတာလေ၊ မလက်ာတို့အိမ်နဲ့ လမ်းကြုံပါတယ်၊ တကူးတက မဟုတ်ပါဘူး''

''ဒါဆိုရင်လည်း ကျွန်တော် စိတ်ချလိုက်ပါ့မယ်''

သူတို့နှစ်ယောက် ပြောနေသံများကို လက်ာ အားလုံးကြားပေ

www.burmeseclassic.com

www.burmeseclassic.com



မယ့် ဘာမှတုန့်ပြန်မပြောမိ။ စကားမပြောချင်လောက်အောင် ခေါင်းထဲမှာ မှုးနောက်နောက်ဖြစ်နေသည်။

သုတက တွဲလျက် ကားထဲထိ လိုက်ပို့ပေးပြီး သူမကိုနှုတ်ဆက်သည်။

''အိမ်ပြန်ရောက်လို့ အဆင်ပြေရင် ငါ့ကိုဖုန်းဆက်ပါ လက်ာ၊ ခုတော့ နင့်ကို သူ လိုက်ပို့ပေးလိမ့်မယ်''

လက်ာ ခေါင်းညိတ်ပြလိုက်သည်နှင့် တူသည်။ ကားလေး ငြိမ့်ခနဲ မောင်းထွက်လိုက်ချိန်မှာ နောက်ကိုမှီထားသော ခေါင်းက အောက်ဘက်သို့ လည်ကျသွား၏။

''မလက်ာ ရရဲ့လားဗျ''

သူမ ဦးခေါင်းကို လက်နှင့်အသာ ပြန်ပြီး ပင့်မပေးလိုက်ရင်း မင်းသွေးစက် ကားကိုအာရုံစိုက်မောင်းနေခဲ့သည်။ ကိုသုတရဲ့ဆိုင်လေးနှင့် မလက်ာအိမ်က သိပ်မဝေးတာမို့ ခဏလေးအတွင်းမှာပင် ရောက်ရှိသွားသည်။ လမ်းထဲကို ချိုးကွေ့ဝင်ခဲ့သော်လည်း ဘယ်အိမ်မှန်းတော့ မင်းသွေးစက် မသိပါ။ ဟိုးတစ်ခါ မော်ဘီပန်းစိုက်ခြံဆီသွားတုန်းက သူမ လမ်းထိပ်မှာထွက်စောင့်နေခဲ့တာ မဟုတ်လား။

လမ်းထဲထိ ဆက်မဝင်သေးဘဲ ထောင့်တစ်နေရာတွင် ကားကို ထိုးရပ်လိုက်ပြီး သူမ ပခုံးလေးကို အသာပုတ်နှိုးကြည့်သည်။

''မလက်ာ မလက်ာ''

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည့်ပုံမို့ တုတ်တုတ်မျှပင်မလှုပ်ပါ။ အတင်းလှုပ်နှိုးရမှာလည်း သူ အားနာနေမိသည်။ မထူးတော့ပြီမို့ မင်းသွေးစက်လည်း ကားကိုစက်သတ်ထားလိုက်ပြီး ကျောမှီလျက် မျက်လုံးများ မှိတ်ထားလိုက်၏။





''ဟင်''

လက်ာ မျက်လုံးများ ဖွင့်ကြည့်လိုက်မိသည့်အချိန်မှာ တစ်လောကလုံးကို အလင်းရောင်မှုန်ပျပျလေးက လွှမ်းခြုံထားပြီ၊ ရုတ်တရက်မို့ ဘယ်ရောက်နေတယ်ဆိုတာကို စဉ်းစားလို့မရ။

အို ညက ငါ ငါ အိမ်ပြန်မရောက်လိုက်ဘူးလား။

ဘေးမှာ အိပ်ပျော်နေသော မင်းသွေးစက်ကို မြင်လိုက်တော့မှ လက်ာ့အသိစိတ်တွေ ပုံမှန်ပြန်ဖြစ်လာသည်။ ဒီလိုဆို တစ်ညလုံး သူတို့နှစ်ယောက် ဒီကားပေါ်မှာပဲ အိပ်ပျော်နေခဲ့ကြတာပေါ့။ ပတ်ဝန်းကျင်ကို ကြည့်မိတော့လည်း လက်ာတို့ လမ်းထဲမှာပင် ကားက ရပ်ထားခြင်း။ အိမ်ရှေ့တည့်တည့်တော့မဟုတ်၊ နောက်ထပ် သုံးလေးအိမ်လောက်ကျော်ပြီးမှ လက်ာတို့ခြံကို ရောက်မည်ဖြစ်သည်။

နာရီကိုကြည့်မိတော့ မနက်ငါးနာရီထိုးပြီး ဆယ်မိနစ်။ တစ်ရေးမှ မနိုးဘဲ လက်ာ အိပ်ပျော်သွားခြင်းသည် သုတရဲ့ဝိုင်အစွမ်းကြောင့်ဖြစ်ပါလိမ့်မည်၊ အသံပိတ်ထားသော ဖုန်းလေးမှာလည်း ညဆယ့်တစ်နာရီခန့်ကျင်လောက်က မနှုခေါ်ထားသော မစ်(စ်)ကောတွေ တန်းစီနေ၏။

သူမ ကားတံခါးဖွင့်ဆင်းမည်ပြင်ပြီးတော့မှ မင်းသွေးစက်ကို နှုတ်မဆက်ဘဲ ထားခဲ့လို့ မဖြစ်သေးမှန်း သတိရ၏။ အိပ်မောကျနေသော မျက်နှာလေးက အသက်သုံးဆယ်နားကပ်နေသော အမျိုးသားတစ်ဦးပါလို့ ထင်မှတ်စရာမရှိ။ ယောက်ျားပီသသော မျက်နှာကျနှင့် ဝါဝင်းသော အသားအရေက သူ့နုပျိုမှုကို ကောင်းကောင်းပံ့ပိုးပေးနိုင်ပါသည်။ မှိတ်ထားသော မျက်လုံးလေးများမှာ မည်းနက်သည့် မျက်တောင်တိုစိပ်စိပ်များ ဝန်းရံလျက် မင်းသွေးစက်ဟာ တကယ့်ကို ပြေပြစ်သော ရုပ်ရည်ပိုင်ရှင်ပါပဲ။

သူ့မျက်နှာကို ငေးမောနေမိစဉ် ရုတ်တရက် ကျယ်လောင်စွာ



www.burmeseclassic.com

www.burmeseclassic.com



ထမြည်လာသော နာရီနှိုးစက်သံကြောင့် လက်ာ လန့်ဖျပ်သွားသည်။ ခင်းသေွးစက်ကိုယ်တိုင်လည်း လူးလွန့်နိုးလာခဲ့၏။ သူ့မျက်နှာနှင့် နီးကပ်စွာ အုပ်မိုးကြည့်နေမိသော မိမိကိုယ်ကို မြန်မြန်ဆန်ဆန် ခပ်မတ်မတ် ပြန်ထိုင်လိုက်ရင်း

"နိုးပြီလား သွေး"

ဒီတစ်ခါတော့ သွေး ဆိုတဲ့ နာမ်စားကို လက်ာ ပေါ့ပါးစွာပင် ခေါ်လိုက်နိုင်သည်။ သူလည်း နိုးနိုးချင်းဆိုတော့ လက်ရှိအချိန်မှာ ဘယ်ရောက်နေတယ်ဆိုတာ ချက်ချင်းစဉ်းစားလို့ ရပုံမပေါ်။ နောက်မှ အသံကုန်မြည်ဟီးနေသော သူ့ဖုန်းနှိုးစက်လေးကို ပိတ်လိုက်ပြီး

"ဆောရီး မလက်ာ၊ ကျွန်တော် အိပ်ပျော်သွားတယ်"

"ကျွန်မလည်း ခုမှ နိုးတာပါ"

ဘာမှထပ်မပြောဖြစ်ကြဘဲ လက်ာတို့တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရယ်မောလိုက်မိသည်။

■ ■ ■

## အခန်း (၃)

"မနု ညက ကျွန်မဆီ ဖုန်းခေါ်ထားတာ မသိလိုက်ဘူး"

အိမ်ထဲဝင်ဝင်ချင်းပဲကျောင်းချိန်အမီ ထမင်းဟင်း ထချက်ပြုတ်နေသော မနုကို တွေ့လိုက်ရသောကြောင့် လက်ာ ဖြေရှင်းချက်ပေးလိုက်သည်။

တကယ်ကတော့ ဟိုအရင်ရက်တွေဆိုလည်း ဟိုတယ်မှာ ညအိပ်ယူထားရင် ဒီလိုမျိုးတွေ ခဏခဏ ဖြစ်နေကျပါ။ ဒီနေ့မှပဲ လက်ာဘာသာ အိုးမလုံအုံပွင့်လျက် ရှင်းပြနေမိခြင်း ဖြစ်သည်။

"လက်ာက ညပိုင်းပြန်မလာဖြစ်ဘူးဆိုလည်း ပြောသွားနေကျလေ၊ ညကကျတော့ ဘာမှလည်း ပြောမသွားဘဲ ပြန်မလာသေးလို့ စိတ်ပူပြီး ဆက်လိုက်တာပါ၊ ဟိုတယ်မှာပဲ ရှိနေမယ်ဆိုတာတော့ တွေးတောပေါက်လိုက်ပါတယ်၊ ဒါကြောင့် ထပ်မခေါ်တော့တာ"

"သံသာရော မေးနေသေးလား"

"ညက သူနားမလည်တဲ့ အင်္ဂလိပ်စာတွေ လက်ာ့ကို ရှင်းပြမယ်ဆိုပြီး စောင့်နေသေးတယ်၊ နောက်မှ သူ့ဘာသာ လက်ာ့အွမ်းနေ့



www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင်ပေးထားတဲ့ စက်ကလေးနဲ့ လုပ်နေတာပဲ''

လက်ာပေးတဲ့ မွေးနေ့လက်ဆောင် Electronic Dictionary လေးက သံသာ့အတွက် အသုံးဝင်နေတာ သိလိုက်ရတော့ ဝမ်းသာမိသည်။ ပညာရေးနဲ့ပတ်သက်ပြီးတော့လည်း သမီးကို အကောင်းဆုံးဖြစ်စေချင်တာ လက်ာ့ စေတနာပါ။ ကျောင်းကောင်းကောင်း ကျူရှင်ကောင်းကောင်းမှာ ထားပေးသည်။ ပညာရေးအတွက် လိုအပ်တာအားလုံး လက်ာ ဖြည့်ဆည်းပေးခဲ့သည်။ သံသာလေး ကြီးပြင်းလာတဲ့အခါမှာ ပညာကြောင့် ဂုဏ်ရှိသော မိန်းကလေးတစ်ဦးလည်း ဖြစ်စေချင်မိသည်။

''မနက်စာ ပြင်ပေးထားမယ်နော်၊ ရေမိုးချိုးပြီး အဆင်သင့်စားလို့ရအောင်''

''ဟုတ်ကဲ့ မနု''

အိမ်မှာအလုပ်လုပ်ဖို့ ခေါ်ထားတယ်ဆိုပေမယ့် မနုနဲ့အတူနေလာတာ သံသာလေးတစ်သက်ရှိပြီမို့ ခုတော့လည်း မိသားစုဝင်တစ်ယောက်လိုပါပဲ။ များသောအားဖြင့်တော့ လက်ာက မနက်စောစောစာကို မနု ကျော်ပေးသည့် ထမင်းကြော်သာ စားလေ့စားထရှိသည်။

ခုနစ်နာရီအရောက် ဟိုတယ်ပြန်ဝင်ရမှာမို့ ရေမိုးချိုးပြင်ဆင်ခြင်းအမှုကို ခပ်မြန်မြန် လုပ်ရသည်။ ဟိုတယ်ဝတ်စုံ အဖြူရောင် ရှပ်ကော်လံလေးကို ခဲပုပ်ရောင်ဒူးဖုံးစကတ်လေးထဲ ထည့်ဝတ်လိုက်၏။ နောက်ဆုံးမှ ခဲရောင်ဖျော့ဖျော့ ကုတ်ကိုပေါ်က ထပ်လိုက်သည်။ ဆံပင်ပုံစံကတော့ ရိုးရှင်းစွာပင် အားလုံးအပြောင်သိမ်းလျက် နောက်တွဲလေး ထုံးဖွဲ့လိုက်၏။ ဒါက လက်ာတို့ဟိုတယ်ဝန်ထမ်း အမျိုးသမီးအားလုံးအတွက် လက်ာကိုယ်တိုင် သတ်မှတ်ထားသော ဆံပင်ပုံစံပါပဲ။ ရှုပ်ရှုပ်ယှက်ယှက် ဘီးကုပ်တွေ ကလစ်တွေတပ်ခွင့်မပြုထားဘဲ အားလုံးကို





ကြည့်လိုက်တာနှင့် ရိုးရှင်းသန့်စင်စွာ မြင်နိုင်အောင် စီမံထားခြင်းပါ။

ထမင်းကြော်ကို ငါးရံ့ခြောက်ဖုတ်ဆီဆမ်းလေးနှင့် တွဲစားပြီး ဟိုတယ်သို့ ထွက်ခွာရန် ကားထဲထိုင်မိချိန်က ခုနစ်နာရီထိုးရန် ဆယ်မိနစ်။ လက်ာ့အိမ်နှင့် ဟိုတယ်က သုံးမိနစ်တောင် မကြာသော ခရီးအကွာအဝေးမှာ။ ဒါကြောင့်လည်း သူများတကာတွေလို ကားလမ်းပိတ်ဆို့ခြင်းတွေကို လက်ာ ဘယ်တော့မှ မခံစားရပါ။

ကားစက်နှိုးလိုက်ပြီးတော့မှ သုတကို သတိရသွားသောကြောင့် နံပါတ်လေးများကို နှိပ်လိုက်သည်။ သူ့စားသောက်ဆိုင်ကလည်း ခုနစ်နာရီဆို ဖွင့်ပြီမို့ နိုးနေလောက်ပါပြီ။

''ညတည်းက နင့်ဖုန်းကို ငါမျှော်နေတာ''

''အေးဟာ ညက အဖြစ်ကတော့ မပြောချင်တော့ပါဘူး''

''ဟင် ဘာဖြစ်လို့လဲ''

သုတအသံက စိုးရိမ်တကြီး။ ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်တော့

''နင့်ဟာကလည်း ဘယ်လိုကြီးတုန်း''

''ငါကလည်း ဝိုင်တန်ခိုးနဲ့ ချက်ချင်းအိပ်ပျော်သွားတယ်၊ သူကလည်း ငါ့အိမ်ကိုမသိတော့ ငါနိုးလာမလားဆိုပြီး စောင့်ရင်းနဲ့ နောက်ဆုံးသူပါအိပ်ပျော်သွားတာတဲ့လေ''

''ဒီလိုမှန်းသိ ငါပြန်လိုက်ပို့ပါတယ် လက်ာရယ်''

''ဘာမှတော့ ထွေထွေထူးထူး မဟုတ်ပါဘူးဟာ၊ ပြန်တွေးကြည့်တော့လည်း ရယ်စရာပဲ''

လက်ာ့အသံကို နားထောင်ရတာ တကယ့်ကို ပေါ့ပေါ့ပါးပါးပါပဲ။ ယောက်ျားလေးတစ်ယောက်နှင့် တစ်ညလုံးနီးပါး အတူတူရှိနေခဲ့ခြင်းကို



www.burmeseclassic.com

www.burmeseclassic.com



သူမ နည်းနည်းမှ ထိတ်လန့်ပုံမရ။ သုတ စိတ်ထဲ နည်းနည်းတော့ ဇဝေဇဝါဖြစ်နေမိသည်။ မင်းသွေးစက်ဆိုတဲ့ သူရွှေလေးက စီးပွားရေးနဲ့ ပတ်သက်ပြီးလည်း ဘာမှသိနားလည်ခြင်း မရှိ။ ဒါကြောင့်လည်း လက်ာ က ဟိုတယ်နဲ့ပတ်သက်တဲ့အရာအားလုံးကို သူမတစ်ယောက်တည်းမှာပဲ တာဝန်ရှိနေသလို အလုပ်ထဲမှာပဲ အချိန်တွေကုန်ဆုံးနေရတာလား။

ဒါမှမဟုတ် ရင်ဆိုင်ခဲ့ရသော အတိတ်ဆိုးများကနေ ပုန်းကွယ် ချင်စိတ်ဖြင့် အလုပ်ထဲမှာသာ စိတ်နှစ်ထားခြင်းလား။ ငယ်စဉ်တည်းက အတူစားသောက်နေထိုင်လာသော သူငယ်ချင်းမို့ သံယောဇဉ်ကြီးမားစွာ ဖြင့် စိတ်ပူပန်နေမိတာကတော့ အမှန်ပါပဲ။

"ညကျ ဆိုင်လာဦးမှာလား"

"အချိန်ရရင် ဝင်ခဲ့မယ်လေ"

အနားမှာရှိပေးပြီး သူ့ခံစားချက်တွေကို ဝေမျှနားထောင်ပေးချင် မိသည်။ မိန်းကလေးတစ်ယောက်တည်း ဘဝကို ကြံ့ကြံ့ခံဖြတ်သန်းနိုင် ခဲ့သည်။ သူငယ်ချင်းလေးအပေါ်မှာ ဂုဏ်လည်း ယူမိသလို သနားစိတ် လည်းဖြစ်မိ၏။ သူမအနားမှာ နားလည်ပေးနိုင်ဆုံးသော သူတစ်ယော အဖြစ် သုတ ရှိနေပေးချင်ခဲ့တာပါ။

"အရမ်းလည်း အပင်ပန်းမခံပါနဲ့ဟာ၊ ကျန်းမာရေးကိုဂရုစိုက်"

"မသိရင်ဘဲ ငါက ရောဂါတစ်ခုခုဖြစ်နေတာကျလို့၊ ကဲ ကားမောင်းတော့မယ်၊ ဖုန်းချပြီ"

ရုံးခန်းက စားပွဲမှာ ထိုင်မိတာနှင့် လက်ာ့မျက်လုံးထဲ တန်း လာတာကတော့ တစ်ခါသောက် အညိုရောင်စက္ကူခွက်ရှည်လေးနှင့် ထည့် ထားသော ကော်ဖီ။ စားပွဲပေါ်မှာ အထပ်လိုက်ရှိနေသော ဖိုင်တွဲတွေ ဘေးမှာ သိသိသာသာ ထင်ထင်ရှားရှား ဒီကော်ဖီခွက်က လက်ာ့စား





ပေါ်ကို ဘယ်လိုရောက်နေတာလဲ။

လက်နှင့်တို့ထိကြည့်တော့ ပူနွေးနေဆဲ ကော်ဖီတို့က သူတို့ ရောက်ရှိနေတာ သိပ်မကြာသေးကြောင်း ဖော်ပြနေသည်။ လက်ာ့အခန်း ထဲထိဝင်ပြီး အတင့်ရဲစွာ ကော်ဖီခွက်ထားနိုင်သူသည် ဘယ်သူများ ဖြစ်မှာပါလိမ့်။ ထိုကော်ဖီခွက်ကို ကောက်ယူပြီး အခန်းပြင်ထွက်ရှာကြည့် မိသည်။ ဘယ်သူမှမရှိ၊ ကော်ရစ်ဒါတစ်လျှောက်လုံး တိတ်ဆိတ်ငြိမ်သက် နေ၏။

လူတစ်ဦးတစ်ယောက်မှ မတွေ့သည့်အဆုံး လက်ာ သက်ပြင်း ခလေးချပြီး နောက်ပြန်အလှည့်

"အို"

နောက်နားကပ်ကပ်လေးမှာ ရပ်နေသော လူတစ်ဦးနှင့် တည့် တည့်ကြီး ဝင်တိုက်မိသလို ဖြစ်သွားသောကြောင့် ချက်ချင်းပင် ကိုယ် ရှိန်သတ်လိုက်ရသည်။

"မလက်ာ ဘာရှာနေတာလဲ"

မင်းသွေးစက်၊ သူ ဘယ်လိုလုပ် လက်ာ့နား ရောက်နေတာလဲ။ လက်ထဲမှာလည်း လက်ာ့လက်ထဲမှ ခွက်လေးနှင့် ပုံစံတူတူခွက်တစ်ခုကို ကိုင်ထားသေးသည်။ ဒါဆို တရားခံက ဘယ်သူဆိုတာ လက်ာ ထပ်ရှာ နေဖို့ မလိုတော့ဘူးပေါ့နော်။

"ဒီကော်ဖီခွက်က ကျွန်မ အခန်းထဲကို မန်နေဂျင်း လာထား တာလား"

"အင်း ဟုတ်တယ်လေ၊ မနက်တိုင်း ကျွန်တော်သောက်နေကျ ပဲ ဒီနေ့တော့ အတွင်းရေးမှူးမလေးကို မလက်ာအတွက်ပါ ပို့ဝယ်ခိုင်း လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



အပြုံးတို့က ရွှင်လန်းလျက် သူကြည့်ရတာ တက်ကြွနေသည်။

''Espresso ကြိုက်တယ်မဟုတ်လား''

''ကြိုက်ပါတယ် မန်နေဂျင်း''

''ဒါဆို နောက်နေ့တွေတိုင်း မလက်ာအတွက်ပါ တစ်ခွက်ပို ဝယ်နိုင်းရမယ်''

''အို မဟုတ်တာ၊ အဲဒီလို မလုပ်ပါနဲ့''

''ဘာမှအပန်းမကြီးပါဘူး''

''အပန်းတော့မကြီးပေမယ့် ကျွန်မ မနေတတ်လို့ပါ''

သူ့ကိုနှုတ်ဆက်လျက် အခန်းထဲ ပြန်ဝင်လာရသော်လည်း လက်ာ့ရင်ထဲက ခံစားချက်တစ်ခုက ထူးဆန်းစွာ ကပ်ငြိပါလာခဲ့သည်။ ရင်ထဲမှာ တဒိတ်ဒိတ်နှင့် အခုန်မြန်နေ၏။ ဘာမှမဟုတ်တဲ့ ကော်ဖီလေး တစ်ခွက် လက်ခံရရှိလိုက်တာကို ဒီလောက်ထိ ရင်တုန်စရာ ဘာအကြောင်းများ ရှိနေလို့လဲဟု ကိုယ့်ကိုယ့်ကိုယ် ပြန်မေးမိသော်လည်း အဖြေထွက်မလာခဲ့ပါ။

ခါးသက်သော ကော်ဖီရည်များ လျှာဖျားမှတစ်ဆင့် လည်ချောင်းတစ်လျှောက် စီးဆင်းသွားသည်။ မျက်လုံးများဖွင့်ထားသော်လည်း မင်းသွေးစက်ရဲ့အပြုံးတစ်ခုက အမြင်အာရုံမှာ ခဏခဏ ပေါ်ပေါ်လာ၏။ ဒုက္ခပါပဲ နေ့ချင်းညချင်း လက်ာ ဘာတွေဖြစ်နေတာပါလိမ့်။

မဖြစ်သေးပါဘူး။ အာရုံအပြောင်းအလွှဲဖြစ်စေရန် စားပွဲပေါ်မှ စစ်ဆေးစရာရှိသည့်ဖိုင်တွဲများကို ကောက်ယူလိုက်သည်။ သူမဟာ အလုပ်ကလွဲရင် ကျန်တဲ့ခံစားချက်များကို ဦးစားမပေးနိုင်သောသူတစ်ယောက်အဖြစ် အမြဲနေထိုင်နိုင်သူ ဖြစ်ချင်ပါ၏။

■ ■ ■



''တင်ဒါခေါ်ထားသော အချိန်စေ့သွားပြီနော်''

ဓာတ်လှေကားထဲမှာ ကိုအုပ်စိုးနှင့်နှစ်ဦးသားဆုံဖြစ်စဉ် လက်ာက သတိပေးလိုက်သည်။

''ကျွန်တော် နောက်ဆုံးရွေးချယ်ထားတာတော့ ကုမ္ပဏီနှစ်ခုရှိတယ်၊ ထပ်စိစစ်ကြည့်ပြီးရင် မန်နေဂျင်းဆီ ပို့ပေးလိုက်တော့မယ်''

''ဟုတ်ကဲ့ပါ ကိုအုပ်စိုး''

''ကျွန်တော်ကလည်း မနှစ်ကလည်း လက်တွဲလုပ်ခဲ့တဲ့ ဝေါ်ဝင်နှင်းဆီကို ပိုအလေးပေးချင်တယ်၊ အဲဒီဘက်က မန်နေဂျင်းဦးသာကောင်းနဲ့လည်း ရင်းနှီးနေပြီးသားဆိုတော့၊ ဒါ လက်ာ့ကို ကျွန်တော်ပွင့်ပွင့်လင်းလင်း ပြောပြတာပါ''

ကိုအုပ်စိုးက အပြုံးလေးဖြင့် ခပ်အေးအေးဆိုပြီး သူ့ရုံးခန်းထဲ သူဝင်သွားပေမယ့် လက်ာ့မှာတော့ အတွေးတွေနှင့် ခေါင်းစားရပြန်သည်။

တရားဝင်တင်ဒါခေါ်ပြီးတဲ့နောက်မှာ ပုဂ္ဂိုလ်ချင်းရင်းနှီးမှုထက် ကိုတယ်အတွက် အကောင်းဆုံးကိုသာ ရွေးချယ်မှ မှန်ကန်တဲ့ရွေးချယ်မှု ဖြစ်လာမှာပါ။ အင်းလေ ဘာပဲဖြစ်ဖြစ် ဝေါ်ဝင်နှင်းဆီဆိုတာလည်း မနှစ်တုန်းက ဟိုတယ်ပြင်ဆင်တဲ့အပိုင်းကို တာဝန်ယူထားခဲ့တာပဲ။ အချက်အလက်တွေ စစ်ဆေးကြည့်လို့ ကိုအုပ်စိုး ရွေးချယ်ထားသည့် နှစ်ခုထဲမှာ သူက ပိုမိုကိုက်ညီတယ်ဆိုရင်တော့ ရွေးသင့်ရင်ရွေးရမှာပေါ့လေ။

''တစ်ယောက်တည်း ဘာတွေစဉ်းစားနေတာလဲ မလက်ာ''

အနားကနေ ကပ်ကပ်လေး မေးလိုက်သော မင်းသွေးစက်အသံကြောင့် လက်ာ လန့်သွားရသည်။ အဲဒီတစ်ယောက်ဟာလေ အနားကို တိတ်တဆိတ်ချဉ်းကပ်သည့်နေရာမှာတော့ စံတင်လောက်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ရင်းရင်းနှီးနှီး တစ်ခုလောက် မေးလို့ရမလား မန်နေဂျင်း"

သူ့မျက်ခုံးတွေ ပင့်တက်သွား၏။ လက်ာက သူ မထင်ထားသော စကားမျိုး ပြောလိုက်တာကိုး။

"မေးပါ"

"ဟိုမှာ ကျောင်းတက်တုန်းက ခြေသံလုံအောင် ဘယ်လို လျှောက်ရတယ်ဆိုတာပါ သင်ပေးလိုက်တာလားလို့ပါ"

ပထမတော့ သူ ကြောင်နေသေးသည်။ နောက်မှ လက်ာ စနောက်လိုက်ခြင်းမှန်း သဘောပေါက်သွားပုံနှင့် ဟက်ခနဲ ရယ်မောလိုက်သည်။

"ကျွန်တော်က ခြေသံလုံတာ မဟုတ်ပါဘူး၊ မလက်ာက အနားကို ကျွန်တော်ရောက်လာတာထက် ပိုပြီးစိတ်ဝင်စားရမယ့်အကြောင်းတွေကို တွေးနေလို့ဖြစ်မှာပါ"

ကိုယ့်ကိုယ်ကိုယ်တောင် သတိမထားလိုက်မိချိန်မှာပဲ မင်းသွေးစက်ကို မျက်စောင်းလေးတစ်ချက် ထိုးလိုက်မိသည်။ ထိန်းသိမ်းဖို့ ဘယ်လိုမှ အချိန်မမီလိုက်ပါဘဲ မင်းသွေးစက်ကိုယ်တိုင်လည်း ဖမ်းယူရရှိလိုက်သော ထိုမျက်စောင်းအတွက် လက်ာ ဖြေရှင်းချက် မပေးတတ်ခဲ့ပါ။

"ကျွန်မကို ခွင့်ပြုပါဦး"

အမြဲတမ်း ရဲဝံ့တက်ကြွနေသော လက်ာချိုဟာ ခုတော့ မင်းသွေးစက်ရှေ့မှာ မသိမသာလေး မျက်လွှာချလျက် ခပ်တိုးတိုးရေရွတ်မိသည်။

"နေပါဦး မမ"

သူ့နှုတ်က ထွက်ကျလာသော ထိုစကားကြောင့် ထွက်ခွာရန် ပြင်နေသော လက်ာ့ခြေလှမ်းတွေ ရပ်တန့်ကုန်လျက် သူ့မျက်နှာကိုလည်း



အံ့တသြ မော့ကြည့်လိုက်မိသည်။

"ရှင်"

"ကျွန်တော့်အတွက် ခုချိန်မှာ တစ်ယောက်တည်းပါ၊ အစ်မ တစ်ယောက်လို အားကိုးနိုင်မယ့် မလက်ာကို ကျွန်တော် မမလို့ ခေါ်ပါရစေ"

"မဖြစ်သင့်ပါဘူး မန်နေဂျင်း"

"ဘာလို့မဖြစ်သင့်ရမှာလဲဗျ၊ မမလို့ခေါ်တာ ရိုင်းစိုင်းတဲ့ အသုံးအနှုန်းလည်း မဟုတ်ပါဘူး"

"ဒါပေမဲ့ ဟိုတယ်ထဲမှာတော့ မန်နေဂျင်းက ကျွန်မရဲ့အထက်အရာရှိသူဌေးတစ်ယောက်ပါ၊ ခုလို ခေါ်တာမျိုးက လက်အောက်ကဝန်ထမ်းလေးတွေ အမြင်မှာလည်း မသင့်တော်ပါဘူး"

"ဟိုတယ်ထဲမှာ မသင့်တော်ဘူးဆိုရင် ကျွန်တော်လည်း မလက်ာလိုပဲ ဟိုတယ်ပြင်ပမှာ ရင်းရင်းနှီးနှီး ခေါ်မယ်လေနော်"

"အဲဒါက"

"ကဲ မလက်ာလည်း လုပ်စရာရှိတာ ဆက်လုပ်ပါနော်၊ ကျွန်တော် ဟိုတယ်ထဲ ပတ်ကြည့်လိုက်ဦးမယ်"

ခပ်ပြုံးပြုံးလေး ပြောလျက် အနားကထွက်ခွာသွားသော မင်းသွေးစက်ကြောင့် လက်ာမှာ ဘာပြောလို့ပြောရမှန်းမသိအောင် ကြောင်တောင်တောင် ဖြစ်နေမိသည်။ အစတည်းက မိတဆိုးဖြစ်ခဲ့သော တစ်ဦးတည်းသောသား မင်းသွေးစက်ဟာ တကယ်ပဲ တစ်ကိုယ်တည်း အထီးကျန်ဖြစ်နေခဲ့တာလား။ သူ့နားမှာ လုံခြုံနွေးထွေးမှုကို ပေးနိုင်သော အားစုဝင်လိုတစ်ယောက်ယောက်ကို သူ လိုအပ်နေခဲ့တာလား။

ဒီလိုဆိုတော့လည်း မင်းသွေးစက်ကို လက်ာ ကိုယ်ချင်းစာစိတ်

www.burmeseclassic.com

www.burmeseclassic.com



လေးနှင့် နားလည်ပေးချင်လာမိသည်။ လက်ာတို့နှစ်ယောက်လုံး
မိသားစုနဲ့ ဝေးကွာကာ တစ်ကိုယ်တည်း ရပ်တည်ရုန်းကန်နေရတာချ
တူညီနေခဲ့တာ မဟုတ်လား။

■ ■ ■

"သမီးက စာမေးပွဲမှာ အဆင့်တစ်ရတယ်ဆိုတော့ ဦးဦးသု
က ဘာဆုချမှာလဲ"

"ဦးဦးကို အဲဒီလို မပူဆာရဘူးလေ သမီး"

လက်ာ ဟန့်တားလိုက်သော်လည်း သုတကတော့ ရယ်ကျဲ
လုပ်လျက် သမီးလက်လေးကိုဆွဲပြီး သူ့နားသို့ ခေါ်ယူလိုက်သည်။

"သမီးက ဘာလိုချင်လို့လဲ"

"သမီးက လိုချင်တာမဟုတ်ပါဘူး၊ သွားချင်တာပါ"

"အမယ် သံသာလေးက ဘယ်သွားချင်လို့လဲ"

သမီးက မဖြေသေးဘဲ လက်ာ့ကိုတစ်ချက်လှမ်းကြည့်သည်
ပြီးမှ မဝံ့မရဲအသံလေးနှင့်

" 3D ရုပ်ရှင်ဆိုတာ ကြည့်ချင်လို့"

"ဩော် ဘာများလဲလို့ သမီးရယ်၊ သမီးကြည့်ချင်ရင် ဦးဦ
လိုက်ပြမှာပေါ့"

"ဟိုလေ သမီးက ကာကာရော ဦးဦးသုတရောနဲ့ တူတူကြ
ချင်တာ"

သံသာ့စကားကြောင့် လက်ာ ဘာပြောရမှန်းမသိ ဖြစ်သွာ
သည်။ သုတမျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်မိ၏။

"ဘယ်လိုလဲ လက်ာ ရုပ်ရှင်တစ်ပွဲစာလောက်တော့ နင် အခ
ပေးနိုင်တယ်မဟုတ်လား"



"လိုက်ခဲ့ပါနော် ကာကာ၊ ခုရုံတင်ထားတဲ့ Frozen ဆိုတဲ့
ကာတွန်းကားက တအားမိုက်တယ်လို့ ကျောင်းကသူငယ်ချင်းတွေက
ပြောတယ်"

သုတက သူမဘက်မှာရှိမှန်း သဘောပေါက်သွားသော သံသာ
က လက်ာ့ကို ရဲရဲဝံ့ဝံ့ပင် ခေါ်နေပါသည်။ ဟုတ်တော့လည်း ဟုတ်ပါရဲ့။
သမီးကို ကျောင်းရယ်ကျူရှင်ရယ် သင်ခန်းစာတွေရယ်ကလွဲရင် တော်ရုံ
ခန်ရုံ အပြင်လည်မပေးဖြစ်ခဲ့တာ လက်ာ့ရဲ့ပျက်ကွက်မှုပါပဲ။

"အလုပ်မများတဲ့တစ်ရက် သွားကြတာပေါ့နော် သမီး"

"နင် အဲဒီလို မတင်မကျ မပြောပါနဲ့ လက်ာ၊ နင့်အကြောင်း
ငါသိတယ်၊ နင့်မှာ အလုပ်မများတဲ့ရက်ရယ်လို့ ရှိရောရှိလို့လား"

"သမီးကြည့်ချင်တဲ့ ကာတွန်းကား ရုံမဆင်းခင် ငါသွားကြည့်
အောင် ကြိုးစားပါ့မယ်"

"ကဲ သမီးကာကာဆီကတော့ ကတိရပြီ၊ စိတ်ချလက်ချနေ
တော့ ဟုတ်ပြီလား"

"ဟုတ် ဦးဦးသုတ"

သံသာက ပြုံးရွှင်စွာ ပြန်ဖြေသည်။

"ဒါဆို ဘာစားမလဲ ပြော"

"ဦးဦးဆိုင်မှာ သမီးက ချောကလက်ကိတ်ကို အကြိုက်ဆုံးပဲ
လေ"

"ကောင်းပါပြီဗျာ၊ ခုချက်ချင်း ရပါစေမယ်"

ခုလိုမျိုး သံသာပျော်နေတော့လည်း လက်ာ စိတ်ချမ်းသာရပါ
တယ်လေ၊

သုတနဲ့သံသာ့ကို ကတိပေးထားသည့်အတိုင်း လက်ာ အချိန်

www.burmeseclassic.com

www.burmeseclassic.com



ယောဖေတွေကို ပြန်ပြုပြင်ရသည်။ ဘယ်လိုပဲဖြစ်ဖြစ် သမီးနဲ့အတူ ရုပ်
တစ်ပွဲစာလောက်လေး လိုက်ကြည့်ပေးရုံနဲ့တော့ လက်ာ့အလုပ်တွေ
ထိခိုက်သွားစရာမှ မရှိတာလေ။

"ဒီညနေ ကိုသုတဆိုင်ကို ကျွန်တော် လာခဲ့မယ်လေ၊ မလက်
လည်း လိုက်ခဲ့ပါနော်"

"ရှင် ဘာဖြစ်လို့လဲ မန်နေဂျင်း"

တကယ်တော့ သံသာတို့ကို ဒီညနေပွဲ ရုပ်ရှင်သွားကြည့်
လက်ာချိန်းထားခဲ့ပြီးပြီ ဖြစ်သည်။

"ထွေထွေထူးထူးတော့ မဟုတ်ပါဘူး၊ ညစာစားရုံပါပဲ"

"ဒါဆိုရင်တော့ ကျွန်မ ငြင်းပါရစေနော်၊ ဒီည ချိန်းထား
လေး တစ်ခုရှိလို့ပါ"

သူ့မျက်နှာမှာ သိချင်စိတ်တွေနှင့် ပြည့်နှက်ပျက်ယွင်းသွား
လည်း ဘာမှတော့ မမေးခဲ့ပါ။

"ဩော် ရပါတယ် မလက်ာ၊ ဒါဆိုလည်း နောက်မှပေါ့နော်"

ထိုညက လက်ာ့ကားလေးနှင့်ပင် သုံးယောက်သား ရုပ်
သွားကြည့်ဖြစ်ခဲ့သည်။ သံသာ့ကိုအလယ်မှာထားပြီး သုတနဲ့သူမက
ဘေးတစ်ဖက်စီမှာ။

ဇာတ်လမ်းစတည်းက စိတ်ပါဝင်စားစွာ ငေးမောကြည့်ရှု
သော သံသာကတော့ ချောချောလှလှ ကာတွန်းဇာတ်ကောင်ညီအစ်
နှစ်ယောက်ကို အားကျနေသည့်ပုံ။ ရုပ်ရှင်ပြီးဆုံးသွားသည်ထိ စ
တစ်လုံးမှ မပြောခဲ့။

"ငါ့ဆိုင်ကို လိုက်ခဲ့ဦးမလား၊ ညစာ စားရအောင်လေ"

သုတရဲ့ဖိတ်ခေါ်သံအကြားမှာ လက်ာ့စိတ်ထဲ မင်းသွေးစက်





ဖြတ်ခနဲ သတိတရ ဖြစ်သွားသည်။

"သမီး အိပ်ချင်နေပြီ ကာကာ"

လက်ာ့လက်ဖျားလေးကို ဆွဲကိုင်လှုပ်ရမ်းပြီး သံသာ ဆို၏။
ဝိုင်းစက်လှပသော မျက်လုံးလေးများ မှေးစင်းနေခြင်းက အိပ်ချင်နေတာ
အမှန်ပင်ဖြစ်ကြောင်း သက်သေပြနေသည်။

"ဒါဆိုလည်း ငါတို့သမီးကို အိမ်အရင်ပြန်ပို့လိုက်မယ်လေ၊
ပြီးမှ နင့်ကိုပြန်လိုက်ပို့မယ်၊ ဟုတ်ပြီလား"

ကားပေါ်မှာတင် အိပ်ပျော်နေပြီဖြစ်သော သမီးကို သုတကိုယ်
တိုင် ချီပွေ့လျက် အိပ်ရာထဲထိ လိုက်ပို့ပေးခဲ့ပြီး မနုနှင့်ပင် ထားခဲ့လိုက်
သည်။ ပြီးမှ သုတရဲ့ဆိုင်လေးဆီ လက်ာ မောင်းထွက်ခဲ့လိုက်၏။ အဲကွန်း
ကို ပိတ်လိုက်ပြီး ပြင်ပမှ တိုက်ခတ်လာသော လေရဲ့အထိအတွေ့ကို
လက်ာ တစ်ဝကြီး ရှူရှိုက်လိုက်သည်။

"ဆောင်းဝင်စပြုနေပြီနော်"

"အင်း ဟုတ်တယ်၊ လေထဲမှာ ဆောင်းရဲ့အနံ့အသက်တွေ
ပါနေပြီ"

သုတရဲ့ထောက်ခံစကားကြောင့် လက်ာ ပြုံးမိသည်။ ဟိုးငယ်
စဉ်ကတည်းက သုတရဲ့နှစ်သက်စွဲလမ်းမှုက တစ်မျိုး။ ဆောင်းဝင်ဝင်ချင်း
မှာ တိုက်ခတ်သော မြောက်ပြန်လေရဲ့ရနံ့ကို သူ အလွန်သဘောကျသည်။
သူ ပြောပြခဲ့တဲ့အချိန်ကစလို့ လက်ာပါ ရောယောင်ပြီး လေကိုအနံ့ခံတတ်
လာ၏။ သုတ လုပ်မှပင် အနံ့အရသာအရောင်မရှိဘူးဆိုတဲ့ တွေ့ရှိချက်
ကို ပြန်လည်ပြုပြင်ရတော့မည်ပုံပါ။

"အေးစိမ့်နေတဲ့ ဆောင်းတစ်ညကို ငါ ဘယ်တော့မှ မမေ့ဘူး
သိလား လက်ာ"



www.burmeseclassic.com

www.burmeseclassic.com



သုတအသံက ဆွေးမြည့်နေသလို၊ ရှေ့တည့်တည့်ကိုသာ အာရုံပြုလျက် ကားမောင်းနေရသောကြောင့် သုတမျက်နှာအနေအထား ဘယ်လိုရှိမည်ဆိုတာ လက်ာ မခန့်မှန်းနိုင်ခဲ့ပါ။

သုတဆိုင်လေးရှေ့တည့်တည့်မှာ ကားထိုးရပ်ပေးလိုက်တော့

“ပါကင်ထိုးလိုက်လေ၊ ဆိုင်ထဲလိုက်ခဲ့ဦး၊ တစ်ခုခုစားရအောင်”

“ငါ မစားချင်တော့ဘူး”

လက်ာ့အသံက တုံးတိတိ။ သူ ကားအောက်ဆင်းလိုက်ပြီး လက်ာရှိနေသော ပြတင်းပေါက်ဘက်ဆီ ပတ်လျှောက်လာသည်။

“ကော်ဖီလေးဖြစ်ဖြစ်တော့ သောက်ရအောင်ပါ၊ ငါ ဒီညစကားတွေပြောချင်နေတယ်”

“ဘာစကားတွေလဲ သုတ”

သူ့ကိုခပ်တည်တည်ပြန်ကြည့်ပြီး မေးမိလျှင် အပြုံးတစ်ခုဖြင့် လွယ်ကူစွာ တုန့်ပြန်၏။

“ငါတို့တွေ တစ်ယောက်တည်းသမားတွေပဲ မဟုတ်လား။ တစ်ခါတလေတော့ အရင်းနှီးဆုံးသူငယ်ချင်းတစ်ယောက်နဲ့ စကားတွေပြောချင်မိတာ မဆန်းပါဘူး”

သူ့အကြောင်းပြချက်က လက်ာ့ကို ဆိုင်လေးထဲ လိုက်ဝင်မိအောင် ဆွဲဆောင်နိုင်ခဲ့ပါသည်။ ဒါပေမဲ့ သုတ တစ်ကိုယ်တည်းဖြစ်ရခြင်းအကြောင်းရင်းကတော့ လက်ာတို့နှင့်မတူပါ။ မိဘနှစ်ပါးလုံးက ပြင်သစ်မှာ အခြေချနေထိုင်ပြီး စီးပွားရေးလုပ်နေသောကြောင့် သုတနှင့် ဝေးကွာနေရခြင်းသာ ဖြစ်သည်။ အချိန်မရွေး မိသားစုဆီ ပြန်သွားလည်လို့ရသလို ဖုန်းနှင့်လည်း အဆက်အသွယ်မပြတ် လုပ်နေလို့ရသည့် အနေအထား။





သူကိုယ်တိုင်ဖျော်လာသော Espresso တစ်ခွက်နှင့်အတူ ...က်ာတို့နှစ်ယောက် ညရဲ့အလှကို ခံစားနေမိကြသည်။ သုတဆိုင်လေး ...ဘက်ကနေကြည့်လိုက်ရင် ပန်းခြံငယ်လေးတစ်ခုရှိသည်မို့ မျက်စိ ...င်မက စိတ်ပါကြည်နူးလန်းဆန်းစေသည်။

“ဒီညတော့ နင့်ကော်ဖီတန်ခိုးနဲ့ ငါ အိပ်ပျော်ပါ့မလား မသိဘူး”

“ဒါဆိုလည်း မသောက်နဲ့တော့”

“ဟဟ လက်ထဲရောက်နေမှတော့ သောက်ပါရစေတော့ဟာယ်”

လက်ာ့လက်ထဲမှာ ကိုင်ထားသော ခွက်သေးလေးကို လာလု ...နေသောကြောင့် ရယ်ရယ်မောမောနှင့် ပြန်ယူထားလိုက်ရသည်။ ရုတ်တ ...က်ဆိုသလို သူမတို့နှစ်ယောက်လုံး ဟိုးအတိတ်က ငယ်စဉ်အချိန်များကို ...ပြန်လည်ရောက်ရှိသွားရသလိုပါပဲ။ လွတ်လပ်ပေါ့ပါးလန်းဆန်းသည်။ စိတ် ...ကြိုက်မာန်ပါနှင့် ထင်ရာလုပ်ခဲ့ကြသည်။

“နင် ကဗျာ့ကို သတိမရဘူးလား လက်ာ”

သုတ မေးခွန်းက သောက်နေသောကော်ဖီကို ပိုမိုခါးသက်သွား ...စေသည်။

“နင်က သတိရစေချင်လို့လား”

“ဘယ်လိုပဲဖြစ်ဖြစ် ငါကတော့ သံသာလေးကိုမြင်တိုင်း ကဗျာ့ ...ကို သတိတရဖြစ်မိတာ အမှန်ပဲ”

လက်ာ့နှုတ်ခမ်းထက်မှာ တွဲခိုလာသော အပြုံးသည် မချိတင်ကဲ ...ဘာမှမတတ်နိုင်လို့ လက်လျှော့ထားရပါသည်ဆိုသော အပြုံးမျိုးသာ ဖြစ် ...သည်။

“တစ်ခါတစ်ခါကျတော့လည်း ငါ တွေးမိတာ ရှိတယ်”

“ဘာလဲ သုတ၊ အတိတ်နဲ့ပတ်သက်ပြီးတော့လား”



www.burmeseclassic.com

www.burmeseclassic.com



''အင်း ဆိုပါတော့လေ၊ နင်သာ ငါ့ကိုပြန်ချစ်ခဲ့ရင် ခု
အတိတ် ဆိုးမျိုးတွေ ပိုင်ဆိုင်ခဲ့မှာ မဟုတ်ဘူးလို့''

ဒီတစ်ခါတော့ လက်ာ သဘောကျစွာပင် ရယ်ချလိုက်မိသည်

''ကိုယ့်တက်ကိုယ်ယက်တယ်ပေါ့လေ''

''ငါ ဘာကယ်ပြောနေတာ လက်ာရယ်၊ ငါ့ကိုယ်ငါထက် န
ခုလိုမျိုး ခံစားနေရတာကို ပိုပြီးမလိုချင်ခဲ့ဘူး''

သုတကို ဘာမှပြန်မပြောဖြစ်ခဲ့ပါ။ အတွေးတွေဖြင့် လက်
တစ်ယောက်တည်း ငြိမ်သက်နေမိသည်။

အဲဒီတုန်းက ခုလိုမျိုး ဆောင်းဝင်ကာစ အချမ်းဓာတ်ပါး
လေးပဲ သက်ရောက်နေချိန် မဟုတ်ခဲ့။ ရန်ကုန်မြို့မှာ စံချိန်တင်ချမ်းအေ
လွန်းသောကြောင့် ဆိုင်တွေတောင် ညဉ့်နက်ထိ မဖွင့်ဘဲ စောစော
ပိတ်သိမ်းခဲ့ကြသည်။ အဲဒီနေ့ညက လက်ာရယ် ကဗျာရယ် သုတရ
သုံးယောက်သား ရုပ်ရှင်ရုံကအပြန် ချမ်းချမ်းအေးအေးမှာ ပူပူနွေးနွေ
ကော်ဖီတစ်ခွက်လောက် သောက်ချင်ခဲ့ကြ၏။

ဆိုင်ကြီးတွေ ပိတ်သိမ်းထားသော်လည်း လမ်းထောင့်ချိုးထ
တစ်ခုမှာ ညည်သည်တစ်ယောက်မှ မရှိဘဲ ဖွင့်လှစ်ထားသော ပလ
ဖောင်းကဖေးလေးတစ်ခုကို လက်ာတို့ ကံကောင်းထောက်မစွာ တွေ့လို
သည်။

သုံးယောက်သား ကော်ဖီသုံးခွက်ကို တဖူးဖူးနှင့်မှုတ်သော
လိုက်မှသာ အချမ်းနည်းနည်း သက်သာသွား၏။

''ကျေးဇူးတင်ပါတယ်နော် သုတ''

''ငါတို့ကြားမှာ လိုလို့လား''

လက်ာတို့ရဲ့ မိတနှစ်ပါးလုံး ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးပါးသွ





ခဲ့တာ တစ်နှစ်ကျော်ပြီဆိုပေမယ့် ခုချိန်ထိ သူမမှာ သတိတရ ငိုကြွေး
နေရတုန်း။ ဒါကြောင့်လည်း အချိန်တိုင်းလိုလို သုတက လက်ာ စိတ်
ပျော်ရွှင်အောင် တစ်ခုမဟုတ်တစ်ခု ကြိုးစားပေးတတ်သည်။ ဒီညကတော့
ဟာသကားတစ်ခု ရုံတင်ထားသောကြောင့် မကြည့်ချင်ပါဘူးဆိုတာကို
တောင် အတင်းမရမက ခေါ်လာခဲ့ခြင်း။

လက်ာ့လိုမျိုး တစ်ခုခုဆို သိပ်နှစ်နှစ်နဲ့နဲ့ မခံစားတတ်သော
ကဗျာကပါ ကလေးပီပီ ရုပ်ရှင်ကြည့်ချင်သောကြောင့် သုတဘက်ကနေ
အတင်းဆွဲခေါ်လာသည့်အတွက် သူမ ကြည့်ဖြစ်သွားခြင်းပါ။

''နင်က ငါ့ကိုအမြဲတမ်း စိတ်ပျော်အောင် လုပ်ပေးခဲ့တယ်လေ၊
အဲဒါကို ငါကျေးဇူးတင်သင့်တာပေါ့ သုတရယ်''

''နင်နဲ့ငါက အဲဒီလိုတွေ ပြောနေရမယ့်သူတွေလား လက်ာ၊
နင်ကတော့လေ''

လက်ာတို့ညီအစ်မနှစ်ယောက်ကို အိမ်ရှေ့ထိ ပြန်လိုက်ပို့ပေးပြီး
မှ သုတက ပြန်ဖို့ပြင်သည်။

''ကိုကြီးသုတ ကျေးဇူးနော်၊ အဲဒီကားကို ကဗျာ တအားကြည့်
ချင်နေတာ၊ အဖော်မရှိလို့ မကြည့်ရဘူး''

ကဗျာက လက်ာ့ကို မျက်စောင်းလေးထိုးပြောရင်း အိမ်ထဲပြေး
ဝင်သွားသည်။ ကဗျာ့ကို အဖော်မလုပ်ပေးနိုင်ခဲ့သော လက်ာအား ညီ
မလေး စိတ်ကောက်ချင်နေတာပါ။ ဒါကို သုတက အချိန်မီ လာကယ်
တင်လိုက်ခြင်း ဖြစ်သည်။

''ကဲ ရာသီဥတုက တအားအေးတယ်၊ နင်လည်း အိမ်ထဲဝင်
တော့ လုံလုံခြုံခြုံ အိပ်နော်''

သုတရဲ့ဂရုစိုက်စကားက လက်ာ့အတွက် ရယ်စရာဖြစ်နေသလို



www.burmeseclassic.com

www.burmeseclassic.com



မှီ ဟန်မဆောင်နိုင်စွာပင် သူမ ရယ်ချလိုက်မိသည်။

"နင်က ဘာရယ်တာလဲ"

"နင်က လုံလုံခြုံခြုံ အိပ်ဆိုလို့လေ"

"ငါက အေးလို့ စောင်တွေဘာတွေ သေသေချာချာခြုံ၊ အနွေးထည်တုထုထုဝတ် ဒါကိုပြောတာနော်"

"အေးပါ ငါကရော ဘာပြောမိလို့လဲ"

အေးစိမ့်နေသော ရာသီဥတုဆိုပေမယ့် လက်ာရဲ့ရယ်သံလွင်လွင်လေးတွေအောက်မှာ သူ့နှလုံးသားတစ်ခုလုံး နွေးထွေးရှိန်းမြသွားသည်။ အချစ်ဆိုတာကို စတင်သိရှိခဲ့တဲ့ အရွယ်တည်းက နင့်တစ်ယောက်တည်းကိုပဲ ချစ်လာခဲ့တာပါလို့ ခုချိန်မှာ သူ ဖွင့်ပြောလိုက်ရင် လက်ာ ဘာများပြန်ပြောမှာပါလိမ့်နော်။

"လက်ာ"

သူ ဆွဲယူလိုက်သော လက်ထဲမှာပါလာသည့် လက်ာ့လက်လေးတစ်ဖက်က အေးစက်တုန်ယင်နေခဲ့သည်။ သူ့ကိုအံ့သြတကြီး ကြည့်နေခဲ့သော လက်ာ့မျက်ဝန်းတို့ဟာ တကယ့်ကို အပြစ်ကင်းစင်ပြီး ချစ်ခင်ဖွယ်ကောင်းလွန်းနေသည်။

"နင် ဘာလုပ်တာလဲ သုတ"

"ငါ နင့်ကိုချစ်တယ်"

ဘာအစီအစဉ်မှ မရှိပါဘဲ ဆိုင်းမဆင့်ဗုံမဆင့် ကြားလိုက်ရသော စကားကြောင့် လက်ာ အသက်ရှူပင် ရပ်တန့်သွားသလား ထင်လိုက်မိသည်။

"နင် ဘာတွေပြောနေတာလဲ သုတ"

အသံတွေ တုန်ယင်နေတာ ရာသီဥတုကြောင့်လား၊ သုတဆီမှ ဆင်မှတ်မထားသော စကားတစ်ခွန်းကြောင့်လား မဝေခွဲနိုင်ပေမယ့် သက်ာ့လက်လေးကိုတော့ ရုန်းလိုက်မိသည်။





သို့သော် မလွှတ်မြောက်ခဲ့ပါ။ ဆုပ်ကိုင်ထားသော လက်လေးကို ဆောင့်ဆွဲယူလိုက်သောကြောင့် သူမ ကိုယ်လုံးလေးတစ်ခုလုံး သုတရင်ခွင်ထဲ အရှိန်နှင့်ဝင်ရောက်သွားခဲ့သည်။ ရင်တွေပန်းတွေ တုန်ရလွန်းသောကြောင့် လက်ာ့နှုတ်ခမ်းဖျားများ ခြောက်သွေ့လျက်

"သု သုတ နင်"

"ငါ တကယ်ပြောနေတာ လက်ာ နင့်ကိုငါ သိပ်ချစ်တယ်"

ပိုမိုတင်းကျပ်လာသော ပွေ့ဖက်ထားမှုက လက်ာ့အတွက် ဘယ်တော့မှ မလွှတ်မြောက်နိုင်တော့ဘူးလားလို့တောင် တွေးမိလိုက်သည်ထိ။

လက်ာ့ပခုံးလေးမှာ သူ မေးတင်လျက် ပွေ့ဖက်ထားရင်းက သည်တိုင်လေးကို ဖွဖွနမ်းရှိုက်ပစ်လိုက်သောကြောင့် သူမတစ်ကိုယ်လုံးရှိ ကြက်သီးမွေးညင်းလေးများပင် ဖြန်းဖြန်းထသွားရသည်။

ဟင့်အင်း သုတ၊ အဲဒီလို မလုပ်ပါနဲ့။

လည်ချောင်းထဲမှာတင် လက်ာ့အသံတွေ ပျောက်ကွယ်နေ၏။ ငါးမိနစ်လောက်ကြာတော့မှ တင်းကျပ်စွာ ပွေ့ဖက်ထားခြင်းကို သူ ဖြေလျှော့ပေးသည်။

သူ့လက်က လွှတ်တာနှင့် လက်ာ ဘာကိုမှ ကြည့်မနေတော့ဘဲ အိမ်ထဲကို အပြေးဝင်ခဲ့မိ၏။ အဲဒီနောက်ပိုင်း သုတကို သုံးလလောက် လက်ာ အတွေ့မခံခဲ့ပါ။ ညစဉ်ညတိုင်း အိမ်ရှေ့မတ်တပ်လာရပ်နေတတ်သော သူ့ကို ပြတင်းပေါက်က လှမ်းမြင်နေရပေမယ့် လက်ာ စိတ်ဆိုးဆိုးနှင့် ထွက်မတွေ့ခဲ့ပါ။ အိမ်ဖုန်းကိုလည်း အချိန်တိုင်းဆက်သွယ်သော သုတ တစ်ယောက် အတော်ပျာယာခတ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းတော့ ကဗျာ ကျောင်းဆင်းချိန်ဆို သွားစောင့်ပြီး စိတ်မဆိုးဖို့ တစ်ဆင့်တောင်းပန်ခိုင်းလိုက်။ သူ့ကိုခွင့်လွှတ်ဖို့စာတစ်တန် ပေတစ်ဖွဲ့ရေးပြီး ကဗျာကနေတစ်ဆင့် ပေးခိုင်းလိုက်နှင့် ကြားကနေ အလုပ်တွေရှုပ်နေရသော ကဗျာ့ကိုအားနာသောကြောင့် လက်ာ သူ့ကို ပြန်စကားပြောခဲ့ခြင်း ဖြစ်သည်။ ဘယ်တော့မှ ခုလိုထပ်မလုပ်တော့ပါဘူး ဆိုတဲ့ ကတိတစ်ခုနှင့်အတူပေါ့။

"လက်ာ ဟိုမှာလာနေတာ မင်းသွေးစက် မဟုတ်လား"

အတွေးထဲမှာ နစ်မျောနေသော လက်ာ့ကို သုတအသံက လှုပ်နှိုးလိုက်သလိုပါပဲ။ သူ လက်ညှိုးညွှန်ရာကို လှမ်းကြည့်မိတော့ ဖြည်းဖြည်းမှန်မှန် ခြေလှမ်းများဖြင့် ဆိုင်ဘက်ဆီ လျှောက်လာနေသည့် မင်းသွေးစက်။ မှန်တံခါးလေးကို တွန်းဖွင့်ဝင်လိုက်ပြီး လက်ာတို့နှစ်ယောက်ကို အတူတကွ တွေ့လိုက်ရသောကြောင့် သူ အံ့အားသင့်သွားပုံရသည်။

"မမ ချိန်းထားတာရှိတယ်ဆို"

"အင်း ဟုတ်တယ်လေ"

ရုတ်တရက်မို့ လက်ာ ဘာပြောလို့ ပြောရမှန်းမသိ။

"သွေးကရော ဆိုင်ပိတ်ချိန်ရောက်နေတာကို ဘယ်လိုရောက်လာတာလဲ"

"ကျွန်တော် လမ်းလျှောက်ထွက်လာတာပါ၊ ဒီနားကဖြတ်သွားတော့ မီးလင်းနေတာတွေ့လို့ ကျွန်တော်ရောက်လာတာ အနှောင့်အယှက်ဖြစ်သွားလားဗျ"

"မဖြစ်ပါဘူး ညီရာ၊ အစ်ကိုတို့ ရုပ်ရှင်ရုံကအပြန် ရှေးဟောင်းနှောင်းဖြစ်လေးတွေပြောရင်း သူ မပြန်ဖြစ်သေးတာလေ"

သုတက ရယ်ရယ်မောမော ပြောသည်။ သုတဆီက ထိုစကား





ကြောင့် လက်ာ့ကို လှမ်းကြည့်လိုက်သော မင်းသွေးစက် မျက်ဝန်းတွေ တစ်မျိုးပါပဲ။ တောက်ပခြင်းကင်းမဲ့နေသလို အရောင်တွေ မှိန်ဖျော့ ...။

"ညစာ စားပြီးပြီလားဟင်"

ဒါဟာ စကားလမ်းကြောင်းလွှဲလိုက်ခြင်း မဟုတ်ပါဘဲ သူ့ကို ...ပူပန်စွာ မေးမိလိုက်ခြင်းဆိုတာကိုတော့ လက်ာကိုယ်တိုင်ပဲ အသိဆုံး ... ခေါင်းမညိတ်ခေါင်းမခါပါဘဲ နှုတ်ခမ်းထက်မှ အပြုံးယဲ့ယဲ့လေးတစ်ခု ...ဆင်မြန်းလျက် သူ လက်ာ့ကို ငေးကြည့်နေခဲ့သည်။

သူ ဘာဖြစ်နေတာလဲ။

"ကျွန်တော်ရော ကော်ဖီတစ်ခွက်လောက် ရမလား ကိုသုတ"

"ရပါတယ်ဗျာ"

သုတ အနားက ထွက်သွားတာနှင့် သူ လက်ာ့နားတွင် ဝင်ထိုင် ...လိုက်ပြီး

"မမ ချိန်းထားတယ်ဆိုတာ ကိုသုတနဲ့ ရုပ်ရှင်ကြည့်ဖို့ပေါ့နော်"

ထိန်းထားသော်လည်း အနည်းငယ်ပျက်ယွင်းနေသည့် သူ့အသံ ...ကို လက်ာ သတိထားမိပါသည်။ ဟုတ်တယ်လို့ ဖြေမှန်းသိပေမယ့် ...ဒီလို ဖြေလိုက်ရင် သူ တစ်ခုခုများဖြစ်သွားမလားလို့ စိုးရိမ်နေမိပြန် ...သည်။ ခုတလော မင်းသွေးစက်နဲ့ပတ်သက်ပြီး လက်ာ့ခံစားချက်တွေ ...ဆန်းလွန်းနေ၏။

"ဘာမှမစားရသေးရင် သုတကို တစ်ခုခုပြင်ခိုင်းလိုက်မယ် ...လေ"

"မမ သိလား"

အဆက်အစပ်မရှိ ပြောလိုက်သော သူ့စကားကို လက်ာ မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်ပင် ငြိမ်သက်စွာ သူ့ကိုငေးကြည့်နေမိ၏။

''ကျွန်တော် ဘယ်လောက်ထိ ဒီညစာကို တစ်ယောက်တည် မစားချင်ခဲ့ဘူးလဲဆိုတာ''

ဟင် သူ့မျက်ဝန်းမှာမျက်ရည်တွေ ရစ်ဝဲနေတာလား။ တအာ ကြီး လင်းထိန်နေတာမဟုတ်သော မှိန်ပျပျ မီးအလင်းရောင်အောက်မှ လက်ာပဲ စိတ်ထင်နေခဲ့မိတာလား။

''ဘာဖြစ်လို့လဲဟင် သွေး၊ တစ်ခုခုဖြစ်နေတာလား''

''ဒီနေ့က ကျွန်တော့်မေမေ မွေးနေ့ပါ၊ မေမေ့မွေးနေ့တိုင် ကျွန်တော်တို့မိသားစုအတူ ညစာစားလေးရှိကြတယ်၊ ဘယ်လောက် အလုပ်တွေများနေပါစေ ဒီအလေ့အထလေးကိုတော့ ကျွန်တော်တို့ ဘယ် တော့မှ မစွန့်လွှတ်ခဲ့ဘူး''

သူ့စကားအဆုံးမှာ လက်ာ ဘာပြောလို့ပြောရမှန်းမသိတော့ ရင်ထဲမှာလည်း ပြောပြဖို့ခက်သော ခံစားချက်တစ်ခုက စို့နင့်လာသည် သူမ ဒါတွေကို လုံးဝမသိပါ။ သူမ ငြင်းပယ်ခဲ့သော ညစာလေးတစ်န ဟာ မင်းသွေးစက်အတွက် နာကျင်စရာခံစားချက်တွေကို ပိုတိုးပွားသွာ စေခဲ့မှန်း လုံးဝမသိခဲ့ပါ။

''ခုချိန်မှာ ကျွန်တော့်ဘေးမှာ မမကိုရှိနေစေချင်မိတယ်၊ ဒ ကြောင့်လည်း မမနဲ့အတူ ဒီညစာကို စားချင်ခဲ့မိတာပါ၊ လောကကြီး မှာ ကျွန်တော်တစ်ယောက်တည်း မဟုတ်ကြောင်း ကိုယ့်ဘာသာ သတ သေထုချင်နေခဲ့တယ်၊ ဒါပေမဲ့ ခုတော့ ဘယ်လောက်ပဲ ငြင်းချင်နေပါ ကျွန်တော်တစ်ယောက်တည်းပါပဲဆိုတဲ့ ဖြစ်တည်မှုထဲကနေ ကျွန်တေ ကျွန်တော် ရုန်းမထွက်နိုင်ခဲ့ဘူး''

အို လက်ာ ဘယ်လိုနှစ်သိမ့်ပေးရမလဲကွယ်။ ကလေးတ





ယောက်လို နီးစပ်ရာတွယ်ကပ်မိသော စိတ်လေးလား။ လောလောဆယ် တော့ သူ့ကိုချော့မော့ဖို့ လက်ာ စကားလုံးရှာမတွေ့ ဖြစ်နေသည်။

''ကော်ဖီရပါပြီဗျာ''

ကော်ဖီခွက်သေးလေး သူ့ရှေ့ရောက်လာချိန်မှာ ချက်ချင်းပင် အမူအရာပြောင်းလဲလိုက်၏။ မျက်ရည်ရစ်ဝဲနေသော မျက်လုံးများကနေ ပြုံးရိပ်နေသော နှုတ်ခမ်းများအဖြစ်။

''ဘယ်လိုလဲ ဒီညရော စန္ဒယားတီးဦးမလား''

''မတီးတော့ပါဘူးဗျာ၊ ဒီည စန္ဒယားတီးချင်စိတ်မရှိပါဘူး''

ဒီလိုနဲ့ပဲ လက်ာတို့သုံးယောက်လုံး အတွေးကိုယ်စီနှင့် ငြိမ်သက် တိတ်ဆိတ်စွာ ထိုင်နေမိခဲ့တာ။

''ဆယ့်တစ်နာရီတောင် ထိုးတော့မယ်၊ ငါပြန်တော့မယ် သုတ''

''အေး ကားကိုဂရုစိုက်မောင်းနော်''

''ကျွန်တော့်ကို ပြန်လိုက်ပို့ပါ၊ ဒီတိုင်း လမ်းလျှောက်ထွက်လာ တာဆိုတော့ ကားပါမလာဘူး''

နှစ်ဦးသားလုံး ကားထဲကို ဝင်ထိုင်မိရာကနေ တစ်လမ်းလုံး လက်ာ့ကိုတစ်ချက်မှမကြည့်ပါဘဲ မင်းသွေးစက် ငြိမ်သက်နေသည်။ သူ ဒီလို ငြိမ်သက်နေတာကို စိတ်ပူပန်လာမိတာလည်း လက်ာပါပဲ။ အမြဲ တမ်း ပျော်ပျော်ရွှင်ရွှင်နေတတ်သူလို့ လက်ာ သတ်မှတ်ထားသည့် မင်း သွေးစက်က ခုလိုမျိုး စိတ်ပျက်အားလျော့ပုံနှင့် တိတ်ဆိတ်နေတာကို လက်ာ မလိုလားပါ။

လက်ာတို့လမ်းလေးကို ကျော်လာလျှက် ရှေ့မှာ ဟိုတယ်ကိုပင် မြင်နေရပြီ။ ခုချိန်ထိ ကျောက်ရုပ်တစ်ရုပ်လို သူ မလှုပ်မယှက်။ လက်ာ ဆုံးဖြတ်ချက်တစ်ခုချလိုက်ပြီး ကားကို လမ်းဘေးထိုးရပ်လိုက်၏။ ထိုအခါ



www.burmeseclassic.com

www.burmeseclassic.com



မှ သူ့မျက်ဝန်းများ လှုပ်ရှားလျက် သူမကို ကြည့်ဖော်ရသည်။

"စိတ်ဆိုးနေတာလား"

သူ ဖြစ်သွားသော မျက်နှာအမူအရာကို ကြည့်ရတာ လက်ာက ခုလိုမျိုးကြီး မေးလိုက်လိမ့်မယ်လို့ မျှော်လင့်ထားပုံမရ။

"ကျွန်တော့်မှာ စိတ်ဆိုးစရာ မရှိပါဘူး။ ဘာလို့ အဲဒီလို ထင်ရတာလဲ"

"မင်းက မင်းမဟုတ်သလို ငြိမ်နေတာကိုး"

သူ ပြုံးသည်။ ခုမှပဲ သူ့အပြုံးကို မြင်လိုက်ရတာမို့ လက်ာ့ရင်ထဲမှာ ကြည်နူးသွားမိတာ ကိုယ်တိုင်တောင် ဘယ်လိုမှ ထင်မထားခဲ့သော ခံစားမှုပါပဲ။

"ကျွန်တော်က ကျွန်တော် ဟုတ်နေရင် တော်တော်လေး လှုပ်ရှားနေလို့လားဟင်"

သူ့ဘာသာပြောပြီး သူ့ဘာသာ ရယ်မောလိုက်သေးသည်။ ခုလိုမျိုးလေး သူ ရယ်မောလိုက်တော့လည်း ခုနက စိတ်ထဲမှာထင့်နေသော အရာတွေအားလုံး အရည်ပျော်ပစ်လိုက်သလို ပေ့ါပါးသွားသည်။

"ရုပ်ရှင်ရုံကို သုတနဲ့နှစ်ယောက်တည်းသွားတာ မဟုတ်ပါဘူး။ အိမ်က တူမလေးက ကြည့်ချင်တယ်ဆိုပြီး ပူဆာလို့ ကျွန်မတို့နှစ်ယောက် အတူလိုက်ပြကြတာပါ"

ပါးစပ်က အလိုလိုထွက်သွားသော ဖြေရှင်းချက်လို စကားမျိုး။ သူ့မျက်ဝန်းလေးတွေ တောက်ပသွားတာ မြင်လိုက်ရတော့ လက်ာ ကျေနပ် သွားမိသည်။

"မမ အခု ကျွန်တော့်ကိုရှင်းပြနေတာလား"

"ဟုတ်ပါတယ် ရှင်းပြနေတာပါ။ မင်းအတွက် အရေးကြီးတဲ့





အရာတစ်ခုကို ဘာမှမဟုတ်တဲ့ အကြောင်းပြချက်လေးကြောင့် ကျွန်မက ချက်ဆီးသလိုဖြစ်သွားတယ်ဆိုပြီး မင်းကို မထင်စေချင်ဘူး"

"ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်ကို ခုလိုရှင်းပြဖော်ရတာပဲ ကျေးဇူးတင်ပါပြီ"

"ဒီလိုလုပ်လေ မင်းနဲ့အတူ ညစာမစားဖြစ်ပေမယ့် တခြားလုပ်ချင်တာရော မရှိဘူးလား"

"ဟာ မမ တကယ်ပြောတာလား"

"အင်းပေ့ါ"

တခြားလုပ်ချင်တာတစ်ခုခုကို စဉ်းစားရတောင် မလိုဘဲ သူ့ဆီမှာ အဆင်သင့်ရှိနေပုံပါ။ သိပ်ကိုဝမ်းသာပျော်ရွှင်သွားတဲ့ပုံက ကလေးတစ်ယောက်လို။

"ပြောပါ မင်းဘာဖြစ်ချင်တာလဲ"

"ဘာပဲဖြစ်ဖြစ် မမ လုပ်ပေးမှာပေ့ါနော်"

"အင်း လုပ်ပေးပါ့မယ်"

တကယ်တော့ လက်ာ ကတိပေးလိုက်တာ သိပ်လွယ်ကူသွားသည်။ သူ ဘယ်လိုမျိုး တောင်းဆိုလာနိုင်တယ်ဆိုတာ နည်းနည်းမှ သည့်မတွေးခဲ့မိဘူးလေ။

"မေမေ့လိုမျိုး ပေါင်ပေါ်မှာ ခေါင်းတင်ပြီး အိပ်ခွင့်ပေးပါနော်"

သူ့တောင်းဆိုမှုက လက်ာ့ကိုမျက်လုံးများ ပြူးကျယ်ဝိုင်းစက်သွားစေခဲ့သည်။ ဒါကို လက်ာ ဘယ်လိုတတ်နိုင်ပါ့မလဲ။

"အို အဲဒါကတော့"

"မမပဲ ဘာပဲဖြစ်ဖြစ် လုပ်ပေးမယ်ဆို"

ခုတော့ ကိုယ့်စကားနဲ့ကိုယ် လက်ာ ပိတ်မိနေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတောင်းဆိုတာက နည်းနည်း"

လက်ာ စကားမဆုံးလိုက်ပါ။ ဖြတ်ခနဲ လှဲအိပ်ချလိုက်သော မင်းသွေးစက်ကြောင့် လန့်ဖျပ်သွားမိသည်။

"ဟိတ် မင်း"

ရည်လျှားသော အရပ်အမောင်းကြောင့် သူ့တစ်ကိုယ်လုံး ကွေးညွတ်ထားရ၏။ ဒါကိုလည်း သူ ဂရုစိုက်ပုံမပေါ်ပါ။ မျက်လုံးများကို မှေးမှိတ်လျက် ငြိမ်သက်နေသည်။ သူ့ကိုအတင်းတွန်းဖယ်ရန် ကြိုးစားလိုက်စဉ်မှာပဲ ကြားလိုက်ရသော ရှိုက်သံသဲ့သဲ့လေး။

လက်ာ အလန့်တကြားနှင့် ပေါင်ပေါ်မှာ ခေါင်းတင်ထားသော သူ့မျက်နှာကို ငုံ့ကြည့်လိုက်မိသည်။ မျက်လုံးများမှိတ်ထားဆဲဖြစ်သော်လည်း မျက်လုံးထောင့်စွန်းနားကနေ စီးကျလာသော နှာခေါင်းပေါ်ကန့်လန့်ဖြတ် စီးသွားသော မျက်ရည်စီးကြောင်းတစ်ခု။

သူ့ကို လက်ာ မတွန်းဖယ်ရက်တော့ပါ။

နဖူးပေါ် ဝဲကျနေသော ဆံနွယ်ပင်တိုလေးများကို အသာသပ်တင်ပေးလိုက်မိသည်။ အသက်သုံးဆယ်နီးပါး အရွယ်ရောက်နေပြီဖြစ်သော ယောကျ်ားတစ်ယောက်ကို ခုချိန်မှာ လက်ာ့မျက်လုံးထဲမှာ ကလေးတစ်ယောက်လို မြင်နေမိတာ ဘာကြောင့်များပါလိမ့်။

သေချာတာကတော့ ဒီညလေးဟာ လက်ာ့အတွက် အမှတ်တရ ဖြစ်စေခဲ့တာပါပဲ။

■ ■ ■

## အခန်း (၄)

မင်းသွေးစက်ရော ကိုအုပ်စိုးပါ ရုံးခန်းထဲမှာ ထိုင်စောင့်နေမှန်း သိပေမယ့် အဲဒီကျွန်းတံခါးကိုတွန်းဖွင့်ပြီး အထဲကိုဝင်ဖို့ရာ လက်ာ တွန့်ဆုတ်နေမိသည်။ ညက ကလေးတစ်ယောက်လိုပင် သူမပေါင်ပေါ်မှာ ခေါင်းတင်အိပ်ပျော်ခဲ့သော မင်းသွေးစက်ဆိုသည့် အသိတစ်ခုထက် လုပ်ငန်းကိုစွခွေးနွေးဖို့ရာ စောင့်စားနေရသော အထက်လူကြီးမန်နေဂျင်းတစ်ယောက်ပါလားဆိုသည့်အသိကို မနည်းပြန်သွင်းနေရ၏။

အလုပ်နဲ့ပတ်သက်လို့ နှောင့်နှေးခြင်း တွန့်ဆုတ်ခြင်းမရှိခဲ့သော လက်ာချိုသည် ခုချိန်မှာတော့ ကိုယ့်စိတ်ကို ထိန်းချုပ်နိုင်ဖို့ မနည်းကြိုးစားနေရ၏။

"ဂျီအမ့်ကို မန်နေဂျင်းတို့ စောင့်နေကြပါတယ်"

မင်းသွေးစက် ရုံးခန်းထဲမှ ထွက်လာသော အတွင်းရေးမှူးမလေးက အခန်းဝမှာ မတ်မတ်ကြီးရပ်နေသော လက်ာ့ကိုမြင်ပြီး အကြောင်းကြားသွား၏။ ထိုအခါမှပင် အသက်ဝဝတစ်ချက်ရှူလျက် အခန်းတံခါးကို တွန်းဖွင့်ဝင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ထူးထူးဆန်းဆန်းပါလား၊ အမြဲတမ်း အချိန်တိကျတဲ့ ဂျီအမ်ကြီးကို ပြန်စောင့်နေရတယ်ဆိုတော့"

ကိုအုပ်စိုးက ရိသဲ့သဲ့ ပြောလိုက်ခြင်းလား။ စနောက်လိုက်ခြင်းလား လက်ာ မသိပါ။ အမှန်ကိုဆိုရလျှင် လက်ာ့အာရုံများက မင်းသွေးစက်ဆီသို့သာ ရောက်ရှိနေခဲ့သည်။ သို့သော် မျက်လုံးချင်းဆိုင်ပြီးတော့ မကြည့်ရဲသေးပါ။

ကိုအုပ်စိုးနှင့်မျက်နှာချင်းဆိုင်နေရာမှာ ဝင်ထိုင်လိုက်ပြီး လက်ထဲမှ ဖိုင်တွဲကို စားပွဲပေါ်တင်လိုက်သည်။

"ကျွန်တော် နောက်ဆုံးအဆင့် ရွေးချယ်ထားတဲ့ ကုမ္ပဏီနှစ်ခုကို ချပြဖို့ပါ၊ တစ်ခုကတော့ မနှစ်တည်းက Cele နဲ့ လက်တွဲလာတဲ့ တော်ဝင်နှင်းဆီ၊ နောက်တစ်ခုက လုပ်ငန်းတည်ထောင်တာ တစ်နှစ်ကျော်လောက်ပဲ ရှိသေးတဲ့ ဂရိတ်ကွန်စရက်ရှင်ပါ"

"အသစ်ဆိုတော့ ကျွန်တော်တို့ စိတ်ချရပါ့မလား"

"ဟုတ်ပါတယ် နောက်ဆုံးရွေးတဲ့ထဲမှာ သူ့ကိုထည့်သွင်းရတာက ဈေးချင်းယှဉ်လိုက်ရင် သူက တော်ဝင်နှင်းဆီထက် နည်းတယ်၊ Quality ပိုင်းကလည်း သိပ်မကွာဘူးမို့ ယှဉ်လို့ရအောင်ပါ၊ တကယ်ကတော့ လက်တွဲဖူးတဲ့ တော်ဝင်နှင်းဆီက အသင့်တော်ဆုံးပါပဲ"

"လက်တွဲဖူးတယ်ဆိုတော့ သိပ်ပြီးလေ့လာစရာ မလိုဘူးပေါ့၊ တစ်ယောက်နဲ့တစ်ယောက် လုပ်ငန်းလုပ်ရတာ ပိုလွယ်ကူမယ်နဲ့တူတယ်"

ကိုအုပ်စိုးစကားကို မင်းသွေးစက်က ဝင်ထောက်ခံသည်။ လက်ာ့အတွေးကတော့ သူတို့နှင့်မတူပါ။

"မမ အဲ ဆောရီး၊ မလက်ာကရော ဘယ်လိုထင်လဲဗျ"

သူ့မျက်နှာတောင် စေ့စေ့မကြည့်ရဲပါဘူးဆိုနေမှ သူက စကား





လာများနေသည်။ ကိုအုပ်စိုး သတိထားလိုက်မိသလားတော့ မသိပါ။ လက်ာ့မှာတော့ မျက်လုံးလေးများပြူးလျက် ရင်တုန်ပန်းတုန် ဖြစ်သွားရသည်။

"ကျွန်မအထင်ကျတော့ တစ်မျိုးပါ၊ အသစ်ဆိုတဲ့အတွက် Cele လိုဟိုတယ်နဲ့ ပူးပေါင်းလက်တွဲခွင့်ရဖို့ သူတို့ကြိုးစားမှာပဲ၊ ဈေးနှုန်းကိုလည်း အသက်သာဆုံးထားပေးပြီး အရည်အသွေးပိုင်းကိုလည်း ပစ္စည်းကောင်းတွေပဲ ရွေးချယ်သုံးလိမ့်မယ်လို့ ထင်တယ်၊ ဒါက တော်ဝင်နှင်းဆီကို မကောင်းဘူးလို့ ဆိုလိုတာတော့ မဟုတ်ပါဘူး၊ နှစ်ရှည်ကြာရပ်တည်လာခဲ့တဲ့ တော်ဝင်နှင်းဆီလို ကွန်စရက်ရှင်တစ်ခုကလည်း ခုမှတက်လာတဲ့ အသစ်တစ်ယောက်ကို လွယ်လွယ်နဲ့ နေရာပေးမယ်တော့ မထင်ဘူး၊ သူတို့မတိမ်းမယိမ်းလေးပါပဲ"

"အိုကေလေ၊ အဲဒီနှစ်ခုလုံးနဲ့ ပတ်သက်တဲ့ ဖိုင်တွေ ထားခဲ့ပါ၊ ကျွန်တော် လေ့လာလို့ရအောင်ပေါ့၊ ဒီကိစ္စမှာ အစတည်းက ကိုအုပ်စိုးက တာဝန်ယူထားတာမို့လို့ ရွေးချယ်တာကိုလည်း ကိုအုပ်စိုးပဲ သင့်တော်သလို ဆက်စီစဉ်လိုက်ပါ"

မင်းသွေးစက်က ကိုအုပ်စိုးလက်ထဲကို လုပ်ပိုင်ခွင့်အားလုံး ထည့်ပေးလိုက်ပြီမို့ လက်ာလည်း ဘာမှဝင်မပြောဖြစ်တော့ပါ။ ဒါပေမဲ့ ဘယ်ကွန်စရက်ရှင် အရွေးခံရမယ်ဆိုတာကိုတော့ လက်ာ ကြိုသိနေပါပြီ။

နောက်တစ်နေ့မှာ တင်ဒါအောင်သည့် ကုမ္ပဏီကို ကြေညာတော့ လက်ာ သေသေချာချာ သိနေခဲ့သည့်အတိုင်း တော်ဝင်နှင်းဆီကသာ ရရှိသွားခဲ့သည်။

"ဖေဖေ့လက်ထက်ကလည်း တော်ဝင်နှင်းဆီနဲ့ပဲ လက်တွဲလုပ်ဖူးတယ်ဆိုတော့ ကျွန်တော် စိတ်ချပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မင်းသွေးစက် ပြောတာ မှန်ပါသည်။ ဒါပေမဲ့ ခုဒီတစ်ခါမှာတော့ ဘာဖြစ်လို့များ လက်ာ့စိတ်တွေ ထင့်နေမှန်းမသိ။ နွေရာသီပါတီပွဲဟာ လက်ာမျှော်လင့်ထားသည့်အတိုင်း မအောင်မြင်မှာကို စိုးရိမ်နေမိသည်။

"ခုချိန်ထိ နာမည်ပျက်လည်း မရှိတဲ့ ဆောက်လုပ်ရေးတစ်ခုပါ"

လက်ာ့စိတ်ထဲက တစ်ခုခုဖြစ်မှာကို စိုးရိမ်နေမိသော်လည်း ခုလို ထောက်ခံစကားပြောဖို့ကိုတော့ တွန့်ဆုတ်မနေခဲ့ပါ။ စိတ်အထင်တစ်ခုတည်းနဲ့တော့ လုပ်ငန်းကြီးတစ်ခုကို ပုတ်ခတ်ဖို့ မတန်ပါဘူးလေ။

"မမ"

တိုးညင်းသော ခေါ်သံလေးပြုလျက် မင်းသွေးစက် လက်ာ့ရုံးခန်းတွင်း ဝင်လာသည်။ လက်ထဲမှာလည်း ကော်ဖီခွက်ကို ကိုင်လျက်။

ဩော် ဒါကြောင့် မနက်ရုံးခန်းထဲကို ဝင်လိုက်တာနှင့် စားပွဲပေါ်မှာ အဆင်သင့်တွေ့ရတတ်သော ကော်ဖီခွက်ကို ဒီနေ့မတွေ့မိတာကိုး။

"ဒီမှာ မမအတွက် ကော်ဖီ၊ မမကိုတွေ့ချင်လို့ တခြားသူကို မထားခိုင်းဘဲ ကျွန်တော်ကိုယ်တိုင် ယူလာခဲ့တာ"

"ဟိုတယ်တစ်ခုတည်းမှာ အတူတူရှိနေတာပဲ၊ တစ်နေ့လုံး မတွေ့ဖြစ်တဲ့နေ့ဆိုတာရော ရှိလို့လား"

"ကျွန်တော်က အလုပ်ကိစ္စကြောင့်တို့ ဟိုတယ်မှာ လိုက်စစ်ဆေးရင်းနဲ့တို့ အဲဒီလိုပုံစံမျိုးတွေနဲ့ ဆုံချင်တာမဟုတ်ဘူး၊ ခုချက်ချင်း မမကိုတွေ့ချင်တာလေ"

"အခု ကျွန်မတို့ ဟိုတယ်ရုံးခန်းထဲမှာဆိုတာကို မန်နေဂျင်း မေ့မသွားပါဘူးနော်"





သူ့လက်ထဲက ကော်ဖီခွက်ကို လှမ်းယူလျက် လက်ာ ခပ်တည်တည်ပြောလိုက်သည်။

"ဟိုတယ်ထဲမှာဆိုပေမယ့် ကျွန်တော်တို့နှစ်ယောက်တည်း ရှိနေတာလေ"

"အဲဒီလို မလုပ်ပါနဲ့ မန်နေဂျင်း၊ ကျွန်မ နေရခက်ပါတယ်"

"ကျွန်တော်ကတော့ မိသားစုမရှိတော့တဲ့ အချိန်မှာ ယုံကြည်အားကိုးနိုင်ပြီး အလုပ်ထဲမှာလည်း သိပ်စိတ်ချရတဲ့ အစ်မတစ်ယောက်လိုက်သလိုမျိုး ဝမ်းသာနေခဲ့တာ၊ မမကတော့ ကျွန်တော့်ကို ခုချိန်ထိ အားတုန်းနော်"

မင်းသွေးစက် စိတ်အားလျော့စွာ ပြောလိုက်သော ထိုစကားက လက်ာ့ရင်ကို နာကျင်စေပါသည်။ ကိုယ် ဘာတွေဖြစ်နေတယ်ဆိုတာ၊ ကိုယ့်ရင်ထဲကအကြောင်းကို ကိုယ်သာအသိဆုံး မဟုတ်လား။

ထိုစဉ် လက်ာ့ဖုန်းလေးထဲသို့ စားဖိုဆောင်ဘက်မှ ဖုန်းတစ်ကောင်လာခဲ့၏။ တစ်ဖက်မှ ပြောတာကို နားထောင်ပြီး ထိုနေရာသို့ လိုက်သွားရန် ပြင်ရသည်။

"ဘာဖြစ်လို့လဲ"

"စားဖိုဆောင်ဘက်မှာ ပြဿနာလေးတစ်ခုဖြစ်နေတယ်၊ ကျွန်မသွားမှဖြစ်မယ်"

ခြေလှမ်းများကို ခပ်သွက်သွက်လှမ်းလျက် အမြန်ဆုံးသွားနေသည်၊ သူလည်း လက်ာ့နောက်ကနေ ထပ်ချပ်မကွာ ပါလာခဲ့သည်။

"ဘာပြဿနာတက်တာလဲ"

"ပင်လယ်စာဟင်းချိုမှာစားတဲ့ ဧည့်သည်က ကင်းမွန်နဲ့ မတည့်ဘူး၊ ဟင်းချိုထဲမှာ ကင်းမွန်ပါတော့ စားလိုက်မိရာက သူ့ကိုယ်အားပွဲ



www.burmeseclassic.com

www.burmeseclassic.com



ကို တာဝန်ယူတဲ့ စားပွဲထိုးဝန်ထမ်းလေးနဲ့ ပြဿနာဖြစ်နေတာပါ''

ခဏတ်လှေကားထဲမှာပင် သူ့ကို လက်ာ အတိုချုံးရှင်းပြလိုက်၏။ ဒါမျိုးက ဘယ်သူမှန်တယ် မှားတယ်ဆိုပြီး ချက်ချင်းမသိနိုင်ပါ။ ဝန်ထမ်းဘက်က မှားနိုင်သလို ဧည့်သည်တွေဘက်ကလည်း အားနည်းချက်ရှိနေတတ်သည်။

လက်ာ စားဖိုဆောင်ဘက်ဆီ ချိုးကွေ့ဝင်လိုက်သည်နှင့် လူရှုပ်ဖြစ်နေသော နေရာသို့ ခပ်သွက်သွက် လှမ်းသွားလိုက်သည်။ ဒေါသဖြစ်နေပုံရသော ဧည့်သည်အမျိုးသမီးက ဝန်ထမ်းမိန်းကလေးကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောဆိုအော်ဟစ်နေ၏။ ဒီအခြေအနေကို ဝင်မထိန်းရင် ကျန်ဧည့်သည်များကိုပါ အနှောင့်အယှက် ဖြစ်တော့မှာ သေချာနေသည်။

''မင်းတို့ဟိုတယ်က မန်နေဂျာနဲ့တွေ့ချင်တယ်၊ ခုချက်ချင်းခေါ်ပေး''

''ကျွန်မက ဒီဟိုတယ်ရဲ့မန်နေဂျာပါ၊ ဘာကူညီပေးရမလဲရှင်''

ဧည့်သည်အမျိုးသမီး စကားဆုံးသည်နှင့် အနားသို့ရောက်သွားသော လက်ာက အဆင်သင့် ဝင်ဖြေလိုက်သည်။ လက်ာ့ကိုလှည့်ကြည့်လိုက်သော မျက်ဝန်းတွေမှာ ဒေါသတွေပြည့်နှက်နေ၏။

''မင်းတို့ဟိုတယ်က ဝန်ထမ်းတွေကို ဘယ်လိုများ သင်ပေးထားတာလဲ''

စကားဆုံးသည်ထိ ခေါင်းငုံ့နားထောင်ရန် ဆုံးဖြတ်ထားသည့်အတိုင်း လက်ာ မတုန်မလှုပ် ရပ်နေမိသည်။

''ငါ့ကလေးက ကင်းမွန်နဲ့မတည့်လို့ ဒီဟင်းချိုကိုမှာတည်းက ကင်းမွန်မထည့်နဲ့လို့ သေချာပြောလိုက်တယ်၊ ဒါပေမဲ့ မင်းတို့ဝန်ထမ်းတွေ





အလုပ်လုပ်တာ မတိကျဘူး။ ခု ငါ့ကလေးမှာ Allergic ဖြစ်ပြီး ဆေးခန်းပို့လိုက်ရပြီ၊ မင်းတို့ဘက်က ဒီကိစ္စကို ဘယ်လိုတာဝန်ယူပေးမှာလဲ''

''မဟုတ်ပါဘူး ဂျီအမ်၊ ဧည့်သည်က ကျွန်မကိုမှာတဲ့အချိန်မှာ ကင်းမွန်နဲ့ ခဏတ်မတည့်ကြောင်း မပြောခဲ့ဘူး။ ဒါကိုမထည့်ဖို့လည်း မတောင်းဆိုခဲ့ပါဘူး''

တရားခံတစ်ယောက်လို ဖြစ်နေရရှာသော နီလာက မျက်ကလူးဆန်ပြာနှင့် ဝင်ရှင်းသည်။ ထိုစကားကိုကြားတော့ ဧည့်သည်မိန်းမ ပိုလို့စိတ်တိုသွားပုံနှင့် နီလာနှင့်မျက်နှာချင်းတည့်တည့်ဆိုင်လိုက်ပြီး ပါးကိုလွှဲရိုက်ပစ်လိုက်သည်။ လျှင်မြန်လွန်းသောကြောင့် ဘယ်သူမှ တားဆီးချိန်မရလိုက်။

''ညည်းက ငါ့ကိုလိမ်နေတယ်လို့ ပြောလိုက်တာလား၊ ငါက ဘာကိစ္စ ညည်းတို့ကို လိမ်ရမှာတုန်း၊ ဟမ် ပြောစမ်းပါဦး''

''အစ်မ စိတ်ကို ထိန်းပါရှင်''

''ငါ့ကလေးက ဆေးခန်းမှာရှိနေတာကို ငါ့စိတ်ကို ဘယ်လိုထိန်းမလဲ''

ထိုအမျိုးသမီးရဲ့ဒေါသတွေက ဝင်ပြောလိုက်သော လက်ာ့ဘက်သို့ လှည့်လာတော့မည့်ပုံပါ။ သို့သော် ဒီလိုအခြေအနေကို လက်ာ ကောင်းကောင်းဖြေရှင်းနိုင်ပါသည်။

''နီလာ ခုချက်ချင်း ဧည့်သည်ကို တောင်းပန်လိုက်ပါ''

လက်ာရဲ့မာထန်ပြတ်သားသော အသံကြောင့် နီလာ မျက်လုံးလေးများပြူးကျယ်သွားသည်။ ဒီကိစ္စမှာ နီလာဟာ လိမ်ညာပြောမည့်သူ တစ်ယောက် မဟုတ်မှန်း လက်ာတို့ဟိုတယ်ဝန်ထမ်းတွေအားလုံး သိပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် ညှော်သည်ကသာလျှင် အမှန်တရား မဟုတ်လား။

"ကိုယ်ပြောတာကို ကြားပါတယ်နော် နီလာ"

ပါးပြင်ပေါ်သို့ မျက်ရည်တွေ စီးဆင်းကျလာသော မျက်ဝန်းများဖြင့် နီလာ လက်ဘ့ကို ကြည့်နေသည်။ လက်ဖျားလေးတွေ တဆတ်ဆတ်တုန်နေတာ လက်ဘ် မြင်ပါရဲ့။ ဒါပေမဲ့ ဘယ်တတ်နိုင်မလဲကွယ်။

"ကျွန်မ အနူးအညွတ်တောင်းပန်ပါတယ်၊ ကျွန်မရဲ့ပေါ့လျော့မှုကြောင့် ခုလိုမျိုး မဖြစ်သင့်တာတွေ ဖြစ်ခဲ့ရတာပါ"

"ငါ့ကလေးသာ တစ်ခုခုဖြစ်သွားရင် မင်းတို့ကို ငါ ဒီအတိုင်းကြည့်နေမှာမဟုတ်ဘူး။ မြဲမြဲမှတ်ထားပါ၊ မင်းတို့ဟိုတယ်ကို ရစရာမရှိအောင် လုပ်ပစ်လိုက်မယ် နားလည်လား"

အဆင့်အတန်းမြင့်မြင့် ဝတ်စားဆင်ယင်ထားပုံနှင့် အပြင်အဆင်က တော်တန့်ရုံအသိုင်းအဝိုင်းက မဟုတ်မှန်းတော့ လက်ဘ်တို့ မြင်တာနှင့် တန်းသိပါသည်။ ဟိုတယ်ကို နာမည်ဖျက်ဖို့ လုံလောက်သောအင်အားလည်း ထိုညှော်သည်မှာ ရှိနေပုံပါ။

"မာမီ"

ဟိုတယ်ညှော်ကြိုကောင်လေးတွေ လက်ကိုတွဲလျက် အနားသို့ရောက်လာသော ခုနစ်နှစ်အရွယ်လောက်ရှိမည့် ကောင်လေးတစ်ယောက်။

"ဟင် သား. သားလေး"

ကလေးနားသို့ အပြေးရောက်သွားသော အမျိုးသမီးရဲ့မျက်နှာက ခုနကလို ဒေါသတွေမာန်တွေ မရှိတော့ပါ။ စိုးရိမ်ပူပန်မှုတွေ ပြည့်နှက်နေသော မျက်ဝန်းများဖြင့် ဖြစ်သည်။

"ဆေးထိုးပေးပြီး ဆယ့်ငါးမိနစ်လောက်နေတော့ အင်ပြင်ရွေ





သည်း ပျောက်သွားပြီး ယားတာလည်း သက်သာသွားတာနဲ့ ကျွန်တော်တို့ ပြန်ခေါ်လာခဲ့တာပါ၊ အမေရှိတဲ့ဆီ လိုက်ပို့ပေးပါဆိုလို့"

ကလေးကို ပြန်ခေါ်လာခဲ့သော ဝန်ထမ်းလေးက ရှင်းပြသည်။ ကလေးကို ဆေးခန်းမှာ ဝန်ထမ်းလေးတွေနှင့်ထားခဲ့ပြီး အမေဖြစ်သူကတော့ ဟိုတယ်ဆီသို့ ဒေါသတွေ တပွေ့တပိုက်နှင့် ပြန်လာခဲ့သည့်ပုံပါ။

"သား သက်သာလား၊ ဘာဖြစ်သေးလဲ၊ မာမီ့ကိုပြော"

"သား ဘာမှမဖြစ်တော့ပါဘူး မာမီ၊ အားလုံး ကောင်းသွားပြီ"

ခုနစ်နှစ်အရွယ်လောက်သာ ရှိသေးပေမယ့် ကလေးကိုကြည့်ရတာ တည်တည်ငြိမ်ငြိမ်လေး ဖြစ်သည်။

"အစ်မတို့ အခန်းထိ လိုက်ပို့ပေးပါ့မယ်"

လက်ဘ် ပြောလိုက်လျှင် အမျိုးသမီးက ခပ်တည်တည်နှင့် ပြန်ကြည့်၏။ ဘာမှတော့ မပြောတော့ပါ။ အခန်းဆီထိ လက်ဘ် ကိုယ်တိုင် ပို့ပေးလိုက်သည်။

"လိုအပ်တာရှိရင် ကျွန်မတို့ဆီ အချိန်မရွေး ပြောပါရှင်"

"မနက်ဖြန်မနက်ကို ငါတို့ Check Out လုပ်မယ်"

"ခုလိုမျိုး အဆင်မပြေဖြစ်သွားတဲ့အတွက် ကျွန်မတို့ဟိုတယ်ဘက်က သိပ်ကိုဝမ်းနည်းပါတယ်ရှင်၊ အဲဒီအတွက် အစ်မတို့မပြန်ခင် ညစာကို အထူး VIP အနေနဲ့ ဖိတ်ပါရစေ"

အဖြေစကား ပြန်မကြားရဘဲ တံခါးကို ပိတ်လိုက်ခြင်းကြောင့် လက်ဘ်နှင့်အတူပါလာသည့် နီလာတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ VIP စားပွဲအတွက် ခုကစပြီး ပြင်ဆင်ရတော့မှာလေ။



www.burmeseclassic.com

www.burmeseclassic.com



"လွယ်လွယ်နဲ့ပြီးသွားပါ့မလားဟင်"

ထုံးစံအတိုင်း မင်းသွေးစက်အသံက စိုးရိမ်ပူပန်မှုတွေအပြည့်။

"ညစာစားပွဲက ကျွန်မတို့အတွက် နောက်ဆုံးအခွင့်အရေးလေ၊ သူတို့စိတ်ကျေနပ်အောင် လုပ်ပေးနိုင်ရင်တော့ ဒီလောက်နဲ့အဆင်ပြေ သွားမှာပါ"

"မမကို ကျေးဇူးတင်ပါတယ်"

"ဘာဆိုင်လို့လဲ ကျွန်မ လုပ်ပေးတာ ဘာမှမှမပါဘဲ"

"မသိဘူး အလိုလို ကျေးဇူးတင်ချင်နေတာ"

ဒီတစ်ခါ ထိုးလိုက်သော မျက်စောင်းကတော့ အမှတ်တမဲ့ မဟုတ်ပါဘဲ တမင်သက်သက်ကို ထိုးပစ်လိုက်ခြင်း ဖြစ်သည်။

"ခုလိုမျိုး ဟိုတယ်ထဲမှာ မန်နေဂျင်း ကျွန်မနောက်က တောက် လျှောက်လိုက်နေတာ ဘယ်လိုမှမသင့်တော်ပါဘူး။ ရုံးခန်းထဲမှာပဲ နေပါ နော်"

"ဟုတ်ကဲ့ပါ မမ၊ ဒါဆိုရင်လည်း နေခဲ့ပါ့မယ်၊ စားပွဲအချိန်ကျ မှသာ ခေါ်လိုက်ပါနော်"

ခြေလှမ်းများကို စုံရပ်ပစ်လိုက်ပြီး ခါးကိုညွှတ်လျက် သူ ခပ် ပြုံးပြုံးပြောသည်။ လက်ာ မရယ်မိအောင် သတိထားလိုက်ပေမယ့် ပြုံး ဖြစ်အောင်တော့ ပြုံးလိုက်မိပါ၏။

စားဖိုဆောင်ဘက်မှာ အစားအသောက်ပြင်ဆင်နေတာတွေ သွားကြည့်ပြီးသည်နှင့် လက်ာ့ခြေလှမ်းများက နီလာ့ဆီ ရောက်သွားသည်။

"ဧည့်သည်ကို တောင်းပန်လိုက်ရလို့ မင်းနစ်နာသွားလား နီလာ"

"မနစ်နာပါဘူး ကျီအမ်"



"ငါတို့အားလုံးက စီလီရဲ့ဝန်ထမ်းတွေပဲ၊ စီလီ ကောင်းကျိုး အတွက်ကို ငါတို့ ဒီလောက်တော့ လုပ်ရမှာပဲလေ"

"ဒါပေမဲ့ ကျွန်မ မလိမ်ပါဘူး ကျီအမ်၊ အဲဒီအမျိုးသမီး စမှာ ည်းက ကင်းမွန်မထည့်ဖို့ မပြောခဲ့တာပါ"

လက်ာ အပြုံးလေးနှင့်အတူ ခေါင်းတစ်ချက်ညိတ်လိုက်သည်။

"ကိုယ် ယုံပါတယ်"

"ကျေးဇူးတင်ပါတယ် ကျီအမ်"

ခုမှပင် ရဲရဲဝံ့ဝံ့ ပြုံးနိုင်သွားသော နီလာ့မျက်နှာက လှပသွား၏။

"ဟိုတယ်ဝန်ထမ်းဆိုတာ ဧည့်သည်တွေကို အပြုံးလေးနဲ့ပဲ ဆက်ဆံနိုင်ရမယ်၊ အဲဒါကို ဘယ်တော့မှ မမေ့ပါနဲ့"

"ဟုတ်ကဲ့ပါ"

"ပြီးတော့ အမေတစ်ယောက်ရဲ့ စိုးရိမ်စိတ်ကို ကိုယ်ချင်းစာ အောင် ကြိုးစားပါ၊ ကိုယ့်ကလေးတစ်ခုခုဖြစ်သွားတဲ့အချိန်မှာ ကိုယ့် ကြောင့်လို့တော့ ဘယ်သူမှ လွယ်လွယ်နဲ့ဝန်ခံချင်မှာ မဟုတ်ဘူးလေ၊ ဒီလို ဝန်ခံလိုက်ရတာ ပိုပြီးနာကျင်စေတဲ့အတွက်ပေါ့၊ အဲဒီအတွက် သူတို့ဒေါသတွေကိုဖွင့်ထုတ်ဖို့ တစ်ခုခုလိုအပ်တယ်လေ၊ မင်းက ခံစားခံ ဖြစ်သွားတယ်လို့ တွေးလိုက်ပါ"

"ဟုတ်ကဲ့ပါ ကျီအမ်"

"ညစာစားပွဲမှာ အကောင်းဆုံး ဧည့်ဝတ်ကျေနိုင်အောင်ပဲ ကြိုးစားပါ၊ သီးသန့် VIP စားသောက်ခန်းထဲမှာပဲ စားပွဲကို ပြင်ဆင်လိုက်"

အနားကနေ နီလာ ထွက်သွားတော့မှ လက်ာ သက်ပြင်းချမိ သည်။ ဝန်ထမ်းတွေအားလုံးကို မိသားစုလို ဆက်ဆံနိုင်ဖို့အတွက် လက်ာ ကြိုးစားသည်။ သူ့နေရာမှာ ဝင်နေကြည့်ပြီး ကိုယ်ချင်းစာနိုင်ဖို့လည်း

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစား၏။ ခုနက နီလာ ပါးအရိုက်ခံလိုက်ရသည်။ ဒါက လက်ာ့ကြ နီလာနှင့်ထပ်တူ နာကျင်စေပါသည်။ ဒါပေမဲ့ သူမတို့အားလုံးဟာ ဟိုတယ် ဝန်ထမ်းတွေလေ။ တစ်ယောက်ကိုတစ်ယောက် ကိုယ်ချင်းစာ နာကျင်ပေ ရုံကလွဲလို့ ဧည့်သည်ကို ပြန်လည်ပြစ်တင်ပြောဆိုလို့ မရသည့် အခြေ အနေတစ်ရပ်မှာ အတူတကွ ရပ်တည်နေကြရတာ မဟုတ်လား။

ညစာစားပွဲ အချိန်ကျဖို့ နာရီဝက်သာ လိုတော့သည်။ လက်ာ ရုံးခန်းဆီ ပြန်တက်လာလိုက်၏။

"မန်နေဂျင်း အခန်းထဲမှာ ရှိလား"

မင်းသွေးစက်ရဲ့အတွင်းရေးမှူးမလေးကို လက်ာ လှမ်းမေးလိုက် သည်။

"မရှိပါဘူး ဂျီအမ်၊ သူတစ်ယောက်တည်း သွားစရာရှိတယ် ဆိုပြီး လွန်ခဲ့တဲ့ ဆယ့်ငါးမိနစ်လောက်တည်းက ထွက်သွားတာ"

"ဟင်"

လက်ာ ဦးနှောက်ခြောက်သွားသည်။ ဒီအချိန်ကြီး သူ ဘယ်ကို ထွက်သွားတာလဲ၊ ဟိုတယ်ထဲမှာပဲ ရှိနေတာလား။ ဒီညစာစားပွဲကို သူ ကိုယ်တိုင် တက်မယ်ဆိုသည့်ပုံစံမျိုး ပြောခဲ့တာမဟုတ်ဘူးလား။ အချိန် က ကပ်နေပါပြီ။ ဆယ့်ငါးမိနစ်မျှသာ လိုတော့၏။

ဖုန်းခေါ်ကြည့်တော့လည်း မကိုင်။ သူ တစ်ခုခုများဖြစ်နေတာ လား။ စိုးရိမ်စိတ်လေးက ရင်ထဲမှာ စတင်ဖြစ်ထွန်းလာသည်။

"မန်နေဂျင်း ပြန်ရောက်လာရင် အခန်းနံပါတ် 303 မှာ စားပွဲလုပ်မယ်လို့ ပြောပေးပါ"

"ဟုတ်ကဲ့ပါ ဂျီအမ်"

ထိုသားအမိအခန်းရှေ့တွင် ခြေစုံရပ်မိသည်နှင့် လက်ာ အသည်



သစ်ချက်ပြင်းပြင်းရှူလိုက်သည်။ လွယ်လွယ်ကူကူနဲ့တော့ ဒီစားပွဲဆီ ကိုက်မှာမဟုတ်မှန်း လက်ာ ခန့်မှန်းနိုင်ပါသည်။

အခန်းတံခါးကို နှစ်ချက်လောက်ခေါက်လိုက်တော့ တံခါးပွင့် သွား၏။ အမျိုးသမီးကတော့ ကုလားထိုင်တွင် ကျောက်ရုပ်တစ်ရုပ်လို သတ်တုတ်ထိုင်နေသည်။

"အစ်မတို့ကို ညစာစားကြွဖို့ လာခေါ်တာပါရှင်"

"ငါတို့ ဒီစားပွဲကို မတက်ဘူး"

"ကျွန်မတို့ဘက်က ဧည့်သည်တစ်ယောက်အပေါ် ဧည့်ဝတ် ကျေဖြစ်ခဲ့တဲ့အတွက် တောင်းပန်ချင်ပါတယ်၊ ဒါကိုတော့ ခွင့်ပြုပေးပါ ရှင်"

အမျိုးသမီးကလည်း မလှုပ်မယှက် ထိုင်နေသလို လက်ာက သည်း မလှုပ်မယှက် ရပ်နေမိသည်။

ထိုအချိန်မှာပဲ အခန်းထဲသို့ ဝင်လာသော လူရှင်တော်ဝတ်စုံ ဝတ်ထားသည့် လူတစ်ဦး။ လက်ထဲမှာလည်း မိုးပျံပူဖောင်းအတွဲလိုက် လေးကို ကိုင်ထားသေးသည်။ မျက်နှာကို ဆေးရောင်များခြယ်သထား သောကြောင့် ရုတ်တရက် မမှတ်မိသော်လည်း လက်ာတို့နားသို့ ရောက် လာပြီး

"ဒီမှာ သားလေးအတွက် မိုးပျံပူဖောင်းတွေ"

အသံကို ရယ်မောဖွယ်ကောင်းအောင် လုပ်ကြံပြောနေသော် လည်း ဒါ ဘယ်သူဆိုတာ လက်ာ ချက်ချင်းသိသွားပါပြီ။ သူ့ပုံကိုကြည့်ပြီး လက်ာ ရယ်ချင်စိတ်ကို အောင့်အီးထားလိုက်ရသည်။ ဒါကြောင့်မို့လို့ မင်းသွေးစက် ပျောက်သွားတာကိုး။

"သားလေး မျက်လှည့်ကြည့်ချင်လား"

www.burmeseclassic.com

www.burmeseclassic.com



မိုးပျံပူဖောင်းတွေကို လှမ်းယူလိုက်သော ကလေးကို သူက ထပ်မံဖိတ်ခေါ်ပြန်သည်။ ကလေးက သွားလေးများပေါ်အောင် ရယ်မောလိုက်ပြီး ခေါင်းကိုတဆတ်ဆတ် ညိတ်၏။

ဘယ်တုန်းက သင်ထားမှန်းမသိသော ဖဲချပ်တွေကိုစီပြခြင်း ဦးထုပ်ထဲက နှင်းဆီပန်းတွေထွက်လာအောင် လုပ်ပြခြင်း စသည့်လမ်းဘေးက မျက်လှည့်သမားတို့ပုံစံအတိုင်း မင်းသွေးစက် သရုပ်ဆောင်နေသည်။

''နင်တို့ ဒါဘာလုပ်နေတာလဲ''

''ကျွန်မတို့ဟိုတယ်တက်က အစ်မရဲ့သားလေးအတွက် အထူးဝန်ဆောင်မှုပေးတာပါ''

''မလိုချင်ဘူး၊ နင်တို့ ညစာစားပွဲကိုလည်း တက်မှာမဟုတ်ဘူး''

အတင်းငြင်းဆန်နေသော အမျိုးသမီးကြောင့် လက်ာ နည်းနည်းတော့ စိတ်ပျက်သွားမိသည်။ သူမတို့ တောင်းပန်ချင်သည့်စိတ်ကို ထိုအမျိုးသမီး လက်မခံလျှင် Cele လည်း နာမည်ပျက်ရတော့မည့်အနေအထား။

''မာမီ ဒီအန်တီရော လူရွှင်တော်ဦးဦးရောကို နှင်မထုတ်ပါနဲ့ သားက မျက်လှည့်ကြည့်ချင်နေတာလေ၊ အခု သားဆန္ဒပြည့်သွားပြီ''

ကောင်လေးက ဝင်ပြောသည်။ သားဖြစ်သူစကားကြောင့် အမျိုး သမီး ငြိမ်သက်သွား၏။

နောက်ဆုံးတော့ မင်းသွေးစက်ရဲ့ကြိုးပမ်းမှုအောင်မြင်အထမြောက်သွားပါသည်။ ထိုသားအမိကို လက်ာတို့အကောင်းဆုံးညစာဖြင့် ဧည့်ဝတ်ပြုလိုက်နိုင်၏။

''ဘယ်လိုအိုင်ဒီယာ ရသွားတာလဲ''





အနားမှာ ကပ်ပါလာသော လူရွှင်တော်ကြီးကို လက်ာ ခပ်တိုးတိုးမေးလိုက်သည်။

''သူတို့အခန်းကို သန့်ရှင်းရေးလုပ်ပေးတဲ့ Housekeeping ဘက်ကဝန်ထမ်းလေးကို မေးလိုက်တာပါ၊ ကလေး စိတ်ဝင်စားတဲ့ ဘယ်လိုအရာမျိုးကို သတိထားမိခဲ့လဲဆိုတော့ သူ့အမေကို မျက်လှည့်ပြတဲ့ အခွေဝယ်ပေးခိုင်းနေတာ ကြားမိတယ်ဆိုတာနဲ့ ချက်ချင်းပဲ အကောင်အထည်ဖော်လိုက်တာလေ''

ဒီတစ်ခါတော့ မင်းသွေးစက်ရဲ့လုပ်ဆောင်မှုကို လက်ာ အသိအမှတ်ပြုလိုက်ပါသည်။

''ပြသွားတဲ့ မျက်လှည့်တွေကရော ဘယ်လိုတတ်တာလဲ''

''ဟား ဟား အဲဒါကတော့ အထူးသင်စရာ မလိုပါဘူး၊ သူတို့ မျက်လှည့်ပစ္စည်းတွေ ငှားသုံးလိုက်တာပေါ့''

''ခုမှပဲ မန်နေဂျင်း ပီသတော့တယ်''

''မမလည်း ခုမှပဲ ချီးကျူးတော့တယ်နော်''

''ဟိုတယ်ကို အုပ်ချုပ်တဲ့သူတစ်ယောက်က ဟိုတယ်အကျိုးအတွက် ဘာမဆိုလုပ်နိုင်တဲ့သူတစ်ယောက် ဖြစ်ရမယ်လေ၊ ခု မန်နေဂျင်းပုံစံက ဟိုတယ်ကိုအုပ်ချုပ်ဖို့အတွက် ထိုက်တန်ပါတယ်''

''ကျေးဇူးတင်ပါတယ်ဗျာ''

''ဒီကျေးဇူးကလည်း ခဏခဏပဲနော်''

ရုံးခန်းရှေ့တည့်တည့်ရောက်လာပြီမို့ လက်ာ ခြေလှမ်းများကိုရပ်လိုက်သည်။

''တကယ်ဆို ဒီနေ့အတွက် သွေးကို ကျေးဇူးတင်ရမှာပါ၊ သွေးသာ ဒီလိုအစီအစဉ်မျိုးတွေနဲ့ ရောက်မလာခဲ့ရင် ကျွန်မတို့တကယ် အခက်



www.burmeseclassic.com

www.burmeseclassic.com



ကြုံခဲ့နေခဲ့တာလေ''

သူမစကားအတွက် သူက အပြုံးဖြင့် တုန့်ပြန်သည်။ ပါးစပ်ကို အကြီးကြီးဖြစ်အောင် နှုတ်ခမ်းပတ်ပတ်လည်တစ်လျှောက် အနီရောင်ဆေးများဖြင့် ဝန်းရံခြယ်သထားသောကြောင့် သူ့အပြုံးက ကြီးမားကျယ်ပြန့်ပြီး ရယ်စရာကောင်းလှပါသည်။

''ပြန်တော့မှာလားဟင် မမ''

''မနက်ဖြန် တော်ဝင်နှင်းဆီနဲ့ လက်မှတ်ထိုးမှာဆိုတော့ စာချုပ်ပါ အချက်အလက်တွေကို ကျွန်မ ပြန်ပြီးစစ်ဆေးကြည့်လိုက်ဦးမယ်၊ ပြီးမှပဲ ပြန်မယ် သွေး''

သူ့ကိုရင်းရင်းနှီးနှီး ခေါ်လိုက်သည့်အတွက် သူ့မျက်နှာက ပြုံးသွားပြန်သည်။ သူ တစ်ခါပြုံးလိုက်တိုင်း လက်ာ့မှာ တစ်ခါရယ်နေရ၏။

''ကျွန်တော်လည်း မမနဲ့အတူ လိုက်လေ့လာမယ်လေ''

''အင်း ရပါတယ်၊ ဒါပေမဲ့ မင်းတစ်ခုတော့ အရင်လုပ်ရမယ်''

''ဘာလဲဟင် မမ''

လက်ာ့စကားကို သူ နားမလည်နိုင်ပုံဖြင့် ဇဝေဇဝါ ငေးကြည့်နေသည်။

''ရေအရင်ချိုးလိုက်ဦး''

ပထမတော့ သူ နားလည်ပုံမရ၊ နောက်မှ သူ့ဘာသာ သဘောတကျ ရယ်မောလိုက်ပြီး

''ကောင်းပါပြီဗျာ၊ ဒါဆို ဒီလိုလုပ်မယ်လေ မမ ဖိုင်တွေယူလာလိုက်၊ ကျွန်တော့်အိမ်မှာပဲ လုပ်ကြတာပေါ့''

သူ ရေချိုးတာကို နာရီဝက်လောက် လက်ာ စောင့်ဆိုင်းလိုက်





ရသည်။ မျက်နှာကဆေးတွေကို ဖျက်နေရတာနဲ့တင် သူ တော်တော်အချိန်ယူရမှာပါ။

''ဒီဝတ်စုံတွေကို နက်ဖြန် ပြန်သွားပို့ပေးရဦးမယ်''

အဝါပေါ်မှာ အနီရောင်အဝိုင်းကြီးများဖြင့် တန်ဆာဆင်ထားသည့် လူရွှင်တော်ဝတ်စုံကို ကြည့်ပြီး သူ ပြောသည်။

လက်မှတ်ရေးထိုးပြီးတော့ လက်ာတို့အားလုံး ဆောက်လုပ်ရေးလုပ်ငန်းခွင်ထဲ လက်တွေ့သွားကြည့်ကြသည်။ ကိုအုပ်စိုးနဲ့ဦးသာကောင်းက တပြုံးပြုံးနှင့် စကားတပြောပြော။ လက်တွဲလုပ်ခဲ့ဖူးသော ကုမ္ပဏီမို့ လက်ာတို့ဘက်ကလည်း အထူးတလည်တော့ တောင်းဆိုစရာများ မရှိခဲ့ပါ။ တစ်ယောက်နဲ့တစ်ယောက် နားလည်သင့်သလောက် နားလည်နေပါပြီ။

''ဒါပြီးရင် ကျွန်မ သွားစရာလေးတစ်ခုရှိလို့ ခွင့်ပြုပါနော်''

''ဘယ်သွားမလို့လဲ မမ''

''ဖုန်းက ဘာဖြစ်သွားတယ်မသိပါဘူး၊ မနက်တည်းက အသံမကြားရတော့ဘူး ဖြစ်နေတယ်''

''ရေတွေဘာတွေ ဝင်သွားလို့လား''

''အဲဒီလိုလည်း မဟုတ်ပါဘူး၊ အဲဒါ မြို့ထဲက ဆားဗစ်စင်တာကို သွားပြကြည့်မလို့လေ''

လက်ာ စိတ်ပျက်ပျက်နှင့်ပင် ပြောပြဖြစ်သည်။ ဖုန်းက အသံမကြားရတော့ အလုပ်လုပ်ရတာပါ အဆင်မပြေဖြစ်လွန်းသည်။ လက်ာကလည်း ဒါမျိုးတွေ ကျွမ်းကျင်မှုရှိသူမဟုတ်။ တစ်ခုခုဆို ပြင်ပေးဖို့ ဆိုင်ပို့ထားလိုက်ရတာက စိတ်ချမ်းသာသည်။ ကိုယ့်ဘာသာ လျှောက်ကလိမိမှ ပိုဆိုးကုန်ရင် မခက်လား။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အတော်ပဲ၊ ကျွန်တော်လည်း ဟိုလူ့ရှင်တော်ဝတ်စုံကြီး သွားပြန်ပို့ရမှာလေ၊ အတူတူသွားလို့ရတာပေါ့"

"ကျွန်မက ဆူးလေဘက်ကို သွားမှာနော် မန်နေဂျင်း"

"ဟုတ်ပါတယ် ကျွန်တော်ကလည်း မြို့လယ်ခေါင်ကိုပဲ သွားမှာပါ"

သူ့ဝတ်စုံကို အရင်ဆုံးသွားပြန်အပ်ပြီးတော့မှ လက်ာ့ဖုန်း ပြုပြင်ရေးစင်တာဆီ ထွက်ခဲ့ကြသည်။ ဆိုင်မှာထားခဲ့ဖို့ မလိုပါဘူးဆိုလို့ သူမ စိတ်အေးသွား၏။ သူမတို့နှစ်ယောက် ဆိုင်ထဲမှာပင် နာရီဝက် လောက် ထိုင်စောင့်ရုံနှင့် ဖုန်းပြုပြင်ခြင်း ပြီးစီးသွားသည်။

"ကျွန်မကသာ နားမလည်တာ၊ သူတို့အတွက်ကျတော့ လုံးဝ အလွယ်လေးပဲနော်"

"ဒါကတော့ ကျွမ်းကျင်ရာလိမ္မာပေါ့၊ ကျွန်တော်ဆိုလည်း ဟိုမှာ ကျောင်းစစတက်ချင်းတုန်းက သိပ်စိတ်အားငယ်တာ၊ သူများတွေကျ ကျွမ်းလိုက်တာ၊ ဘယ်ဟာလေးကို ဘယ်လိုတီးသွားတာ၊ ဘယ်လိုလုပ် လိုက်တာ သိပ်နားထောင်လို့ကောင်းတာပဲဆိုပြီးပေါ့၊ နောက်ပိုင်း ကိုယ် ကိုယ်တိုင်လုပ်တတ်လာတော့လည်း အားလုံးက အဆင်ကိုပြေနေတာပါပဲ ဗျာ"

မင်းသွေးစက် စကားများကို လက်ာ မကြားချင်တော့ပါ။ မြင် လိုက်ရသော အရာတစ်ခုကြောင့် ခြေထောက်များစုံရပ်လျက် အသက် ရှူရန် မေ့လျော့နေခဲ့သည်။ မျက်တောင်မခတ်တမ်း လိုက်ကြည့်နေမိသော ထိုပုံရိပ် ပျောက်ကွယ်သွားမှာစိုးလို့။

"ဟာ မမ ဘယ်သွားမလို့လဲ"

ပြေးထွက်သွားမိသော ခြေလှမ်းတွေဟာ သွေးရူးသွေးတန်း





ဆန်နေခဲ့၏။ နောက်ကနေ အော်ခေါ်လျက် မင်းသွေးစက်လိုက်လာသော် သည်း လက်ာ ဂရုမစိုက်နိုင်ပါ။ လက်ာ့အာရုံတွေအားလုံးဟာ ဟိုးရှေ့ ခပ်လှမ်းလှမ်းက ရှော့ပင်းမောလ်ထဲဝင်သွားသော လူတစ်ယောက်ဆီမှာ သာ ရောက်ရှိနေခဲ့သည်။

ကဗျာ။ အဝေးက မြင်လိုက်တာဆိုပေမယ့် လက်ာ့အတွက် ဘယ်တော့မှမေ့မှာမဟုတ်သော ကဗျာ့ပုံရိပ်ဟာ မှတ်မှတ်ထင်ထင်ပါပဲ။ ခန်းရောင်ရင့်ရင့် ဂါဝန်ရှည်လေးကို အပေါ်က ကုတ်အနက်ရောင်လေး ထပ်ဝတ်ထားသော ကဗျာဟာ ဟိုအရင်ကလိုပါပဲ။ မတူတော့တာဆိုလို့ အရင်လို အနက်ရောင်ဆံပင်ကုတ်ဝဲလေး မဟုတ်တော့ဘဲ ရွှေအိုရောင်ဆံ ပင်ရှည်များအဖြစ် ပြောင်းလဲသွားတာသာ ရှိသည်။

ဈေးဝယ်သူများ ဆိုင်ခန်းများဖြင့် ရှုပ်ယှက်ခတ်နေသော ဈေး ဝယ်စင်တာကြီးထဲမှာ ကဗျာ့ကို လိုက်ရှာရတာ မျက်စိများပင် မူးနောက် လာ၏။ ပစ္စည်းများ ခင်းကျင်းထားသည့် အတန်းများအတိုင်း တစ်တန်း ပြီးတစ်တန်းထွက်။ ဖက်ရှင်ဆိုင်များ စားသောက်ဆိုင်များ။ ကဗျာနှင့် တူသော အစအနလေးပင် လက်ာ ရှာမတွေ့တော့ပါ။

တစ်ကိုယ်လုံး ဇောချွေးများပျံလျက် လက်ာ့ဒူးတွေ ခွေညွတ် ကျတော့မလို လူက ယိုင်နဲ့သွား၏။

"မမ"

ဘေးကနေ အချိန်မီထိန်းကိုင်ပေးလိုက်သော မင်းသွေးစက် သာ ရောက်မလာခဲ့ပါလျှင် လက်ာ တကယ်ကိုပဲ ထိုနေရာနားမှာ လဲပြို ကျသွားမလား မသိပါ။

သူ့ရဲ့ဖေးမမှုနှင့် ကားပေါ်သို့ လက်ာ ရောက်လာသော်ငြားလည်း စကားတစ်လုံးမှ မပြောနိုင်လောက်အောင် အားအင်တွေ ကုန်ခမ်းသွား



www.burmeseclassic.com

www.burmeseclassic.com



သလို ဖြစ်နေသည်။ သူ့မျက်နှာကိုမျှပင် လက်ာ မကြည့်ဖြစ်ပါ။

"မမ ဘာဖြစ်နေတာလဲ"

လက်ာ့မှာ ပြန်ဖြေစရာ စကားမရှိပါ။ အင်းလေ စကားမရှိဘူး ဆိုတာထက် ဘယ်လိုပြောပြရမှန်း မသိတာပါ။

"ရုတ်တရက်ကြီး မမဘာဖြစ်သွားတာလဲ၊ ကျွန်တော့်ကို စိတ်ပူအောင် မလုပ်ပါနဲ့ဗျာ"

ကားပေါ်ရောက်နေတာ မိနစ်နှစ်ဆယ်ကျော်သွားပြီဖြစ်ပေမယ့် သူလည်း ကားကိုမမောင်းနိုင်သေး။ လက်ာကိုယ်တိုင်ကလည်း ကျောက်ရုပ်တစ်ရုပ်လိုမျိုး ရှေ့တူရူတည့်တည့်ကိုသာ မျက်တောင်မခတ်တမ်း ငေးစိုက်ကြည့်နေမိသည်။

"မမ နေမကောင်းဘူးလား၊ ဆေးခန်းသွားမလား"

မလှုပ်မရှားဘဲ ထိုင်နေသော လက်ာ့လက်မောင်းလေးကို မင်းသွေးစက်က ခပ်စစပုတ်လျက် မေးသည်။ သူ့အသံမှာ စိုးရိမ်မှုတွေ ပြည့်နှက်နေ၏။ သူ့မျက်ဝန်းများကို လှည့်ကြည့်မိတော့လည်း စိုးရိမ်ပူပန်မှုများကိုသာ မြင်တွေ့လိုက်ရသည်။

"မမရယ် ကျွန်တော် လန့်သွားတာပဲ၊ မလှုပ်မယှက်ကြီး ထိုင်နေတာ တစ်ခုခုများ ဖြစ်သွားတာလားလို့"

"ကျွန်မတို့ ဟိုတယ်ပြန်ရမယ်လေ၊ ထွက်လာတာ သိပ်ကြာနေပြီ"

"မမ ဘာမှမဖြစ်တာ သေချာလား"

မပြုံးနိုင်တော့သော နှုတ်ခမ်းများကိုအားတင်းပြုံးပြလိုက်ရင်း လက်ာ ခေါင်းညိတ်လိုက်သည်။ ထိုအခါမှ မင်းသွေးစက်က ကားလေးကို မောင်းထွက်လိုက်၏။





အမှန်ကိုဝန်ခံရလျှင် လက်ာ့ဘဝတစ်လျှောက်လုံး ဟိုတယ်၌ ရှိနေခဲ့သည့်နေ့ရက်များ၌ ဒီနေ့သည် အလုပ်ကိုအာရုံဝင်စားလို့ မရဆုံးပင်ဖြစ်၏။ တစ်နေ့လုံးလုံး လက်ာ့စိတ်ထဲမှာ စွဲထင်နေခဲ့တာက ကဗျာ့ပုံရိပ်ပါပဲ။ ကဗျာဟာ သူမတို့နှင့်နီးနီးနားနားမှာ ရှိနေခဲ့ပြီး မမြင်မတွေ့အောင် တမင်ပုန်းရှောင်နေခဲ့တာလား။

ဒါမှမဟုတ် ဒီနေ့ မြင်တွေ့ခဲ့ရသော မိန်းကလေးဟာ ကဗျာမှ ဟုတ်ရဲ့လား။ အို မှားနိုင်စရာတော့ မရှိပါဘူးလေ။ ကဗျာ့ကို ဘယ်နေရာမှ ဘယ်လိုပုံစံမျိုးနှင့်မဆို လက်ာ ကောင်းကောင်းမှတ်မိနိုင်ပါသည်။

ညဘက်အပြန် ကားပါကင်ဆီ လက်ာ လျှောက်လာတော့ မင်းသွေးစက်နှင့်တည့်တည့်တိုး၏။ ဒီတစ်နေ့လုံး စိတ်နဲ့လူနဲ့မကပ်နိုင်အောင် လက်ာဖြစ်နေတာကို သူ သတိထားမိပုံပါပဲ။

"ကားမောင်းနိုင်ရဲ့လားဟင်၊ ကျွန်တော် လိုက်ပို့ပေးရမလား"

"မောင်းနိုင်ပါတယ် ကျွန်မ ဘာမှမဖြစ်ပါဘူး"

လိမ်ညာလိုက်ရသော စကားမို့ မင်းသွေးစက်မျက်နှာကိုတော့ လက်ာ စေ့စေ့မကြည့်မိပါ။

"ကျွန်တော့်ကို မလိမ်ပါနဲ့ဗျာ၊ ဒီနေ့ မမ တစ်ခုခုဖြစ်နေတာ ကျွန်တော် ကောင်းကောင်းသိပါတယ်၊ မမ မပြောပြချင်တဲ့အကြောင်းအရာတစ်ခုခုပဲဆိုပြီး မမေးမိအောင် ထိန်းထားတာ"

"အဲဒီအတွက် ကျေးဇူးတင်ပါတယ် သွေးရယ်"

ကားတံခါးဖွင့်ရန် ပြင်နေသော လက်ာ့လက်လေးကို သူက ဆွဲယူခေါ်သွားပြီး ကားမောင်းသူဘေးထိုင်ခုံတွင် ဝင်ထိုင်စေ၏။

"ဘာလုပ်မလို့လဲ"

"ကျွန်တော် မမကို ပြန်လိုက်ပို့ချင်လို့ပါ၊ ခွင့်ပြုမယ် မဟုတ်

www.burmeseclassic.com



လား''

''ကျွန်မဘာသာ မောင်းနိုင်ပါတယ်''

''မမဘာသာ မောင်းနိုင်တာကို သိပါတယ်၊ ဒါပေမဲ့ ကျွန်တော် ကိုယ်တိုင်က လိုက်ပို့ပေးချင်နေတာလေ''

ပြောပြောဆိုဆို မင်းသွေးစက်က ကားစက်နှိုးလိုက်သည်။ လက်ာ တားမနေတော့ပါ။ တကယ်တော့ ကိုယ်ကိုယ်တိုင်လည်း ဘာမှ လုပ်ချင်ကိုင်ချင်စိတ် မရှိတော့သလို အားအင်တွေကုန်ခမ်းချင်နေတာ လေ။

''အိမ်ကိုပဲ ပြန်မှာမဟုတ်လား''

''ဟင့်အင်း သုတဆိုင်ကို ပို့ပေးပါ''

သူ လက်ာ့ကို တစ်ချက်လှည့်ကြည့်လိုက်မှန်း သူ့ကိုကြည့်မနေဘဲနှင့် လက်ာ သိလိုက်သည်။

ခုချိန်မှာ ဒီလိုပုံစံမျိုးနှင့် အိမ်မပြန်ချင်။ အထူးသဖြင့် သံသာလေးကို မတွေ့ချင်။ အမေရော အဖေပါ အတူတကွ ရှိမပေးနိုင်ခဲ့သည့် ကလေးကို ဒီအချိန်မှာ လက်ာ မျက်နှာချင်းမဆိုင်ချင်ပါ။

တကယ်ဆိုရင် ခုလိုဖြစ်ခဲ့ရသမျှတွေရဲ့ တရားခံဟာ လက်ာ လည်းမဟုတ်ပါဘဲ အနာကျင်ရဆုံးလူကတော့ လက်ာ ဖြစ်လို့နေသည်။ ဒီအတိတ်အဖြစ်အပျက်ကြီးထဲမှာ ပါဝင်ပတ်သက်ခဲ့သည့် တခြားသူတွေ အားလုံး အေးချမ်းစွာ ကိုယ့်လမ်းကိုယ် ရွေးချယ်သွားပြီးသည့်နောက် ဘာဖြစ်လို့များ လက်ာက နာကျင်နေရသေးတာလဲ။

''မမနဲ့ကိုသုတကို ကျွန်တော်အားကျတယ် သိလား''

''ဘာဖြစ်လို့လဲ''

''မမတို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် နားလည်





ပေးနိုင်ကြတဲ့ တကယ့်သူငယ်ချင်းကောင်းတွေပဲနော်၊ ကျွန်တော်လည်း အဲဒီလို သူငယ်ချင်းကောင်းတစ်ယောက် ရှာထားရမှာ''

''ဘာလဲ မင်းတစ်ယောက်တည်း ဖြစ်နေတယ်ဆိုပြီး အားငယ် နေတာလား''

''အမှန်ကို ဝန်မခံချင်ပေမယ့် ဝန်ခံပါ့မယ်၊ ဟုတ်တယ် တစ်ခါ တစ်ခါ ကျွန်တော် သိပ်အားငယ်တယ်၊ ငွေကြေးပကာသနတွေဆိုတာ အမြဲတမ်း အလိုအပ်ဆုံးတော့မဟုတ်ဘူးလေ''

''မင်းနာကျင်ရသည့် ဘယ်လိုကိစ္စမျိုးကိုမဆို နားထောင်ပေး ချင်ပါတယ်''လို့ ပြောလိုက်ချင်ပေမယ့် လက်ာ မပြောဖြစ်ခဲ့ပါ။ ခုချိန်မှာ တခြားတစ်ယောက်ရဲ့နာကျင်မှုကိုမပြောနှင့်ဦး၊ ကိုယ့်ရင်ထဲက နာကျင်မှု ကိုတောင် ဖျောက်ဖျက်ဖို့ ခက်ခဲလွန်းနေတာ မဟုတ်လား။

''မင်း အထဲလိုက်ဦးမလား''

လက်ာက ထိုမေးခွန်းကို ဘာစိတ်ကူးမှမရှိပါဘဲ ဒီတိုင်းလေး ရိုးရိုးရှင်းရှင်း မေးလိုက်ခြင်းပါ။ ဒါပေမဲ့ မင်းသွေးစက်ကတော့ သူ့ကို လိုက်စေချင်လို့ လက်ာ တမင်သက်သက်မေးသည်လို့ ထင်သွားလေ သလားမသိ။ မချိပြုံးဟု နာမည်တပ်လို့ရသော အပြုံးယဲ့ယဲ့တစ်ခုကို နှုတ်ခမ်းမှာ တပ်ဆင်လိုက်ရင်း

''ကိုသုတဆီမှာ ရင်ဖွင့်ချင်လို့ လာခဲ့တဲ့ မမကို ကျွန်တော့် ကြောင့်နဲ့ အနှောင့်အယှက် မဖြစ်စေရပါဘူး၊ ကျွန်တော် ပြန်မှာပါ''

ကားသော့ကို လက်ာ့လက်ထဲသို့ လှမ်းထည့်ပေးလိုက်ပြီး သူ ကျောခိုင်းထွက်ခွာသွားသည်။ လက်ာ သတိလက်လွတ်စွာပင် သူ့ကို ငေးမောကြည့်နေမိ၏။

''လက်ာ ဘာရပ်လုပ်နေတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



အနောက်ဘက်မှ အသံကြားလို့ လှည့်ကြည့်မိတော့ သုတ
သူနိုးလှုမိသွားသလို လက်ာ ကြောင်အမ်းအမ်း ဖြစ်သွား၏။

"ငါ နင့်ကို ဆိုင်ထဲက လှမ်းတွေ့လိုက်လို့ ထွက်လာတာ"

"သြော် အေး"

"ခုနက ထွက်သွားတာ မင်းသွေးစက် မဟုတ်ဘူးလား"

"အေး ဟုတ်တယ်လေ ငါ့ကိုလိုက်ပို့ပေးတာ"

"နင့်ကားနဲ့လာတာကို သူက လိုက်ပို့ပေးတယ်ဆိုတာက"

"လာပါ ဆိုင်ထဲရောက်မှ နင့်ကိုငါ ပြောပြစရာတွေရှိတယ်"

အနည်းငယ်စောနေသေးသောကြောင့် သုတဆိုင်မှာ ညည်းသည်
ကျလျက် ရှိနေတုန်းပါ။ ထိုအခါမျိုးဆို သုတက လုပ်စရာရှိတာတွေ
ဆက်လုပ်လျက် လက်ာကတော့ အားလပ်နေသော စားပွဲလွတ်တစ်လုံးမှာ
ထိုင်နေတတ်သည်။ ဒါပေမဲ့ ဒီညတော့ သုတက လက်ာထိုင်လိုက်သည့်
စားပွဲလေးဆီ ချက်ချင်းရောက်လာပြီး

"ငါ့ကိုပြောစရာရှိတယ်ဆိုတာ ဘာလဲ"

"နင်ညည်းသည်တွေကျနေတာကို လုပ်စရာရှိတာလုပ်ပါ၊ ပြီးမှ
အေးဆေးပြောပြမယ်လေ"

"ရတယ် ကျန်တာ စားပွဲထိုးလေးတွေ လုပ်လိမ့်မယ်၊ ငါက
အားနေပြီ"

သုတက ဖွတ်တရွတ်မို့ လက်ာလည်း ဒီနေ့ကြုံခဲ့ရသော အဖြစ်
အပျက်ကို လေးပင်စွာ ပြန်ပြောပြမိသည်။ လက်ာ မျှော်လင့်ထားသည့်
အတိုင်းပါပဲ။ သူမ စကားအဆုံးမှာ သုတ မျက်လုံးတွေ ပြူးကုန်၏။

"ဒါဆို ကဗျာက ရန်ကုန်မှာပဲ ရှိနေခဲ့တာပေါ့"

"ဒါတော့ ငါမသေချာဘူးလေ၊ တစ်ခုပဲ ငါပြောနိုင်တာက





ဒီနေ့တွေ့ခဲ့တဲ့ မိန်းကလေးကတော့ လုံးဝကို ကဗျာပဲ"

"ကဗျာကို နင်ဘယ်လိုမှ မလွဲနိုင်ဘူးဆိုတာ ငါသိပါတယ်ဟာ"

လက်ာ့လက်လေးတစ်ဖက်ကို ဖွဖွဆုပ်ကိုင်လျက် သူ ပြော
သည်။ ဒီတစ်ခါတော့ လက်ာ မရုန်းမိပါ။ တစ်ယောက်ယောက်ဆီက
အေးမှုကို လက်ာ လိုအပ်နေခဲ့တာလေ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

''မန်နေဂျင်း ဘာဖြစ်နေတာလဲ၊ မျက်နှာလည်းမကောင်းဘူး''

အမြဲတမ်း နီရဲနေသော နှုတ်ခမ်းလေးတွေ ဖြူဖတ်ဖြူလျော် ဖြစ်နေသလိုမို့ လက်ာ စိတ်ပူသွားမိသည်။

''ညက အိပ်ခါနီး ရေချိုးလိုက်လို့ ဖြစ်မယ်၊ အအေးပတ်ချင် သလိုလိုပဲ''

လက်ာ သယ်လာခဲ့သည့် မန်နေဂျင်းလက်မှတ်ထိုးပေးရမည့် ဖိုင်တွဲများကို စားပွဲပေါ်သို့ လှမ်းတင်ပေးလိုက်ပြီးနောက် သူမ လက်ဖဝါး လေးက သူ့နဖူးပေါ် ချက်ချင်းရောက်သွားသည်။ ကိုယ်တွေပူနေတာ အသေအချာပါ။

''ကိုယ်တွေပူနေတာပဲ၊ ဘာဖြစ်လို့ ဟိုတယ်ကို လာတာလဲ အိမ်မှာပဲ အေးဆေးအနားယူသင့်တယ်''

''အဆိုးကြီးတော့ မဟုတ်ပါဘူး၊ ကျွန်တော် နေနိုင်ပါတယ်''

''ဆေးရော သောက်ပြီးပြီလား''

''အဲဒီလောက် မဟုတ်ပါဘူးဆို''





''အို ဘာမဟုတ်ရမှာလဲ''

ပြောပြောဆိုဆို လက်ာ့ရုံးခန်းဘက်ဆီ ခပ်သွက်သွက် ပြန်ထွက် လာလိုက်၏။ ရုံးခန်းထဲမှာ အမြဲဆောင်ထားလေ့ရှိသော အပူကျဆေးရှိ သည်လေ။

''ဒီဆေးလေးသောက်ထားလိုက်ရင် နည်းနည်းတော့ အဆင် ပြေသွားမှာပါ၊ ဘာစားထားပြီးပြီလဲ''

'' Breakfast စားထားတယ်လေ''

''အိုကေ ဒါဆို ခုပဲဖြစ်ဖြစ် သောက်လိုက်တော့''

လက်ာကိုယ်တိုင် ယူလာပေးသော ရေခွက်နှင့်ဆေးလုံးလေးကို သူ ယူသောက်လိုက်လို့ နည်းနည်းတော့ စိတ်သက်သာသွား၏။ ရုတ်တ ရက်မို့ သူ့ကိုစိုးရိမ်စိတ်များဖြင့် ကိုယ့်အပြုအမူများကိုတောင် ကိုယ့် ဘာသာ သတိမထားမိလိုက်သလိုပါပဲ။ ဟိုတယ်ထဲမှာဆိုသည့်အသိတစ်ခု က လက်ာ့ရဲ့စိတ်ပူပန်မှုတွေကိုတော့ မထိန်းချုပ်နိုင်ခဲ့ပါ။

''အိမ်ပြန်ပြီးအနားယူလိုက်တာ ပိုကောင်းပါတယ် မန်နေဂျင်း''

''ဟင့်အင်း ကျွန်တော် အိမ်မပြန်ချင်ဘူး၊ တစ်ယောက်တည်း နေရတာ သိပ်ငြီးငွေ့ဖို့ကောင်းတယ်''

''ဒါပေမဲ့ ခုဟာက နေမကောင်းဖြစ်နေတဲ့အချိန်လေ၊ အနားယူ သင့်ရင် ယူရမှာပေါ့''

''ကျွန်တော်တစ်ယောက်တည်း ရှိမနေချင်ပါဘူးဆိုနေမှပဲ''

တစ်ခါတလေမှာ စကားပြောလိုက်သည့်ပုံစံကိုက ကလေး တစ်ယောက်လို။ လက်ာ ပြုံးလိုက်မိသည်။

''ကျွန်မ လိုက်ခဲ့ပေးမယ်လေ''

နေမကောင်းလို့ ဖြူဖတ်ဖြူလျော်ဖြစ်နေသော သူ့နှုတ်ခမ်းလေး



www.burmeseclassic.com

www.burmeseclassic.com



များ ချက်ချင်းပင် ပြုံးရိပ်သမ်းသွားသည်။ မင်းသွေးစက်ဆိုတဲ့ ယောကျ်ား တစ်ယောက်ဟာ အပြုံးတွေ တက်ကြွရွှင်လန်းခြင်းတွေနဲ့သာ လိုက်ဖက်သူပါ။

ထိုင်ခုံမှာ အားတင်းပြီး ထိုင်နေခဲ့ပေမယ့် တကယ်တမ်း ဟိုတယ်ထဲက လက်ာတို့ထွက်လာတော့ သူ့ခြေလှမ်းများမှာ အားအင်မပါဝင်တော့တာ သတိထားလိုက်မိသည်။ ဒီလောက် နေမကောင်းဖြစ်နေတာကိုတောင် ဟိုတယ်ကိုတော့ ရောက်အောင်လာသေးတာ ချီးကျူးရမလား ပြစ်တင်ရမလား မသိတော့ပါ။

"မင်း အိပ်ရာထဲမှာ သွားလှဲနေလိုက်ပါလား"

"ဒါဆို မမက တစ်ယောက်တည်း ဖြစ်နေမှာပေါ့"

"ဘာလို့ တစ်ယောက်တည်းဖြစ်ရမှာလဲ၊ မင်းရှိနေတာပဲကို"

"ကျွန်တော် အိပ်ပျော်သွားရင် ပြောတာပါ"

"မရစ်ပါနဲ့ကွယ်၊ နေမကောင်းတဲ့သူက အားပြည့်အောင်တော့ အိပ်ရမှာပေါ့၊ တကယ်ဆို ဆရာဝန်နဲ့တောင် ပြသင့်တယ်"

"အဲဒီလောက်ထိ မလိုပါဘူး။ ကျွန်တော်ဖျားနေကျပါ"

ပြောသည့်ပုံစံကိုက အဖျားရောဂါကပဲ သူနဲ့လည်ပင်းဖက် ပေါင်းသင်းလာသော သူငယ်ချင်းလိုလို။

"ဒီလိုပဲ နေလိုက်ရင်း အချိန်တန်တော့လည်း ကောင်းသွား တာပေါ့"

"မင်းနိုင်ငံခြားမှာ တကယ့်ကို ဖြစ်သလိုနေခဲ့တာပဲနဲ့ တူတယ်"

"ဖြစ်သလိုလို့တော့ မပြောပါနဲ့ဗျာ၊ အဆင်ပြေအောင် ကြည့်နေ တတ်ခဲ့တာပါ"

"စကားကတော့ သိပ်တတ်တယ်နော်"





လက်ာ မျက်စောင်းလေးရွယ်ရင်း ပြောလိုက်တော့ သူရယ် ...ည်။

"ဟုတ်တယ် ဟိုမှာတုန်းတည်းက တစ်ယောက်တည်း သိပ် ...ထီးကျန်ခဲ့တာ၊ ဒါပေမဲ့ ကိုယ်ဝါသနာပါတဲ့ ဂီတအလုပ်တွေလုပ်နေရ ...တော့ သိပ်လည်းမသိသာခဲ့ပါဘူးလေ၊ စိတ်ညစ်ရင် ဂစ်တာတီးတယ်၊ ...အေးအေးချမ်းချမ်း တစ်ယောက်တည်းနေချင်ရင် စန္ဒယားလေးတစ်လုံးနဲ့ ...တယ်၊ ကျောင်းက သူငယ်ချင်းတွေနဲ့ ချိန်းထားတဲ့ညမျိုးတွေဆိုရင် ...တော့ ကလပ်ရောက်သွားတော့တာပါပဲ"

"ကျောင်းတက်ခဲ့တဲ့ ကာလတစ်လျှောက်လုံး မင်းမှာ မိန်း ...လေးအဖော်တွေဘာတွေတောင် မရှိခဲ့ဘူးပေါ့"

အဲဒီမေးခွန်းကို မမေးမိအောင် လက်ာ ကြိုးစားပါသေးသည်။ ...ယ့်အထက်အရာရှိတစ်ယောက်ကို မမေးသင့်သော မေးခွန်းတစ်ခုလို့ ...ဆမိလို့ပါ။ ဒါပေမဲ့ သူနဲ့ပတ်သက်ပြီး သိချင်နေသည့် အရာတွေကို ...က်ာရဲ့မလုပ်သင့်ဘူး မဖြစ်သင့်ဘူးဆိုတဲ့ အသိတရားတွေက မတားဆီး ...ခဲ့ပါ။

"မရှိခဲ့လို့ ခုလို တစ်ယောက်တည်းဖြစ်နေတာ အသိသာကြီးပဲ ...တ်ဘူးလား"

အဲဒီအဖြေစကားမှာ မသိမသာလေး ပျော်ရွှင်သွားမိတာ။

"ကျွန်တော့်ကိုပဲ မေးနေတယ်၊ မမကရော အသက်က သုံးဆယ် ...ာ်တယ်၊ ခုချိန်ထိ ဘာလို့တစ်ယောက်တည်း ဖြစ်နေတာလဲ"

"ဟင်"

ဒီတစ်ခါ အငိုက်မိသွားသူကတော့ လက်ာ ကိုယ်တိုင်ပါပဲ။ ...ဆိုင်ချင်ဆုံးသော မေးခွန်းတစ်ခုနဲ့ တည့်တည့်ကြီး တိုးနေပြီ။ လက်ာ



www.burmeseclassic.com

www.burmeseclassic.com



ဘဝအကြောင်းကို ဘာမှမသိရှာသော မင်းသွေးစက်အပေါ် ဘယ်လို အဖြေမျိုး ပြန်ပေးရမလဲ မစဉ်းစားတတ်ခဲ့။

''ကဲ အိမ်ပြန်ရောက်လာတာ နာရီဝက်လောက်တောင် ရှိတော့ မယ်၊ ခုထိ စကားကောင်းနေမိတုန်း။ သွေးလည်း ခဏဖြစ်ဖြစ် အိပ် လိုက်နော်၊ ဆေးသောက်ထားတာဆိုတော့ အိပ်လိုက်ပြီး ပြန်နိုးလာရင် လန်းလန်းဆန်းဆန်း ဖြစ်သွားလိမ့်မယ်''

သူ့မေးခွန်းကို လက်ာ တမင်သက်သက် ရှောင်ရှားလိုက်မှ မင်းသွေးစက် သဘောပေါက်လိုက်ပါသည်။ ဒီမေးခွန်းကို ရဲရဲဝံ့ဝံ့ မဖြေ နိုင်ရလောက်အောင် မမမှာ ဘယ်လိုအခက်အခဲတွေများ ရှိနေလို့လဲ ဒါမှမဟုတ် သူ မသိခဲ့သော အရာတစ်ခုခု။

''ဒါဆိုလည်း ကျွန်တော် ခဏအိပ်လိုက်ဦးမယ်နော်''

ဒီတစ်ခါတော့ မင်းသွေးစက်က ကလေးငယ်တစ်ယောက်လို စကားနားထောင်ကာ အိပ်ရာထက် လှဲချလိုက်၏။ ခြေရင်းမှာ သေသပ်စွာ ခေါက်ထားသော စောင်ကို သူ့ရင်ဘတ်နားဆီထိ လက်ာ လွှားခြုံပေးလိုက် သည်။

''မမ ရှိနေမှာ မဟုတ်လား''

''အင်း ရှိနေမယ်နဲ့တူပါတယ်''

လက်ာက မတင်မကျလေး ပြန်ဖြေတော့ သူ မျက်မှောင်ကြုတ် ကျုံ့ကြည့်သည်။ ဘာစောဒကမှတော့ ထပ်မတက်တော့ပါ။

''ကျွန်တော့်ကို ဟိုစက်ပေါ်မှာရှိတဲ့ ခွေလေးထည့်ဖွင့်ပေးပါလား မမ''

စီဒီပြားလေးကို စက်ထဲထည့်လိုက်တော့ ငြိမ့်ညောင်းသော သံစဉ်လေး ထွက်ကျလာသည်။





''အဲဒီခွေလေးကို ဖွင့်ပြီးမှ ကျွန်တော်အိပ်နေကျလေ၊ ငယ်ငယ် ကတော့ မာမီဆိုပြတဲ့ သီချင်းလေးတွေနဲ့ အိပ်တာပေါ့ ခုတော့''

သူ မျက်လုံးများ မှေးမှိတ်ပြီး အိပ်ပျော်အောင် ကြိုးစားလိုက် သည်။ နဂိုတည်းက အားတင်းထားရတာမို့ မျက်လုံးများကို မှိတ်လိုက် တာနှင့် တစ်ခါတည်း လေထဲမြောက်တက်သွားသလို သူ ပေါ့ပါးသွား၏။ မကြာခင်မှာပဲ သူ အားလုံးကို မေ့လျော့ပြီး အိပ်မက်တွေနှင့် မျောပါ သွားတော့သည်။

သူ အိပ်ပျော်သွားတာကို စောင့်ကြည့်ပြီးမှ လက်ာ သူ့အခန်း လေးထဲမှ ထွက်လာခဲ့လိုက်သည်။ သူ နိုးလာရင်စားဖို့ တစ်ခုခုပြင်ဆင် ပေးရန် မီးဖိုဆောင်ထဲ ဝင်သည်။ ရေခဲသေတ္တာဖွင့်ကြည့်တော့ အေးခဲ ထားသော ကြက်သားနှင့် အသီးအရွက်များ၊ ကြက်သားဆန်ပြုတ်တစ် အိုး ချက်ပြုတ်ပေးလိုက်ပြီး နာရီကိုကြည့်လိုက်တော့ နေ့လယ်တစ်နာရီ ကျော်နေပြီ။

လက်ာ ဒီလောက်အကြာကြီး အပြင်မှာရှိလို့ မကောင်းတာမို့ သူ အဆင်သင့်စားနိုင်ရန် စားပွဲထက်မှာ ပြင်ဆင်ပေးပြီးတာနှင့် ခါးနောက် မှာ စည်းထားသော အေဖရွန်ကြိုးလေးကို ဖြည်လိုက်သည်။ ညှိခန်းက စင်ပေါ်မှာ အသင့်တွေ့ရသော Note စာရွက်အဝါရောင်လေးကို လက်ာ သိမ်းယူလိုက်သည်။

''အေးသွားရင် ပြန်နွေးပြီးမှ စားပါနော်''

တိုပြတ်သော စာလေးတစ်ကြောင်းရေးပြီး ထမင်းစားပွဲလေးမှာ ကပ်ထားပေးလိုက်၏။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော သူ့မျက်နှာ ကို တစ်ချက်ဝင်ကြည့်ပြီးမှ အိမ်လေးထဲကနေ လက်ာ ပြန်ထွက်ခဲ့လိုက် သည်။ ဟိုတယ်နှင့်တစ်ဝန်းထဲမှာပဲ သူ့အိမ်လေးရှိနေတာမို့ သူမ အိမ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



က ထွက်လာတာကို သန့်ရှင်းရေးဝန်ထမ်း အမျိုးသမီးလေးနှစ်ဦးက စိတ်ဝင်တစား ငေးကြည့်နေတာ သတိထားလိုက်မိပါရဲ့။

လက်ာ သူတို့ဘက်လျှောက်လာနေတာမြင်တော့ ခေါင်းလေး ငုံ့လျက် ခပ်သုတ်သုတ်လေး လှည့်ထွက်သွားသည်။ တချို့ဝန်ထမ်းလေး တွေက လက်ာ့ကိုမြင်တာနှင့် ကြောက်ရွံ့နေတတ်တာ ဘာကြောင့်များ ပါလိမ့်ကွယ်။ လက်ာဟာ ဝန်ထမ်းတွေအားလုံးကို ကိုယ့်မိသားစုလို သဘောထားခဲ့တာပါ။ စည်းကမ်းတင်းကျပ်သင့်သည့် နေရာတွေမှာ အလျှော့မပေးခဲ့တာကလွဲရင် အားလုံးကို ညီညွတ်မျှတစွာပဲ ဆက်ဆံခဲ့ သည်။

ဒါပေမဲ့ လက်ာ့ကိုမြင်လိုက်တာနှင့် အပြစ်တစ်ခုခု ရှာဖွေပြော ဆိုတော့မည့်လူလို ရှောင်ထွက်သွားတတ်သည့် ဝန်ထမ်းလေးတွေလည်း ခုချိန်ထိ ရှိနေဆဲပါ။

''မန်နေဂျင်း နေမကောင်းဖြစ်တာ နွေး သတိမထားမိဘူး လား''

မင်းသွေးစက်ရဲ့အတွင်းရေးမှူးမလေးကို လက်ာ မေးမိသည်။ ကောင်မလေး ခေါင်းငုံ့သွား၏။

''မနက်လာတုန်းက မျက်နှာမကောင်းတာတော့ သတိထားမိ ပါတယ်''

''ဒါဆိုရင် မင်း သူ့ကို အနားယူခိုင်းသင့်တယ်၊ အတွင်းရေးမှူး ဆိုတာ ကိုယ်အမြဲတမ်း အတူတကွရှိနေရဟဲ့ အထက်လူကြီးတစ်ယောက် ဝန်ထမ်းဆိုပြီး အလုပ်လုပ်နေရုံနဲ့ ပြီးတာမှမဟုတ်တာ''

''ဒါပေမဲ့ ကျွန်မက မန်နေဂျင်းကို ဘယ်လိုပြောရမှာလဲ ဂျီအမ် ရယ်''





လက်ာက သူ့ကိုဆူပူနေတယ်လို့ ထင်မြင်သွားပုံပါပဲ။ အသံလေး များ တုန်ယင်လျက် ခပ်တိုးတိုးဆိုသည်။ လက်ာ သက်ပြင်းလေးချလိုက် မိသည်။ အင်းလေ လက်ာကိုယ်တိုင် သတိမထားလိုက်မိပါဘဲ လိုတာထက် ပိုပြီး လေသံနည်းနည်းမာသွားမှာပါ။ စိတ်ထဲမှာက မင်းသွေးစက်ကို စိုးရိမ်မှုတွေနှင့် ပြည့်နှက်နေခဲ့တာကိုး။

''မင်းကို ကိုယ်ဆူနေတာ မဟုတ်ပါဘူး။ ကိုယ်တို့မန်နေဂျင်းက တက်တက်ကြွကြွရှိနေတဲ့အချိန်မှာ ကြည့်လို့အကောင်းဆုံးပဲလေ၊ ဒါကြောင့် နည်းနည်းလေးပိုပြီး သူ့ကိုဂရုစိုက်စေချင်တာပါ''

''ဟုတ်ကဲ့ ကျွန်မ မှတ်ထားပါ့မယ်''

''အားလုံးကို မိသားစုတစ်ခုလို ဆက်ဆံချင်တာ ကိုယ့်စိတ်ပါပဲ၊ အားလုံးကိုလည်း အဲဒီအတိုင်းပဲ ဖြစ်စေချင်တယ်''

''ဟုတ်ကဲ့ပါ ဂျီအမ်''

ခုမှပင် ပြုံးပြုံးရွှင်ရွှင် ပြန်ဖြစ်လာသော အတွင်းရေးမှူးမလေး နွေးကြောင့် လက်ာလည်း စိတ်အေးသွားတော့သည်။

''ဒီနေ့အတွက်ကတော့ ကိုယ်တို့နှစ်ယောက်ပဲ ဆောက်လုပ်ရေး ဘက် သွားကြည့်ရအောင်''

သုံးလပြတ်စီမံကိန်းမှ စတင်ပြီး တစ်လအတွင်းမှာပင် အကြမ်း ဖျင်းရုပ်လုံး သိသိသာသာ ပေါ်လာပြီဖြစ်သည်။ အလျားပေတစ်ရာငါးဆယ် အနံ ပေခြောက်ဆယ် အနက်နှစ်ဆယ့်ငါးပေရှိသော ရေကူးကန်တစ်ကန်။ ဟိုတယ်မှာရှိပြီးသားကန်ထက် တစ်ဝက်ကျော်ကြီးမားသော ကန်ကြီး ဖြစ်သည်။ ဘေးပတ်ပတ်လည်မှာ သဲများဖြင့် ဝန်းရံပြီး ကမ်းခြေသေး သေးလေးပုံစံ ဒီဇိုင်းဖော်ထားခြင်း။ နှစ်ယောက်အိပ် ဘန်ဂလိုအဆောင်အစား လေးတွေ။ ဧည့်သည်တွေကို ဆွဲဆောင်နိုင်သော ပုံစံလေးတစ်ခု ဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်လို့ လက်ာ တစ်ထစ်ချ ယုံကြည်ထားမိသည်။

''ဘယ်လိုလဲ ကိုကျော်ထက်၊ လုပ်ရတာ အဆင်ပြေရဲ့လား''

တော်ဝင်နှင်းဆီဘက်မှ အလုပ်သမားခေါင်းဆောင် ကိုကျော်ထက်ကို လက်ာ နှုတ်ဆက်လိုက်သည်။ ပန်းရုံအလုပ်သမားများကို ညွှန်ကြားနေရင်းက လက်ာတို့နားသို့ ကိုကျော်ထက် လျှောက်လာ၏။

''ပြေပါတယ် မန်နေဂျာကြီးရယ်''

''ကျွန်မတို့ကို လိုက်ပြပေးပါဦးနော်''

လုပ်ငန်းခွင်ပတ်ပတ်လည်ကို လှည့်လည်ကြည့်ပြီးတော့ သိချင်တာလေးတွေ မေးရင်းမြန်းရင်းနှင့်ပင် အချိန်တစ်နာရီကျော်လောက် ကုန်ဆုံးသွား၏။

''ဩော် လက်ာတို့လည်း ရောက်နေတာကိုး''

နောက်ဘက်မှ အသံကြောင့် လှည့်ကြည့်လိုက်တော့ ကိုအုပ်စိုး။

''ဟုတ်ပါတယ် ကိုအုပ်စိုး၊ ဒီနေ့ မန်နေဂျင်းနေမကောင်းလို့ ကျွန်မတစ်ယောက်တည်း လိုက်စစ်ဆေးနေတာလေ''

''နောက်ဆို ဒီဆောက်လုပ်ရေးပိုင်းကိုတော့ ကျွန်တော် တာဝန်ယူပေးပါ့မယ်၊ လက်ာရော မန်နေဂျင်းရော နေ့တိုင်း လာစစ်ဆေးရတာ သက်သာသွားတာပေ့ါ''

''ကိုအုပ်စိုး တာဝန်ယူပေးမယ်ဆို ပိုကောင်းတာပေ့ါရှင်''

ကိုအုပ်စိုးနှင့်အလုပ်သမားခေါင်းဆောင်တို့ကို နှုတ်ဆက်ပြီး လက်ာတို့ထွက်လာတော့ ဟိုတယ်ဝန်းထဲမှာ မင်းသွေးစက်နှင့်တည့်တည့်တိုး၏။ မနက်တုန်းကတောင် သူ့မျက်နှာပြုံးဖျော့မနေတော့ပါ။

''သက်သာရဲ့လား မန်နေဂျင်း၊ ကျွန်မကတော့ ဒီနေ့တစ်ရက်လောက် ကောင်းကောင်းအနားယူသင့်တယ်လို့ ထင်တယ်''

''ကျွန်တော် သက်သာပါတယ်၊ အိပ်ရာနိုးနိုးချင်း ဆန်ပြုတ်လေး





သောက်လိုက်ရလို့လေ''

ဘေးနားမှာပါလာသော အတွင်းရေးမှူးမလေးက ဘာမှမသိနိုင်ဘူးဆိုသော်လည်း လက်ာ တစ်ယောက်တည်း ကြိတ်ပြီး အိုးမလုံအုံမွင့် ဖြစ်သွားမိသည်။ လက်ာ့မျက်နှာအနေအထား အနည်းငယ်ပျက်ယွင်းသွားတာကို မင်းသွေးစက်က မှတ်မှတ်ရရ လိုက်ကြည့်နေသောကြောင့် ပိုလို့တောင် မနေတတ်မထိုင်တတ် ဖြစ်နေရ၏။

''မင်းတို့ ဘယ်ကပြန်လာတာလဲ''

''ဆောက်လုပ်ရေးဘက်ကို သွားစစ်ဆေးပြီး ပြန်လာတာပါ မန်နေဂျင်း''

''အိုကေ မင်းသွားလို့ရပြီ နွေးနွေး''

အတွင်းရေးမှူးမလေး အနားကထွက်ခွာသွားတော့ လက်ာလည်း ဟိုတယ်ထဲ ပြန်ဝင်ရန် ပြင်လိုက်၏။

''ခဏလေးပါနော် မမ၊ ကျွန်တော်တို့ဟိုနားလေးမှာ ထိုင်ကြရအောင်''

''ကျွန်မ ဟိုတယ်စားဖိုဆောင်မှာ ဗွီအိုင်ပီဝိုင်းအတွက် ပြင်ဆင်နေတာတွေ သွားကြည့်ရဦးမယ် မန်နေဂျင်း၊ ဒီညစာကို ဟိုတယ်ရဲ့ ဒါရိုက်တာအဖွဲ့ဝင် ဦးဇာနည်တို့မိသားစု လာစားကြလိမ့်မယ်၊ သူတို့ရဲ့ မင်္ဂလာနှစ်ပတ်လည်နေ့လေ''

''ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ အချိန်နည်းနည်းလေးပဲ ယူမှာပါ၊ ဆယ်မိနစ်လောက်ပေ့ါ''

''ကျွန်မကို အကျပ်ကိုင်နေတာလားဟင်''

''မဟုတ်ဘူး မန်နေဂျင်းတစ်ယောက်အနေနဲ့ အမိန့်ပေးနေတာ''



www.burmeseclassic.com

www.burmeseclassic.com



လေသံမာမာနှင့်ပြောလိုက်ပေမယ့် နှုတ်ခမ်းများကတော့ နှစ်လိုဖွယ်ပြုံးရယ်နေသည်။ ဒါကို ဘယ်လိုနည်းနဲ့ လက်ာ လွန်ဆန်နိုင်ပါ့မလဲနော်။ သူ့သဘောကျအတိုင်း ခပ်လှမ်းလှမ်းမှ ပန်းရုံလေးနားရှိ ခုံတန်းလေးတွင် နှစ်ယောက်သား ထိုင်ဖြစ်ကြသည်။

ဒီနေရာကနေ မြင်နေရတဲ့ဟိုတယ်ရဲ့မြင်ကွင်းက လှပခန့်ညားနေသည်။ အနောက်ဘက်ကို မျက်နှာမူထားတာမို့ ဝင်တော့မည့်ဆဲဆဲနေရောင်ခြည်က ဟိုတယ်မျက်နှာစာပေါ်ကို တောက်ပစွာဖြန့်ကျက်ထား၏။ ငှက်တွေ အုပ်စုဖွဲ့ပျံသန်းသွားသော နေဝင်ချိန်သဘာဝအလှကို မြင်တွေ့ခံစားဖို့ မေ့လျော့နေခဲ့တာပင် အချိန်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီ။

"လှတယ်မဟုတ်လား မမ၊ စိတ်ဖိစီးမှုတွေ ခဏဖြစ်ဖြစ်တော့ ပျောက်သွားတယ်လေ"

"အင်း ညနေခင်းဆည်းဆာကို ကိုယ်ဒီလိုမျိုး အေးအေးလူလူ မမြင်တွေ့ရတာ နှစ်နဲ့တောင် ချီနေခဲ့ပါပြီ"

"မမ ဒီလောက်တောင်ပဲ အလုပ်တွေများနေခဲ့တာလား"

"ကိုယ်ကိုယ်တိုင်ကိုက အလုပ်တွေထဲမှာပဲ အာရုံနှစ်မြှုပ်ထားခဲ့တာလေ၊ တခြားအကြောင်းအရာတွေကို အာရုံထဲ သိပ်မထည့်ဖြစ်ခဲ့ဘူး"

"အမှန်အတိုင်းပြောရရင် ကျွန်တော် မမအကြောင်းကို သိချင်တယ်၊ မမလို လှပသပ်ရပ်ပြီး လုပ်ငန်းပိုင်းမှာလည်း သိပ်ထူးချွန်တဲ့ အမျိုးသမီးတစ်ယောက်က ခုချိန်ထိ အိမ်ထောင်မရှိသေးဘူးဆိုတာ တစ်ခုခုကြောင့်လို့ ကျွန်တော် ထင်နေတယ်၊ ဒါပေမဲ့ မမ မပြောပြချင်ရင် ကျွန်တော် အတင်းမမေးပါဘူး"

"ကျွန်မအကြောင်းကို ဘာဖြစ်လို့ သိချင်တာလဲလို့ ပြန်မေးခွင့်ရှိမလား"





သူ့မျက်လုံးများထဲကို စိုက်ကြည့်ပြီး မေးလိုက်လျှင် သူ နည်းနည်းတော့ ရှိုးတန်းရှန်းတန်း ဖြစ်သွားပုံနှင့် အကြည့်များကိုလွှဲဖယ်လိုက်သည်။

"ဘာကြောင့်သိချင်နေတယ်ဆိုတာမျိုး ကျွန်တော်ကိုယ်တိုင်လည်း အတိအကျ မသိပါဘူး၊ ဒါပေမဲ့ မမကိုကြည့်ရတာ အလုပ်ကို အမြဲဦးစားပေးတတ်လွန်းတော့ တခြားလူတွေနဲ့ သိပ်မတူဘူးထင်လို့"

မင်းသွေးစက်အဖြေက ကျွန်မအကြောင်းတွေကို သူ ဘာကြောင့်သိချင်နေမိမှန်းကို သူကိုယ်တိုင်တောင် သေချာမသိဘူးဆိုမှတော့

"ခုချိန်မှာတော့ မန်နေဂျင်းကို ပြောပြဖို့ စိတ်ကူးမရှိတာ အမှန်ပါပဲ"

လက်ာ့ရဲ့အဖြေအတွက် သူ နည်းနည်းတော့ စိတ်ပျက်သွားပုံပါ။ နာရီကိုကြည့်ပြီး မတ်တပ်ထရပ်လိုက်သည်။

"ဆယ်မိနစ်အတိအကျပါပဲ မမ"

လက်ာ သူ့ကိုနှုတ်ဆက်လှည့်ထွက်ခဲ့ချိန်မှာ လှမ်းပြောလိုက်သော စကားလေးကြောင့် သူမ ကျေနပ်ဝမ်းသာသွားမိ၏။

"ဆန်ပြုတ်က စေတနာပါလို့လားမသိဘူး၊ အရမ်းစားလို့ကောင်းတာပဲ၊ ကျေးဇူးတင်ပါတယ် မမ"

သူ သိချင်ပါသည်ဆိုသည့် လက်ာ့အကြောင်းတွေကို မပြောပြခဲ့လို့ မင်းသွေးစက် စိတ်ဆိုးပုံတော့ မရပါ။ စိတ်ဆိုးမည်ဆိုလည်း လက်ာ ဘာမှမတတ်နိုင်ဘူးလေ။ ဖြစ်နိုင်လျှင် ဘယ်တော့မှ ပြန်မပြောချင်တော့သော ဘဝတစ်ခုအကြောင်းကို အစပြန်ပျိုးဖို့ဆိုတာ လက်ာ့အတွက် နာကျင်ခံရခက်လွန်းပါသည်။

ဘယ်တုန်းကမှ မဖြစ်ပျက်ခဲ့ဖူးသည့် အရာတွေလိုမျိုး အတိတ်



www.burmeseclassic.com

www.burmeseclassic.com



ထဲကနေ လွတ်မြောက်ချင်နေ၏။ ဒါပေမဲ့လည်း သံသာလေးဟာ လက်ာ မုန်းတီးလွန်းသော အတိတ်ရဲ့အကောင်းဆုံး သက်သေတစ်ခုပါ။ မေ ဖျောက်ပစ်ထားချင်ရက်နဲ့ ဘယ်လိုမှ ဖျောက်ဖျက်ပစ်ဖို့ မဖြစ်နိုင်သော အတိတ်ပါပဲ။

■ ■ ■

''နှင် ကဗျာ့ကိုတွေ့ခဲ့တာတောင် တစ်လကျော်နေပြီနော်''

''အေး ဟုတ်တယ်''

သုတ ဖျော်လာပေးသော Espresso ကို တစ်ငုံယူသောက် လိုက်ရင်း လက်ာ စိတ်ပျက်စွာ ပြန်ဖြေလိုက်သည်။ မဆီမဆိုင်စွာပင် ညအိပ်ခါနီးဆို ကော်ဖီမသောက်တတ်တူးဆိုသော မင်းသွေးစက်ကို သွား သတိရ၏။ ခုချိန်ဆို သူ နွားနို့တစ်ခွက်နှင့် အနားယူနေမည်လား။

''ဟဲ့ လက်ာ စိတ်တွေ ဘယ်ရောက်နေတာလဲ''

''ဘယ်မှမရောက်ပါဘူးဟ၊ ဘာဖြစ်လို့လဲ''

''အပိုတွေ ငါမေးနေတာကို နင်မကြားဘူး မဟုတ်လား၊ ကဗျ ကိုတွေ့ခဲ့တဲ့ ရှော့ပင်းမောလ်ကို ထပ်သွားရှာသေးလားဆိုတာလေ''

လက်ာ တကယ်မကြားခဲ့ခြင်းပါ။ ဒါပေမဲ့ သုတကို ဝန်မခံချင် တာမို့ မျက်စောင်းပဲ ထိုးပစ်လိုက်သည်။

''ငါ သွားရှာပါသေးတယ်၊ နေ့ဘက်တော့ မဟုတ်ဘူးပေ့ ညဘက် ဟိုတယ်ကပြန်တဲ့အချိန်၊ အဲဒီရှော့ပင်းမောလ်က ဆိုင်ခန်းတွေ လည်း အများကြီးဆိုတော့ သူများတစ်နေရာရာမှာ အလုပ်လုပ်နေတာ လားဆိုပြီးတော့ပါ''

''ငါထင်ပါတယ်၊ နင်ပြန်သွားမရှာဘဲတော့နေမှာ မဟုတ်ဘူး တာ''





''ဒါပေမဲ့ ငါ လုံးဝကို အစအန မတွေ့တော့တာလေ''

''ပုန်းနေတဲ့သူကို ငါတို့လွယ်လွယ်နဲ့တော့ ဘယ်ရှာတွေ့ပါ့မလဲ လက်ာရယ်''

သုတက အေးစက်စွာ ပြောသည်။ ဘယ်တော့မှ ရှာမတွေ့ တော့ရင် လက်ာ ကြုံတွေ့ခဲ့ရသော အဖြစ်ဆိုးကြီးက ပျောက်သွားမှာမို့ လို့လား။ သူတို့လုပ်ခဲ့သော လုပ်ရပ်တွေကရော ပျောက်ပျက်သွားမှာမို့ လို့လား။ ပုန်းရှောင်တယ်ဆိုတာ အပြစ်သားတွေရဲ့အလုပ်ပဲလေ။

အင်းလေ ဟုတ်တော့လည်း ဟုတ်နေတာပဲ၊ ရင်နဲ့မဆန့်အောင် လက်ာ ခံစားနာကျင်နေခဲ့ရသည့် အဖြစ်တွေအတွက် ကဗျာကိုယ်တိုင်က အပြစ်ကျူးလွန်ခဲ့သော တရားခံတစ်ယောက် မဟုတ်လား။ သူ့ကို သိပ် ချစ်ခဲ့သော အစ်မကို မျက်နှာချင်းပြန်ဆိုင်ရန် ခက်ခဲနေခဲ့မှာပေါ့။

''ဒါနဲ့ မင်းသွေးစက်တောင် ဆိုင်ဘက်မလာတော့တာ တော် တော်ကြာပြီနော်''

''သူ့ကိုငါ ညဘက်လုပ်ရမယ့် အိမ်စာတွေ ပေးထားတယ်လေ''

''ဟား ဟား ဘာများလဲဟ''

''ငါတို့ဟိုတယ်က ဗွီအိုင်ပီလူစာရင်းတွေနဲ့ သူတို့လုပ်ငန်း အကြောင်းတွေ ဒါရိုက်တာအဖွဲ့ဝင်တွေနဲ့ သူတို့ရဲ့ရှယ်ယာတွေအကြောင်း''

''မင်းသွေးစက်တော့ စိတ်ညစ်နေတော့မှာပဲ''

''ဝါသနာမပါခဲ့တဲ့ အလုပ်ဆိုတော့ သူ့အတွက် ခက်ခဲမှာတော့ အမှန်ပဲပေါ့။ ဒါပေမဲ့ ခုနောက်ပိုင်း သူ သေချာလုပ်ပါတယ်၊ သူ့အဖေ ပျိုးထောင်ခဲ့တဲ့ ဟိုတယ်ကို သူပဲ ထိန်းသိမ်းစောင့်ရှောက်ရမယ်ဆိုတာ လည်း သူ ကောင်းကောင်းသဘောပေါက်တယ်လေ''

''အင်း နင်လည်း တစ်နေ့တစ်နေ့ ဟိုတယ်ရယ် မင်းသွေးစက် ရယ်နဲ့ တော်တော်ပင်ပန်းမှာပဲနော်''



www.burmeseclassic.com

www.burmeseclassic.com



သုတအပြောကြောင့် လက်ာ မျက်မှောင်ကြီးကျုံ့သွားမိသည်

''ဟိုတယ်မှာ ပင်ပန်းတယ်ဆိုတာကိုတော့ လက်ခံပါရဲ့၊ ဒါပေ မင်းသွေးစက်ကြောင့် ငါက ဘာပင်ပန်းစရာရှိလို့လဲ''

''ငါလည်း ရိပ်မိသင့်သလောက်တော့ ရိပ်မိပါတယ်၊ သူက တစ်ယောက်တည်းဖြစ်နေတော့ အထီးကျန်နေရှာတာ၊ အနားမှာ နေ့တိုင် ထိတွေ့နေရတာကလည်း နင်ပဲရှိနေတာဆိုတော့ နင့်နောက်ကို ကလေ တစ်ယောက်လို လိုက်ကပ်နေတယ်မဟုတ်လား''

''အောင်မာ နင်က အတိအကျကို ပြောနေတော့တာပါလား''

လက်ာက စောဒကတက်ချင်စွာ သုတကို ခပ်စွာစွာလေး ပြော လိုက်သည်။

''ငါ ခန့်မှန်းတာ မှန်မမှန် နင်အသိဆုံးဖြစ်မှာပါ လက်ာရယ် မဟုတ်ရင် နင်တို့နှစ်ယောက် ဒီလောက် နီးစပ်စရာအကြောင်းမှ မရှိတ''

''နင်က ငါတို့နှစ်ယောက်ကို နီးစပ်နေတယ်လို့ မြင်နေတာ လား''

''ဒါလည်း နင်အသိဆုံးပဲမဟုတ်ဘူးလား လက်ာ''

ခဏတာ စကားလုံးများ ပျောက်ရှသွားသလို လက်ာ ငြိမ်သက် သွားမိသည်။ လက်ကျန်ကော်ဖီကို မော့သောက်ချလိုက်၏။

''ငါက သူ့ကိုကူညီချင်တာပါ''

တိုးတိုးလေး ပြောလိုက်မိသော လက်ာ့စကားကို သုတ ကြား မကြားမသေချာပေမယ့် ကူညီချင်ရုံသက်သက်ဆိုတာထက် ပိုသော ခံစား ချက်တစ်ခု ရင်မှာဖြစ်တည်နေပြီဆိုတာတော့ ကိုယ်တစ်ယောက်တည် သာ တိတ်တဆိတ် သေချာနေခဲ့၏။

■ ■ ■



''ခန်းမထဲမှာထားမယ့် ခရစ်စမတ်သစ်ပင်ကို တခြားနှစ်တွေ ထက် ပိုကြီးအောင် လုပ်မယ်၊ ဒါကလည်း ဆွဲဆောင်မှုတစ်ခု ဖြစ်သွား တယ်လေ''

''ကောင်းပါတယ် သွေး''

''ကျွန်တော် ဟိုမှာနေတုန်းက ခရစ်စမတ်ရာသီရောက်ပြီဆို ဘယ်သစ်ပင်က အကြီးဆုံးလဲ အရှည်ဆုံးလဲဆိုပြီး သူငယ်ချင်းတွေနဲ့ လိုက်ကြည့်ကြတာလေ''

''အခု သွေးက ဘယ်လိုလုပ်ဖို့ စဉ်းစားထားလဲ''

မင်းသွေးစက်ရဲ့အိမ်လေးထဲမှာ လက်ာတို့နှစ်ယောက် လာမယ့် ခရစ်စမတ်အတွက် တိုင်ပင်ဆွေးနွေးနေကြခြင်း ဖြစ်သည်။

''အစစ်တော့ မရနိုင်ဘူးပေါ့၊ ကျွန်တော့်မိတ်ဆွေတစ်ယောက် ကို လှမ်းမှာထားလိုက်တယ်၊ ဒီတစ်ပတ်အတွင်းကို သူဟိုကနေ လှမ်း ပေးလိမ့်မယ်၊ ပေသုံးဆယ်နီးနီးလောက် ရှိတယ်လို့ ပြောတာပဲ''

လက်ာတို့ ဟိုတယ်ညှော်ခန်းမဆောင် အမြင့်က ပေငါးဆယ် လောက်ရှိတာမို့ မင်းသွေးစက် မှာထားသော ခရစ်စမတ်သစ်ပင်သာ ရောက်လာလိုက်ရင် တကယ့်ကို လှပခန့်ညားသွားမှာပါ။

''ဒီတစ်ခါတော့ ကျွန်မတောင် မသိလိုက်ရဘဲ မန်နေဂျင်းက ဆက်သွက်သွားတာပေါ့''

''ဟိုးတစ်ရက်က အွန်လိုင်းမှာ သူနဲ့စကားပြောတော့ အဲဒီ အိုင်ဒီယာလေးရတာနဲ့ ချက်ချင်းမှာဖြစ်သွားတာပါ၊ မမကို တမင်ကျော် တာ မဟုတ်ပါဘူး''

ပျာပျာသလဲ ရှင်းပြနေသော သူ့ကြောင့် လက်ာပင် ပြန်အားနာ သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



''အို ဒီကိစ္စက ကျွန်မကို ခွင့်တောင်းနေရမယ့်ဟာမှ မဟုတ်တာ၊ သွေးက ဒီဟိုတယ်မှာ ရာထူးအကြီးဆုံးပဲလေ၊ အားလုံးကို သွေးစိတ်ကြိုက်လုပ်နိုင်ပါတယ်၊ ပြီးတော့ ကျွန်မက သွေးကိုယုံတယ်၊ ဘယ်တော့မှ ဟိုတယ်အပေါ်ကို ဆုတ်ယုတ်အောင် လုပ်မှာမဟုတ်မှန်း''

''ကျွန်တော့်ကို ယုံတဲ့အတွက် ဝမ်းသာပါတယ် မမရယ်''

သူ့အသံက လိုက်လိုက်လှဲလှဲ။

''ကျန်တာတွေကိုတော့ အရင်လိုပဲ စီစဉ်လိုက်မယ်နော် သွေး''

''ကောင်းပါတယ် မမ၊ ထုံးစံအတိုင်း အခန်းခတွေကို 25% Discount ထားမယ်၊ အထူးဧည့်ဝန်ဆောင်မှုပါမယ်၊ အဓိကကတော့ ဒီနိုင်ငံမှာနေထိုင်ပြီး လုပ်ငန်းလုပ်နေတဲ့ နိုင်ငံခြားသားတွေအတွက်ပေါ့''

အလည်အပတ်လာရောက်သော နိုင်ငံခြားခရီးသွားများကိုတော့ ဒီရာသီမှာ လက်ခံတို့မျှော်လင့်လို့ မရ။ ခရစ်စမတ်မှာ မိသားစုနှင့်အတူ ဆင်နွှဲကြဖို့ ဘယ်ကိုရောက်နေနေ ကိုယ့်အိမ်ကိုယ်ပြန်ကြတာက သူတို့ထုံးစံမဟုတ်လား။

''ရှယ်ယာအပိုင်းတွေ လေ့လာနိုင်းထားတာရော အဆင်ပြေရဲ့လား သွေး''

''ပြေပါတယ် မမ၊ ဒုတိယအများဆုံး ရှယ်ယာရှင် ဦးရန်နိုင်က ဟိုတယ်ကိုလာတာ သိပ်မတွေ့ရဘူးနော်၊ မန်နေဂျင်းမိတ်ဆက်ပွဲတုန်းကရယ်၊ ဟိုတစ်ခါက မင်္ဂလာနှစ်ပတ်လည် ညစာလာစားကြတော့မှ ကျွန်တော် သူ့ကိုအပြင်မှာ မြင်ဖူးတာ''

''ဟုတ်တယ် ဒါရိုက်တာအဖွဲ့ဝင်အစည်းအဝေးလိုမျိုးမှ ရောက်လာတတ်တယ်၊ များသောအားဖြင့်တော့ သူ့ရဲ့တခြားလုပ်ငန်းတွေထဲမှာပဲ ရုံးထိုင်လေ့ရှိတာလေ''





''အဲဒီ ဦးရန်နိုင်နဲ့ ကိုအုပ်စိုးနဲ့က တော်တော်ရင်းနှီးသလိုပဲနော်၊ သူတို့မိသားစု ညစာလာစားကြတုန်းက ကိုအုပ်စိုးပါ တစ်ဝိုင်းတည်း ဝင်ထိုင်စားနေတာ ကျွန်တော် တွေ့လိုက်လို့လေ''

''အင်း ဟုတ်တယ်၊ သူတို့နှစ်ဦးက ဒီဟိုတယ်မှာ ရှယ်ယာတူတူ ဝင်ကြတာလေ၊ ဟိုတယ်ကို ရောက်မလာခင်တုန်းကလည်း အပြင်လုပ်ငန်းတွေမှာ လက်တွဲလုပ်ခဲ့ဖူးတယ်''

''သြော် ဒါဆို တော်တော်လေး ရင်းနှီးတဲ့ ဆက်ဆံရေးမျိုးနဲ့ တူတယ်''

''ဟုတ်တယ် နှစ်တွေလည်း ကြာပြီဆိုတော့ တစ်ယောက်နဲ့ တစ်ယောက် တော်တော်လေး ရင်းနှီးကြပါတယ်''

''နွားနို့သောက်ဦးလေ''

လက်ဘက်ရည်မှာ မလိုင်ဖတ်များဖြင့် အပေါ်ယံတင်းနေသော နွားနို့ တစ်ခွက်။

''မင်းအိမ်လာတိုင်း နွားနို့သောက်ခိုင်းနေရတာ တဖြည်းဖြည်း ဝလာတော့မယ်နဲ့ တူတယ်''

ရယ်ရယ်မောမောနှင့် သူမ စနောက်လိုက်လျှင် သူပါ လိုက်လံ ရယ်မောသည်။

သူ့ရယ်သံတွေက ကလေးတစ်ယောက်လို အပြစ်ကင်းစင်နေ တတ်တာ၊ လက်ဖက်ရည်ခုန်သံတွေကို မြန်ဆန်လာစေနိုင်တာ၊ အရွယ်ရောက်ပြီး သန်မာကြံ့ခိုင်သော ယောကျ်ားတစ်ယောက်ကို လက်ဖက်စိတ်ထဲမှာတော့ ကလေးငယ်တစ်ယောက်လို ချစ်ခင်သွားခဲ့မိတာ၊ လက်ဖက် တစ်ယောက်တည်းကြိတ်ပြီး အကြိမ်ကြိမ် ဝန်ခံခဲ့မိသော အမှန်တရားပါပဲ။

''ဘာတွေကြည့်နေတာလဲ မမရဲ့''



www.burmeseclassic.com

www.burmeseclassic.com



သတိလက်လွတ်စွာနှင့် သူ့ကိုငေးမောကြည့်နေမိသော လက်ာ့ကို သူ သတိထားမိသွားပြီလား။ အသိတရားပြန်ဝင်လာချိန်မှာ အကြည့်ကို ခပ်မြန်မြန် လွှဲဖယ်ပစ်လိုက်ပေမယ့် ရင်ထဲမှာတော့ တဒိတ်ဒိတ် တုန်ယင်နေမိသည်။

''ဘာမှမကြည့်ပါဘူး''

သူမကို စိုက်ကြည့်နေသော သူ့မျက်ဝန်းတွေက တစ်ခုခုကို ရှာဖွေတွေ့ရှိထားသည့် သေချာမှုမျိုးတွေနှင့်။ သူ့ရှေ့မှာ ကြာကြာဆက်ပြီး ထိုင်နေဖို့ မလုံခြုံနိုင်တော့စွာ လက်ာ ပြန်ရန်ပြင်လိုက်သည်။

''ပြန်တော့မလို့လား မမ''

''အင်း ဆယ်နာရီတောင် ထိုးတော့မယ်လေ''

''ဟုတ်သားပဲ ဒါဆိုလည်း မနက်မှပဲ တွေ့မယ်နော် မမ၊ ကားကို ဂရုစိုက်မောင်းနော်''

ခေါင်းတစ်ချက် ခပ်လျှမ်းလျှမ်း ညိတ်ပြလိုက်ပြီး သူ့ရှေ့ကနေ အသွက်လက်ဆုံးသော ခြေလှမ်းများဖြင့် လက်ာ ထွက်ခဲ့မိ၏။ ကားမောင်းနေရသောတစ်လျှောက်လုံး လက်ာ့အာရုံတွေထဲမှာ မင်းသွေးစက်အကြောင်းကသာ နေရာအပြည့်ယူထားခဲ့သည်။

မင်းသွေးစက်လို အရာရာပြည့်စုံနေသည့် ယောကျ်ားတစ်ယောက်ကို လက်ာ စိတ်ထဲကနေ နိုးချစ်နေခဲ့မိတာ မဖြစ်သင့်ဆုံးသော ခံစားချက်တစ်ခုလား။ သူ သိချင်ပါသည်ဆိုသော လက်ာ့အတိတ်အကြောင်းကိုတောင် ဖွင့်မပြောပြနိုင်သည့် မိန်းမတစ်ယောက်ဟာ သူမအပေါ်မှာ ရိုးသားစွာနှင့် မာန်မာနမဲ့စွာ ဆက်ဆံခဲ့သော ယောကျ်ားတစ်ယောက်ကို ချစ်ဖို့ ထိုက်တန်ရဲ့လား။

သစ္စာတရားမဲ့သော ယောကျ်ားတစ်ယောက်ကြောင့် လက်ာ့





ဘဝမှာ အချစ်ဆိုတာကို မယုံကြည်နိုင်တော့လောက်အောင် ခါးသီးခဲ့ရတာ၊ သံသာလေးတစ်သက်လုံးစာလောက် အချစ်ကို နာကြည်းနေခဲ့မိတာ၊ ဒါတွေအားလုံးဟာ မင်းသွေးစက်နှင့်ဆုံဆည်းပြီးမှသာ ပြောင်းပြန်ဖြစ်ခဲ့ရတာလေ။ အချစ်ဆိုတာကြီးက လက်ာ့ သတိမထားလိုက်မိတဲ့အချိန်မှာပဲ ရင်ဘတ်ထဲက နှလုံးသားထဲကို ဝင်ရောက် နေရာယူပြီးနေခဲ့ပြီ။

လက်ာ အကြိမ်ကြိမ် ငြင်းဆန်နေခဲ့သည့်ကြားမှပင် နှလုံးသားထဲကို မင်းသွေးစက် တစ်စတစ်စ ဝင်ရောက်နေခဲ့တာ ခုဆို ဘယ်လိုနည်းနဲ့မှ ပြန်ထုတ်ပယ်ပစ်ဖို့ မရတော့လောက်အောင်ထိ။

■ ■ ■

''ညှော်ကြိုဝန်ထမ်းသစ်လေးတွေနဲ့ Waitress လေးတွေ ဘယ်နှယောက်လောက်ရလဲ ကိုကျော်မင်း''

''ကျွန်တော်တို့ စီလီအတွက်က ခုနစ်ယောက်ပဲ ခေါ်ထားလိုက်တယ်၊ ပြင်ဦးလွင်အတွက်ကိုတော့ နောက်ပိုင်းမှာပဲ ထပ်ခေါ်ဖို့ စီစဉ်ထားတယ်''

''ဒါဆိုလည်း အဲဒီဝန်ထမ်းလေးတွေကို ထရိန်နင်ကာလမှာကိုတယ်နဲ့တစ်သားတည်းဖြစ်နေအောင် ကိုကျော်မင်းကပဲ တာဝန်ယူသင်ကြားပေးပါနော်''

''ခု သူတို့ အလုပ်စဝင်တဲ့နှစ်ရက်အတွင်းမှာတော့ ကျွန်တော်စိုက်ကြည့်ရသလောက် အားလုံးအရည်အချင်း ပြည့်မီပါတယ်၊ ဘာသာစကားကျွမ်းကျင်မှုလည်း တော်တော်အဆင်ပြေတယ်''

ကိုကျော်မင်းဆီက စကားကြားရတာ လက်ာ အားတက်မိသည်။ ဦးမင်းမျိုးဆက်လက်ထက်တည်းက အကောင်အထည်ဖော်နေခဲ့သော ပြင်ဦးလွင် အပန်းဖြေစီမံကိန်းက နောက်နှစ်ပတ်လောက်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်လို့ရပြီ၊ အဲဒီအတွက်လည်း လိုအပ်နေတဲ့ ဝန်ထမ်းအရေအတွက် များစွာကို အသစ်ခေါ်ယူပြီး ရန်ကုန်စီလီမှ ဝန်ထမ်းအဟောင်းများနှင့် တွဲဖက်ခန့်ထားမည် ဖြစ်သည်။

''ညကျ မမနဲ့အတူ ကျွန်တော်လည်းလိုက်ပြန်မယ် သိလား''

''ဟင် ဘယ်ကိုလိုက်ပြန်မှာလဲ မန်နေဂျင်း''

''ကိုသုတဆိုင်ကို မရောက်တာ ကြာလို့ပါ''

''ကျွန်မက ညကျရင် သုတဆီသွားမယ်လို့လည်း မပြောမိပါဘူး ပြီးတော့ ဒီနေ့က ဒီဇင်ဘာ ၂၄ နော်၊ ဟိုတယ်မှာ ညစာစားမယ့်သူတွေ ပြည့်နေမှာ၊ အပြန်နောက်ကျမှာ မန်နေဂျင်းရဲ့''

''အလုပ်တွေပြီးမှ သွားကြတာပေါ့နော်၊ ကျွန်တော့်စိတ်ထွေ မွန်းကျပ်နေလို့ပါဗျာ၊ စန္ဒယားလေးတီးမယ်၊ ဝိုင်လေးသောက်မယ်လေ မကောင်းဘူးလား၊ သွားရအောင်နော် မမ''

''ကျွန်မ သုတဆီ ဖုန်းဆက်မေးလိုက်ဦးမယ်၊ ကျွန်မတို့ ညှော်ခံဖို့ သူ အားတယ်ဆိုရင်တော့ သွားကြတာပေါ့နော်''

''ဒါဆို ကျွန်တော်စောင့်နေမယ်နော် မမ''

ဒီညက ခရစ်စမတ်အကြိုညမို့ သုတဆိုင်မှာ ဧည့်သည်ကျတာ သည်။ ဒါကြောင့်လည်း ခါတိုင်းလိုမဟုတ်ဘဲ ဖုန်းအရင်ဆက်မေးရခြင်း ဖြစ်သည်။ ဘယ်လောက်ပဲ ခင်မင်ရင်းနှီးနေပါစေ စီးပွားရေးကိုထော ထိခိုက်အောင်လုပ်လို့ မကောင်းဘူးမဟုတ်လား။ သုတဆိုတဲ့လူက လာ ရောက်နေရင် ကျန်တာတွေကို သိပ်အာရုံထားတော့တာ မဟုတ်ဘူးလေ

''ဒီည နင့်ဆိုင်မှာ ဘွတ်ကင်တွေ ပြည့်နေမှာပေါ့''

''ဟုတ်တယ် လက်ာရေ၊ ခုတည်းက ငါ မီးဖိုချောင်ဝင်နေ တယ်''





''ဟယ် ဆောရီးနော် သုတ၊ ငါ နောက်မှပြန်ခေါ်လိုက်မယ်''

''ဆက်ပြီးမှတော့ ပြောစရာရှိတာ ပြောပါ''

''မင်းသွေးစက်က ညကျရင် နင့်ဆိုင်ကို လာချင်နေတယ်၊ ဒါက နင့်ကိုအားနာလို့၊ ဧည့်သည်တွေများမှာသိတယ်လေ''

''နင်တို့လည်း အလုပ်များမှာချင်း တူတူပဲမဟုတ်လား''

သုတ အမေးကြောင့် လက်ာ ပြုံးမိသည်။

''အေးဟာ၊ အဲဒီတစ်ယောက်က တာကယ့်ကို တဖွတ်ထိုးပဲ''

''အဲဒီ တဖွတ်ထိုးကို နင်မနိုင်ဘူး မဟုတ်လား''

''ကဲပါ အလုပ်များနေတဲ့သူကလည်း စကားရှည်လိုက်တာ''

သုတစကားက အမှန်တရားမို့ ရှက်ရှက်နှင့်ပင် သူ့ကို ပြန် အော်ပစ်လိုက်၏။

''နင်တို့ပြီးရင် ထွက်ခဲ့လေ၊ နင်တို့ပြီးတဲ့အချိန်လောက်ဆို ငါ့ ဆိုင်လည်း လူရှင်းလောက်ပါပြီ''

''အိုကေဟာ၊ ဒါဆို ညကျမှ တွေ့မယ်နော်''

ဖုန်းချလိုက်သည်နှင့် နောက်ထပ်ဖုန်းတစ်ခုက ဆက်တိုက်ဝင် လာခဲ့သည်။ သံသာ့ဆီမှ ဖြစ်၏။

''သမီး ပြော၊ ဘာဖြစ်လို့လဲ''

''သမီး အခု ဟိုတယ်ထဲရောက်နေတယ် ကာကာ''

''ဟင် ဟိုတယ်ထဲရောက်နေတယ် ဟုတ်လား။ မနေ့ရော ဘယ်သူ ပါသေးလဲ သမီးက ဘာလာလုပ်တာလဲ''

လက်ာ စိတ်ပူပန်စွာ မေးလိုက်မိသည်။ တစ်ဖက်မှ သမီး၏ အသံချိုချိုလေး ကြားရ၏။

''ကျူရှင်ကအပြန် ဟိုတယ်ထဲကို လှမ်းကြည့်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



ခရစ္စမတ်ဘိုးဘိုးကြီးကို တွေ့လိုက်လို့ အန်တီ့နကို အတင်းပူဆာပြီး ဝင်လာတာလေ''

''ဟင်''

ဒီလောက်ဆိုရင်တော့ သံသာလေး ဟိုတယ်ထဲရောက်နေတာ သေချာပါပြီ။ ခရစ္စမတ်ဘိုးဘိုးကြီးအဖြစ် ဝတ်ဆင်ထားသည့် ဝန်ထမ်းလေးရှိရာ အပေါက်ဝဘက်ဆီ လက်ာ အပြေးတစ်ပိုင်း လာခဲ့လိုက်သည်။

ဟော ဟိုမှာ တွေ့ပါပြီ။ စန်တာနဲ့အတူတွဲပြီး ဓာတ်ပုံအရိုက်ခံနေသော သံသာ။ မနုမှာ ဖုန်းတစ်လုံးနှင့် သမီးအိုက်တင်ပေးသမျှ မလွှတ်တမ်း ရိုက်ပေးနေရသည်။

''မနု''

''ဟော လက်ာ ရောက်လာပြီလား။ ဒီမှာလေ သံသာက ဘယ်လိုမှ တားမရဘူး''

''ရပါတယ် မနု၊ မထူးပါဘူး ရောက်တုန်းရောက်ခိုက် ဒီမှာပဲ ညစာစားသွားကြပေါ့''

သံသာလေးကို စန်တာကလော့ဘိုးဘိုးကြီးက ကြမ်းပြင်မှာ ချထားသော လက်ဆောင်ထုပ်ကြီးထဲမှ ရွှေဝါရောင်ဆံပင်ရှည်များဖြင့် လှပချောမောသည့် ဘာဘီအရုပ်မလေး ထုတ်ပေးလိုက်တော့ သံသာ အလွန်ပျော်ရွှင်သွားသည်။

'' Thank You Santa ''

ညှော်သည်တွေနှင့်ပါလာသော ကလေးများအတွက် ဒါက လက်ာတို့ဘက်က စီစဉ်ပေးထားသော မေတ္တာလက်ဆောင်ပေါ့။ မနုနှင့်သံသာကို စားပွဲတစ်ခုမှာ နေရာချထားပေးခဲ့ပြီး လက်ာကတော့ လုပ်စရာရှိသည်များ ဆက်လုပ်နေလိုက်သည်။





''သမီးက ပုစွန်မစားဘူး အန်တီ''

ကျားပုစွန်များကို လှပစွာ စီထားသော ဟင်းပွဲကိုကြည့်ပြီး လာချပေးသော စားပွဲထိုးမလေးကို သံသာ နှာခေါင်းလေးရှုံ့လျက် ပြောသည်။

''ဒါဆို သမီးလေးက အန်တီနဲ့တူတာပေါ့''

''အန်တီလည်း သမီးလိုပဲ ပုစွန်မစားဘူးလားဟင်''

''ဟုတ်တယ်၊ အန်တီ ငယ်ငယ်တည်းက ပုစွန်မကြိုက်ဘူး''

''သမီးက ပုစွန်မကြိုက်လည်း ဒီမှာ တခြားအသားတွေ ရှိတယ်လေ သံသာလေးရဲ့''

အတိုင်အဖောက်ညီနေသော သံသာနှင့်စားပွဲထိုးမိန်းကလေးကို ကြည့်ပြီး မနု ဝင်ပြောလိုက်သည်။ သံသာက အဲဒီလိုပဲ ငယ်ငယ်တည်းက ပုစွန်ဆို လုံးဝကျွေးလို့မရ။ လက်ာက ပုစွန်ကြိုက်သလောက် သံသာကတော့ ပုစွန်ဆို လုည့်ပင်မကြည့်။ လက်ာ့အတွက် ပုစွန်ချက်ပေးရသည့် သံသာ့အတွက်က ဟင်းတစ်မျိုးသက်သက် ထပ်ချက်ပေးရသည်။

''ဟယ် စန်တာဘိုးဘိုးကြီးဆီက အရုပ်လေးရခဲ့တာလား''

''ဟုတ်တယ် အန်တီ၊ လှတယ်နော် ဘာဘီလေးက၊ အန်တီနဲ့တောင် တူသေးတယ်၊ ဆံပင်ရွှေရောင်လေးတွေလေ''

''ဪ ဟုတ်ပါပြီ၊ ကျေးဇူးတင်ပါတယ် သမီးလေးရယ်''

မျက်နှာတစ်ခုလုံး ပြောင်ရှင်းနေအောင် ဆံပင်များကိုသပ်တင်ထားလျက် အနောက်ဘက်မှာ ဆံထုံးပုံ့ပုံ့လေး ထုံးထားသော စားပွဲထိုးကောင်မလေးက မျက်နှာလေးလှသလောက် စကားပြောလည်း ချည်မွန်သသည်လို့ မနုစိတ်ထဲကနေ ချီးကျူးနေမိသည်။ အသားဖြူဖြူ ပိန်ပိန်သွယ်သွယ် မိန်းကလေးသည် ကြည့်ရင်းကြည့်ရင်း မနု မြင်ဖူးနေသလိုလို



www.burmeseclassic.com

www.burmeseclassic.com



ခံစားလာရသည်။ ဘယ်မှာတွေ့ဖူးတာပါလိမ့်။ စဉ်းစားလို့လည်းမရ။

''ဒါဆို အန်တီရော သမီးလေးရော သုံးဆောင်ပါဦးရှင်''

''သမီးက စားပြီးသွားရင်လည်း ဒီမှာနေဦးမှာ၊ သမီးအဒေါ်က ဒီဟိုတယ်က မန်နေဂျာကြီးလေ''

စားပွဲထိုးလေးမျက်နှာ အံ့သြသွားသလို မျက်ခုံးလေးများ ပင့်တက်သွားသည်။

''သမီး စားသောက်ပြီးရင် အန်တီနဲ့ဆော့မယ်နော်''

''ဪ ဟုတ်ပါပြီ သမီးရယ်၊ လောလောဆယ်တော့ အန်တီ တခြားဝိုင်းတွေကို ဧည့်ခံရဦးမယ်ကွဲ့၊ ခွင့်ပြုပါဦးရှင်''

မနုကိုကြည့်ပြီး ချိုသာစွာ နှုတ်ဆက်သွားသော မိန်းကလေးကို အပြုံးဖြင့် ပြန်နှုတ်ဆက်လိုက်ရသော်လည်း ခုချိန်ထိ စိတ်ထဲမှာ ဇဝေဇဝါ။ နာမည်ကဒ်ပြားလေးကို ဖတ်မကြည့်လိုက်မိတာ နာတာပဲလို့ ကိုယ့်ဘာသာ အပြစ်တင်လိုက်မိသေးသည်။

သမီးက ပုစွန်မစားသည်မို့ ဒီညစာကတော့ မနုအတွက် တကယ့်ကို အချီကြီး ပွသွားတာပဲဖြစ်သည်။ စားပွဲနှင့်အပြည့် စားသောက်စရာများကို အားရပါးရ စားသောက်ပြီးသွားတော့ ခပ်လှမ်းလှမ်းမှာ မတ်တပ်ရပ်နေသည့် ခုနက စားပွဲထိုးမလေးဆီ သံသာက ပြေးထွက်သွား၏။

အဲဒီအချိန်မှာပဲ စားပွဲရှိရာသို့ လက်ာ ရောက်လာခြင်းဖြစ်သည်။

''သံသာရော မနု''

''ဟိုမှာလေ ဝန်ထမ်းကောင်မလေးကို သွားစကားပြောနေတာ''

''ဪ ဒီကလေး ခက်တော့တာပဲ''

နှုတ်ကလည်း တီးတိုးရေရွတ်လျက် သံသာ့ဆီ လက်ာ လျှောက်





ခဲ့သည်။ သမီးနှင့်ငုံ့စကားပြောနေသော ဝန်ထမ်းမိန်းကလေးကို ခပ်ဝေးဝေးကနေ ဘယ်သူဆိုတာ လက်ာ မှန်းလို့မရ။ ဒီတစ်ခါ အသစ်ခေါ်သည့်ထဲက ဝန်ထမ်းလေး ဖြစ်ပါလိမ့်မည်။

''သမီး သူများတကာ အလုပ်လုပ်နေတာကို အနှောင့်အယှက် ပေးနေတယ် ဟုတ်လား''

လက်ာ့အသံကြောင့် သံသာ အလန့်တကြားနှင့် လှည့်ကြည့်သည်။ စားပွဲထိုးမိန်းကလေးလည်း အသံလာရာဆီ မော့ကြည့်လိုက်၏။ အဲဒီအချိန်မှာပဲ လက်ာ့မျက်လုံးတွေ ပြူးကျယ်သွားတာ၊ ရှေ့ကိုခြေတစ်လှမ်းဆက်လှမ်းဖို့တောင် ကြောင်အမ်းရပ်တန့်နေမိတာ၊ အသက်ရှူဖို့တောင် သတိမရနိုင်တော့တာ။

တစ်ယောက်ကိုတစ်ယောက် သတိလက်လွတ် ငေးကြည့်နေမိကြရာက ပထမဆုံး လှုပ်ရှားသက်ဝင်လာသူက စားပွဲထိုးမိန်းကလေးဖြစ်သည်။ တစ်နေရာရာကို ထွက်ခွာသွားဖို့ ကြိုးစားလိုက်ခြင်း။ သို့သော် မိန်းကလေး ကံဆိုးသွားပါသည်။ လက်ာတို့နားသို့ ကိုကျော်မင်းရောက်လာသောကြောင့်ပါ။

''ဟိတ် ဘယ်သွားမလို့လဲ၊ မင်းက ဒီနေရာမှာ တာဝန်ကျတာ မဟုတ်လား။ ပြီးတော့ ဂျီအမ့်ရှေ့မှာ မင်းက ဘယ်ကိုသွားဖို့ လင်းနေတာလဲ၊ ဆောရီး ဂျီအမ် ဒါ ကျွန်တော်တို့ ဟိုတစ်ရက်က ထပ်ခေါ်ထားတဲ့ ဝန်ထမ်းသစ်ပါ''

ကိုကျော်မင်းရဲ့အနည်းငယ်မာသော လေသံကြောင့် မိန်းကလေးခြေလှမ်းတွေ ရပ်တန့်သွားသည်။

''ဘယ်လိုဖြစ်တာလဲ ဂျီအမ်''

''ဝန်ထမ်းသစ်တွေကို ကျွန်မလည်း ခေါ်မတွေ့ရသေးတော့



www.burmeseclassic.com

www.burmeseclassic.com



သူတို့မသိလို့ ဖြစ်သွားတာနေမှာပါ''

''ဒါ ငါတို့ဟိုတယ်က အထွေထွေမန်နေဂျာ ဒေါ်လက်ာချိုပဲ မင်းရဲ့အပြုအမူတွေကို နောက်ဆို သတိထားပါ၊ အခုကတော့ မသိခဲ့လို့ ခွင့်လွှတ်လိုက်မယ်''

အနားကနေ ကိုကျော်မင်း ထွက်သွားတော့ သံသာက လက်ာ့ လက်ဖျားလေးများကို ဆွဲခါလှုပ်ရမ်းလျက်

''ဒီအန်တီ့ကို ဘာလို့ ဦးဦးက ဆူသွားတာလဲဟင် ကာကာ သမီးနဲ့ စကားပြောနေမိလို့လား''

''သမီးကြောင့် မဟုတ်ပါဘူးကွယ်''

''တော်သေးတာပေါ့၊ သမီးကြောင့် အဆူခံရတာထင်လို့ စိတ် မကောင်းဖြစ်သွားတာ''

''သမီးနဲ့ ဘာမှမဆိုင်ပါဘူး''

မနုကို လှမ်းခေါ်လိုက်ပြီး သမီးကိုခေါ်ကာ ပြန်စေလိုက်သည်။ မနုလက်ကိုဆွဲပြီး ထွက်သွားသော သံသာ့ကို လိုက်ကြည့်နေသည့် အဲဒီ မျက်ဝန်းတွေကို လက်ာ နားလည်ပေးလို့မရပါ။

ရင်ဘတ်က နာမည်ရင်ထိုးလေးကို လှမ်းဖတ်ကြည့်လိုက်ပြီး လက်ာ ရင်ထဲမှာ နာကျင်စွာ ပြုံးလိုက်မိသည်။ 'ကဗျာချို' တဲ့၊ ဖေဖေက မြတ်နိုးစွာပေးခဲ့သော နာမည်လေး။ ညီအစ်မနှစ်ယောက်ကို လက်ာချို နှင့်ကဗျာချိုဆိုပြီး လှပစွာ မှည့်ပေးခဲ့သည်။ မိန်းကလေးဆန်စွာ ချစ်ခင် ဖွယ်ကောင်းသော နာမည်လေးတွေ။ ငယ်ငယ်က ကျောင်းတက်တုန်းက ဆို နာမည်လေးနှစ်ခုက ဆင်တူလေးမို့ မေးစရာမလိုတဲ့နှင့် ညီအစ်မတွေ မှန်း အားလုံးက သိခဲ့ကြတာ။

သမီးလေးကို နာမည်ပေးဖို့ ဖြစ်လာတော့လည်း လက်ာတို့





နာမည်လေးနှင့်ဆင်တူအောင် သံသာချို ဆိုပြီး လက်ာကိုယ်တိုင်ပေးခဲ့ တာ။

''ဒီမှာ ဘာလုပ်နေတာလဲ''

မနည်းအားတင်းကာ ပြောလိုက်ရသော စကားလုံးများက မာ ဆတ်ဆတ်ဖြစ်နေတာတော့ လက်ာ့ဘာသာ သိနေပါသည်။

''ဒီဟိုတယ်မှာ ကာကာရှိနေမှန်း ကဗျာ လုံးဝမသိပါဘူး''

''သြော် ဟော့ မသိလို့ အလုပ်ဝင်မိတာပေါ့လေ၊ သိလို့ကတော့ ဒီထက်ဝေးရာကို ရှောင်ထွက်သွားဖို့ ကြိုးစားဦးမှာပဲ မဟုတ်လား''

ထိန်းထားသည့်ကြားကပဲ နှုတ်ခမ်းကိုမဲ့ကာ ပြောလိုက်မိသော လက်ာ့စကားလုံးတွေထဲမှာ နာကျင်မှုတွေ ပါဝင်နေတာတော့ သေချာပါ သည်။ လက်ာနှင့်မျက်လုံးချင်းဆိုင်ကြည့်ရန် ရှောင်ဖယ်နေသော ကဗျာ့ ရှေ့ကနေ ချာခနဲ လှည့်ထွက်ခဲ့လိုက်သည်။ ထင်မှတ်မထားသည့်အချိန် ထင်မှတ်မထားသည့်နေရာ လက်ာ ဘယ်တုန်းကမှ မတွေ့ခဲ့ဖူးသော အခြေအနေမျိုးဖြင့် ကဗျာ ပြန်လည်ရောက်ရှိလာခဲ့သည်။

ကဗျာ ပျောက်နေခဲ့သော ဆယ်နှစ်လောက်ကာလအတွင်းမှာ လက်ာ့ရင်ထဲ၌ ပြောစရာစကားတွေ များပြားစွာ ထမ်းပိုးထားခဲ့ရသည်ဟု ကိုယ့်ကိုယ်ကိုယ် ထင်ထားခဲ့မိသော်လည်း တကယ်တမ်း မျက်နှာချင်း ဆိုင်မိချိန်မှာ ဘာစကားမှ မယ်မယ်ရရ ထွက်မလာခဲ့သည့်အပြင် ပြောချင် စိတ်လည်း ကုန်ခမ်းနေခဲ့တာ အံ့သြစရာပါပဲ။

ညှို့သည်တွေများပြားလှသောကြောင့် ဝန်ထမ်းလေးတွေ အားလုံး သွက်လက်မြန်ဆန်စွာ လှုပ်ရှားနေရသည်။ လူများစွာဖြင့် ရှုပ် ယှက်ခတ်နေသော ဟိုတယ်စားသောက်ခန်းထဲကနေ လက်ာ ထွက်လာ ခဲ့လိုက်၏။ အာရုံတွေ ပျံ့လွင့်လျက် တစ်နေရာတည်းမှာ စုစည်းမိဖို့



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားလို့မရတော့သည့်အဆုံး ဟိုတယ်ခြံဝင်းထဲမှ ခုံတန်းလေးမှာ တစ်ယောက်တည်း လာထိုင်နေမိသည်။

''မမ''

အနားကပ်ပြီးခေါ်လိုက်သော တီးတိုးသံကြောင့် လက်ာ လှည့်ကြည့်လိုက်တော့ ထင်သည့်အတိုင်း မင်းသွေးစက်။

''ထူးထူးဆန်းဆန်း မမက အေးအေးဆေးဆေး ထိုင်နေပါလား''

''ကျွန်မ အသက်ရှူမဝတော့လို့ပါ''

''ဟင် မမ နေမကောင်းလို့လား၊ ဘာဖြစ်လို့လဲဟင်''

စိုးရိမ်တကြီးမျက်ဝန်းတွေဟာ လက်ာ့အတွက်တော့ အားဆေးတွေပါပဲ။ တုန်လှုပ်နေသော ရင်ကို တည်ငြိမ်သွားစေနိုင်သော အားဖြည့်ဆေးလေးပါပဲကွယ်။

ခုမှပင် လက်ာ ပြုံးနိုင်သွားခဲ့သည်။

''ညှို့သည့်တွေ တအားများတော့ ခေါင်းနည်းနည်းမူးလာလို့ လာထွက်ထိုင်နေတာပါ မန်နေဂျင်း''

''ဒါဆို ကျွန်တော့်အိမ်ထဲမှာ ခဏဖြစ်ဖြစ် နားလိုက်ပါလား မမ''

''အဲဒီလို လုပ်လို့ရမလားဟင်''

ဒီတစ်ခါတော့ ငြင်းဆန်ဖို့ လက်ာ နည်းနည်းမှ မတွေးမိခဲ့ပါ။ တစ်ယောက်တည်း တိတ်ဆိတ်စွာ နေချင်နေတာလေ။ ဆယ်နှစ်ကျော်လောက် ပျောက်ကွယ်နေခဲ့သော တစ်ဦးတည်းသော ညီမလေး၊ လက်ာ့နောက်ကျောကို ဓားထက်ထက်နှင့်တစ်ချက်တည်း ထိုးသတ်ခဲ့သော နာကျည်းစရာကောင်းသည့် ကဗျာချို။ ဒီနှစ်တွေအတွင်းမှာ အမြဲတစေ



ရောထွေးနေခဲ့သော ခံစားချက်များဖြင့် လက်ာ ရှန်းကန်ခဲ့ရသည်။

''ခုတင်ပေါ်မှာ လှဲနေလိုက်လေ မမ''

ဖြူဖွေးအိစက်နေသော မွေ့ရာထက်မှာ လှဲချလိုက်သည်နှင့် သူ့ကိုယ်သင်းနံ့လေးက လက်ာ့နှာဝမှာ ထွေ့ကြက်ရောက်ရှိလာ၏။ ယောကျ်ားဆန်သော ရနံ့များဖြင့် ထုံလွှမ်းနေသည့် သူ့အိပ်ရာထက်မှာ အိပ်စက်နေရသောအချိန်သည် လက်ာ့အတွက်တော့ စိတ်ပင်ပန်းမှုတွေကို လျော့ပါးသက်သာစေခဲ့တာ သေချာပါသည်။

စိတ်နွမ်းနယ်မှုများ ပြေလျော့စပြုလာသောအခါ လက်ာလည်း အိပ်စက်ခြင်းနယ်ပယ်ထဲ နစ်ဝင်ငြိမ်သက်သွား၏။

စိတ်ကို ရှုပ်ထွေးနောက်ကျိစေသည့် အဖြစ်အပျက်ကို ကြုံတွေ့ရင်ဆိုင်လိုက်ရပြီး အိပ်ပျော်သွားခြင်းဆိုပေမယ့် အိပ်မက်ထဲမှ ဘယ်လိုနာကျင်စရာမှ မပါဝင်ခဲ့တာတော့ လက်ာ စိတ်ချမ်းသာနေမိသည်။

သူမ နိုးထလာသည့်အချိန်မှာ အနားၤ၌ မင်းသွေးစက် မရှိ။ နာရီကိုကြည့်လိုက်တော့ ဆယ်နာရီထိုးတော့မည်။ အိပ်ရာကို သပ်သပ်ရပ်ရပ်ဖြစ်စေရန် ပြန်ပြုပြင်ပေးခဲ့ပြီး အိမ်လေးထဲမှ လက်ာ ထွက်ခဲ့လိုက်၏။ ဘဲခါးကို စေ့ပိတ်လိုက်စဉ်မှာပဲ လက်ာ့ဖုန်းလေးမှ အသံမြည်လာခဲ့သည်။

''အေး သုတ''

''ငါဆိုင်သိမ်းတော့မယ်လို့ လှမ်းပြောတာ၊ နင်လာချင် လာခဲ့တော့လေ''

''ငါသေချာပေါက် လာမှာပါ၊ သိပ်အရေးကြီးတာတစ်ခု နင့်ကိုပြောစရာရှိနေတယ်''

''ဘာများလဲဟ၊ နင့်အသံနားထောင်ရတာ တစ်ခုခုတော့ ကြီးကြီးမားမား ဖြစ်ခဲ့ပုံပဲ''

www.burmeseclassic.com

www.burmeseclassic.com



''ငါဒီနေ့ဟိုတယ်မှာ ဘယ်သူ့ကိုတွေ့ခဲ့တယ်လို့ နင်ထင်လဲ''

''ဘယ်သူ့ကိုတွေ့ခဲ့လို့လဲ၊ ငါ ဘယ်သိမလဲဟ၊ ပြောပြမှပေါ့''

''ခဏာနေရင် ထွက်လာခဲ့မယ်ဟာ၊ တွေ့မှပဲ အေးအေးဆေးဆေး ပြောကြတာပေါ့''

သုတနှင့်ဖုန်းပြောပြီး ဟိုတယ်ဘက်ဆီ ပြန်ထွက်လာခဲ့တော့ လမ်းတစ်ဝက်မှာပဲ မင်းသွေးစက်နှင့်တည့်တည့်တိုး၏။

''ဘယ်လိုလဲ မမ၊ အိပ်ရေးဝရဲ့လား''

''ဒီရက်ပိုင်း ဟိုတယ်မှာပဲ အလုပ်များနေခဲ့တာဆိုတော့ ပင်ပန်းတာတွေ စုသွားတာပါ၊ ခုတော့ အိုကေသွားပြီ''

''ကိုယ့်ကိုယ်ကိုယ် တအားအပင်ပန်းမခံပါနဲ့ မမရယ်၊ ကိုယ့်ကျန်းမာရေးလောက် ဘယ်ဟာကမှ အရေးမကြီးပါဘူး''

''ဟုတ်ကဲ့ပါ မန်နေဂျင်းရယ်၊ ဒါနဲ့ ဧည့်သည်တွေ''

''ဧည့်သည်တွေ ရှင်းသွားပါပြီဗျာ၊ အားလုံးပြီးမှ ကျွန်တော် ထွက်လာတာပါ''

''ဒါဆို ကျွန်မ ပြန်လိုက်ပါဦးမယ် မန်နေဂျင်း''

လက်ာရဲ့နှုတ်ဆက်စကားကြောင့် သူ မျက်လုံးပြူးသွားသည်။

''မမတစ်ယောက်တည်း ပြန်မလို့လား၊ ဒီည ကျွန်တော် ကိုသုတဆိုင်ကို လိုက်မယ်လို့ ပြောထားတာ မေ့သွားပြီလားဟင်''

ဟုတ်ပါတယ် သူပြောထားတာကို လက်ာ မမေ့ပါ။ ဒါပေမဲ့ လက်ာ ကြုံခဲ့ရသည့်အဖြစ်အပျက်များကိုတော့ သုတ တစ်ယောက်တည်းကိုသာ ရင်ဖွင့်ချင်ခဲ့သည်။ မင်းသွေးစက် ပါလာရင် လက်ာ ပြောချင်တာတွေ ဘာတစ်ခုမှ ပြောဖြစ်မည်မထင်။

''ဒီညတော့ ကျွန်မကို ခွင့်လွှတ်ပေးပါလားဟင်''





''ဘာအတွက်လဲ မမ၊ ကျွန်တော်က ဘာကိုခွင့်လွှတ်ပေးရမှာလဲ''

သူ့ရဲ့အူကြောင်ကြောင် မေးခွန်းကို လက်ာ ဘယ်လိုပြန်ဖြေရမယ် မသိ။

''မမ ဘာတွေဖြစ်နေတာလဲ၊ ကျွန်တော့်ကို သိခွင့်ပေးပါလား''

''မင်းမသိတဲ့အကြောင်းတွေ အများကြီးပဲ သွေး''

လက်ာရဲ့မာဆတ်ဆတ် လေသံကိုလည်း သူ မှုပုံမပေါ်ပါ။ ပြုံးရွှင်နေသော မျက်နှာကနေ ခံစားချက်များပြည့်နှက်နေသော ဝေခွဲရခက်သည့် မျက်နှာထားမျိုးအဖြစ် ချက်ချင်းပြောင်းလဲသွားခဲ့သည်။

''ကျွန်တော် ဘာမှမသိဘူးဆိုတာ သိပါတယ်၊ မမကိုယ်တိုင်က ကျွန်တော့်ကို မသိစေချင်လို့ လျှို့ဝှက်ထားတဲ့အကြောင်းတွေကို ကျွန်တော် ဘယ်လိုသိနိုင်ပါ့မလဲ၊ ဒါပေမဲ့ ကိုသုတကျတော့ အဲဒီလို မဟုတ်ဘူးမလား၊ မမ ဘာပဲဖြစ်ဖြစ် သူသိခွင့်ရှိတယ်၊ သူနဲ့တိုင်ပင်တယ်၊ ကျွန်တော်ကျတော့ ဘာဖြစ်လို့ အဲဒီလို အခွင့်အရေး မရတာလဲဗျ''

မတူညီတဲ့အနေအထားနှစ်ခုဖြစ်ကြောင်း လက်ာ ဘယ်လိုရှင်းပြရမလဲ မသိတော့။ စိတ်ညစ်ညူးစွာနှင့်ပင် ကျစ်ခနဲ စုပ်သတ်လိုက်မိသည်။

''ပြောလေ မမရဲ့၊ ကျွန်တော်ကျတော့ ဘာဖြစ်လို့ မမအကြောင်းတွေ သိခွင့်မရတာလဲလို့''

''မင်းက ဘာကြောင့်ကိုယ့်အကြောင်းတွေ သိချင်နေတာလဲ၊ ကိုယ်တို့နှစ်ယောက်က လုပ်ဖော်ကိုင်ဖက် ဆက်ဆံရေးပဲလေ''

''လုပ်ဖော်ကိုင်ဖက် ဆက်ဆံရေး ဟုတ်လား၊ ဟား ဟား''

သူ ရယ်မောလိုက်တာ အသက်မဲ့လွန်းပါသည်။ နေပြီးပါဦး



www.burmeseclassic.com

www.burmeseclassic.com



လက်ာ ပြောလိုက်တဲ့ ထိုစကားမှာ ဘယ်လိုရယ်စရာတွေများပါလို့ သူက ရယ်ရတာတဲ့လဲ။

''မမ မလိမ်ပါနဲ့ ကျွန်တော်တို့နှစ်ယောက်က လုပ်ဖော်ကိုင်ဖက်ဆိုတဲ့ ဆက်ဆံရေးထက်တော့ ပိုတယ်ဆိုတာ မမကိုယ်တိုင်လည်း သတိထားမိမှာပါ''

ဟင် ဒီယောကျ်ားက ဘယ်လိုပါလိမ့်။

''မင်း ဘာကိုဆိုလိုတာလဲ''

''ဘာကိုဆိုလိုတယ်ဆိုတာလည်း မမသိတယ်မဟုတ်ဘူးလားဟင်''

ဒေါသတကြီး အော်ဟစ်ပြောဆိုနေရာကနေ ချက်ချင်းလိုပင် သူ့အသံက ပျော့ပျောင်းနူးညံ့သွားပြန်၏။ မျက်ဝန်းတွေက နူးညံ့ဖွာတောက်ပနေသည်။

''ဟင့်အင်း ကိုယ်မသိဘူး။ ကိုယ်ဘာကိုမှ မသိဘူး၊ မင်းသွေးစက်ဆိုတာ ကိုယ့်ရဲ့အထက်အရာရှိ သူဌေးတစ်ဦးဆိုတဲ့အသိကလွဲရင် ကိုယ့်စိတ်ထဲမှာ ဘာမှထူးထူးခြားခြားမရှိဘူး''

လက်ာ သူ့ရှေ့ကနေ ထွက်ခဲ့သည်။

''မမ''

နောက်ဘက်ကနေ အော်ခေါ်လိုက်သံနှင့်အတူ သူမ လက်မောင်းတစ်ဖက်ကို ဆောင့်ဆွဲခံလိုက်ရ၏။

''မင်း အခုဘာလုပ်တာလဲ ဟိုတယ်ထဲမှာဆိုတာ သတိရသေးရဲ့လား''

''ကျွန်တော်က ဘာတွေဖြစ်နေတယ်ဆိုတာလည်း သိတယ် ဟိုတယ်ထဲမှာဆိုတာလည်း သိတယ်၊ မမသာ မသိချင်ယောင်ဆောင်





နေတာ''

''ကိုယ် မင်းကိုပြောပြီးပြီနော်၊ မင်းထင်ချင်ရာတွေ စွတ်ထင်နေတာကို ရပ်တန်းကရပ်လိုက်ရင် အကောင်းဆုံးဖြစ်လိမ့်မယ်''

သူဆုပ်ကိုင်ထားသော လက်များထဲကနေ လက်ာ အတင်းရုန်းထွက်ပစ်လိုက်၏။ နောက်ကိုပြန်လှည့်မကြည့်တော့ဘဲ လေလိုမြန်ဆန်သော ခြေလှမ်းများဖြင့် သူမ လျှောက်လာခဲ့သည်။ ကားပေါ်ချက်ချင်းတက်ပြီး မောင်းထွက်ခဲ့ရသော်လည်း လက်ာ့ရင်တွေ တုန်ယင်နေတာနည်းနည်းမှ မငြိမ်သက်နိုင်သေး။

မဖြစ်တော့၊ လမ်းဘေးတစ်နေရာမှာ ကားကိုထိုးရပ်လိုက်ပြီး အသက်ကို ဝဝရှူပစ်လိုက်သည်။ ပါးပြင်ပေါ်သို့ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျဆင်းလာ၏။

လက်ာ ဘာဖြစ်လို့များ မင်းသွေးစက်ကို အဲဒီလိုမျိုးတွေ ပြောခဲ့မိတာလဲ။ တကယ်ဆိုရင် သူမရင်ထဲမှာ မင်းသွေးစက်ဆိုတဲ့ ယောကျ်ားတစ်ယောက် အပိုင်သိမ်းထားသော နေရာတွေ ပြည့်နှက်နေခဲ့တာပါ။ သူ့ရဲ့နွေးထွေးသောအပြုံး၊ နူးညံ့သောအကြည့်တွေထဲမှာ လက်ာ့အင်အားတွေ ကိန်းဝပ်နေခဲ့တာပါ။ ဒါပေမဲ့ အဲဒီအမှန်တရားတွေကို ထုတ်ဖော်ဝန်ခံလိုက်ဖို့ကိုတော့ လက်ာ့ဘက်က မဖြစ်နိုင်သေး။

မျက်နှာတစ်ခုလုံး စိုရွှဲနေသည့် မျက်ရည်များကို သုတ်ပစ်လိုက်ပြီးနောက်မှာတော့ ကားလေးကို စက်ပြန်နှိုးလိုက်၏။ သုတက သူမကို ဆိုင်ရှေ့မှာ ထွက်စောင့်နေသည်။ ကားပေါ်ကဆင်းလိုက်တာနှင့် သူမဆီ လျှောက်လာနေသော သုတထံ အပြေးလှမ်းသွားမိပြီး ဖက်တွယ်ကာ အားရပါးရ ငိုကြွေးလိုက်မိ၏။ လက်ာ ဖြစ်နေတာတွေကို နားထောင်ပေးနိုင်သည့်တစ်ဦးတည်းသောလူကို ပြပါဆိုရင် သုတကလွဲလို့ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



များ ဖြစ်နိုင်ပါ့မလဲ။

''လက်ာ ဘာဖြစ်လာတာလဲ''

''ငါ အားရအောင် ငိုပါရစေဦးနော်၊ ခုတော့ ဘာမှမပြောချင်သေးလို့ပါ''

ငိုရှိုက်နေရင်းတန်းလန်းနှင့် လက်ာ ဝိုးတိုးဝါးတား ပြောမိသည်။ သုတထံမှ ဘာစကားမှ ထွက်မလာတော့ပါ။ လက်ာ့ကျောလေးကိုဖွဖွပုတ်ပေးလျက် အားပေးနှစ်သိမ့်ပေးခဲ့သည့်အတွက် သိပ်ကိုကျေးဇူးတင်ပါတယ် သူငယ်ချင်းရယ်။

သုတဆိုင်ထဲမှာပဲ မျက်နှာသစ်ချလိုက်ပြီး ထပ်မငိုမိတော့အောင် ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်ထားလျက် သုတဘေးတွင် ဝင်ထိုင်လိုက်သည်။

''ဘာဖြစ်လာတယ်ဆိုတာ ခု ပြောလို့ရပြီ မဟုတ်လား''

အပြုံးတစ်ခုနှင့်အတူ လက်ာ ခေါင်းညိတ်ပြလိုက်သည်။

''တော်ပါသေးရဲ့၊ ပြုံးသေးလို့ပဲနော်၊ ခုနက ငါ ဘယ်လောက်လန့်သွားလဲ သိလား မိလက်ာ''

''ငါ့မှာ ရင်ဖွင့်စရာဆိုလို့ နင်ပဲရှိတာပါ သုတရယ်၊ အမြဲတမ်းလည်း ငါ့ကိုအားပေးနှစ်သိမ့်ခဲ့တာတွေအတွက် ကျေးဇူးတင်ရပါတယ်''

''ဒီတစ်ယောက်တော့ ငါ့ကိုငိုချင်အောင် လာလုပ်နေတာလားမသိဘူး''

ခပ်နောက်နောက်ပြောနေသော သုတကြောင့် လက်ာကိုယ်တိုင်လည်း တင်းနေသော စိတ်များပြေလျော့လျက် ဒီနေ့ဟိုတယ်မှာ ကဗျာနဲ့ဆုံတွေ့ခဲ့သည့် အဖြစ်အပျက်များကိုလည်း တည်ငြိမ်စွာ ပြောနိုင်ခဲ့ပါသည်။ ဒါပေမဲ့ လက်ာက တည်ငြိမ်စွာ ပြောနိုင်သွားသလောက် လက်ာ့



ကားမဆုံးမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားသူက သုတပါပဲ။

''နင်တကယ် သေချာတွေ့ခဲ့တာပေါ့နော်''

မယုံကြည်နိုင်သလို ပြန်မေးနေသေးသောကြောင့် လက်ာ မျက်စောင်းထိုးပစ်လိုက်၏။

''တွေ့ရုံနဲ့တင်တွေ့ခဲ့တာ မဟုတ်ဘူး သုတရေ၊ မျက်နှာချင်းဆိုင်စကားပါ ပြောခဲ့တာပါဆိုနေမှ၊ ပြီးတော့ နောက်ဆို နေ့တိုင်းတောင်ဟိုတယ်မှာတွေ့နေရတော့မှာ''

''တမင်သက်သက်များ နင်ရှိနေမှန်းသိလို့ ဟိုတယ်ကို ဝင်လာတာရော မဖြစ်နိုင်ဘူးလား''

''အဲဒါတော့ မဖြစ်နိုင်ဘူး။ ငါ့ကိုနှစ်ပေါင်းများစွာ ပုန်းရှောင်နေခဲ့တဲ့သူက ငါရှိနေမှန်းသိလို့ ဟိုတယ်ကို တမင်ဝင်လာတယ်ဆိုတာတော့ မဖြစ်နိုင်ပါဘူး''

''အခု နင်ဘာဆက်လုပ်မှာလဲ၊ ဟိုတယ်မှာလည်း နေ့တိုင်းတွေ့နေရတော့မှာဆိုတော့''

''ဟင့်အင်း ငါမသိတော့ဘူး။ အစတုန်းကတော့ သူ့ကို ပြန်တွေ့ခဲ့ရင် ပြောပစ်ချင်တဲ့ စကားတွေ သိပ်များခဲ့တယ်၊ ဒါပေမဲ့ ခုလိုမျိုးတကယ်ကြီး မျက်နှာချင်းဆိုင်လိုက်ရတဲ့အချိန်ကျ ဘာမှပြောချင်စိတ်မရှိတော့ဘူး၊ ဖြစ်နေပြန်ရော''

''ငါ နားလည်ပါတယ်၊ ခံစားရတာတွေ သိပ်များခဲ့တဲ့အတွက် အဲဒီကိစ္စတွေကို လုံးဝမေ့ပစ်ချင်နေခဲ့တာ မဟုတ်လား။ ဘယ်လိုကြောင်းနဲ့မှ အစပြန်မဖော်ချင် မပြောချင်တော့လောက်အောင် ဖြစ်တာလေ''

သုတရဲ့မှတ်ချက်စကားက တကယ့်ကို မှန်ကန်လွန်းနေခဲ့သည့်

www.burmeseclassic.com

www.burmeseclassic.com



အတွက်

"လက်ချိုထက်ပိုပြီး လက်ချိုကို နားလည်တာ ဦးဦးသုတ ပါပဲ"

သံသာခေါ်သလို ဦးဦးသုတလို့ခေါ်ပြီး လက်ာက ခပ်နောက်နောက်လေး ပြောလိုက်သည်။

"ငါကတော့ နင့်ကိုပျော်စေချင်တယ်၊ မေ့ပျောက်သင့်တာတွေ အားလုံးကို မေ့ပျောက်ပစ်လိုက်စေချင်ပြီ"

"ငါလည်း အားလုံးကိုမေ့ပြီး စိတ်အေးအေးချမ်းချမ်းနဲ့ နေချင် တာပေါ့ သုတရယ်၊ ဒါပေမဲ့ ခုတော့ မဖြစ်နိုင်သေးဘူးနဲ့တူပါရဲ့"

■ ■ ■

## အခန်း (၆)

"ကဗျာရေ ကာကာ သွားတော့မယ်နော်"

အခန်းတံခါးဝကနေ လှမ်းအော်လိုက်သော အိပ်ချင်မူးတူးနဲ့ ညီမလေး ငုတ်တုတ်ထထိုင်သည်။

"ဟေး ဆက်အိပ်မနေနဲ့တော့နော်၊ ဒီနေ့ သင်တန်းက မနက်ပိုင်းမဟုတ်လား"

"အင်းပါ ကာကာရဲ့"

ပြန်ဖြေသည့် အသံကိုက အိပ်ချင်မူးတူး။ မျက်လုံးများက မှေးဝင့်သေး။ ဘာပဲဖြစ်ဖြစ် ချစ်စရာကောင်းတဲ့ ဒီညီမလေးကို လက်ာ တစ်ယောက်တည်း ကြည့်ရှုစောင့်ရှောက်လာခဲ့တာဆိုတော့ မျက်လုံးထဲမှာ ကလေးတစ်ယောက်လိုပါပဲ။

အသက်ဆယ့်ရှစ်နှစ်အရွယ်ဆိုပေမယ့် အိမ်မှာတော့ ကလေး တစ်ယောက်လို ဆိုးချင်နွဲ့ချင်နေတုန်း။ လက်ာ ထိုအရွယ်တုန်းက မေမေ ဖေဖေတို့ ကွယ်လွန်ခဲ့တာမို့ ကဗျာ့လို နွဲ့ဆိုးဆိုးခွင့်လည်းမရခဲ့ပါ။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



တုန်းက ဆယ့်သုံးနှစ်သမီးပဲရှိသေးသော ကဗျာ့ကို လက်ာထိန်းသိမ်း စောင့်ရှောက်လာခဲ့ရတာ ခုချိန်ထိပါပဲ။

ကိုယ်ကိုယ်တိုင်လည်း စီးပွားရေးနှင့်ဘွဲ့တစ်ခုရအောင် ယူခဲ့သည်။ အခု ဒုတိယနှစ်တက်နေပြီဖြစ်သော ညီမလေးကိုလည်း အနည်းဆုံးတော့ ဘွဲ့လေးတစ်ခုရစေချင်သည်။ ပေါင်းသင်းနေသော သူငယ်ချင်းတွေကြားမှာ မျက်နှာမငယ်ရအောင်လည်း အားလုံးနှင့်တန်းတူ သင်တန်းတွေလည်း တက်နိုင်းသည်။ မိဘတွေမရှိတော့လို့ အခွင့်အရေးတွေ ဆုံးရှုံး ခဲ့ရတယ်ဆိုတာမျိုး ကဗျာ့ဆီမှာ မဖြစ်ရလေအောင် လက်ာ အတတ် နိုင်ဆုံးဖြည့်ဆည်းပေးခဲ့၏။

လက်ာကိုယ်တိုင်လည်း ကိုယ်ဝါသနာပါသည့်ဟိုတယ်သင်တန်းတွေ လိုက်တက်ပြီး လောလောဆယ်တော့ ကုမ္ပဏီတစ်ခုမှာ စာရင်းစစ်ဝင်လုပ်နေသည်။ အလယ်အလတ်တန်းစား ကုမ္ပဏီမို့ လခကလည်း နည်းတော့မနည်းပါ။ မိဘတွေရှိစဉ်တုန်းက ဘဏ်မှာအပ်နှံခဲ့သော ငွေ အနည်းအကျဉ်းလည်း ရှိသည့်မို့ ငွေကြေးအတွက် တအားပူပန်စရာတော့ မလိုခဲ့။ အားလုံးကိုချင့်ချိန်ပြီး မျှမျှတတ သုံးစွဲတတ်အောင် ကိုယ့်ကိုယ်ကိုယ် လေ့ကျင့်ထားခဲ့သည်။

အသုံးကိုစိစစ်ပြီး အဖြုန်းမဖြစ်စေရန် လက်ာ ဂရုတစိုက် ထိန်းသိမ်းခဲ့သည်။ ဒါပေမဲ့ ကဗျာကတော့ ထိုသို့မဟုတ်ခဲ့ပါ။ သူလိုရင် လိုသလို လက်ာ့ဆီက လက်ဖြန့်တောင်းသုံးတတ်မြဲ။ ငွေကြေးနဲ့ပတ်သက်ပြီး ညီမလေးကို စိတ်မပူစေချင်တာမို့ လက်ာကလည်း တောင်းသလောက် အမြဲပေးခဲ့ပါ၏။ သူငယ်ချင်းတွေနှင့် တန်းတူသုံးစွဲနိုင် ဖြစ်စေချင်သည်။

''ဟင် ကဗျာ ဘယ်သွားလဲ မသိဘူး''





အလုပ်ကအပြန် အိမ်တံခါးကြီး သော့ခတ်ထားတာ တွေ့လိုက်ရသောကြောင့် လက်ာ စိတ်ပူသွားမိသည်။ ကဗျာတက်နေသော အင်္ဂလိပ်စကားပြောသင်တန်းက ညနေခြောက်နာရီခွဲဆို ပြီးဆုံးပြီဖြစ်သည်။

အခုတော့ ညရှစ်နာရီပင် ကျော်နေပြီ။ ကဗျာ ဘာကြောင့် ပြန်မရောက်သေးတာလဲ၊ စိုးရိမ်ပူပန်စိတ်များနှင့်အတူ အိမ်တံခါးသော့ကို ဖွင့်လိုက်၏။ သင်တန်းကပြန်လာပြီးမှ နောက်တစ်ခါ ပြန်ထွက်သွားတာတော့ မဖြစ်နိုင်ပါ။ သင်တန်းက ပြန်လာတာနှင့် အမြဲလိုလို ပင်ပန်းနွမ်းနယ်စွာဖြင့် အိပ်ပျော်သွားတတ်သော ညီမလေးက အပြင်နောက်တစ်ခါ ထွက်ဖို့ ဘယ်လိုမှမဖြစ်နိုင်။

အိမ်ရှေ့နဲ့အိမ်နောက်ဖေးကို ခေါက်တုံ့ခေါက်ပြန်လျှောက်ပြီး လက်ာ ခြေမကိုင်မိလက်မကိုင်မိ ဖြစ်နေမိသည်။ ဘယ်သွားလို့သွားမှန်းလည်းမသိ၊ ဘယ်လိုက်ရှာလို့ ရှာရမှန်းလည်းမသိ။ တဖြည်းဖြည်းနှင့် အချိန်တွေက ညကိုးနာရီထိုးနေပြီ။ ညီမလေးလမ်းမှာ တစ်ခုခုများ ဖြစ်နေတာလား။ နာရီလက်တံက ရှေ့သို့ရွေ့လေလေ သူမရဲ့စိုးရိမ်ပူပန်မှုတွေကလည်း ဒီဂရီမြင့်လာလေလေပင်။

မဖြစ်သေးပါဘူး။ အိမ်ထဲမှာပဲ ဒီတိုင်းထိုင်နေလို့ကတော့ စိတ်ပူနေရုံအပြင် ဘာမှထူးလာမှာမဟုတ်။ ဆုံးဖြတ်ချက်တစ်ခုနှင့်အတူ သုတရဲ့ဖုန်းလေးကို လှမ်းဆက်သွယ်လိုက်၏။

''လက်ာ ပြော ဒီအချိန်ကြီးမှ ဖုန်းတွေ ဘာတွေဆက်လို့ပါလား''

''အေး ဟုတ်တယ် သုတ၊ နင်အခုဘယ်မှာလဲ''

''ငါ လမ်းထိပ်မှာ လက်ဖက်ရည်ဆိုင်ထိုင်နေတယ်၊ ဘာဖြစ်လို့လဲ၊ နင့်အသံနားထောင်ရတာ ရေးကြီးသုတ်ပျာနဲ့''



www.burmeseclassic.com

www.burmeseclassic.com



''အေး ဟုတ်တယ်ဟ၊ ကဗျာ ခုချိန်ထိ အိမ်ပြန်မရောက်သေး လို့''

''ဘာ ခုပဲ ကိုးနာရီကျော်နေပြီလေ''

''အေး အဲဒါကြောင့် ငါ အရမ်းစိတ်ပူနေတယ်၊ ဘယ်မှာရှာရ ရှာရမှန်းလည်း မသိဘူး''

''ဟုတ်ပြီလေ ဒါဆို နင်အခုထွက်ခဲ့လိုက်၊ ငါ လမ်းထိပ်မှာပဲ စောင့်နေမယ်၊ သူ သွားတတ်တဲ့နေရာတွေ လိုက်ရှာကြည့်ကြတာပေါ့''

အိမ်နေရင်း တီရှပ်ပွပွကို အနွေးထည်လေး ထပ်ဝတ်လိုက်ပြီး အနီရောင်ပွင့်သေးသေးလေးများပါဝင်သော ပါထိုင်းထဘီလေးနှင့်ပင် လက်ကာ အပြေးအလွှား ထွက်လာခဲ့လိုက်သည်။ ခေါင်းပင်သေချာဖြီးသင် သတိမရခဲ့။ လမ်းထိပ်အုတ်ခုံမှာ ထိုင်စောင့်နေသော သုတကိုတွေ့လိုက် တော့ လက်ကာ ခြေလှမ်းကို ပိုသွက်သွက်လေး လှမ်းလိုက်သည်။

''သူ ဘယ်တွေသွားတတ်လဲ''

''အရင်ကဆို သင်တန်းပြီးတာနဲ့ အိမ်တန်းပြန်တာပါ၊ အပြင် ပြန်ထွက်ဖို့ မပြောနဲ့ ပြန်ရောက်တာနဲ့ ပင်ပန်းတယ်ဆိုပြီး အိပ်ပျော်သွား တော့တာ''

''သူငယ်ချင်းအိမ်တွေဘာတွေရော ဖုန်းဆက်ပြီးပြီလား''

''သူသွားတတ်တဲ့ သူငယ်ချင်းအိမ် တစ်အိမ်တော့ရှိတယ်၊ ဖုန်း တော့မဆက်ကြည့်ရသေးဘူး''

''ဖုန်းနံပါတ် အလွတ်ရတယ်မဟုတ်လား၊ ရော့ ဒီမှာ ဆက် ကြည့်လိုက်''

သုတ ဘောင်းဘီအိတ်ထဲထည့်ထားသော ဆယ်လူလာဖုန်း ထုတ်ပေးသည်။ ဖုန်းနံပါတ်ခလုတ်များကို လက်ကာ ခပ်မြန်မြန်နှိပ်လို ၏။ တစ်ဖက်မှ ဖုန်းခေါ်ဆိုနေတာ မြည်သံရှည်ကြီး ထွက်ပေါ်လာသည်





ထိုအချိန်မှာပင် သုတက လက်ကာ့လက်မောင်းကို ပုတ်လိုက်ပြီး

''ဟိုမှာ လာနေတာ ကဗျာမဟုတ်ဘူးလား''

လက်ကာတို့လမ်းထိပ်ဘက်ဆီသို့ လမ်းမကြီးအတိုင်း တည့်တည့် လျှောက်လာနေသော ကဗျာ။ တီရှပ်အဖြူရောင် ဂျင်းအပြာဖျော့စကတ် ညှိလေးနှင့် ကျောပိုးအိတ်လေးလွယ်ပြီး အေးအေးလူလူ လျှောက်လာ နေပုံက စိတ်ပူနေမိသော လက်ကာ့ကို လှောင်ပြောင်နေသလိုပင်။

တစ်ဖက်မှ ဟဲလိုဟု ထူးနေပြီဖြစ်သော ဖုန်းလေးကို ချပစ်လိုက် ပြီး ကဗျာ့နားသို့ လက်ကာ အပြေးတစ်ပိုင်း ရောက်သွား၏။

''ကဗျာ ဘယ်ကပြန်လာတာလဲ''

''ဟင် ကာကာ ဒီအချိန်ကြီး အပြင်ထွက်နေတာလား''

ကဗျာ့မေးခွန်းကြောင့် လက်ကာပင် ကြောင်သွားရသည်။ သူကပဲ လက်ကာ့ကို ပြန်မေးနေရသေးတယ်လို့။

''အဲဒီမေးခွန်းက ဘယ်သူ့ကိုမေးရမှာလဲ၊ သေချာလည်း ပြန် စဉ်းစားဦး မိကဗျာ''

ထိုအခါကျမှ ညီညာသွယ်တန်းသော သွားလေးများပေါ်အောင် ဘီးခနဲ တစ်ချက်ရယ်လိုက်ပြီး ဖက်ကလေးပုသွားလျက်

''ကာကာ စိတ်ပူနေမှာကို သိပါတယ်''

''သိရဲ့သားနဲ့ ဘယ်တွေလျှောက်သွားနေတာလဲ ကဗျာ''

''သူငယ်ချင်းတွေနဲ့ ရုပ်ရှင်သွားကြည့်တာ''

''ဘာ ရုပ်ရှင်သွားကြည့်တာ ဟုတ်လား၊ ကဗျာရယ် ကာကာ ဘယ်လောက်စိတ်ပူနေလဲ မသိဘူးလား''

''အိမ်ကို ဖုန်းဆက်ဦးမလို့ပါပဲ၊ ဒါပေမဲ့ အဲဒီအချိန်တုန်းက ကာကာ အိမ်ပြန်မရောက်သေးဘူးဆိုတာ သိလို့ မဆက်တော့တာ''



www.burmeseclassic.com

www.burmeseclassic.com



''ခုဘယ်အချိန်လဲကြည့်ဦး၊ ကိုးနာရီခွဲနေပြီ၊ မိန်းကလေး တစ်ယောက်တည်း ပြန်လာတာ နင် မကြောက်ဘူးလား''

''ကာကာရယ် ကဗျာက တက္ကသိုလ်ဒုတိယနှစ်ကျောင်းသူတောင် ဖြစ်နေပါပြီ၊ ကလေးမဟုတ်တော့ပါဘူး။ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်ပါတယ်''

လက်မလေးထောင်လျက် မာထန်သွားတာမို့ ပြုံးရယ်နေသော ကဗျာ့မျက်နှာလေး တည်တင်းသွားသည်။ ဘာမှလည်း ပြန်မပြောတော့ဘဲ ဘောက်ဆတ်ဘောက်ဆတ်နှင့် ရှေ့ကနေ တစ်ယောက်တည်း လျှောက်သွား၏။

''ကဗျာ ငါစကားပြောနေတယ် မဟုတ်လား''

လက်ာ စိတ်တိုလျက် ကဗျာ့နောက်ကနေ အပြေးလိုက်ရ ပြင်လိုက်သောကြောင့် သုတက လက်ကိုဖမ်းဆွဲထားလိုက်ပြီး

''အရမ်းကြီးလည်း မဆူပါနဲ့ လက်ာရယ်၊ သူလည်း လူငယ်ဆိုတော့ သူငယ်ချင်းတွေနဲ့ တစ်ခါတလေ သွားတာလာတာ ရှိမှာပေါ့၊ ငါတို့ကသာ ကလေးလေးလို့ မြင်နေသေးပေမယ့် သူလည်း ကိုယ့်ကိုယ်ကိုယ် ထိန်းကျောင်းနိုင်တဲ့အရွယ်ကို ရောက်နေပါပြီဟ''

''အို အဲဒါနဲ့ပဲ ငါက သူ့ကိုလွှတ်ပေးထားလိုက်ရမှာလား''

''နင့်ကို လွှတ်ပေးထားဖို့ ပြောနေတာ မဟုတ်ပါဘူး၊ အရမ်းကြီးမတင်းကျပ်ဖို့ ပြောနေတာပါ၊ ငါပြောတာကို နားလည်တယ် မဟုတ်လား လက်ာ''

သက်ပြင်းလေးတစ်ချနှင့်အတူ လက်ာ ခေါင်းညိတ်ပြလိုက်သည်။ သုတပြောတာတွေ လက်ာ လက်မခံချင်ခဲ့တာ မဟုတ်ပါ။ တစ်ဦးတည်းသော ညီမလေးကို ကလေးတစ်ယောက်လိုမျိုးပဲ မြင်ယောင်နေ





သေးတာ လက်ာလွန်နေခဲ့သလား။ ညီမလေးတစ်ခုခုဖြစ်သွားမှာကို ကိုယ့်ကိုယ်တိုင်ထက် စိုးရိမ်နေခဲ့တာ လက်ာ မှားသွားခဲ့သလား။

''နင့်ခံစားချက်ကို နားလည်ပါတယ်ဟာ၊ ဒါပေမဲ့ ဆယ်ကျော်သက်မဟုတ်လား။ ထိန်းရခက်တာ နင်သိမှာပါ''

''ငါ့တုန်းက အဲဒီလိုမဟုတ်ခဲ့ပါဘူးဟာ၊ ဖေဖေတို့ဆုံးသွားခဲ့တော့ အရာအားလုံးက ငါ့တာဝန်ဖြစ်ခဲ့တာလေ''

''ဒါကတော့ ညီအစ်မချင်းတောင် ဘဝပေးကသိုလ်ကွာတာတွေ အများကြီးပါ၊ ဒါပေမဲ့ အဲဒီအတွက် နင်ဘာမှဝမ်းနည်းမနေပါနဲ့ဟာ၊ ဘာဖြစ်လို့လဲဆိုတော့ နင့်ဘေးမှာ ငါရှိတယ်လေ''

သူ့ရင်ဘတ်သူ လက်နှင့်တဖျန်းဖျန်းပုတ်ကာ သုတ ပြောတော့ အကောင်းနားယောင်နေရင်းကနေ လက်ာ မျက်စောင်းကြီး ထိုးပစ်လိုက်မိ၏။

''အကောင်းနားထောင်နေတာကို နောက်တယ် ဟုတ်လား''

မျက်စောင်းလေးတစ်ချ လက်ဆောင်ပေးပြီး အနားကထွက်သွားသော သူငယ်ချင်းမလေးကို သုတ ငေးကြည့်ကျန်ရစ်ခဲ့သည်။

သူ နောက်နေတာမဟုတ်မှန်းသိလျက်နဲ့ မသိချင်ယောင်ဆောင်နိုင်လွန်းသော လက်ာ့ကိုဖိအားတွေလည်း ထပ်မပေးချင်ပါ။

ဆုပ်ကိုင်လိုက်မိသော လက်လေးတစ်ဖက် ချမ်းအေးတုန်ယင်နေခဲ့ဖူးတဲ့ ညတစ်ညကို ပိုင်ဆိုင်ခဲ့ဖူးတာနဲ့တင် သုတ ကျေနပ်နေခဲ့သည်။ ခုလိုမျိုးလေး ဘေးနားကနေ စောင့်ရှောက်ပေးနေခြင်းဟာလည်း ချစ်ခြင်းကိုဖော်ပြဖို့ အသုံးဝင်သည့် နည်းတစ်နည်းပဲမဟုတ်လား။

■ ■ ■

သို့သော် သုတရဲ့ထင်မြင်မျှော်လင့်ချက်တွေ တစ်စစီကြေကျက်ဖျက်



www.burmeseclassic.com

www.burmeseclassic.com



ခြင်း ခံလိုက်ရသော တစ်နေ့ကို သိပ်မကြာခင်မှာပဲ ရင်ဆိုင်လိုက်ရတော့ ခြေမကိုင်မိလက်မကိုင်မိနှင့် အရာရာ မှောင်မည်းဆိတ်သုဉ်းသွားသလို ပါပဲ။

''နင် ဘယ်လိုပြောလိုက်တယ် လက်ာ''

''ဟုတ်တယ် သူက ငါ့အလုပ်ထဲကပဲ၊ ငါ့ကိုရည်းစားစကားပြော ထားတာတော့ ကြာပါပြီ၊ ဒါပေမဲ့ ငါကတော့ ပြီးခဲ့တဲ့ စနေနေ့ကမှ အဖြေပြန်ပေးလိုက်တာ''

''နင် နင် တကယ်ပြောနေတာလားဟင် လက်ာ၊ ငါ နားကြား မှားတာ မဟုတ်ပါဘူးနော်''

သုတ ဖြစ်ပျက်နေသည့်ပုံစံကိုကြည့်ပြီး လက်ာ အခြေအနေကို နားလည်နိုင်ပါသည်။ သုတရင်ထဲမှာ ဘာတွေ ဘယ်လိုဖြစ်နေမယ်ဆိုတာ လည်း ကိုယ်ချင်းစာပေးနိုင်ပါသည်။ ဒါပေမဲ့ သုတကို ပြန်လက်ခံချစ်ပေးဖို့ ဘယ်လိုမှမတတ်နိုင်ခဲ့တာလည်း လက်ာကိုယ်တိုင်ပဲ သိ၏။

သုတတို့မိသားစုက ငွေကြေးချမ်းသာတာမို့ ရပ်ကွက်ထဲက လူတော်တော်များများက လက်ာ့အပေါ်မှာ အမြင်စောင်းချင်ကြသည်။ မိဘတွေဆုံးပါးသွားပြီးတော့ သုတကို တွယ်ကပ်ကာ သူဌေးဖြစ်ကြဦးမယ် ဟု နောက်ကွယ်မှာအတင်းအဖျင်း ပြောချင်ကြ၏။ ထိုအတင်းစကားတွေ က တစ်ယောက်စကားတစ်ယောက်နားနှင့် သုတရဲ့မိဘတွေဆီလည်း ပြန်ရောက်မှာ သေချာပါသည်။ လမ်းမှာမတော်တဆ မျက်နှာချင်းဆုံ မိလျှင် လက်ာ့ကိုကြည့်သွားသော အထင်သေးရှုတ်ချချင်သည့် သူ့မိဘ များရဲ့အကြည့်တွေအကြောင်း သုတကို ဘယ်တော့မှမပြောပြဖို့ လက်ာ ဆုံးဖြတ်ချက်ချထားခဲ့၏။

''ငါ သူ့ကိုပဲ လက်ထပ်ဖို့ ဆုံးဖြတ်ထားတယ်''





''နင်တို့တွဲတာ ဘယ်လောက်မှမရှိသေးဘဲ ဆုံးဖြတ်ချက်ကို အဲဒီလောက် မြန်မြန်ကြီးမချပါနဲ့ဦး''

သူ ဘာမျှော်လင့်ချက်တွေဖြင့် ထိုစကားကို ပြောခဲ့မိသလဲ မသိပါ။ ဒါပေမဲ့ ပြင်လို့မရတော့သည့် အနေအထားတစ်ခုမှာ သူ ဘာကိုမှ ပိုင်ဆိုင်နိုင်တော့မှာ မဟုတ်မှန်း နားလည်စပြုလာပါပြီ။

''ငါ သူ့ကို ပြီးခဲ့တဲ့ တစ်နှစ်လုံး လေ့လာခဲ့ပါတယ်၊ မိသားစု လည်းမရှိတော့ဘူး၊ ငါ့လိုပဲ တစ်ကောင်ကြွက်၊ အလုပ်ထဲမှာလည်း ရိုး သားကြိုးစားတယ်၊ ငါ့ကိုလည်း ဂရုစိုက်လို့ ရွေးချယ်ခဲ့တာ''

နာကျင်ခံစားရပေမယ့် လက်ာ့ရွေးချယ်မှုကို နှောင့်ယှက်တား မြစ်ဖို့တော့ သူ မတွေးခဲ့ပါ။ သူ စောင့်ရှောက်ပေးလို့ရသမျှ အချိန်အတိုင်း အတာတစ်ခုထိ လက်ာ့နားမှာ ရှိနေပေးချင်ခဲ့သည်။

''ဘယ်လိုပြောတယ် ကာကာ လက်ထပ်တော့မယ် ဟုတ်လား''

ဒီစကားကို လက်ာ ဖွင့်ပြောခဲ့သည့် လူသားနှစ်ဦးလုံးက ကြား လိုက်တာနှင့် အံ့သြတကြီးမျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားခဲ့ကြသည်။ တကယ်ဆို လက်ာလည်း လက်ထပ်ချင်သေးတာ မဟုတ်ပေမယ့် မိန်း ကလေးနှစ်ဦးတည်း ရပ်တည်နေရသော ဘဝက ပတ်ဝန်းကျင်မှာ မတင့် တယ်ဘူးလို့ ခံစားမိခဲ့သည်။ ထိုခံစားမှုကြောင့်လည်း တစ်သက်တာလုံး အတွက် မှားယွင်းမည့်ဆုံးဖြတ်ချက်ကြီးကို လက်ာ ရဲရဲဝံ့ဝံ့ ချခဲ့မိတာပေါ့။

''ဟုတ်တယ် ကဗျာ''

''ကာကာက ဘယ်သူနဲ့လက်ထပ်မှာလဲဟင်၊ ကိုကြီးသုတနဲ့ လား''

ငယ်စဉ်တည်းက ခင်မင်သံယောဇဉ်ရှိခဲ့သည့် သုတကို ကဗျာက ခင်တွယ်နေသည့်အတိုင်း သုတနဲ့ပဲ လက်ာ့ကိုတွဲလျက်မြင်နေခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



လျော့ရဲသော အပြုံးလေးဖြင့် ခေါင်းခါပြလိုက်တော့ ကဗျာ မျက်လုံးပို ပြူးသွားသည်။

''ကာကာနားမှာ အမြဲရှိနေတာ ကိုကြီးသုတ တစ်ယောက်တည်းလေ၊ ပြီးတော့ ကိုကြီးသုတက ကာကာကိုချစ်နေတာ ကဗျာတောင် သိတယ်၊ ဘာဖြစ်လို့ တခြားတစ်ယောက်နဲ့ လက်ထပ်ဖို့ စဉ်းစားတာလဲဟင်''

''ကဗျာမသိသေးတဲ့အကြောင်းတွေ အများကြီးပါကွာ၊ သုတကို ကာကာ လက်ထပ်ဖို့ဆိုတာက မဖြစ်နိုင်ပါဘူး''

''ဒါဆိုရင်လည်း တခြားတစ်ယောက်ကို မြန်မြန်ဆန်ဆန် လက်ထပ်စရာ ဘာအကြောင်းမှမရှိဘဲ ကာကာရဲ့ ကဗျာတို့နှစ်ယောက်တည်းနဲ့လည်း ပျော်ပျော်ရွှင်ရွှင်နေနိုင်ပါတယ်''

ငိုသံပါလာသော ညီမလေးအသံကို လက်ာ ဥပေက္ခာပြုလိုက်၏။ ခုချိန်မှာ လက်ာ့လုပ်ရပ်မှားတယ်လို့ ညီမလေး ထင်နေမှာပေါ့။ ဒါ တို့ညီအစ်မအတွက် အကောင်းဆုံးလမ်းပါကွယ်။ ပတ်ဝန်းကျင်မှာ အမြင်တင့်တယ်အောင် လက်ာ ဒီလမ်းကို ရွေးချယ်လျှောက်ခဲ့တာပါ။

''ဆွေမျိုးသားချင်းလည်းမရှိဘဲ မိန်းကလေးနှစ်ယောက်တည်း ရပ်တည်နေနိုင်ဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စမဟုတ်ပါဘူး ကဗျာရယ်၊ ဒါကြောင့်လည်း အများအမြင်တင့်တယ်အောင် ကာကာ လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တာပါ''

''အဲဒီတစ်ချက်လေးနဲ့တင် လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာကတော့ မဟုတ်သေးဘူးကွာ''

''အခု ကာကာနဲ့လက်ထပ်မယ့်သူက အလုပ်လည်းကြိုးစားတယ်၊ ကာကာ့ကိုလည်း ဂရုစိုက်ပါတယ်၊ ဒါကြောင့် ဆုံးဖြတ်ချက်ကို





နိုင်နိုင်မာမာ ချလိုက်တာ''

''မသိတော့ဘူးကွာ၊ ကာကာ လုပ်ချင်တာတွေ လုပ်ခဲ့ပြီးတော့မှ လာပြောပြနေတာ၊ ကဗျာ့ကို တိုင်ပင်တာမှမဟုတ်ဘဲ၊ ကာကာ့စိတ်နဲ့ ကာကာ့ကိုယ် ရွေးချယ်ခဲ့တာပဲ''

ကဗျာတစ်ယောက် မျက်နှာတစ်ခုလုံး ရှုံ့မဲ့လျက် ခြေကိုဆောင့်ကာ အခန်းထဲဝင်သွားသည်။ တံခါးကို ဒုန်းခနဲဆောင့်ပိတ်လိုက်သံက လက်ာ့ကိုယ်လေးကိုတောင် တုန်တက်သွားစေခဲ့၏။

ညီမလေး စိတ်ဆိုးသွားမယ်ဆိုတာ လက်ာ နည်းနည်းတော့ ခန့်မှန်းမိခဲ့ပါသည်။ သူ့ကို ဘာမှမတိုင်ပင်ခဲ့ဘဲ လက်ာတစ်ယောက်တည်းရဲ့ဆုံးဖြတ်ချက်နဲ့ ရွေးချယ်ခဲ့တာလေ။

ဒါက တို့ညီအစ်မနှစ်ယောက်လုံးအတွက် လုပ်ခဲ့ရတာပါကွာ။ ညီမလေး နားလည်ပေးနိုင်ရင် သိပ်ကောင်းမှာပဲ။

■ ■ ■

''ဒါက လက်ာ့ညီမလေး ကဗျာချိုတဲ့၊ ဒီဘက်က လက်ာရဲ့ အချစ်ဆုံးငယ်သူငယ်ချင်း သုတ၊ ဒါကတော့ ကိုဇော်ဘုန်းမြတ် တဲ့''

သူတို့သုံးယောက်ကို အပြန်အလှန်မိတ်ဆက်ပေးပြီးသွားတော့ ကဗျာနဲ့သုတရဲ့ မျက်နှာအရိပ်အကဲတွေကို လက်ာ အကဲခတ်ကြည့်လိုက်သည်။ သုတက အေးတိအေးစက် ပြုံးပြနေပေမယ့် ကဗျာကတော့ မျက်နှာကိုရှုပ်ထားလိုက်တာ တကယ့်ကလေးဆိုးကြီးတစ်ယောက်လိုပါပဲ။

ကိုဇော့ကို ညီမလေးအကြောင်း၊ အစတည်းက အရိပ်အမြွက် ပြောပြထားခဲ့တာမို့ ကိုဇော့မျက်နှာကတော့ အပြုံးမပျက်ခဲ့ပါ။

''ကဗျာ့အကြောင်းတွေကိုတော့ လက်ာက အမြဲပြောပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အသက်သာ နှစ်ဆယ်နားကပ်လာတယ်၊ လူကတော့ တကယ့် ကလေးလို ပဲတဲ့လေ''

''ကဗျာ့ကို ကလေးလို့မပြောနဲ့၊ ကဗျာ ကလေးမဟုတ်ဘူး။ အသက်ဆယ့်ရှစ်နှစ်ကျော်ပြီ၊ နိုင်ငံခြားမှာဆို ကိုယ့်ခြေထောက်ပေါ် ကိုယ် ရပ်လို့ရနေပြီ''

''ကဗျာ ဘယ်လိုပြောလိုက်တာလဲ၊ ကိုဖေ့ကို ကိုယ့်အစ်ကိုတစ် ယောက်လိုပဲ ဆက်ဆံပါလို့ ကာကာ မှာထားတယ်လေ''

''မဆက်ဆံနိုင်ပါဘူး၊ ကိုကြီးသုတကိုပဲ ကဗျာက အစ်ကိုတစ် ယောက်လို ဆက်ဆံချင်တာ''

ရှေ့မကြည့်နောက်မကြည့် ပြောလိုက်သော ကဗျာ့စကားကြောင့် သုတ နေမထိထိုင်မသာ ဖြစ်သွားသည်။ ဘယ်လိုပဲဖြစ်ဖြစ် ဇော်ုနီးမြတ် ဆိုတဲ့လူရှေ့မှာ ကဗျာက အဲဒီလိုကြီး ပြောချလိုက်တော့ သူ့မျက်နှာ ဘယ်နားထားရမှန်းမသိ။ ကဗျာ့စကားကြောင့်ပဲ ထိုလူ့မျက်လုံးများက လည်း သုတဆီ စူးရှစွာ ကျရောက်လာသည်။

ဇော်ုနီးမြတ်ဆိုတဲ့ ယောကျာ်းက ယောကျာ်းပီသသော မျက်နှာ ပိုင်ရှင်မျိုးမဟုတ်ဘဲ မိန်းမဆန်ဆန်ချောမောလွန်းသည့် တစ်ချက်ကိုတော့ သုတ သဘောမကျ။ ပြီးတော့လည်း ယောကျာ်းတစ်ယောက်ဖြစ်ပြီး နှုတ်ခမ်းမွှေး နေတတ်ပုံမျိုးပါ။ လက်ာ ဘယ်နေရာကိုကြည့်ပြီး ဒီလူကို ရွေးချယ် ခဲ့လေသလဲ မသိ။

အင်းပေါ့လေ အပြင်ပန်းက ဒီလိုဆိုပေမယ့် စိတ်နေစိတ်ထား တို့ လုပ်ရည်ကိုင်ရည်တို့ အဆင်ပြေကောင်းမွန်လို့လည်း လက်ာလက်ထပ် ဖို့ ဆုံးဖြတ်ခဲ့တာ ဖြစ်မှာပေါ့လေ။

''ကဗျာ နင်အခု ကာကာ ပြောထားတာတွေကိုနည်းနည်းမှ



www.burmeseclassic.com



နားမထောင်ဘူး ဟုတ်လား''

''ကိုယ် နားလည်ပါတယ် လက်ာရယ်၊ အခုတော့ သူလည်း သူ့ခံစားချက်နဲ့သူ ဖြစ်မှာပါ၊ နောက်တော့လည်း တစ်အိမ်တည်းအတူနေ တာ ကြာသွားရင် တစ်ယောက်ကိုတစ်ယောက် နားလည်လာမှာပါ၊ အချိန် တစ်ခုတော့ လိုတာပေါ့ကွာ''

လက်ာက လေသံမာမာနှင့် ကဗျာ့ကိုပြောလိုက်လျှင် ဇော်ုနီး မြတ်က လက်ာ့ကိုတားမြစ်ပြောဆိုလိုက်သော စကား။ သူပြောတာလည်း အကျိုးသင့်အကြောင်းသင့် ဆီလျော်နေတာမို့ လက်ာ ဘာမှထပ်မပြော တော့ပါ။

''ကိုသုတအကြောင်းကိုလည်း လက်ာက ခဏခဏ ပြောပြ ပါတယ်၊ သူတို့မိဘတွေ ဆုံးပါးသွားတည်းက ကိုသုတပဲ ဘေးနားမှာ ရှိနေပေးခဲ့တာတဲ့၊ လက်ာ့ကိုနားလည်ပေးနိုင်ဆုံး သူငယ်ချင်းလို့ သူ အမြဲပြောပါတယ်''

''ဟုတ်ပါတယ် ကျွန်တော်တို့နှစ်ယောက်က မူလတန်းတည်းက တစ်ကျောင်းတည်းတက်ခဲ့တာလေ၊ နေတော့လည်း တစ်ရပ်ကွက်တည်း သားချင်းတွေဆိုတော့ အမြဲတွဲဖြစ်ခဲ့ပါတယ်၊ တစ်ယောက်အကူအညီလို ရင် တစ်ယောက်က ကူညီပေးခဲ့တာပေါ့၊ ကိုဇော်ုနီးမြတ်ကို တစ်ခု လောက်တော့ ကြိုပြောထားချင်ပါတယ်''

''ဘာများလဲ ကိုသုတ''

သုတ ဘာများပြောမလို့လဲ လက်ာကိုယ်တိုင်လည်း စိတ်ဝင်စား သွားမိသည်။

''ကျွန်တော်တို့နှစ်ယောက်က ငယ်ငယ်ယောဖဉ်ကြီးတော့ အမြဲပုံ လို အတူတူရှိနေခဲ့တဲ့အပေါ်မှာ တချို့မနာလိုတဲ့သူတွေက သွားပုပ်လေ



www.burmeseclassic.com

www.burmeseclassic.com



လွှင့် ပြောခဲ့တဲ့ အတင်းအဖျင်းတွေ ရှိခဲ့ဖူးပါတယ်၊ အဲဒီအတွက် ကိုဇေဘုန်းမြတ် စိတ်ရှင်းစေချင်တာပါပဲ''

ခုလိုမျိုး သုတ ဂရုတစိုက်နဲ့ ပြောပေးလိမ့်မယ်လို့ လက်ာ လုံးဝထင်မထားပါ။ သူ့ကိုနာကျင်ခံစားရအောင် လုပ်ခဲ့သည့် မိန်းမတစ်ယောက်ကို ခုလောက်ထိ လိုက်လံဖြည့်ဆည်းပေးနေတာ သူမ ဝမ်းသာလို့မဆုံး။ ဇေဘုန်းမြတ်ကလည်း သူ့စကားကို အပြုံးဖြင့်တုန့်ပြန်ပါသည်။

''ဒီလောက်တော့ ကျွန်တော်နားလည်ပါတယ်ဗျာ၊ ကျွန်တော်က အစွဲမကြီးပါဘူး၊ တကယ်တမ်း လက်ာ့နောက်ကြောင်း မရှင်းခဲ့ဘူးဆိုရင်တောင် ခုချိန်မှာ ကျွန်တော့်ဘေးမှာရှိနေတဲ့ လက်ာ့ကိုပဲ ကျွန်တော်တန်ဖိုးထားမှာပါ''

အဲဒီစကားကြောင့် လက်ာ ပျော်ရွှင်ဝမ်းသာခဲ့ရဖူးပါသည်။ အကြီးမားဆုံးသော အလိမ်အညာစကားကြီးမှန်း မသိခဲ့သေးခင်ထိပေါ့လေ။

■ ■ ■

''လာမယ့် စနေနေ့မှာ ငါတို့ရုံးတက်လက်မှတ်ထိုးမယ် သုတ''

မဝေးတော့တဲ့ တစ်ချိန်ချိန်မှာ ကြားရမယ့်စကားမှန်းသိပေမယ့် တကယ်တမ်း လက်တွေ့ရင်ဆိုင်လိုက်ရတော့ သူ့ရင်ထဲမှာဆို့နင့်နေခဲ့၏။

''တနင်္ဂနွေနေ့ကျမှ အိမ်မှာပဲ မင်္ဂလာဦးဆွမ်းကျွေးသဘောမျိုးလေး လုပ်မယ်၊ သူရောငါရောက တစ်ကောင်ကြွက်တွေဆိုတော့ အရှေ့ခုနစ်အိမ် အနောက်ခုနစ်အိမ်နဲ့ ရုံးကဝန်ထမ်းနည်းနည်းပါးပါး ဒါပဲ ဖိတ်စရာရှိတာ''

''အင်းလေ ခုလိုမျိုး အိမ်ထောင်တစ်ခုနဲ့ နင်အတည်တကျဖြစ်သွားတော့လည်း ငါစိတ်ချရတာပေါ့ဟာ''





''နင်က အဲဒီလိုပြောလိုက်တော့ ငါ့အုပ်ထိန်းသူလိုလို ဘာလိုလိုနဲ့ပါလား''

သုတ ခံစားရမယ်ဆိုတာ သိနေလို့ လက်ာက ရယ်ရယ်မောမောနှင့် စနောက်လိုက်သည်။ ကိုယ့်ကိုချစ်ခင်စောင့်ရှောက်ပေးခဲ့သော သူငယ်ချင်းတစ်ယောက်ကို ကိုယ့်ကြောင့်နဲ့ မနာကျင်စေချင်တာ လက်ာ့စိတ်ဆန္ဒအမှန်ပါ။ ဒါကို သုတ သိပါ့မလားဟင်။

''အေးလေ ငါက နင့်အုပ်ထိန်းသူပဲမဟုတ်ဘူးလား''

''အင်းပါ ငါ့အုပ်ထိန်းသူဆိုရင် လက်မှတ်ထိုးတဲ့အခါကျ သက်သေ လိုက်ပေးလေ၊ မကောင်းဘူးလား''

''ဒါတော့ ငါမလုပ်ပါရစေနဲ့ဟာ''

''ဘာဖြစ်လို့လဲဟ ငါ့ဘက်ကနေ နင်သက်သေမလိုက်ပေးရင် ဘယ်သူလိုက်ပေးမှာလဲ''

''တခြားတစ်ယောက်ယောက်ကို အကူအညီတောင်းလိုက်ပါဟာ၊ နင့်ရဲ့လုပ်ဖော်ကိုင်ဖက်တွေကိုပဲဖြစ်ဖြစ်ပေါ့၊ ဒီတစ်ခါတော့ ငါ့ကို ခွင့်လွှတ်ပါဟာနော်''

သူ့အသံတွေ တုန်ယင်သွားတာ သတိထားလိုက်မိတာမို့ လက်ာ ရှေ့ဆက်မပြောတော့ဖို့ ဆုံးဖြတ်လိုက်သည်။ လက်ာ့အတွက်နဲ့ သုတ သိပ်များခံစားနေရသလားကွယ်။

''နင်မင်္ဂလာဆွမ်းကျွေးတော့ လာမှာမဟုတ်လားဟင် သုတ''

သုတနှုတ်ခမ်းထက်မှာ အားတင်းပြီး ပြုံးလိုက်ရသော အပြုံးသေးသေးလေးတစ်ခုကို လက်ာ တွေ့လိုက်ရသည်။

''ငါ့အချစ်ဆုံးသူငယ်ချင်းရဲ့မင်္ဂလာပွဲပဲ ငါမလာဘဲတော့ မနေပါဘူးဟာ''



www.burmeseclassic.com

www.burmeseclassic.com



''ကျေးဇူးတင်ပါတယ် သုတရယ်''

စနေနေ့မှာ ရုံးတက်လက်မှတ်ထိုးပြီး လက်ာတို့အိမ်လေးသို့ ပြန်လာခဲ့ကြ၏။ ကဗျာက အခန်းထဲမှပင် ထွက်မလာခဲ့ပါ။ ညနေဘက်မှာ အသိသက်သေလိုက်ပေးသော သူငယ်ချင်းတွေကို စားသောက်ဆိုင်တစ်ခု၌ မုန့်လိုက်ကျွေးပြီး အိမ်ပြန်လာတော့

''ကဗျာ ဘယ်သွားမလို့လဲ''

ကျောပိုးအိတ်တစ်လုံးဖြင့် အပြင်သွားရန် ပြင်နေသော ကဗျာကို အိမ်အဝင်ဝမှာပင် တွေ့လိုက်ရသည်။

''ချိုဖြင်တို့အိမ်မှာ စာကျက်ရင်း သွားအိပ်မလို့''

''ကဗျာ ဘယ်လိုပြောလိုက်တာလဲ မနက်ဖြန် ကာကာရဲ့မင်္ဂလာဆွမ်းကျွေး ရှိတာကိုသိရဲ့သားနဲ့ ကဗျာ အဲဒီလိုတော့ အရွဲ့မတိုက်သင့်ဘူး''

လက်ာ ဝမ်းနည်းတာရော ဒေါသထွက်တာရောပေါင်းကာ မျက်ရည်များပင် ရစ်ဝဲလာခဲ့သည်။ ဘာဖြစ်လို့များ ကိုဇော့ကို ညီမလေး ဒီလောက်ထိ လက်မခံနိုင်ဖြစ်နေခဲ့တာလဲ။

''ဟုတ်ပါတယ် ကဗျာရယ်၊ ကဗျာမရှိတော့ လက်ာရော အစ်ကိုရော ဘယ်စိတ်ကောင်းပါ့မလဲ''

ကဗျာက အပေါ်နှုတ်ခမ်းလေးတွန့်ကွေးကာ ကိုဇော့ကို ပေစောင်းစောင်းကြည့်သည်။

''ကဗျာ့ကိုကျတော့ စိတ်မကောင်းအောင် လုပ်ထားကြပြီးတော့ ခုမှ ဘယ်သူက စိတ်မကောင်းပါဘူးဆိုပြီး လာပြောနေတာလဲ''

''ကဗျာ နင်တော်တော်ဆိုးနေပါလား''

''ဟုတ်တယ် ကဗျာ ဆိုးတယ်၊ အဲဒါကြောင့် ကဗျာ့ကိုလည်း





မင်္ဂလာပွဲအတင်းမတက်နိုင်းနဲ့၊ မင်္ဂလာဦးညမှာ ပျော်ပျော်ရွှင်ရွှင် လွတ်လွတ်လပ်လပ် နေကြပါ ဟုတ်ပြီလား''

''ကဗျာ နင်ဘယ်လိုများ ပြောလိုက်တာလဲ''

လက်ာ့ကိုလှည့်ပင်မကြည့်တော့ဘဲ ကဗျာ ထွက်သွားသည်။ လက်ာ့ပါးပြင်ပေါ်သို့ မျက်ရည်စက်များ ပိုးပိုးပေါက်ပေါက် စီးကျလာ၏။ ကိုဇော က လားထိုင်ဆီထိ ဖေးမခေါ်လာပေးပြီး စားပွဲပေါ်မှ တစ်ရှူးတစ်ခု ထုတ်ယူသုတ်ပေးသည်။

''မငိုပါနဲ့ လက်ာရယ်၊ ဒီနေ့က ကိုယ်တို့ရဲ့မင်္ဂလာဦးမဟုတ်လား''

''ကဗျာက လက်ာ့ကို နားမလည်ပေးတာ လက်ာ သိပ်ခံစားရတယ် ကိုဇေ''

ဇော်နှုန်းမြတ်က သက်ပြင်းလေးတစ်ခုချလိုက်ပြီး လက်ာ့ကို ရင်ခွင်တွင်း ဆွဲယူဖက်ထားလိုက်သည်။

အမှန်ကို ဝန်ခံရရင် အသက်တမျှ ချစ်မြတ်နိုးရပါတယ်ဆိုတာမျိုး မဟုတ်သေးသော်လည်း လက်ာ တစ်သက်တာလုံး လက်တွဲရမည့် ခင်ပွန်းသည်တစ်ယောက်အဖြစ် ထိုရင်ခွင်ကို နွေးထွေးလုံခြုံဆုံးဟု ခံစားပေးခဲ့သည်။ ဒီရင်ခွင်ထဲမှာပဲ လက်ာ့တစ်ဘဝစာလုံး မြှုပ်နှံရှင်သန်သွားဖို့ ရွေးချယ်ဆုံးဖြတ်ခဲ့သည်။

ဘဝရဲ့ပထမဆုံး အထိအတွေ့၊ အနမ်း၊ သန့်စင်သော ပေးဆပ်မှုတစ်ခု။

လက်ာ ထိုယောကျ်ားကို မြတ်နိုးတန်ဖိုးထား ကိုးကွယ်အားကိုးခဲ့မိပါသည်။ အသက်ရှင်နေစဉ် ကာလတစ်လျှောက်လုံး ထိုယောကျ်ား အနားမှာသာ ဒေးအုတ္တုပ္ပအမျှ နေထိုင်သွားရန် သူ့ရင်ခွင်ကို ယုံကြည်စွာ



www.burmeseclassic.com

www.burmeseclassic.com



နမ်းရှိုက်ရင်း ကတိသစ္စာပြုလိုက်မိ၏။

■ ■ ■

လက်ာတို့အတွဲ ရုံးမှဧည့်သည်များကို လိုက်ဧည့်ခံနေစဉ် ကဗျာ လက်ကိုဆွဲပြီး သုတ ရောက်လာခဲ့သည်။ မသိမသာလေး ရှန်းကန်ချင်နေသော ကဗျာ့လက်များကို သုတက အတင်းဆုပ်ကိုင်ထားခြင်းဆိုပေမယ့် သုတ မျက်နှာမှာတော့ အပြုံးများဖြင့် တန်ဆာဆင်ထားသည်။

လက်ာ သဘောပေါက်လိုက်ပါပြီ။ ညက သုတကို ကဗျာအိမ်မှ ထွက်သွားကြောင်း ဖုန်းဆက်ပြီးပြောပြခဲ့တော့ ဘာမှစိတ်မပူရန် သုတ ကတိပေးခဲ့သည်။ ခုလည်း ကဗျာ့ကို လိုက်ရှာပြီး လက်ာတို့ မင်္ဂလာပွဲလေးဆီ လက်ဆွဲခေါ်လာခြင်းပင်။ ကျေးဇူးတင်ပါတယ် သုတရေ။

မင်္ဂလာပွဲက နေ့လယ်ဆယ့်နှစ်နာရီတွင် ပြီးဆုံးသည်မို့ လက်ာလည်း မောပန်းစွာ ထိုင်ချပစ်လိုက်၏။ ကဗျာကတော့ သူမကို သုတ လက်ဆွဲခေါ်လာတည်းက အခန်းထောင့်က စားပွဲလေးမှာ တစ်ယောက်တည်း ငြိမ်ငြိမ်လေး ငုတ်တုတ်ထိုင်နေခဲ့တာ ခုချိန်ထိ။

''ကဗျာ့ကို ခေါ်လာပေးတာ ကျေးဇူးပဲဟာ''

''ဘာကျေးဇူးတုန်း နင်ကလည်း။ တစ်ဦးတည်းသော အစ်မရဲ့ မင်္ဂလာပွဲကို ကဗျာ တက်ကိုတက်ရမှာလေ၊ အဲဒါကြောင့်လည်း ငါ မရမက ရှာလာပေးတာ''

''အေးပါ နင်ရော ထပ်စားဦးမလား''

''မစားတော့ပါဘူး၊ ထောပတ်ထမင်းက ကောင်းပေမယ့် နည်းနည်းအီတယ်လေ''

''ညနေကျရင် သူက ရုံးက သူ့ဘော်ဒါတွေကို အိမ်မှာအသားကင်ဝိုင်းနဲ့ဧည့်ခံဖို့ လုပ်ထားတယ်၊ နင်လည်း လာခဲ့နော်''





လက်ာရဲ့ဖိတ်ခေါ်မှုကို သုတက ခေါင်းကိုဖြည်းဖြည်းလေး ခါလိုက်ပြီး ငြင်းဆန်လိုက်၏။

''ဘာဖြစ်လို့လဲဟာ၊ ဘာလဲ သူ့ဘော်ဒါတွေကို နင်မသိဘူးလို့ ပြောမလို့လား။ မလိုပါဘူးဟာ၊ လာခဲ့ပါ မဟုတ်ရင် ယောကျ်ားလေးတွေကြားမှာ ငါတစ်ယောက်တည်း ယောင်လည်လည် ဖြစ်နေမှာဟ''

ထိုစကားကို အခန်းထဲမှာ အဝတ်အစားလဲနေသော ဇော်ဟိန်း မြှတ်မကြားအောင် သူမ ခပ်တိုးတိုးလေး ပြောလိုက်သည်။

''ညနေကျ ငါ မရှိတော့ဘူးဟ''

''ဟင် နင့်စကားက ဘယ်လိုကြီးတုန်း''

သုတရဲ့နှုတ်ခမ်းတွေ ကြီးစားပြီး ပြုံးနေသော်လည်း ပီပြင်သော အပြုံးတစ်ခုတော့ ဖြစ်မလာခဲ့ပါ။ အပြုံးတွေက လမ်းတစ်ဝက်မှာတင် အသက်မဲ့ကာ ပျောက်ကွယ်သွားနေသည်။

''ဟုတ်တယ် လက်ာ၊ ငါ ညနေခြောက်နာရီလေယာဉ်နဲ့ ပြင်သစ်သွားတော့မယ်''

''ဘာပြောတယ် ဘယ်လို''

ဒီလိုမျိုး ဗြုန်းစားကြီး မြန်မာပြည်ကနေ ထွက်ခွာသွားလိမ့်မယ်လို့ လက်ာ ဘယ်တုန်းကမှ တွေးမထားခဲ့ပါ။ ဘာကြောင့်များ ခုလောက် မြန်မြန်ကြီး ဆုံးဖြတ်ချက်ချခဲ့တာလဲ။ လက်ာရဲ့မင်္ဂလာပွဲနဲ့များ ပတ်သက်နေလေမလားလို့ အတွေးရောက်မိတော့ စိတ်ထဲမှာ တုန်လှုပ်ချောက်ချားလာသည်။

လက်ာက လင်ယောကျ်ားတစ်ယောက်အဖြစ် သုတကို လက်ခံနိုင်ခဲ့ပေမယ့် လက်ာ့ဘေးမှာ အမြဲရပ်တည်ပေးသော အားပေးဖော်သူငယ်ချင်းတစ်ယောက်အဖြစ်တော့ လိုအပ်နေပါသေးသည်။ သုတ မရှိတော့ရင် လက်ာ တစ်ယောက်တည်း။



www.burmeseclassic.com

www.burmeseclassic.com



''နင်ဘာမှလည်း ကြိုမပြောထားဘဲ ဘယ်လိုဖြစ်တာလဲ''

တုန်ယင်နေသော အသံကို ကြိုးစားထိန်းထားသော်လည်း သုတရဲ့အပြုံးများလိုပင် မအောင်မြင်ခဲ့ပါ။ ရှိုက်သံတောင် ရောစွက်ပါဝင်နေသော လက်ာ့စကားတွေကို နားထောင်ပြီး ရင်ထဲမှာ စိတ်မကောင်းဖြစ်ရခြင်းတွေ ပြည့်နှက်နေခဲ့တာ သုတ နားလည်နိုင်ပါ့မလား။

''ကြိုပြောထားရင် ငါ့ကိုခွဲရမယ်ဆိုတာ နင်စောစောသိတော့ စောစောဝမ်းနည်းနေမှာစိုးလို့''

''နင်အခု နောက်နိုင်သေးတယ် ဟုတ်လား''

ဘေးချင်းကပ်ထိုင်နေသော သူ့လက်မောင်းကို လက်ာ စိတ်ရှိလက်ရှိ ရိုက်ပစ်လိုက်သည်။ သူက ထိုလက်များကို ဖမ်းဆုပ်ထားလိုက်ပြီး

''နင့်ဘေးနားမှာ ငါအမြဲရှိပါတယ်၊ နင်လိုအပ်တဲ့အချိန်ဆို လှမ်းသာခေါ်လိုက်၊ ငါ ချက်ချင်းပြန်လာခဲ့မယ်''

''အဲဒါဆို အစတည်းက မသွားပါနဲ့လား''

သူဆုပ်ကိုင်ထားသောလက်များကို လက်ာ မရုန်းဖယ်မိပါ။ မဖြစ်နိုင်တော့မှန်း သိပေမယ့် ကလေးတစ်ယောက်လိုမျိုး ငိုယိုပြောဆိုလိုက်မိတာ။

''ဟိုမှာ ငါစိတ်ဝင်စားတဲ့ စားသောက်ဆိုင်လုပ်ငန်းတွေ၊ ချက်ပြုတ်နည်းသင်တန်းကျောင်းတွေ တက်ဖို့ ရည်ရွယ်ထားတယ်၊ နည်းနည်းအထိုင်ကျသွားရင် ငါ့မိဘတွေကိုလည်း အဲဒီမှာပဲ စီးပွားရေးတစ်ခုခု ပြောင်းလုပ်နိုင်းပြီး အခြေချလိုက်မယ်လေ''

သုတက ဒီမှာတည်းက စားဖိုးမှူးသင်တန်းတွေလိုက်တက်ပြီး စားသောက်ဆိုင်လေးတစ်ခုဖွင့်နိုင်ဖို့ အမြဲစိတ်ကူးရှိနေသူဖြစ်သည်။ သူ့ဘဝအတွက်အကောင်းဆုံးလို့ထင်ပြီး ရွေးချယ်ထားတာကို လက်ာက





ဘားမြစ်နေလို့ သင့်တော်ပါတော့မလား။

''ငါသဘောပေါက်ပါပြီဟာ၊ ဒါပေမဲ့ ငါတို့ အမြဲတမ်း အဆက်အသွယ်လုပ်မယ်နော်၊ နင်လည်း စာရေး ငါလည်း ဒီမှာဖြစ်သမျှတွေ နင့်ကိုစာရေးပြီး ပြောပြမယ်''

''အေးပါ သူငယ်ချင်းရာ၊ ပြီးတော့ နင်ကဗျာကိုလည်း ဂရုစိုက်ပါ၊ သူက နင်အိမ်ထောင်ပြုလိုက်တော့ သူ့အစ်မကို ဆုံးရှုံးလိုက်ရပြီး သူတစ်ယောက်တည်း ဖြစ်သွားပြီဆိုပြီး အားငယ်နေတာ''

''ဟာ မဟုတ်တာဘဲ သုတရယ်၊ နင်လည်းအသိပါ၊ ငါ ကဗျာကိုဘယ်လောက်ချစ်တယ်ဆိုတာ''

''ငါကတော့ သိပါတယ်ဟာ၊ နင့်အမျိုးသားကိုလည်း ညီမလေးတစ်ယောက်လိုပဲ ကောင်းကောင်းမွန်မွန် ကြည့်ရှုစောင့်ရှောက်ခိုင်းပေါ့၊ ကဗျာက စိတ်နုပါတယ်၊ နင်တို့ သူ့အပေါ်မှာ တကယ်ကောင်းမှန်း သိပ်မကြာခင် နားလည်လာမှာပါ''

''အင်းပါ သူ့ကိုလည်း ကဗျာ့အကြောင်းတွေ နားလည်အောင် ငါပြောပြသင့်သလောက် ပြောပြထားပါတယ်၊ ကလေးစိတ်ပဲရှိသေးလို့ ခုလိုတွေလုပ်နေတယ်ဆိုတာ သူလည်း သဘောပေါက်တယ်လေ''

သုတ ပြန်သွားတာကို အိမ်အပေါက်ဝကနေ လက်ာ မျက်စိတဆုံး လိုက်ကြည့်နေမိသည်။ မူလတန်းဘဝတည်းက ခုလိုမျိုး အိမ်ထောင်တွေကျတဲ့အချိန်ထိ တပူးတွဲတွဲ အတူရှိနေခဲ့သော သူငယ်ချင်းက နှုတ်ဆက်ခွဲခွာသွားတာကို လက်ာ မယုံကြည်နိုင်သေးသလိုပါပဲ။

လက်ာ့အပေါ်မှာ ထူးထူးထွေထွေ ပြောပြနေစရာမလိုဘဲ နားလည်သဘောပေါက် ခွင့်လွှတ်ပေးနိုင်သော သူငယ်ချင်းကို ခုလိုမျိုး အဝေးကြီးဆီ ထွက်မသွားစေချင်သော်လည်း လက်ာ ဘယ်လိုနည်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



တားမြစ်နိုင်မလဲလေ။ ခုချိန်မှာ လက်ာကိုယ်တိုင်ရွေးချယ်ထားသော အိမ်ထောင်ဖက်နှင့် ဘဝတစ်ခု တည်ဆောက်ရတော့မည်။ လက်ာ အိမ်ထောင်ပြုလိုက်ခြင်းဟာ သုတနိုင်ငံခြားထွက်ခွာသွားခြင်းရဲ့အခြေခံကျသော အကြောင်းရင်းတစ်ရပ်မှန်းလည်း လက်ာ့စိတ်ထဲက အလိုလိုနားလည်နေ၏။

အဲဒီလိုနားလည်နေရဲ့သားနဲ့ သူ ထွက်ခွာသွားမှာကို တားဆီးဖို့ လက်ာ မလုပ်ရက်ပါ။ သိပ်တစ်ကိုယ်ကောင်းဆန်ရာကျသွားမည်မှန်း လက်ာ သိပါသည်။

''အဝတ်အစားတွေ လဲလိုက်တော့လေ လက်ာ''

ကိုဇေ လက်ာနားရောက်လာသည်။ အိမ်အပေါက်ဝနားမှာ ရပ်ကြည့်နေမိဆဲဖြစ်သော လက်ာ့ကို နောက်ဘက်ကနေ သိုင်းဖက်လျက် ပခုံးသားလေးကို တစ်ချက်ဖွဖွ နမ်းလိုက်၏။

''အို ကိုဇေ အဲဒီလို မလုပ်ပါနဲ့၊ ကဗျာ တွေ့သွားရင် မသင့်တော်ပါဘူး''

''ကဗျာက ခုပဲ သူ့အခန်းထဲ သူဝင်သွားပါပြီကွာ''

''ဒါပေမဲ့လည်း ဒီနေရာမှာ မကောင်းပါဘူးကွယ်''

''ဒီနေရာမှာမကောင်းရင် ကောင်းတဲ့နေရာသွားမယ်လေ''

ချိုမြိန်စူးရှသော သူ့အကြည့်များကြောင့် လက်ာရှက်စနိုးလေးနှင့် ခေါင်းငုံ့လိုက်မိသည်။ ဒါပေမဲ့ ခြေလှမ်းများကတော့ သူခေါ်ဆောင်ရာ အိပ်ခန်းဆောင်ဆီသို့။

■ ■ ■



## အခန်း (၇)

''ကဗျာရေ ထမင်းစားမယ်၊ ထွက်ခဲ့တော့ဟေ့''

ထမင်းဝိုင်းကို စနစ်တကျ ပြင်ဆင်ပြီးတော့ အခန်းထဲမှာ တကျက်နေသော ကဗျာ့ကို လက်ာ အသံကျယ်ကျယ်လေးဖြင့် လှမ်းခေါ်လိုက်သည်။ ဗိုက်ဆာနေပုံရသော ညီမလေး ချက်ချင်းပင် အပြေးအလွှား ရောက်လာခဲ့သည်။

သူ့ထက်အရင် ထမင်းဝိုင်းမှာ ထိုင်နှင့်နေသော ကိုဇေ့ကိုမြင်တော့ မျက်နှာလေး ရှုပ်သွားပြန်၏။ တကယ့်ကို ကလေးတစ်ယောက်အတိုင်း စိတ်ဆိုးလို့ မဝနိုင်သေးသော ကဗျာ့ကို လက်ာ ဖွေမယူချင်တော့ပါ။ ဘာပြဿနာမှ ထွေထွေထူးထူး မရှာတာပင် စိတ်ချမ်းသာနေရ၏။

ခုဆို လက်ာတို့လက်ထပ်ပြီးတာ သုံးလကျော်ခဲ့ပြီ။ ကိုဇေက ကဗျာ့ကို စကားပြောရန်ကြိုးစားသော်လည်း ကဗျာကတော့ ခပ်တည်တည်နှင့် ရှုပ်ပုပ်ပုပ်သာ။ ဒီ ဆိုးနွဲ့ချင်သည့် ညီမလေးကို ကိုဇေ အပြုံး မျက် နားလည်ပေးသည့်အတွက် လက်ာ့မှာ ခင်ပွန်းဖြစ်သူကို အားသည်း



www.burmeseclassic.com

www.burmeseclassic.com



နာ ကျေးရူးလည်းတင်မိ၏။

''ဒီနေ့ဆန်းဒေးကိုတော့ ကိုယ်တို့နှစ်ယောက်လုံး အားနေတာပဲ ကဗျာ့ကိုခေါ်ပြီး ရုပ်ရှင်သွားကြည့်ကြမလား''

ထမင်းစားသောက်နေရင်းနှင့် ကိုဇော စကားစလာသည်။ ပထမတော့ ဒီတစ်ရက်ကို အိမ်မှာပဲ အေးအေးဆေးဆေး အနားယူဖို့ စဉ်းစားထားပေမယ့် ခုလို ကိုဇော တောင်းဆိုလာတော့ လက်ာလည်း မငြင်းချင်ပါ။ ကဗျာ့ကိုခေါ်ပြီး အတူတကွ သွားလာစားသောက်ခြင်းဖြင့် ညီမလေးတစ်ယောက်တည်း အထီးကျန်နေမှာမဟုတ်ကြောင်း သက်သေပြချင်ခဲ့သည်။

''ကောင်းသားပဲ ကိုဇောရဲ့၊ ကဗျာလည်း စာမေးပွဲနီးတော့ အခန်းအောင်းပြီး စာချည်းပဲကျက်နေတာ၊ စိတ်ပြေလက်ပျောက် ဖြစ်တာပေါ့''

''နေပါ ကဗျာမလိုက်ချင်ပါဘူး၊ သူများလင်မယားကြား ရှုပ်ရှုပ်ယှက်ယှက်တွေ မလုပ်ချင်ဘူး''

''ဘယ်ဟုတ်မလဲ ကဗျာရဲ့၊ အစ်ကို့အတွက်လည်း ကဗျာက ညီမလေးတစ်ယောက်ပါပဲ၊ ကိုယ်တို့အားလုံးက မိသားစုပဲလေ''

ကိုဇောက လေသံချိုချိုလေးနှင့် ဝင်ပြောသည်။ ကဗျာက ဘာမှပြန်မပြောဘဲ ကိုဇော့ကိုပေစောင်းစောင်း ကြည့်နေ၏။ ဒီညီမလေးတစ်ယောက်နှင့်တော့ ခက်ပါသည်။

''ကဲပါ ထမင်းကို အရင်ကုန်အောင် စားလိုက်ကြဦး၊ ပြီးမှ ကဗျာ့ကို လက်ာ ပြောပါ့မယ်၊ ကဗျာက လိမ္မာပါတယ် ကိုဇောရဲ့''

ကလေးဆိုးလေးလိုဖြစ်နေသော ကဗျာ့ကို လက်ာက ချော့မော့ပြောလိုက်သည်။ ထမင်းစားသောက်ပြီးသွားတော့ သူ့အခန်းထဲသူ ပြန်





ဝင်စဉ် လက်ာလည်း နောက်ကနေ လိုက်ဝင်လိုက်၏။

''ဘာပြောမလို့လဲ ကာကာ''

''ညီမလေးက ဘာလို့ ခုလိုမျိုးတွေ အရွဲ့တိုက်နေတာလဲ၊ ကာကာ့ကို မချစ်တော့ဘူးလားဟင်''

''ဘယ်သူက ဘယ်သူ့ကို မချစ်တော့တာလဲ၊ ပြောင်းပြန်ကြီးတွေ မေးနေသလိုပဲနော်''

''ကဗျာ့ကို ကာကာ ဘယ်တုန်းကမှ အချစ်မလျော့ခဲ့ဘူး။ အဲဒါကိုတော့ ကဗျာ မစွပ်စွဲပါနဲ့၊ ကာကာတို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် အချစ်ဆုံးညီအစ်မတွေ မဟုတ်ဘူးလား''

''အရင်တုန်းကတော့ ဟုတ်ချင်ဟုတ်မှာပေါ့၊ ခုတော့ မဟုတ်ဘူးထင်တာပဲ''

ခုတင်ထက်သို့ ဘုန်းခနဲ ပစ်လှဲလိုက်ပြီး လက်ာ့ကိုကျောပေးအိပ်လိုက်ရင်းက ကဗျာ ဆိုသည်။

''ထမင်းစားပြီးပြီးချင်း မအိပ်နဲ့လေ ကဗျာ၊ အစာမကြေဖြစ်လိမ့်မယ်''

တုန့်ပြန်သံမကြားရ။ ကဗျာ စိတ်ကောက်နေပါပြီ၊ ထို့ကြောင့်ပင် လက်ာက ခုတင်စွန်းလေးမှာ ဝင်ထိုင်လိုက်ပြီး

''အိပ်ချင်ယောင်ဆောင်နေရင် ဘယ်လိုနှိုးရမလဲဆိုတာ သိတယ်နော်''

လက်ာရဲ့ပြောင်ချော်ချော်စကားကြောင့် ကဗျာ ဝေါက်ခနဲ ထထိုင်လျက် ခြေရင်းမှ စောင်ကိုဆွဲယူပြီး ခေါင်းမြီးခြုံပစ်လိုက်၏။

''ဟား ဟား ဒီလိုလုပ်ရုံနဲ့ လွတ်ရိုးလားဟေ့''

ခေါင်းမြီးခြုံအောက်မှ ကဗျာ့ကိုသိုင်းဖက်လိုက်ပြီး တစ်ကိုယ်လုံး



www.burmeseclassic.com

www.burmeseclassic.com



အနှံ့ ကလိထိုးပစ်လိုက်တော့ ကဗျာ အတင်းရုန်းကန်အော်ဟစ်တော့သည်။

''ကာကာ မလုပ်နဲ့တော့ကွာ ဟား ဟား မလုပ်နဲ့ဆို၊ အားယား ယားတယ်၊ တော်ပါတော့ ကာကာ''

ငယ်ငယ်တည်းက ကဗျာ စိတ်ကောက်ပြီဆို အိပ်ရာထက်မှာ အိပ်ချင်ယောင်ဆောင်ကာ ငြိမ်သက်နေတတ်သည်။ အဲဒီလိုအချိန်တိုင်း လက်ာက ကလိထိုးပြီး ကဗျာ စကားမပြောပြောအောင် လုပ်မြဲ။ ခုထိလည်း ထိုနည်းလေးက အသုံးဝင်နေပါသေးသည်။

''ရုပ်ရှင်ကြည့်မှာလား မကြည့်ဘူးလား၊ အခုဖြေနော် မဖြေရင်ဆက်ထိုးနေမှာ''

ကလေးတွေကိုခြောက်လှန့်နေသည့်အသံမျိုးလုပ်ကာ လက်ာပြောလိုက်လျှင် ကဗျာ ရုန်းရင်းကန်ရင်းနှင့်မှ ခေါင်းကိုအဆက်မပြတ်ညိတ်ပြသည်။

''အား ကြည့်မယ် ကြည့်မယ် မထိုးနဲ့တော့နော်၊ အဟင်းဟင်း ယားလို့ မထိုးပါနဲ့တော့ဆို၊ ရုပ်ရှင်ကြည့်မယ်၊ ကာကာတို့နဲ့ အဟားတူတူလိုက်မယ်လို့''

ကဗျာ့ဆီက ကတိစကားရမှပင် လက်ာက ကလိထိုးနေခြင်းကို ရပ်ပေးလိုက်၏။ ကဗျာက စောင်ခြုံအောက်မှာ ကောက်ကွေးနေအောင် လူးလွန့်နေရာကနေ ငေါက်ခနဲ ထထိုင်သည်။ နှစ်ဦးသားလုံးမောပန်းနေသောကြောင့် အသက်ကို ပြင်းပြင်းရှူနေရ၏။

''ကာကာက ဘာမှန်းလည်းမသိဘူး''

ရုန်းကန်ဆော့ကစားထားသောကြောင့် နီရဲနေသော တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ လက်ာတို့နှစ်ဦးလုံး ပြိုင်တူရယ်





မောလိုက်မိသည်။

ထိုနေ့က လက်ာတို့သွားကြည့်ကြတာ လူသတ်အက်ရှင်ကား။ လက်ာ့ရဲ့အတင်းမရမက ခေါ်ဆောင်လာမှုကြောင့် ကဗျာပါလာသော်လည်း ရုပ်ရှင်ရုံထဲမှာ နေရာယူကြတော့ ကဗျာက ရစ်လာသည်။ လက်ာတို့နှစ်ယောက်ကြားက ထိုင်ခုံမှာ သူမထိုင်ပါမယ်ဆိုပြီးတော့ပေါ့။

''ကဗျာ ကြိုက်တဲ့နေရာမှာထိုင်၊ အစ်ကိုတို့က ညီမလေးကို အလယ်မှာထားတော့ ပိုပျော်စရာကောင်းတာပေါ့''

ကိုဇေက လိုက်လိုက်လျောလျော ခွင့်ပြုပေးလိုက်တာမို့ ကဗျာပျော်ရွှင်သွားပုံပါပဲ။ အလယ်ခေါင်တည့်တည့်မှာ ဝင်ထိုင်ပြီး လက်ာတို့နှစ်ယောက်ကို ခွဲထားရသောကြောင့် ကျေနပ်နှစ်ခြိုက်နေသည့်မျက်နှာပေးမျိုး။ ဘယ်လောက်ကလေးဆန်လိုက်သည့် ညီမလေးပါလဲ။

ပုံမှန်အတိုင်းဆိုရင်တော့ ဒီလို ကြမ်းကြမ်းရမ်းရမ်း ရုပ်ရှင်တွေကို ကဗျာ ကြည့်လေ့ကြည့်ထ မရှိပါ။ ခုဟာက လက်မှတ်ကို ကိုဇေဘွတ်ကင်ကြိုလုပ်ထားလိုက်သောကြောင့် ပြီးတော့ ကာကာ့ကိုလည်း စိတ်ချမ်းသာစေချင်သောကြောင့် ကဗျာ ဘာမှမပြောတော့တာပါ။

လူတွေတစ်ယောက်ပြီးတစ်ယောက် သေနေတာ သွေးသံရဲရဲ။ မင်းသားက စိတ္တဇလူသတ်သမားဖြစ်သည်။ စိတ်ထဲကနေ ဒါ ရုပ်ရှင်လို့ပဲ အကြိမ်ကြိမ်ရေရွတ်နေမိ၏။ ဟင် ဟိုမှာ လူသတ်သမားက ကလေးလေးရဲ့အနောက် ရောက်နေပြီ။ လက်ထဲမှာကိုင်ထားသော ပုဆိန်ကိုမြှောက်လျက် ခုတ်ရန်ရွယ်လိုက်ချိန်။ ကဗျာ ကြောက်လန့်တကြားနှင့် ဆုပ်ကိုင်လိုက်မိသောအရာက

''ကဗျာ ဘာဖြစ်လို့လဲ''

''ကလေးလေး အသတ်ခံရမှာစိုးလို့''



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ အဖက်လုပ်ကာ စကားမပြောခဲ့ဖူးသော ကိုဇေ့ကို အသံတုန်တုန်လေးနှင့် ကဗျာ ပြန်ဖြေမိသည်။ ဆုပ်ကိုင်ထားမိသော သူ့လက်များကိုလည်း မလွှတ်ပေးမိသေး။

''ကဗျာ မကြည့်ရဲလို့လား၊ ဒါဆို ကာကာတို့ ပြန်မယ်လေ''

အစ်မလုပ်သူက စိုးရိမ်တကြီး ပြောသည်။

''ကဗျာက ကလေးမှမဟုတ်တာ၊ ဘာလို့မကြည့်ရဲရမှာလဲ ဟိုမှာကြည့်လေ ကလေးလေးလည်း အသတ်မခံရပါဘူး ကဗျာရဲ့''

ကဗျာ ကြောက်အားလန့်အားနှင့် ဖမ်းဆုပ်ကိုင်ထားသော လက်လေးကို သူက မလွှတ်ပေးသည့်အပြင် ပိုလို့တိုးဆုပ်ကိုင်ထားလိုက်ရင်း အားပေးစကားပြောသည်။ အလွန်ထူးဆန်းပါသည်။ လက်ာတို့ ညီအစ်မနှစ်ယောက်ကြားမှာ အနှောင့်အယှက်တစ်ခုအဖြစ် ရောက်ရှိလာခဲ့သည်ဟု ယူဆပြီး အမြဲမုန်းတီးခဲ့မိသော ကိုဇေရဲ့လက်တွေက ကဗျာ့အတွက် သိပ်ကိုနွေးထွေးလွန်းနေသည်။

တကယ်ပဲ ဘာကိုမှ ကြောက်ရွံ့စိတ်မျိုး မဖြစ်တော့ဘဲ ရင်တုန်ပန်းတုန်ဖြစ်နေတာတွေလည်း ပျောက်ကွယ်သွား၏။

''ပြောလေ ကဗျာ ဆက်ကြည့်ရဲတယ် မဟုတ်လား''

ဘယ်တုန်းကမှ မျက်နှာချင်းဆိုင် မကြည့်ခဲ့ဖူးသော သူ့မျက်ဝန်းတွေက ခုလို ရုပ်ရှင်ရုံရဲ့အမှောင်ထဲမှာတောင် အလင်းရောင်တွေ ထွက်နေသလို တောက်ပနေ၏။ အဲဒီကတစ်ဆင့် ကဗျာ့ရင်ထဲ ရောက်ရှိလာသော နွေးထွေးမှုကနေ အားအင်တွေလည်း တိုးပွားလာနေသလို။

''အင်း ကြည့်ရဲတယ်''

သူ ဆုပ်ကိုင်ထားသော လက်ကို ကဗျာကပါ တင်းတင်းကျပ်ကျပ်လေး ပြန်လည်ဖမ်းဆုပ်ထားမိသည်။ ရုပ်ရှင်ကားပြီးဆုံးကြောင်း





စာတန်းထိုးပေါ်လာမှသာ ထိုလက်များကို နှစ်ဦးသားလုံး ပြုံ၍တူလွှတ်လိုက်မိ၏။

အလင်းရောင်ထဲမှာ မြင်နေရသော ဇော်ဘုန်းမြတ်ရဲ့မျက်ဝန်းတွေက ကဗျာ့အတွက်မဟုတ်တော့ဘဲ ကာကာတစ်ယောက်တည်းအတွက် လင်းလက်နေတယ်လို့ တွေးမိလိုက်သောအခိုက်မှာတော့ ကဗျာ့စိတ်ထဲ ဘာကိုမုန်းမသိ အလိုမကျ ဖြစ်သွားမိသည်။ အဲဒီလို ခံစားချက်ကြီးက ထူးဆန်းပါ၏။

အသက်နှစ်ဆယ်သာ ပြည့်တော့မည်၊ ခုလိုမျိုး ထူးဆန်းသည့် ခံစားချက်မျိုး ကဗျာ တစ်ခါမှ မဖြစ်ခဲ့ဖူးပါ။ ဖြစ်မယ့်ဖြစ်တော့လည်း တစ်ချိန်လုံး ကဗျာ အမြင်ကပ်ကြည့်မရ ဖြစ်နေခဲ့သော ခဲအိုဖြစ်သူအပေါ်မှာ။

''ကိုယ်တို့ ရေခဲမုန့်သွားစားကြမလား''

လမ်းလျှောက်လာရင်း ရှေ့တည့်တည့်မှာ မြင်နေရသော ရေခဲမုန့်ဆိုင်လေးကို လက်ညှိုးညွှန်ပြလျက် ဇော်ဘုန်းမြတ် ပြောသည်။ ရာသီဥတု ပူအိုက်သောကြောင့် လက်ာလည်း ဇော်ဘုန်းမြတ်စကားကို ထောက်ခံရန် ပြင်ဆဲမှာပင်

''မစားချင်ဘူး၊ အိမ်ပဲပြန်ချင်တယ်''

''ဟင် ကဗျာက ရေခဲမုန့်သိပ်ကြိုက်တာ မဟုတ်လား''

လက်ာက ပျာပျာသလဲ ပြောသည်။ ကဗျာ ရေခဲမုန့်ကို သိပ်ကြိုက်ပေမယ့် ခုချိန်မှာတော့ ဘာဖြစ်လို့မုန်းမသိ၊ အိမ်ကိုပဲ ပြန်ချင်နေသည်။ အိမ်ပြန်ပြီး အခန်းထဲမှာ စောင်ခြုံအိပ်ပစ်လိုက်ချင်နေသည်။ ဒီတိုင်းသာ ဆက်နေနေရင် ဘာကိုအလိုမကျမှန်း မသိသော ခံစားချက်များဖြင့် ကဗျာ နေမထိထိုင်မသာ ဖြစ်နေရဦးမှာ။



www.burmeseclassic.com

www.burmeseclassic.com



''အခု ဘာမှမစားချင်ဘူး၊ အိမ်ပဲပြန်ချင်တယ်၊ ကာကာတို့ စားချင်ရင် ကိုယ့်ဘာသာစားပြီးနေခဲ့ကြ''

ပြောပြောဆိုဆို အနားမှထွက်သွားသော ကဗျာ့နောက်ကို လက်ာတို့နှစ်ယောက် အပြေးအလွှား လိုက်ခဲ့ရတော့၏။ အဲဒီလို လုပ်ချင်ရာလုပ်တတ်သော တဖွတ်ထိုးစိတ်လေးကို လက်ာ ဘယ်လိုပြုပြင်ပေးရမှန်း မသိတော့ပါ။

ထိုနေ့ညစာကိုလည်း ထွက်မစားဘဲ အခန်းထဲမှာပဲ ကဗျာ အောင်းနေခဲ့သည်။

''ဟိတ် ကဗျာ တံခါးဖွင့်ပေးဦး၊ ဘာလုပ်နေတာလဲ''

လက်ာ ဘယ်လောက်ပဲအော်ခေါ်ခေါ် ကဗျာ ပြန်မထူးခဲ့၊ ဘာတုန့်ပြန်သံမှ မကြားရသည့်အပြင် အခန်းမီးလေးကိုပါ အမှောင်ချပစ်လိုက်သေး၏။

''ထားလိုက်ပါကွာ မင်းက တအားဖိအားပေးလွန်းတယ်၊ သူလည်း တစ်ခါတလေတော့ စိတ်လွတ်ကိုယ်လွတ် နေပါစေ၊ စာမေးပွဲရှိလို့ စာတွေကျက်နေရတယ်ဆိုတော့ စိတ်ညစ်ပင်ပန်းနေမှာပဲ၊ မင်းကပါ ထပ်ပြီး အတင်းအကျပ်တွေ မလုပ်ပါနဲ့''

အခန်းအပြင်ဘက်မှ ကာကာတို့လင်မယား ပြောနေသည့် စကားသံများကို ကဗျာ အခန်းထဲကနေ အားလုံးနားထောင်နေမိသည်။ ကာကာ ဆက်ခေါ်နေမှာစိုးလို့ အခန်းမီးကို ပိတ်ထားလိုက်ခြင်းဖြစ်သော်လည်း လူကတော့ အိပ်လို့မပျော်နိုင်သေးပါ။ ရုပ်ရှင်ရုံထဲက အခိုက်အတန့်လေးကို သတိရနေမိသည်။

ယောကျ်ားလေးသူငယ်ချင်းနှစ်ယောက် သုံးယောက်လောက် ရှိသော်လည်း မိန်းကလေးသူငယ်ချင်းတွေလို တရင်းတနှီး ပေါင်းသင်း





ဆက်ဆံဖူးတာ မဟုတ်တော့ ကဗျာ့အတွက် ယောကျ်ားတစ်ယောက်ရဲ့ အထိအတွေ့ဟာ အထူးအဆန်းပါပဲ။ လက်ကလေးကို ဆုပ်ကိုင်ထားမိရုံနဲ့တင် တစ်ကိုယ်လုံး ကြက်သီးများထချင်လာသလို နွေးထွေးရတာသွားသည်။ ဒီလက်ကို ဆုပ်ကိုင်ထားသရွေ့ ဘာအန္တရာယ်မှ မကျရောက်တော့ဘူးလို့ ယုံကြည်ချင်လာသည်။

သိပ်ကိုထူးခြားသည့် ခံစားမှုပါ။ အထူးသဖြင့် ဒီလိုမျိုးနွေးထွေးလုံခြုံစေသည့် ခံစားချက်ကို ပေးစွမ်းနိုင်ခဲ့သော လက်တစ်စုံသည် ကဗျာ ဘယ်လိုမှ လက်မခံပေးနိုင်ခဲ့သော ကြည့်မရဖြစ်ခဲ့မိသော မျက်နှာချင်းဆိုင်မို့တောင် စိတ်မကူးထားသော ဖောှန်းမြွတ်ထံမှာ ရှိနေခဲ့သည်။

မီးအမှောင်ချထားသော အခန်းလေးထဲမှာ အတွေးများဖြင့် ကဗျာ ငုတ်တုတ်ထိုင်နေမိတာ ဘယ်လောက်တောင် ကြာသွားခဲ့သည် မသိ။ ဗိုက်ထဲက တဂျုတ်ဂျုတ်မြည်သံကြားမှပင် တစ်ခုခုထစားရန် စိတ်ကူးရ၏။ ဆယ့်နှစ်နာရီခွဲနေပြီမို့ ကာကာတို့အိပ်နေလောက်ပါပြီ။

အခန်းထဲကို ခြေသံဖွဖွလေးနင်းလျက် ကဗျာ ထွက်လာခဲ့လိုက်သည်။ ညသန်းခေါင်ကျမှ ကဗျာ ထမင်းထစားမှန်းသိရင် ကာကာ ထွက်လာပြီး တစ်ခုခုပြောနေဦးမှာစိုးလို့ပါ။ နောက်ဖေးမီးဖိုချောင်ဆီကို ခပ်မှန်မှန်လေး လျှောက်သွားလိုက်၏။ ရေခဲသေတ္တာရဲ့ဟိုဘက်ဘေးမှာ ရှိနေသော မီးခလုတ်ဆီသို့အသွား အင့်ခနဲနေအောင် တိုက်မိလိုက်သော တစ်စုံတစ်ရာကြောင့် နောက်ဘက်သို့ ပြန်ယိုင်လဲကျသွားတော့မလို ဖြစ်သွားသည်။

သို့သော် အချိန်မီ ဖမ်းဆွဲထားလိုက်သော လက်တစ်စုံကြောင့် ကဗျာ သက်သာရာရသွား၏။

''ကဗျာလား''



www.burmeseclassic.com

www.burmeseclassic.com



သူက နှုတ်ကလည်းမေးပြီး မီးခလုတ်များကိုလည်း လှမ်းဖွင့်လိုက်သည်။ မီးအလင်းရောင်ထဲမှာ ညအိပ်ဝတ်စုံ ဝတ်ထားသော ဇေဘုန်းမြတ်ပုံစံက တစ်ရေးနိုးလာသူတစ်ယောက်လိုပါ။

''ကဗျာ ဘာထလုပ်တာလဲ''

''ဗိုက်ဆာလို့ ထမင်းစားမလို့''

စကားပြောနေရင်းမှ ကဗျာ့လက်များကို သူ ဆုပ်ကိုင်ထားမိနေသေးမှန်း သတိရသွားပုံနှင့် ဆတ်ခနဲ လွှတ်ချပစ်လိုက်၏။ သေချာပါသည်။ သူ့လက်များရဲ့ဆုပ်ကိုင်ထားခြင်း ခံရသော ခဏဘာဟာ ကဗျာ့အတွက် လုံခြုံစိတ်ချရသော တဒင်္ဂပါပဲ။

''ဟာ အဲဒါမှ ဒုက္ခပဲ အစ်ကိုက တစ်ရေးနိုး ရေထသောက်ရင်းနဲ့ ဟင်းတွေအနံ့မကောင်းတော့တာ သတိထားမိလို့ ခုလေးတင်ပဲ သွန်ပစ်လိုက်ပြီ''

''ဟွန် အဲဒါဆို ဘာဟင်းမှ မရှိတော့ဘူးပေါ့၊ ကဗျာ ဘာသွားစားရမလဲ''

စိတ်ပျက်လက်ပျက်နှင့် နှုတ်ခမ်းလေးစူကာပြောရင်း ကုလားထိုင်မှာ ထိုင်ချလိုက်သော ကဗျာ့ကိုကြည့်ပြီး ဇေဘုန်းမြတ် အကြံတစ်ခုရသွားသည်။

''ထမင်းကြော်စားမလား''

''ထမင်းကြော် ဟုတ်လား။ ဒီအချိန်ကြီး ထမင်းကြော် ဘယ်ကရမှာလဲ''

ကဗျာ မျက်လုံးလေးများဝိုင်းလျက် ကလေးတစ်ယောက်လို ပြန်မေးမိသည်။ ဇေဘုန်းမြတ်က ဆရာတစ်ယောက်လို မိန့်မိန့်ကြီးပြုံးလိုက်ရင်း လက်မထောင်လျက်





''အစ်ကို ကြော်ပေးမှာပေါ့၊ ရေခဲသေတ္တာထဲမှာ အသီးအရွက်တွေရှိတယ်လေ၊ ကြက်ဥနဲ့ထမင်းကြော်လုပ်ပေးမယ်၊ စားမယ်မဟုတ်လား''

ဟိုအရင်ကလို စိတ်နဲ့ဆို ခုလိုမျိုး ဇေဘုန်းမြတ်ကို စကားတောင်ကောင်းကောင်းမွန်မွန် ပြန်ပြောဖြစ်မည်မထင်ပါ။ ခုကျတော့ ထူးဆန်းစွာပင် အရင်လိုမုန်းတီးမြင်ပြင်းကပ်ခြင်းများ မရှိတော့ပါဘဲ လွယ်ကူစွာ ခေါင်းညိတ်လိုက်မိ၏။

မုန်လာဥနီတို့ မုန်ညင်းရွက်တို့ကို သူ ရေဆေးလှီးချွတ်နေတာကို ကဗျာ ထိုင်ကြည့်နေမိသည်။ ယောကျ်ားတစ်ယောက် နောက်ဖေးမီးဖိုချောင်မှာ ချက်ပြုတ်နေသည့်ပုံစံက တကယ့်ကို ကြည့်ကောင်းမှန်းဒီအရင်တုန်းက ကဗျာ မသိခဲ့ပါ။

ဆယ့်ငါးမိနစ်အတွင်းမှာပင် ကဗျာ ထိုင်နေသော ထမင်းစားပွဲဆီသို့ အငွေ့တထောင်းထောင်းထနေသော ထမင်းကြော်ပန်းကန် ရောက်ရှိလာခဲ့သည်။

''အစ် အစ်ကိုက လုပ်တတ်သားပဲနော်''

ဇေဘုန်းမြတ်က သူ့ကိုယ်သူ အစ်ကိုလို့ အမြဲသုံးနှုန်းပြောတတ်သည့်အတိုင်း ကဗျာလည်း လိုက်ခေါ်လိုက်သည်။ ဘယ်တုန်းကမှ အရေးမစိုက်ခဲ့ဖူးသည့် လူတစ်ယောက်ကို စတင်စကားပြောရခြင်းဆိုတော့ ကဗျာ့စိတ်ထဲ မဝင့်မရဲဖြစ်နေမိတာတော့ အမှန်ပါပဲ။ ဒါကို ဇေဘုန်းမြတ်ကလည်း သဘောပေါက်သည့်ပုံပါ။

''စားကြည့်လေ အစ်ကိုက လက်ာနဲ့လက်မထပ်ခင်တည်းကတစ်ကိုယ်တည်းနေလာတာဆိုတော့ သာမန်ကာလျှံကာလေးတွေ ချက်တတ်ပြုတ်တတ်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



ထမင်းကြော်တစ်ဇွန်းကို ပါးစပ်ထဲထည့်လိုက်သည်။ အရသာက သိပ်တော့မဆိုးလှပါ။ အမှန်ကို ဝန်ခံရရင် ကဗျာတောင် ခုလောက် မလုပ်တတ်။ နောက်ထပ်တစ်ဇွန်း ထပ်စားကြည့်လိုက်၏။ ဒီညအတွက် စားရတာ အရသာက ဘယ်ဆိုင်မှာမှ စားခဲ့ဖူးခြင်းမရှိသေးသော အရသာ မျိုးလို့ထင်လ[illegible]သည်။ ကိုယ်တစ်ဦးတည်းအတွက်ရည်ရွယ်ပြီး ယောကျ်ား တစ်ယောက်က ဂရုတစိုက်နဲ့ ချက်ပြုတ်ပေးတာတဲ့။

တကယ့်ကိုပဲ ချိုမြိန်ပြီး အရသာရှိလှသည်။

''ဘယ်လိုလဲ ကောင်းတယ်မဟုတ်လား ကဗျာ''

သူမ နှုတ်ကအစားမပျက်ဘဲ ခေါင်းသာ ခပ်သွက်သွက်လေး ညိတ်ပြလိုက်သည်။ ကဗျာ့အဖြေကြောင့် ဇော်ဘုန်းမြတ် ဝမ်းသာကျေနပ် သွားပုံနှင့် ထမင်းငုံ့စားနေသော ကဗျာခေါင်းလေးကို ဖွဖွအုပ်ကိုင်ကာ ဆံပင်လေးများကို ဖွပစ်လိုက်သည်။

အိုး ဒုက္ခပါပဲ ကဗျာတော့ တကယ့်ကို ဆိုးဆိုးရွားရွား တစ်ခု ဖြစ်တော့မည်နှင့် တူသည်။ သူ့အထိအတွေ့မှာ ရှိသမျှ ကြက်သီးမွေး ညင်းများထလျက် ရင်ထဲမှာလည်း ကတုန်ကယင်တွေ ဖြစ်လာသည်။ ပါးစပ်ထဲရောက်နေပြီဖြစ်သော ထမင်းကိုပင် ဝါးရန်မေ့လျော့နေမိ၏။

''ဟိတ် ဘာလုပ်နေတာလဲ''

''ဟင်''

မျက်လုံးလေးပြူးပြီး လက်ထဲမှာလည်း ဇွန်းကိုင်ထားလျက် တန်းလန်းကြီးနှင့် ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်နေမိသော ကဗျာ့ကို သူ အသံကျယ်ကျယ်လေး အော်မေးလိုက်မှ လက်ရှိတဒင်္ဂဆီ ကဗျာ အသိတရားပြန်ဝင်လာ၏။

''ဘာ ဘာမှမလုပ်ပါဘူး''





လက်ထဲက ဇွန်းကို ပန်းကန်မှာပြန်ချလျက် ကဗျာ အခန်းထဲ ကို သုတ်ခြေတင် ပြန်ဝင်ခဲ့လိုက်သည်။ ဇော်ဘုန်းမြတ်ကတော့ ထူးထူး ဆန်းဆန်းတွေ ပြုမူနေသော ကဗျာ့ကို အံ့သြတကြီး ငေးကြည့်ကျန်ရစ် ခဲ့၏။

■ ■ ■

ဒီနေ့လခထုတ်ရက်မို့ အိမ်မှာ ထမင်းချက်မစားဖြစ်ကြဘဲ ဇော်ဘုန်းမြတ်က စားသောက်ဆိုင်က ဟင်းလျာတွေ ဝယ်ယူလာခဲ့၏။ လက်ဘ အဝတ်လဲနေတုန်း သူကိုယ်တိုင်ပင် ပန်းကန်များထဲ ပြင်ဆင်ထည့်ပေး ပြီး စားပွဲကို အဆင်သင့်လုပ်ထားလိုက်၏။

''အားလုံးပဲ ထမင်းစားလို့ ရပါပြီ''

အသံကျယ်ကျယ်ဖြင့် သူ အော်ခေါ်လိုက်လျှင် လက်ဘရော ကဗျာပါ အခန်းထဲမှ ပြိုင်တူထွက်လာခဲ့ကြသည်။ ထမင်းစားပွဲမှ အားလုံး ဝိုင်းဖွဲ့ထိုင်ဖြစ်တော့

''ဟင် ပုစွန်တွေ''

ကဗျာက နှာခေါင်းလေးရှုံ့ပြီး မျက်နှာတစ်ဖက်သို့ လှည့်သွား သည်။

''ကဗျာက ပုစွန်မကြိုက်ဘူးလား၊ အစ်ကို မသိလို့ ဝယ်လာခဲ့ လိုက်တာ၊ လက်ဘကကျတော့ ပုစွန်တအားကြိုက်လို့လေ''

ပုစွန်ပါဝင်သော ဟင်းလျာချည်းပဲ နှစ်မျိုးဖြစ်နေသောကြောင့် ဇော်ဘုန်းမြတ် ပျာပျာသလဲ ထပြောသည်။

''ကိုဇော်ကလည်း ကဗျာက ပုစွန်ဆို လုံးဝအနံ့တောင်မခံတာ မသိဘူးလား''

''ကိုယ်တကယ်မသိလိုက်ဘူးကွာ၊ မင်းက ပုစွန်သိပ်ကြိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ များများဝယ်လာခဲ့လိုက်တာ''

မျက်နှာအပျက်ပျက်နှင့် ဇောှုန်းမြတ် ရှင်းပြနေတော့ လက်ာလည်း ဘာမှထပ်မပြောချင်တော့ပါ။ ဒီရက်ပိုင်း ညီမလေးက ကိုဇော်ကို စကားနည်းနည်းပါးပါး ပြန်ပြောဖော်ရလာပြီး အရင်တုန်းကလောက် ခါးခါးသီးသီး မဆက်ဆံသည့်အတွက် စိတ်ချမ်းသာနေခဲ့တာတွေ ဒီတစ်ချက်တည်းနဲ့တင် အားလုံးရေစုန်မျောကုန်တော့မလားလို့ စိတ်ပူမိတာကတော့ အသေအချာပါ။

''ဒီလိုလုပ်မယ်လေ၊ ဒီပုစွန်တွေအစား အစ်ကိုက တစ်ခုခုထပ်သွားဝယ်ပေးမယ်၊ ကဗျာ ဘာစားချင်လဲ ပြော''

ထမင်းစားပွဲကနေ ချက်ချင်းထလျက် သည်းသည်းလှုပ်ဖြစ်နေသော ကိုဇော်ကို လက်ာ အံ့ဩစွာ ငေးကြည့်လိုက်မိသည်။ တကယ်ဆို ကဗျာ့ကို ခုလိုမျိုးအရေးပေးဆက်ဆံသည့်အတွက် လက်ာ ပိုလို့ဝမ်းသာရမှာပါ။ ကဗျာ့ဆီက အကောင်းမြင်တာများများခံရမှ လက်ာတို့အိမ်ကလေး သာယာစိုပြည်လာမယ်လို့ လက်ာ ယုံကြည်ထားခဲ့တာလေ။

ဒါပေမဲ့ ခုချိန်မှာ ဇော်ှုန်းမြတ်ကိုကြည့်ပြီး လက်ာ့စိတ်ထဲ မကောင်းသည့်အတွေးတွေ ဝင်ရောက်နေရာယူလာတာ ထူးဆန်းနေ၏။

''ရပါတယ် တခြားထပ်ဝယ်မနေပါနဲ့တော့၊ ဟိုးတစ်ညကလိုပဲ ထမင်းကြော်ပေးလေ''

ကဗျာပြောလိုက်သည့်စကားက လက်ာ့အတွက် အထူးအဆန်းဖြစ်လို့နေသည်၊ ပြီးတော့ ထိုစကားကို ကဗျာပြောလိုက်ချိန်မှာ လက်ာ့ကို လှမ်းကြည့်လိုက်သော ဇော်ှုန်းမြတ် မျက်ဝန်းတွေ။ အဲဒီမျက်ဝန်းတွေထဲမှာ ထူးထူးခြားခြား တစ်ခုခုပါဝင်နေသလိုပင်။ တုန်လှုပ်နေသလိုလို ကြောက်ရွံ့သွားသလိုလို၊ နှိုးရှင်းသော ပကတိမျက်ဝန်းများမဟုတ်တာကို





တော့ လက်ာ ကောင်းကောင်းသိပါသည်။

''ထမင်းကြော် ဟုတ်လား ကဗျာ''

''အင်း ဟုတ်တယ် ကာကာ၊ ဟိုးတစ်ညက ကဗျာတစ်ယောက်တည်း ဗိုက်ဆာလို့ထလာတော့ အစ်ကိုနဲ့တိုးလို့ ထမင်းကြော်လုပ်ကျွေးတာလေ၊ စားလို့ကောင်းတာနဲ့ အခုထပ်လုပ်နိုင်းနေတာ၊ လုပ်ပေးမယ် မဟုတ်လား အစ်ကို''

လက်ာ့ကိုလည်း ရှင်းပြရင်း ဇော်ှုန်းမြတ်ဘက်ကိုလည်း လှမ်းပြောလိုက်သည်။

''လက်ာတောင် ကိုဇော့လက်ရာ တစ်ခါမှ မစားဖူးသေးပါလား''

''ဒါဆို လက်ာ့အတွက်ပါ တစ်ခါတည်း ကြော်လိုက်ရမလား ဟင်''

''နေပါစေ ကိုဇော်ရေ၊ ညီမလေးအတွက်ပဲ ကြော်ပေးလိုက်ပါ၊ လက်ာကတော့ ဒီမှာ ဟင်းတွေအများကြီးဖြစ်နေတာဆိုတော့ ထမင်းဖြူနဲ့ပဲ စားပါ့မယ်''

အဲဒီနေ့က စားခဲ့ရသော ညစာဟာ နာမည်ကြီးစားသောက်ဆိုင်က ဝယ်ယူလာသော လက်ာလည်းသိပ်ကြိုက်သည့် ပုစွန်ဖြစ်နေပေမယ့် စားလို့မမြိန်ခဲ့တာ သေချာပါသည်။ ဒါဟာ ရှေ့ဆက်ဖြစ်လာမည့် အဆိုးတွေအတွက် အချက်ပေးခေါင်းလောင်းထိုးလိုက်ခြင်းမှန်းတော့ လက်ာ မရိပ်မိခဲ့သေးပါ။

■ ■ ■

ဒီလိုနဲ့ပဲ ကဗျာတို့ စာမေးပွဲဖြေရဖို့ ရက်အနည်းငယ်သာ ကျန်တော့သည်။ သချာအမိကနှင့် ဘွဲ့ရထားသော ဇော်ှုန်းမြတ်ကို သင်္ချာ နောက်ဆုံးနှစ်ကျောင်းသူ ကဗျာက မေကျာဘာသာရပ်တွေမှာ သူမ နား



www.burmeseclassic.com

www.burmeseclassic.com



မလည်တာလေးတွေ ဂိုက်ပြန်လုပ်ပေးဖို့ တောင်းဆိုလာတော့ သူတို့နှစ်ဦးသား ညဥ့်နက်သည်ထိ စာအုပ်များဖြင့် အလုပ်ရှုပ်တတ်လာသည်။

အိပ်မငိုက်ကြရအောင် စားစရာသောက်စရာလေးတွေ စီစဉ်ပေးရင်းဖြင့် လက်ာလည်း ထိုင်စောင့်ပေးနေပေမယ့်

''လက်ာ အိပ်ချင်ရင် ဝင်အိပ်ပါလားကွာ၊ ငုတ်တုတ်ကြီးထိုင်နေရတာ မသက်မသာမဖြစ်ဘူးလား။ ကိုယ်က စာသင်ပေးနေရလို့ မသိသာပေမယ့် လက်ာကတော့ အိပ်ချင်ရဲ့သားနဲ့ ထိုင်နေရတာ ကိုယ်အားနာတယ်''

အနည်းငယ် ရယ်ချင်စဖွယ်ကောင်းသော စကားပါ။ လက်ာ့ညီမလေးကို ဂိုက်လုပ်ပေးနေသောသူက လက်ာ့ကို ပြန်ပြီးအားနာနေသတဲ့လေ။ ဒါပေမဲ့လည်း လက်ာ နာခံခဲ့ပါသည်။ နောက်ပိုင်းစာမေးပွဲရက်များမှာ သူတို့အတွက် လက်ဖက်သုပ်တို့ ကော်ဖီတို့ ပြင်ဆင်ပေးပြီးတာနှင့် ညဆယ့်နှစ်နာရီလောက်ဆို လက်ာ ကိုယ့်အခန်းထဲကိုယ် ဝင်အိပ်ခဲ့သည်။

မနက်နိုးလာလျှင် စာကြည့်စားပွဲမှာ ခေါင်းချင်းဆိုင် အိပ်ပျော်နေသော သူတို့နှစ်ယောက်ကို နှိုးရခြင်းကလည်း အလုပ်တစ်ခုဖြစ်လာခဲ့၏။

''ကျောင်းသားနှစ်ယောက် ထကြတော့လေ၊ ခြောက်နာရီတောင် ထိုးနေပြီ၊ ထ ထ ရေမိုးချိုးပြင်ဆင်တော့၊ တော်ကြာ စာမေးပွဲခန်းထဲ နောက်ကျမှဝင်နေရဦးမယ်''

ထိုအခါကျမှ နှစ်ဦးသားလုံး ကမန်းကတန်းထလျက် အပြေးအလွှား ပြင်ဆင်ရသည်။ ပြီးရင် လက်ာနှင့်ဇော်နန်းမြတ်က အလုပ်သို့ထွက်ပြီး ကဗျာက ကျောင်းဆီသွားသည်။





လက်ာနှင့်ဇော်နန်းမြတ်က လက်ထပ်ကာစကလို အလုပ်ချင်းမတူတော့ပါ။ လခပိုကောင်းသော ကုမ္ပဏီတစ်ခုသို့ ဇော်နန်းမြတ် ပြောင်းသွားခဲ့တာ နှစ်လကျော်လောက်ရှိပြီ ဖြစ်သည်။ စုမိဆောင်းမိတာလေးတွေနှင့် တစ်ပတ်ရစ်ကားလေးတစ်စီးလည်း ဝယ်ထားခဲ့သည်။ မနက်ဆိုလက်ာ့ကို အရင်အလုပ်သို့ပို့ပေးပြီးမှ သူ့အလုပ်ရှိရာဆီ သွားတတ်သည်။

''ကဲ ကိုယ်သွားတော့မယ်''

''ညကျ စောစောပြန်လာနော် ကိုဇေ''

''ဘာဖြစ်လို့လဲ လက်ာရဲ့''

''ဒီနေ့က ကဗျာ့စာမေးပွဲနောက်ဆုံးနေ့လေ၊ ညီမလေးက ဒီရက်တွေတစ်လျှောက်လုံး ပင်ပန်းခဲ့တာဆိုတော့ စိတ်ပြေလက်ပျောက် ကားလျှောက်မောင်းရင်း ကန်တော်ကြီးဘက်တွေဘာတွေ သွားမလားလို့ပါ''

''အင်း ကောင်းပြီလေ၊ ကိုယ် ကြိုးစားကြည့်မယ်''

လက်ပြနှုတ်ဆက်ကာ ထွက်ခွာသွားသော ကားလေးကိုကြည့်ပြီး လက်ာ့ရင်ထဲ ဟာတာတာ ဖြစ်ကျန်ခဲ့သည်။ တစ်ခုခုကို ဆုံးရှုံးသွားရသလို ခံစားချက်မျိုးကြီး။ ရုတ်တရက် အဲဒီလို ဆိုးရွားတဲ့ခံစားချက်မျိုး ရင်ထဲကို ဘယ်လိုဝင်ရောက်လာခဲ့တာလဲ၊ လက်ာ့အတွက် မကောင်းတာတစ်ခုခုဖြစ်တော့မယ်ဆိုရင် အဲဒီလို ခံစားချက်မျိုးကြီး ဖြစ်လာပြီး ဆို့နင့်လာတတ်တာ။

ပြီးတော့ ဒီရက်ပိုင်းတွေမှာ လက်ာတစ်ယောက်တည်း အထီးကျန်နေသလို ခံစားနေခဲ့ရတာ။ ကိုဇေနဲ့ကဗျာ့ကို မိသားစုတစ်ခုတည်းမှာ နေပြီး ရင်းရင်းနှီးနှီး အဖြစ်စေချင်ဆုံးက လက်ာပါ။ ဒါပေမဲ့ သူတို့နှစ်ယောက် ပုလဲန်ပသင့်သွားချိန်မှာတော့ လက်ာတစ်ယောက်တည်းဖြစ်ကျန်ခဲ့သလို ခံစားနေရတာ ထူးဆန်းပါသည်။

အဲဒီလို အထီးကျန်သလို ခံစားရချိန်တိုင်းမှာ သုတနှင့်စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောဖြစ်ခဲ့တာက များသည်။ ဟိုးအရင်တုန်းကလို စာတစ်တန် ပေတစ်ဖွဲ့ လုပ်ဖို့မလိုတော့ဘဲ အွန်လိုင်းကနေတစ်ဆင့် လွယ်ကူလျင်မြန်စွာ ပြောနိုင်သောကြောင့် အဆင်ပြေလှသည်။ ရုံးက ကွန်ပျူတာမှာ အင်တာနက်ချိန်ဆက်ထားသည်မို့ အားလပ်ချိန်ရတိုင်း သုတဆီ ပြောချင်သည့်စကားလေးတွေ လှမ်းပို့ထားလိုက်သည်။ ဟိုတလောကတောင် သုတက ဟိုမှာတက်နေသော သင်တန်းပြီးဆုံးတော့မည်လို့ လက်ာ့ကို ပြောပြနေသေးသည်။ ဒီလိုနည်းလေးနဲ့ သုတကို နီးနီးကပ်ကပ်မှာ ရှိနေသည့်အတိုင်း ရင်ဖွင့်ခွင့်ရနေခြင်းကို လက်ာ ကျေနပ်နေမိ၏။

ဒါပေမဲ့လည်းလေ တကယ့်လက်တွေ့ဘဝမှာ လက်ာတစ်ယောက်တည်းဖြစ်နေတယ်လို့ ခံစားခဲ့ရသည့်အကြိမ်ပေါင်း မနည်းတော့ပါ။

ဟင့်အင်းကွယ်၊ အဲဒီခံစားချက်ကြီးကို လက်ာ မုန်းတယ်။

ဒီတစ်နေ့လုံး နေရတာ အဆင်မပြေလှ။ အလုပ်ထဲမှာလည်း သိပ်စိတ်မဝင်စားနိုင်ဘဲ ကိုဖေ့ဆီကိုသာ စိတ်တွေရောက်နေသည်။ သုတဆီသို့ စာရေးရင်ဖွင့်ဖို့ ကြိုးစားလိုက်သေးသော်လည်း 'ငါ သိပ်အထီးကျန်နေတယ်' ဆိုသော စာသားကလွဲလို့ ဘာမှ ထွေထွေထူးထူး ထွက်မလာခဲ့။

''မနက်ဖြန် နေ့လယ်ကျရင် ကိစ္စလေးတစ်ခုရှိလို့ အပြင်ခဏသွားမယ်နော်''

သဘောကောင်းသော မန်နေဂျာမမက လက်ာ့ကို ခွင့်ပြုပေးလိုက်ချိန်မှာ လက်ာ့ခြေလှမ်းများက ကိုဖေတို့ရုံးခန်းလေးရှိရာဆီ။ သူ့ရုံးခန်းအဆောက်အဦးရှိရာ ခြံဝတည့်တည့်သို့ ရောက်ရှိချိန်မှာ ကိုဖေ့ဆီသို့ ဖုန်းခေါ်ဆိုလိုက်၏။

''ပြော လက်ာ ဘာဖြစ်လို့လဲ''





''ထွေထွေထူးထူးတော့ မဟုတ်ပါဘူးကွယ်၊ ကျွန်မ ရှင်နဲ့အတူ နေ့လယ်စာ စားချင်လို့ပါ''

တစ်ဖက်မှ ချက်ချင်းပြန်ဖြေသံ ထွက်မလာ။

''ရှင်အခု ရုံးမှာပဲ မဟုတ်လားဟင်''

''အဲဒါပြောမလို့ပဲ လက်ာရဲ့၊ ကိုယ်အခု ရုံးမှာမရှိဘူး''

လက်ာ စိတ်မာတ်ကျသွားမိသည်။ ဒီလိုမှန်းသိရင် မထွက်လာခင်တည်းက လက်ာ ဖုန်းကြိုဆက်လိုက်ပါသည်။

''ရုံးမှာမရှိဘူးဆိုတော့ ဘယ်ရောက်နေ''

သူမ စကားမဆုံးသေးခင်မှာပင် ကိုယ့်မျက်လုံးကိုယ် မယုံနိုင်အောင် ဖြစ်သွားမိသည်။ ရုံးခန်းအဆောက်အဦးထဲက ထွက်လာသောကိုဖေ၊ လက်တစ်ဖက်က ကားသော့ကို ဝှေ့ရမ်းလျက် ကျန်တစ်ဖက်က ဖုန်းကိုနားမှာကပ်ထားသည်။ တစ်ဖက်ကားလမ်းကနေ လှမ်းမြင်နေရခြင်းဆိုပေမယ့် ကိုယ့်ယောကျ်ားကိုတော့ ကောင်းကောင်းကြီး မမှားနိုင်လောက်အောင် ကောင်းကောင်းမှတ်မိပါသည်။

လက်ာ မြင်လိုက်ရခြင်းတွေ အမှန်တကယ်ပါလားဆိုတာကို ခြံဝင်းထဲက ထွက်လာသော ကားလေးက သက်သေခံနေ၏။ တစ်ဖက်ကားလမ်းမှာရှိနေသော သူမကိုမမြင်မိအောင် တိုက်လှေကားတစ်ခုထဲသို့ဝင်ပြီး လက်ာ ပုန်းကွယ်လိုက်မိသည်။

''ဟိတ် ဘာဖြစ်နေတာလဲ၊ ဒီမှာ ကိုယ်မေးနေတာ မကြားဘူးလား။ စကားတန်းလန်းကြီးနဲ့ ဘာလို့ရပ်သွားတာလဲ''

လေကို ဝဝမရှူနိုင်လိုက်သောကြောင့် ခြောက်ကပ်သွားသောလည်ချောင်းများမှ တော်တော်နှင့်အသံထွက်မလာ။ တံတွေးကိုသာ မျိုချလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



''ကြားပါတယ် ကိုဇေရဲ့၊ ဖုန်းလိုင်းတွေ သိပ်မကောင်းလို့ပါ''

''အင်း ဟုတ်ပါပြီ၊ ကိုယ်က အလုပ်ကိစ္စတစ်ခု သိပ်အရေးကြီးလို့ သွားနေရတာ၊ မင်းနဲ့နေ့လယ်စာတူတူ စားဖြစ်မယ် မထင်ဘူး။ တကူးတက ထွက်မလာနဲ့တော့ ကြားလား၊ ပင်ပန်းမယ်''

နှုတ်ခမ်းလေးကို မဲ့ကွေးပြီး လက်ာ ပြုံးလိုက်မိသည်။ ကျွန်မက ရှင့်ရုံးရှေ့တည့်တည့်ကိုတောင် ရောက်နှင့်နေပြီလို့ အော်ပြောလိုက်ချင်ပေမယ့် တကယ်တမ်း လက်ာ လုပ်လိုက်တာကတော့ အသင့်ရပ်ထားသော တက္ကစီတစ်စီးကို ငှားရမ်းလိုက်ခြင်းပါပဲ။

''ဒါဆိုလည်း ညကျမှပဲ အိမ်မှာတွေ့မယ်နော်''

နှုတ်ဆက်စကားကို မြန်မြန်ပြောပြီး လက်ာ ဖုန်းချပစ်လိုက်သည်။

''ဟိုးမှာ မီးပွိုင့်မိနေတဲ့ ကားနက်ပြာရောင်လေးနောက်ကို လိုက်ပေးပါနော်၊ လုံးဝမျက်ခြေမပြတ်စေနဲ့''

လက်ာ ဘာလို့ အဲဒီလိုနောက်ယောင်ခံ လိုက်မိမှန်းလည်း ကိုယ့်ဘာသာ နားမလည်ပါ။ သူ တစ်ခုခုလိမ်လည်ထားမှန်း အလိုလိုသိနေတာကတော့ သေချာသည်။ ရုံးမှာရှိနေရဲ့သားနဲ့ မရှိဘူးလို့ ပြောလိုက်တည်းက လက်ာ့ကို သူ လိမ်လိုက်တာပဲ မဟုတ်လား။ အဲဒီလိမ်လည်မှုနောက်မှာ ဒီထက်ပိုကြီးမားသည့် ဘယ်လိုလိမ်လည်မှုတွေ ရှိနေဦးမှာလဲ။ လက်ာ သိချင်လာမိသည်။

တဖြည်းဖြည်းနှင့် ကားလေးက သန်လျင်တံတားကို ဖြတ်ကျော်လာခဲ့ပြီ။ သူ ဘယ်ကိုသွားနေတာပါလိမ့်။ သိချင်စိတ်တွေ ပိုမိုပြင်းပြလာသလို လက်ာ့နဖူးလေးမှာလည်း ဇောချွေးလေးတွေ ဆို့နေခဲ့သည်။ သိပ်တော့ ကြာကြာထပ်မမောင်းလိုက်ရပါ။ ကိုဇေ လာသည့်နေရာကို





လက်ာ ရိပ်မိစပြုလာခဲ့ပါပြီ။

ဟိုးရှေ့မှာ လှမ်းမြင်နေရတာ တက္ကသိုလ်ကျောင်းကြီး မဟုတ်ဘူးလား။ ကဗျာ့ကို ပထမနှစ်လိုက်လံအပ်နှံပေးတုန်းက သူမ ရောက်ဖူးပါသည်။ ကျောင်းရှေ့တည့်တည့်မှာ ဖေဘုန်းမြတ် ကားလေး ထိုးရပ်လိုက်၏။ လက်ာလည်း တက္ကစီသမားလေးကို ခပ်လှမ်းလှမ်းမှာ လိုက်ရပ်ခိုင်းလိုက်သည်။

နောက်တော့ လက်ာ ဘယ်လိုမှ မယုံကြည်နိုင်သော မြင်ကွင်းတစ်ခု။ ကမ္ဘာကြီးတစ်ခုလုံး မှောင်အတိကျသွားသလားဟုပင် တွေးထင်လိုက်မိသည်။ အို တွေးထင်မိတာ မဟုတ်ပါဘူး တကယ်ကိုပဲ လက်ာ့ကမ္ဘာကြီး နေ့ခင်းကြောင်တောင်မှာ မှောင်မည်းသွားခဲ့တာပါ။

ကျောင်းထဲကနေ ပြုံးရယ်စွာ ထွက်လာသော ကဗျာက ဖေဘုန်းမြတ်ကိုမြင်သည်နှင့် လက်မောင်းတစ်ဖက်ကို တွဲခိုကာ စကားတွေ ပြောနေခဲ့သည်။ ဒါဟာ ခဲအိုတစ်ယောက်နဲ့ ခယ်မတစ်ယောက်အတွက် သာမန်ဆက်ဆံမှုပုံစံပဲလား။ ကဗျာ့ကိုကျောင်းလာကြိုမယ်ဆိုရင်လည်း သူ ကြိုတင်ပြီး ပွင့်ပွင့်လင်းလင်း လက်ာ့ကို ပြောလို့ရတာပဲလေ။ ဘာဖြစ်လို့များ အရေးကြီးသည့် အလုပ်ကိစ္စဆိုပြီး လိမ်ခဲ့တာလဲ။

လက်ာ မသိသော ဖုံးကွယ်ထားမှုကြီးတစ်ခု သေချာပေါက်ရှိနေပါပြီ။ ဒါဟာ သွေးရိုးသားရိုး တိုက်ဆိုင်မှုတော့ မဟုတ်ပါ။ ဇနီးဖြစ်သူကို လိမ်ညာပြောပြီး ခယ်မကိုကျောင်းလာကြိုကာ တစ်ယောက်ကိုတစ်ယောက်ဖက်တွယ်ရင်း ရယ်မောစကားပြောနေကြသည့်အနေအထားသည် ဘယ်လိုမှ လူမဆန်တာ ကျိန်းသေနေခဲ့သည်။

ရင်ထဲမှာ လှပ်လှပ်လှပ်လှပ် ဖြစ်နေသော ခံစားချက်က လက်ာ့ကို ဒီနေရာမှာပင် ပျောက်ကွယ်သွားရင် ကောင်းမှာပဲဟု တွေးလာစေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပိုပို့တောင်မေ့လျော့စွာ အံ့သြကြက်သေသေနေမိသော ကိုယ့်အဖြစ်ကို ကိုယ်မယုံနိုင်သေး။ မျက်စိရှေ့တည့်တည့်မှာ ကိုယ်ကိုယ်တိုင် မြင်တွေ့နေရသော အရာတွေကို မယုံနိုင်ဖြစ်နေမိသော လက်ာ့အဖြစ်က ဘယ်လောက်တောင် ရယ်စရာကောင်းလိုက်သလဲနော်။

''ဟိုကား ပြန်ထွက်သွားပြီ အစ်မ၊ ကျွန်တော်ဆက်လိုက်ရဦးမှာလား''

တက္ကစီသမားလေး အသံကြားမှ လက်ာ လှုပ်ရှားရန် သတိရ၏။ အဲဒီကားနောက်ကို ဆက်လိုက်ရမလားတဲ့။ ဘယ်လိုမြင်ကွင်းတွေကို ထပ်မြင်ချင်လို့ လက်ာက အဲဒီကားနောက်ကို ထပ်လိုက်နေရဦးမှာလဲ။ ဒီလောက်ဆိုရင် အခြေအနေတစ်ခုကို လက်ာ ခန့်မှန်းလို့ရနေပြီပဲ မဟုတ်လား။ ဘာအတွက်နဲ့ ကိုယ့်ရင်ဘတ်ကို ကိုယ်ထပ်ပြီး ဓားနဲ့ခွဲရဦးမှာလဲ။

''မလိုက်ပါနဲ့တော့ ဖြည်းဖြည်းပဲ မောင်းပါ။ ကိုယ်က ဒီကရှုခင်းတွေ ကြည့်ချင်လို့''

လမ်းတစ်လျှောက်လုံးကို ကားပြတင်းပေါက်ကနေ ငေးမောကြည့်ရင်း လိုက်ပါလာခဲ့သော်လည်း လက်ာ့မျက်လုံးထဲမှာ ဘာမှမမြင်ခဲ့ပါ။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ရယ်မောနေသော ဇေဘုန်းမြတ်နဲ့ ကဗျာ့ကိုသာ မြင်ယောင်နေမိသည်။ ပါးပြင်ထက်မှာလည်း မငိုမိပါဘဲ အလိုလိုကျဆင်းနေမိသော မျက်ရည်တွေ။

လက်ာ ဘာဆက်လုပ်ရမလဲကွယ်။

■ ■ ■

ထိုနေ့နောက်ပိုင်းမှာ လက်ာ့လှုပ်ရှားမှုတွေဟာ စက်ရုပ်တစ်ရုပ်ဆန်နေခဲ့တာ သေချာပါသည်။ တစ်အိမ်တည်းမှာနေလျက် သူတို့နှစ်ယောက်ကို တွဲပြီး မတွေ့မိအောင် ကိုယ်ကအရင်ရှောင်နေရသည်။





လက်ာ အားလုံးသိပါတယ်ဆိုပြီး ထုတ်မေးလိုက်လို့ ရပေမယ့် ယုံသူမရှက် မြင်သူရှက် မဟုတ်လား။

အဲဒီလိုကိစ္စကြီးကို လက်ာ့ပါးစပ်က ထုတ်မေးရမှာ တွန့်ဆုတ်နေမိသည်။ လက်ာက ခံရတဲ့သူ။ ဘာအပြစ်မှ ကျူးလွန်ထားခြင်းလည်း မရှိပေမယ့် သူတို့ကို မျက်နှာချင်းဆိုင်ရမှာ ထိတ်လန့်နေမိ၏။ ဒါပေမဲ့ တစ်ရက်ရက်ပေါ့။ လာမယ့်တစ်ရက်ရက်မှာ တစ်ခုခုကို ပြတ်ပြတ်သားသား လုပ်ဖို့ လက်ာ ဆုံးဖြတ်ထားခဲ့သည်။

အခုဖြစ်နေသော ကိစ္စကြီးကို ရဲရဲဝံ့ဝံ့နှင့် လက်ာ ရင်ဆိုင်ရဲသွားသော တစ်ရက်ရက်ပေါ့။

သို့သော် ကံဆိုးပြီးရင်း ဆိုးနေခဲ့သော လက်ာ့အတွက် ထိုဆန္ဒပင် မပြည့်ဝခဲ့ပါ။ လက်ာ အားလုံးကို ခံနိုင်ရည်ရှိသွားအောင် အချိန်တစ်ခု ယူနေခဲ့ပေမယ့် ဆိုးရွားလှသော ကံတရားက လက်ာ့ကို မစောင့်ဆိုင်းခဲ့ပါ။

လမ်းထိပ်မှာ မုန့်သွားစားမယ်လို့ပြောပြီး ထွက်သွားသော ကဗျာ့ကို ရပ်ကွက်ထဲက ကောင်လေးတွေ ဆိုက်ကားတစ်စီးဖြင့် သယ်ပိုးပြီး ပြန်လာချိန်မှာ လက်ာ ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သွားခဲ့သည်။ မူးလဲသွားလို့တဲ့။ ဘာတွေပဲလုပ်ခဲ့လုပ်ခဲ့ တစ်ဦးတည်းသော ညီမလေးမို့ လက်ာ ချစ်တာကတော့ ချစ်နေတာပါပဲ။ စိုးရိမ်စိတ်များက နှလုံးသားထဲမှာ တဒိတ်ဒိတ်ဆောင့်ခုန်နေကြသည်။

ကဗျာ့အခန်းထဲက ခုတင်ပေါ်မှာ နေသားတကျ တင်ထားပေးပြီး ရပ်ကွက်ထဲက ကောင်လေးတွေ ပြန်သွားကြ၏။ လက်ာလည်း ချက်ချင်းပင် ဆရာဝန်လှမ်းပင့်ရသည်။ ဒေါက်တာက ဟိုတက်လမ်းမှာပဲ နေတာမို့ နာရီဝက်တောင် မကြာလိုက်ဘဲ ရောက်လာခဲ့သည်။ ဒေါက်တာနှင့် ရှေ့ဆင့်နောက်ဆင့် အိမ်ပြန်ရောက်လာခဲ့သူက ဇေဘုန်းမြတ်။



www.burmeseclassic.com

www.burmeseclassic.com



"ကလေးမှာ ကိုယ်ဝန်ရှိနေတာပါ၊ ရှစ်ပတ်လောက် ရှိနေပြီ"

လက်ာ့ခေါင်းတည့်တည့်ကို မိုးကြိုးတွေ အကြိမ်ကြိမ် ပစ်ချလိုက်သလိုပါပဲ။ နေရာမှာတင် ခေါက်ခနဲ လဲပြိုကျသွားသည်။ သူမကို ဘယ်သူမှ ပြန်မနိုးကြပါနဲ့တော့။ လက်ာ ဘာကိုမှ မသိချင်တော့လို့ပါ။ နိုးလည်း နိုးမလာချင်တော့ဘူး။ ဘယ်သူ့ကိုမှလည်း မျက်နှာချင်းမဆိုင်ချင်တော့ဘူး။ ဖြစ်နိုင်ရင် တစ်ခါတည်းနဲ့ တမလွန်ကို ရောက်သွားလိုက်ချင်ပါသည်။

စိတ်ပင်ပန်းနွမ်းနယ်မှုများလွန်းသောကြောင့် လက်ာ မေ့မျောသွားခဲ့ပြီး သတိပြန်လည်လာခဲ့သည်။ ဆေးရုံခန်းတစ်ခုအတွင်းမှာ ဖြစ်၏။ ခုတင်ဘေးက စားပွဲပေါ်မှာ အဖြူရောင်စာခေါက်လေးတစ်ခု။ ဇော်ဟုန်းမြတ် ထားခဲ့ခြင်းပါ။

"ခွင့်လွှတ်ဖို့ မတောင်းဆိုပါဘူး၊ ဒါပေမဲ့ ကိုယ်အကြိမ်ကြိမ် တောင်းပန်ပါတယ်၊ ကိုယ်တို့အကြောင်းကို အစတည်းက မင်းသိနေခဲ့တယ်ဆိုတာ ကိုသုတ ပြောပြပါတယ်၊ ကိုယ်ထပ်ပြောပါရစေ ကိုယ့်ကို ဘယ်တော့မှ ခွင့်မလွှတ်ပါနဲ့"

စာက ထိုမျှသာ။ စိတ်မပါစွာ ဖတ်လိုက်ရသော စာထဲမှ ကိုသုတ ပြောပြပါတယ်ဆိုတဲ့စကားက ဘာလဲ။ ဒီမှာ လက်ာခံစားရသမျှတွေ သုတကို ရင်ဖွင့်ပြောပြဖူးပေမယ့် ဇော်ဟုန်းမြတ်ကို သုတက ဘယ်လိုပြန်ပြောပြတာတဲ့လဲ။ သိပ်ကြာကြာစဉ်းစားဖို့ မလိုလိုက်ပါ။ အခန်းထဲဝင်လာသော လူတစ်ယောက်ကြောင့် လက်ာ နားလည်လိုက်ပါသည်။

"ဟင် သုတ"

"သက်သာလား လက်ာ"

လက်ာ ဝမ်းသာလိုက်တာ။ ခုလိုမျိုး အားကိုးရာမဲ့နေသလို





ဖြစ်ချိန်မှာ သုတကို မျက်နှာချင်းဆိုင်တွေ့လိုက်ရခြင်းက ဘယ်လိုမှ တန်ဖိုးမဖြတ်နိုင်တဲ့ အင်အားတစ်ခုပါပဲ။

"နင် ဘယ်လိုရောက်နေတာလဲ"

"ကဗျာတို့အကြောင်းတွေ နင်စပြောပြတည်းက ငါက ပြန်လာဖို့ စီစဉ်နေပြီလေ၊ ဟိုမှာကလည်း သင်တန်းက ပြီးနေပြီဆိုတော့ တိုက်တိုက်ဆိုင်ဆိုင် ငါပြန်ရောက်လာတဲ့အချိန်မှာ သတင်းဆိုးကြီးကို ကြားလိုက်ရတာပါပဲ"

"သြော်"

ဘာကိုမှ ပြန်ပြောချင်စိတ်မရှိသူလို လက်ာ နှုတ်ပိတ်နေမိသည်။

"ဇော်ဟုန်းမြတ် ထွက်သွားခဲ့ပြီ၊ နင့်အခန်းထဲမှာ ကွာရှင်းစာချုပ်ထားခဲ့တယ်လို့ ငါ့ကိုပြောတယ်"

နှုတ်ခမ်းကို တစ်ချက်မဲ့ပြီး ပြုံးမိသည်။ ယောကျ်ားတွေများ လွယ်လိုက်တာ။

"ကဗျာကတော့ ငါရောက်တည်းက မတွေ့မိတာပဲ လက်ာ၊ သူလည်း တစ်နေရာရာကိုထွက်သွားခဲ့ပုံပဲ"

"ဟင် ကဗျာက"

မပေါ့မပါးကြီးနှင့် ကဗျာ ဘယ်ကိုထွက်သွားတာလဲ။ တစ်ယောက်တည်း ထင်ရာတွေလုပ်နေမှာလား။ မတော်ရာတွေ ကြံစည်နေမှဖြင့်။

"ကဗျာ့ကိုလိုက်ရှာပါ သုတ၊ သူ သူ ကိုယ်ဝန်ကြီးနဲ့"

"ငါ လူငှားပြီး ရှာခိုင်းထားပါတယ်၊ နင်အရမ်းကြီးလည်း စိတ်မပူပါနဲ့"

"ဒါမှမဟုတ် သူတို့နှစ်ယောက် အတူတူများ"



www.burmeseclassic.com

www.burmeseclassic.com



''အဲဒါတော့ မဖြစ်နိုင်ဘူး လက်ာ၊ ဖောှုန်းမြတ်နဲ့ ငါနဲ့ စကား ပြောဖြစ်တဲ့အချိန်မှာတည်းက ကဗျာက မရှိတော့တာ၊ ထွက်သွားနှင့် ခဲ့တာ၊ ဖောှုန်းမြတ်ကိုယ်တိုင်ကလည်းစိတ်ပူနေခဲ့တာ''

''ဒါဆို ငါတို့ ဘယ်လိုလုပ်မလဲဟင် သုတ''

''စိတ်အေးအေးထားပါဟာ၊ ငါတို့ ကဗျာ့ကို သိပ်မကြာခင် ပြန်တွေ့မှာပါ''

သုတရဲ့ထိုစကား မှားယွင်းခဲ့ပါသည်။ ကဗျာ့ကို ဘယ်မှာမှ ရှာမတွေ့ခဲ့ပါ။ နေ့တွေလတွေသာ ကုန်လွန်သွားသည်၊ ကဗျာနဲ့ပတ်သက် သည့် ဘယ်လိုသတင်းစကားမှ မကြားခဲ့ရ။ ထိုအချိန်များအတွင်း သုတ က စားသောက်ဆိုင်လေးတစ်ခု ဖွင့်လှစ်နိုင်ခဲ့ပြီး ကျန်တဲ့အချိန် တော် တော်များများမှာတော့ လက်ာ့ကို အဖော်ပြုရင်းဖြင့် ဖြတ်သန်းကုန်လွန် စေခဲ့သည်။

ကဗျာ ပျောက်ဆုံးသွားပြီး ရှစ်လကျော်လောက်အကြာမှာတော့ လက်ာ့အတွက် လက်ဆောင်အဖြစ် သံသာလေးကို ကဗျာ လာပို့သွား ခဲ့သည်။ လည်ပင်းမှာ ကဗျာဆွဲနေကျ ပလက်တီနမ်ဆွဲကြိုးလေး ဆွဲထား ခဲ့သော လသားအရွယ် သမီးလေးဟာ မနက်စောစော လက်ာ အိမ်တံခါး ဖွင့်လိုက်သည့်အချိန်၌ အပေါက်ဝမှာ အထီးကျန်စွာ စောင့်ကြိုနေခဲ့ခြင်း ဖြစ်သည်။

အင်းလေ ကဗျာကိုယ်တိုင် လာပို့တာလည်း ဖြစ်ချင်မှဖြစ်ပါ လိမ့်မည်။ တစ်ယောက်ယောက်ကို ပို့ခိုင်းလိုက်တာလည်း ဖြစ်နိုင်ပါသည်။ ဘာပဲဖြစ်ဖြစ်ပါ ကြိမ်ခြင်းလေးထဲမှာ အနီးအဖြူရောင်လေးပတ်လျက် ပလက်တီနမ်ဆွဲကြိုးလေး ဆွဲထားသော ကလေးသေးသေးလေးကို လက်ာ ရရှိခဲ့သည့်အချိန်ကစပြီး ကဗျာ့ကို လိုက်ရှာဖို့ ကြိုးစားနေခြင်းတွေအား လုံး ရပ်တန့်ပစ်လိုက်သည်။ အနီးအဖြူလေးမှာ မင်ပြာဖြင့် ခပ်ကြီး





ကြီးရေးပေးထားသော သံသာလေး မွေးနေ့ရက်စွဲ။ ကဗျာကိုယ်တိုင် ရေးထားမှန်း လှုပ်ပိုင်းစက်သော လက်ရေးလေးများက သက်သေခံနေ၏။

ဘယ်လိုပဲဖြစ်ဖြစ် နင့်ကိုငါ လိုက်မရှာတော့ပါဘူး ကဗျာ။ တစ်ခုပဲ တောင်းဆိုချင်တာက နင် အသက်ရှင်လျက်တော့ ရှိနေပေးပါ။ ငါ ဒီထက်ပိုပြီး နင့်ဆီက ဘာမှမမျှော်လင့်တော့ပါဘူးဟာ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

မင်းသွေးစက်တစ်ယောက် အိပ်ရာထက်မှာ ဟိုဘက်နှင့်ဒီဘက် လိမ့်ရင်း အိပ်မပျော်နိုင်အောင် ဖြစ်နေမိသည်။ သူ မြင်ခဲ့ရသော မြင်ကွင်းက သူ့ရဲ့အိပ်စက်ခြင်းတွေကို အနားကပ်ခွင့်မပေးနိုင် ဖြစ်နေ၏။

ကားပေါ်ကဆင်းသွားပြီး ကိုသုတကို ပြေးဖက်လိုက်သော မမ။ ကိုယ်လေးသိမ့်သိမ့်တုန်နေအောင် ငိုကြွေးနေသော မမရဲ့ကျောပြင်ကို ခပ်ဖွဖွပွတ်သပ်ပေးလျက် နှစ်သိမ့်ပေးနေသော ကိုသုတ။

သူနဲ့မမ ဟိုတယ်ဝင်းထဲမှာ စကားအချေအတင်များကြပြီး မမ ထွက်သွားတော့ သူလည်း နောက်ကနေ လိုက်ခဲ့မိသည်။ လမ်းဘေး တစ်နေရာမှာ ကားထိုးရပ်ပြီး မမ ငိုနေတာလည်း သူ မြင်ပါရဲ့။ ဒါပေမဲ့ သူ လိုက်ချောင်းနေမှန်း မမ သိသွားမှာစိုးသောကြောင့် သူ့ကားထဲမှာ ငြိမ်ငြိမ်လေး စောင့်ကြည့်နေရသည်။

နောက်ပိုင်းတော့ သူ မြင်တွေ့ခဲ့ရသော မြင်ကွင်းတွေက





ဘယ်လိုမှ စိတ်ကျေနပ်စရာ မဖြစ်ခဲ့။ မမနဲ့ကိုသုတတို့ ဆက်ဆံရေးက ဘယ်လိုများလဲ။ သူမသိသော ဘယ်လိုအရာတွေက မမရဲ့စိတ်ထဲမှာ ကိန်းအောင်းနေတာလဲ။ တစ်ခါတလေ သူ့ကိုငေးကြည့်နေတတ်သော မမရဲ့နူးညံ့တဲ့မျက်ဝန်းတွေကို သူ သတိထားမိပါရဲ့။ အဲဒီမျက်ဝန်းတွေ ထဲမှာ သူ့အတွက် မျှော်လင့်ချက်တွေ ရှိနေလိမ့်မယ်လို့ သူ ယုံကြည်ခဲ့ တာ။

ခုတော့ မမက ပြောရက်သည်။ လုပ်ဖော်ကိုင်ဖက်ဆက်ဆံရေး ထက် မပိုဘူးတဲ့။ အဲဒါ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး မမရယ်လို့ ခုချိန်ထိ သူ အော်ဟစ်ပြောပစ်လိုက်ချင်တုန်း။ ဒါပေမဲ့ အဲဒီလို အော်ပစ်လိုက်ဖို့ အတွက် သတ္တိတွေအားလုံးကို ကိုသုတအားပြေးဖက်လိုက်သည့် မမ ပုံရိပ်က သိမ်းကျုံးယူဆောင်သွားခဲ့သည်။

သူ ဘာဆက်လုပ်ရမလဲ။ ဒီဟိုတယ်ကို ရောက်ရောက်ချင်းတုန်း ကတော့ မမကို စည်းကမ်းတင်းကျပ်သော အထွေထွေမန်နေဂျာတစ်ဦး အဖြစ် သူ ကိုယ်တိုင်လည်း အနည်းငယ်ရွံ့နေမိသည်။ ဒါပေမဲ့ မမက တချို့ဝန်ထမ်းတွေ ထင်နေသလိုမျိုး အေးစက်စက်မဟုတ်မှန်း သူ သိလိုက် ရချိန်မှာပဲ မမအပေါ် ခင်တွယ်သံယောဇဉ်ထားခဲ့မိ၏။

ခုတော့ မမရော ကျွန်တော် ဘာဆက်လုပ်ရတော့မလဲ။ မနက် ဖြန်မှာ မမကိုရင်ဆိုင်တွေ့ဖို့တောင် ကျွန်တော့်မှာ အင်အားတွေ မရှိ တော့သလိုပဲ။

သူ ကျင်လည်နေသည့် ပတ်ဝန်းကျင်တစ်ခုလုံးမှာ မမ ပုံရိပ် များဖြင့်သာ ဖွဲ့တည်နေသလို သူ ခံစားလာရသည်။ ဟိုတယ်ထဲမှာ ရုံး ခန်းထဲမှာ မြို့ဝင်းထဲမှာ သူ့အိမ်လေးထဲမှာ ယုတ်စွအဆုံး သူအခု လှဲ လျောင်းနေသည့် အိပ်ရာလေးထက်မှာ၊ ဘယ်မှာပဲဖြစ်ဖြစ် မမနဲ့ မပတ်



www.burmeseclassic.com

www.burmeseclassic.com



သက်သည့်နေရာဆိုတာ မရှိ။

မမဆီကရနေကျ ဆွဲဆောင်မှုကောင်းသည့် Victoria Secret ရဲ့ Very Sexy ရေမွှေးနံ့လေးကိုတောင် ခုချိန်မှာ ပြန်လွမ်းဆွတ်နေမိသည်။ ဟိုတယ်ဝန်ထမ်းတွေမှီ ရေမွှေးပြင်းပြင်းတွေ ဆွတ်ခွင့်မရှိပေမယ့် မမကျတော့လည်း အနည်းငယ်ပြင်းသည်ဟု ထင်ရသည့် ထိုရေမွှေးကိုတောင် ဆွဲဆောင်မှုကောင်း ရှုံလေးလောက်သာ သင်းပျံ့နေအောင် ဆွတ်တတ်သည်။ မမလုပ်တာမှန်သမျှ အပြစ်ဆိုဖို့ ခဲယဉ်းလွန်းနေခဲ့တာလည်း မမရဲ့အစွမ်းတစ်ခုပဲနဲ့ တူပါရဲ့နော်။

အတွေးများဖြင့် ညပင်အတော်နက်လာပြီ။

အိပ်မရသည့်တူတူ အိပ်ရာဘေးမှာ ထောင်ထားသော ဂစ်တာကို ကောက်ကိုင်လိုက်သည်။ သူ ဝါသနာပါသော ဂီတဘက်ကို မလှည့်ဖြစ်တာတောင် အတော်ကြာနေခဲ့ပြီ။ ဂစ်တာကို ကြိုးညှိလိုက်ပြီး သီချင်းတစ်ပုဒ်ကို စတင်တီးခတ်လိုက်၏။ သူ သိပ်နှစ်သက်သော Avenged Sevenfold အဖွဲ့ရဲ့ Dear God ဆိုသော သီချင်း။ အဝေးရောက်နေသော စစ်သားများကိုယ်စား ရေးဖွဲ့ထားသော သီချင်းတစ်ပုဒ်လို့ အင်တာဗျူးတွေမှာ သူ ဖတ်ခဲ့ရဖူးသည်။

ဒီညတော့ ဂစ်တာတီးခတ်ခြင်းဖြင့် သူ့စိတ်ကို သူ ဖြေမှရတော့မည်။ မဟုတ်ရင် နောက်တစ်နေ့မနက်မှာ မမကို မျက်နှာချင်းဆိုင်ဖို့တောင် သူ သတ္တိရှိလိမ့်မည် မဟုတ်ပါ။

သို့သော် သူ့အထင်နှင့်အမြင် လွဲချော်သွားခဲ့သည်။ နောက်နေ့တွေမှာ မမက သူ့ကိုမတွေ့မိအောင် တမင်ပင်ရှောင်တိမ်းနေခဲ့၏။

"နွေးနွေး နင်တို့ ဂျီအမ်ရော"

"ခုနလေးကတင် ဟိုတယ်ထဲ Round လှည့်ဖို့ ဆင်းသွားပါပြီ





မန်နေဂျင်း"

အရင်ကဆို မင်းသွေးစက်ရုံးခန်းထဲကို အရင်လာပြီးမှ တစ်နေ့တာအတွက် VIP ကိစ္စလေးတွေ တင်ပြဆွေးနွေးသည်။ ပြီးမှ ဟိုတယ်ထဲ ဆင်းခြင်း ဖြစ်သည်။ ဒီနေ့ကျတော့ သူ့မှာ နာရီတကြည့်ကြည့်နှင့် ရုံးခန်းထဲသို့ မမ ဝင်လာမည့်အချိန်ကို စောင့်နေခဲ့ရတာ။

"ပြီးတော့လေ မန်နေဂျင်း"

နွေးနွေးက အနည်းငယ် နှုတ်တွန့်စွာ ပြောရခက်နေသည့် မျက်နှာပေးမျိုးနှင့် သူ့ရှေ့မှာ အဆင်မပြေဖြစ်နေသည်။

"ပြောစရာရှိတာ ပြောပါ နွေးနွေး"

"ဂျီအမ်က သူ မနက်ဘက်ကိုကော်ဖီမသောက်တော့ဘူးတဲ့၊ စားပွဲပေါ်ကို ကော်ဖီလာမထားနဲ့တော့လို့လည်း နွေးကို မှာသွားပါတယ်"

သူ့ရင်ထဲ နင့်ခနဲ ဖြစ်သွားသည်။ မမက တကယ်ပဲ ရက်စက်တော့မည့်နှင့်တူသည်။ ဆစ်ခနဲ နာကျင်သွားသော နှလုံးသားကို ဖုံးကွယ်ရင်း နွေးနွေးရှေ့မှာ သူ အရယ်အပြုံးမပျက် နေနေရ၏။

"ကောင်းပြီလေ ဂျီအမ်က မကြိုက်ဘူးဆို မလုပ်ပါနဲ့တော့"

"ဟုတ်ကဲ့ပါ မန်နေဂျင်း"

နွေးနွေး စားပွဲပေါ်တင်ပေးထားသော လက်မှတ်ထိုးရမည့် ဖိုင်တွဲများပေါ်မှာ လက်တွေလှုပ်ရှားနေရသော်လည်း စိတ်အစဉ်ကတော့ မမဆီသာ ရောက်နေခဲ့သည်။ ဘာလို့များ ကျွန်တော့်ကို ဒီလောက်ထိ ရက်စက်ဖို့ စဉ်းစားနေတာလဲဗျာ။ မမကို သိပ်တွေ့ချင်သော်လည်း၊ မမနဲ့ မျက်နှာချင်းဆိုင်ထိုင်ပြီး စကားတွေပြောချင်နေပေမယ့်လည်း၊ မမက မတွေ့ချင်လို့ ရှောင်ဖယ်နေခဲ့တာဆိုတော့ သူဆင်ခြင်ပေးရမှာပေါ့လေ။

တကယ်ကိုပဲ မမ တော်ပါသည်။ ဟိုတယ်တစ်ခုတည်းမှာ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်နေပြီး သူနဲ့မျက်နှာချင်းဆိုင်စရာကိစ္စမျိုးမရှိအောင် နေနိုင်ခဲ့သည်။ ကြားခံအဖြစ် နွေးနွေးကိုထားပြီး ဆက်သွယ်ပြောဆိုခဲ့သည်။ ဒီနေ့ဆို မမနဲ့မတွေ့ဖြစ်တာ တစ်ပတ်တိတိ ရှိခဲ့ပြီ။ သူက မနေနိုင်လွန်းလို့ မမနောက်ကနေ နွေးနွေးကို လိုက်ကြည့်ခိုင်းပြီး မမရဲ့လှုပ်ရှားမှုတွေ အားလုံးကို သိနေရပေမယ့် စကားပြောခွင့်မရှိသော အနေအထားက သူ့အတွက် တစ်နေ့ပြီးတစ်နေ့ ပိုပိုခက်ခဲလာသည်။

"မန်နေဂျင်း ဂျီအမ်က မြက်ခင်းပြင်က စတိတ်စင်ဘက် သွားကြည့်လိုက်ပါဦးလို့ ပြောသွားပါတယ်"

ဒီနေ့က ဒီဇင်ဘာ ၃၁ ရက်။ ညကျရင် နှစ်သစ်အကြို စတိတ်ရှိုးပွဲရှိသည်။ မနက်ပိုင်းတည်းက အဆိုတော်တွေ ရောက်နေကြပြီး အစမ်းလေ့ကျင့်နေကြသည်မို့ သွားကြည့်ပေးဖို့ မမက မှာနေခြင်း ဖြစ်သည်။ ကိုယ်တိုင်လာပြောရင် ဘာဖြစ်မှာမို့လို့လဲဟု ကိုယ့်ဘာသာ စိတ်ထဲက ပြောလိုက်ပြီး နှာခေါင်းရှုံ့လိုက်မိသည်။

ဒါကိုမြင်သွားပုံရသော နွေးနွေးမျက်နှာက ပြုံးတုံ့တုံ့ဖြစ်သွားသောကြောင့် သူ ချက်ချင်းပင် ပြန်တည်လိုက်ရသေးသည်။

"ဂျီအမ်ကရော ဘယ်သွားတာလဲ"

"ဂျီအမ်က ဆိုက်ထဲသွားပါတယ် မန်နေဂျင်း"

"ကိုအုပ်စိုးနဲ့အတူလား"

"ဟုတ်ပါတယ်"

မမက ကိုအုပ်စိုးနဲ့အတူ ဆောက်လုပ်ရေးလုပ်ငန်းခွင်ဘက် သွားတယ်ဆိုတော့ သူ နည်းနည်းဘဝင်မကျ ဖြစ်သွားမိသည်၊ တကယ်ဆို သူနဲ့အတူ သွားသင့်တာမဟုတ်ဘူးလား။

"သွားမယ်"





ထိုင်နေရာကနေ သူ ဆတ်ခနဲ ထရပ်လိုက်သည်။

"စတိတ်စင်ဘက် သွားမယ်ဆို"

"ဆိုက်ထဲကို သွားမှာ"

ဒီတစ်ခါတော့ နွေးနွေးက ရဲရဲတင်းတင်းပင် ပြုံးလိုက်တာ သူ မြင်လိုက်ပါသည်။ မတတ်နိုင်၊ သူ ဖြစ်နေတာတွေကို သူနဲ့နီးနီးမှာ အမြဲရှိနေရသော အတွင်းရေးမှူးလေးတောင် ရိပ်မိနေပြီလား မသိတော့ပါ။

ရေကန်တူးဖော်ခြင်းက ပြီးစီးသွားခဲ့ပြီး ခုဆို ဘန်ဂလိုအသေးစားလေးတွေ ဆောက်နေတာတောင် ဘေးဘက်နံရံများ အင်္ဂတေကိုင်နေခဲ့ပြီ။ ဒီလုပ်ငန်းခွင်က ထင်ထားတာထက်ကို စောပြီးသွားမည်လို့ မင်းသွေးစက် ယူဆမိသည်။

ကိုအုပ်စိုးနဲ့မမရယ်၊ အလုပ်သမားခေါင်းဆောင် ကိုကျော်ထက်ရယ် ဆောက်လက်စ ဘန်ဂလိုလေးနားမှာ ဟိုဟိုဒီဒီ လက်ညှိုးတထိုးထိုးနှင့် စကားပြောနေတာ တွေ့လိုက်ရသည်။ မမက မတွေ့ချင်လို့ ရှောင်နေခဲ့တာကို သူ့ဘက်က ဒီထက်ပိုပြီး မလိုက်လျောနိုင်တော့ပါ။

"အဟမ်း"

သူ ဟန်လုပ်ပြီး ချောင်းတစ်ချက်ဟန့်လိုက်သည်။ အလုပ်ထဲမှာ အာရုံဝင်စားနေကြသော သုံးယောက်စလုံး သူ့ကိုလှည့်ကြည့်လိုက်ကြသည်။

"သြော် မန်နေဂျင်း"

ကိုအုပ်စိုးက အရင်စနှုတ်ဆက်လိုက်သည်။ လက်ာကတော့ နွေးနွေးကို တစ်ချက်လှမ်းကြည့်လိုက်၏။ မန်နေဂျင်းကို စတိတ်စင်ဘက် သွားဖို့ မှာကြားထားခဲ့တာလေ။ နွေးနွေးက ခေါင်းလေးငုံ့ကာ မင်းသွေး



www.burmeseclassic.com

www.burmeseclassic.com



စက်နောက်မှာ ရှိရှိလေး ရပ်နေ၏။

ဒီတစ်ပတ်လောက်အတွင်းမှာ ဟိုတယ်၌ ရှိနေခြင်းကို လက်ာ ခံစားရခက်နေခဲ့သည်။ ဟိုတယ်ထဲမှာ အလုပ်တွေနှင့် နပန်းလုံးနေရလျှင် စိတ်ချမ်းသာနေတတ်သော လက်ာ့အတွက် ဒီရက်ပိုင်းတွေက တော်တော့်ကို ခက်ခဲပါသည်။ ဘာလို့မှန်းမသိပါဘဲ ကဗျာနှင့်မျက်နှာချင်းမဆိုင်ချင်သောကြောင့် ရှောင်ရှားနေရတာအပြင် မင်းသွေးစက်နှင့်လည်း အဆက်အဆံမလုပ်မိအောင် ရှောင်တိမ်းနေမိသည်။

ဟိုတယ်တစ်ခုတည်းမှာ အတူရှိနေပြီး ချစ်တဲ့သူရဲ့မျက်နှာကို မမြင်မိအောင် ရှောင်ရှားနေရခြင်းသည် ဘယ်လောက်တောင် စိတ်ပျက်နာကျင်စရာကောင်းလိုက်ပါသလဲ။ ခုတော့ မင်းသွေးစက်ကို သူမ ရှောင်လို့မရတော့ဘူးနဲ့တူသည်။ အင်းလေ လူက မတွေ့မိအောင် ရှောင်နေမိပေမယ့် စိတ်ထဲက နစ်နစ်နဲ့နဲ့ တောင့်တနေမိသော သူ့မျက်နှာကို မြင်လိုက်ရတော့လည်း လက်ာ့ရင်ထဲ အေးချမ်းသွားရပါသည်။

"ဒီလိုဆို လိုအပ်တဲ့ပစ္စည်းတွေ ထပ်မှာဖို့ကိုတော့ ကိုကျော်ထက်ကပဲ တာဝန်ယူလိုက်ပါနော်"

လက်ာ မှာစရာရှိသည်များ ပြောဆိုပြီး စတိတ်စင်ဘက်သွားရန် ပြင်လိုက်သည်။ ဒီထက်ပိုပြီး သူ့ရှေ့မှာရပ်နေမိရင် ရှေ့ဆက်သူ့ကို ရှောင်ရှားဖို့ အင်အားတွေမဲ့ကုန်နိုင်သည်။ အရင်လို သူနဲ့နီးနီးကပ်ကပ်မှာ စကားတွေပြောပြီး ပြန်နေချင်လာမိမှာ အမှန်ပါ။

သူ့ကိုကျောခိုင်းပြီး ထွက်ခွာခဲ့တာ သုံးလှမ်းပင်မပြည့်သေးခင် ကျယ်ကျယ်လောင်လောင် အော်လိုက်သော ပန်းရံအလုပ်သမားတစ်ယောက်ရဲ့အသံ။

"ဟာ နံရံပြိုကျတော့မယ်"





အသံကြောင့် သူမ အကြီးအကျယ် ထိတ်လန့်လျက် နောက်ကို ပြန်လှည့်ကြည့်လိုက်မိသည်။ ခုနက လက်ာတို့ ရပ်နေခဲ့သော ဆောက်လက်စ ဘန်ဂလိုလေး။ အပြီးမသတ်ရသေးသော အုတ်နံရံအပေါ်ပိုင်း အချပ်လိုက်ကွာကျလာခြင်း ဖြစ်သည်။

ဟင် သူ မင်းသွေးစက်။ ပြိုကျလာသည့် အုတ်အပိုင်းအစများ အောက်တည့်တည့်မှာ ရောက်ရှိနေတာ။ သူလည်း ရုတ်တရက်မို့ ကြောင်ပြီး မလှုပ်ရှားမိဘဲ ဖြစ်နေသည်။ လက်ာ ဘာလုပ်ရမလဲ။ ခေါင်းထဲမှာ အစီအစဉ်တကျ ဘာကိုမှစဉ်းစားဖို့အချိန်မရှိ။

စက္ကန့်ပိုင်းလေးအတွင်းမှာ ဖြစ်သွားသော အဖြစ်အပျက်ပါပဲ။ ကျယ်လောင်သော အုတ်ခဲများ ပြိုကျသံနှင့်အတူ လက်ာ့တစ်ကိုယ်လုံး နာကျင်မှုဖြင့် လဲကျသွားသည်။

"ဟာ မမ မမ"

သူမ တွန်းထုတ်လိုက်သဖြင့် အဝေးသို့ရောက်သွားသော မင်းသွေးစက်ကလဲနေရာကနေ ကုန်းရုန်းထပြီး သူမဆီ ပြေးလာနေတာ မြင်လိုက်ရသည်။ ပြီးတော့ ထိတ်လန့်တုန်လှုပ်စွာ အော်ပစ်လိုက်သော ခေါ်သံ။

■ ■ ■

လက်ာ သတိပြန်ရလာချိန်မှာ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေခဲ့သည်။ ဦးခေါင်းဆီက တဆစ်ဆစ်နာကျင်နေသလို ဘယ်ဘက်လက်တစ်ဖက်ကလည်း တင်းကျပ်နေသလို ခံစားရသည်။ မျက်လုံးများကို သေချာဖွင့်ပြီး ကြည့်မိမှ သူမ လက်တစ်ဖက်အား ကျောက်ပတ်တီးကိုင်ထားရခြင်း ဖြစ်သည်။

"လက်ာ နင် သတိရလာပြီလား"



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်တကြီး မျက်လုံးများဖြင့် သုတ မေးလိုက်သည်။ ဆေးရုံခန်းတစ်ခုလုံးမှာ သုတနှင့်မနု နှစ်ယောက်တည်း။

"သမီးရော မနု"

"ကျောင်းမဆင်းသေးဘူးလေ လက်ာရဲ့၊ ခဏနေမှ မနု သွားကြိုပြီး ခေါ်ခဲ့မယ်"

"ကျောင်းတွေတောင် ပြန်ဖွင့်နေပြီလား"

"ဒီနေ့မှ စဖွင့်တာလေ"

လက်ာ ဘယ်လောက်ကြာအောင် သတိလစ်နေခဲ့တာလဲ။ သံသာလေးတို့ကျောင်းတွေတောင် ဒီဇင်ဘာကျောင်းပိတ်ရက်ပြီးဆုံးလို့ ပြန်ဖွင့်နေပြီတဲ့လေ။

"မင်းသွေးစက်ရော"

"နင်ဟာ အခုချိန်ထိ သူ့ကိုမေးနေသေးလား၊ သူက ဘာမှ မဖြစ်ဘူး၊ နင်သာ ဆေးရုံပေါ်ရောက်နေတာ"

သုတအသံက မလိုတမာစွာ ထွက်လာသည်။ တော်ပါသေးရဲ့ မင်းသွေးစက် ဘာမှမဖြစ်ဘူးဆိုတာ သိလိုက်ရတော့ လက်ာစိတ်ကျေနပ်သွားသည်။

"ငါ ထိုင်လို့ရမလား"

ကိုယ့်ဘာသာ ကုန်းထကြည့်သော်လည်း ဗိုက်နားဆီမှ နာကျင်မှုကြောင့် မအောင်မြင်ခဲ့သဖြင့် သုတကို အကူအညီတောင်းလိုက်သည်။

"ငါ့ဘာသာငါ ထထိုင်လို့ အဆင်မပြေဘူးဖြစ်နေတယ်"

"နင့်ဗိုက်ခွဲထားရတယ်လေ လက်ာ၊ ပြုတ်ကျလာတဲ့ သံချောင်းတစ်ခုနဲ့ နင်ထိုးမိခဲ့တာ၊ ကံကောင်းလို့ အသည်းကို ထိဖို့ တစ်စင်တီမီတာလောက်ပဲ လိုတော့တယ်တဲ့၊ ဆရာဝန်ကြီးပြောပြတာ၊ ငါဘယ်လောက်





တောင် စိတ်ပူသွားမလဲ နင်သိလား"

သုတအသံကို နားထောင်တာနဲ့တင် သူ ဘယ်လောက်စိတ်ပူပန်စိုးရိမ်နေမယ်ဆိုတာ လက်ာ သိပါတယ်။ ဒါပေမဲ့ သူမ တကယ်တမ်း သိချင်နေခဲ့တာက မင်းသွေးစက် ဆေးရုံကို လာကြည့်သေးလားဆိုတာပါ။ မေးဖို့ပြင်ဆဲမှာပင် အခန်းထဲသို့ ဆရာဝန်ကြီး ဝင်လာခဲ့သည်။

"နေရတာ ဘယ်လိုနေလဲ သမီး"

"နာတယ် ဒေါက်တာ"

လက်ာရဲ့ရိုးရှင်းသော အဖြေစကားကြောင့် ဆရာဝန်ကြီးက ပြုံးသည်။

"နာတာတော့ နာမှာပဲ သမီးရဲ့၊ ခေါင်းမှာလည်း အုတ်ခဲနဲ့ ဆောင့်မိထားတဲ့ဒဏ်ရာရှိတယ်၊ လက်ကလည်း အရိုးအက်သွားလို့ ကျောက်ပတ်တီးကိုင်ထားရတယ်၊ အဆိုးဆုံးက သမီးဗိုက်ခွဲထားရတယ်လေ"

"ဟုတ်ကဲ့ ကျွန်မ သိပါတယ်၊ ဒေါက်တာ"

"ဒဏ်ရာတွေက နာတာကလွဲရင် တခြားဘာခံစားရသေးလဲ"

"ခေါင်းနည်းနည်းမူးတာလောက်ပဲ ရှိပါတယ်"

"ဒါကတော့ ခေါင်းကိုထိထားတဲ့ အရှိန်ကြောင့်ပါ၊ ခေါင်းမူးတာလောက်ပဲဆိုရင်တော့ သမီး အခြေအနေတော်တော်လေး မဆိုးဘူးလို့ ပြောလို့ရပါတယ်၊ ဒီနေ့နဲ့ဆို သမီး သတိလစ်နေခဲ့တာ ငါးရက်မြောက်နေ့ပဲလေ"

အနားမှာပါလာသော သူနာပြုဆရာမလေးကို လက်ာ့အား Treatment ပေးရမယ့်အချက်တွေပြောပြပြီး ဆရာဝန်ကြီး ပြန်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မနုလည်း သမီးကို ကျောင်းသွားကြိုလိုက်ဦးမယ်နော် လက်ာ"

"ဆေးရုံလာနေရတော့ ကလေး စာကျက်ချိန်ရော ရရဲ့လား။ စာမေးပွဲကြီးက ဘယ်လောက်မှ လိုတော့တာ မဟုတ်ဘူး"

"ဒါတော့ စိတ်မပူနဲ့ လက်ာရေ၊ လက်ာ သတိလစ်နေတဲ့ရက်တွေတုန်းကလည်း သမီး နေ့တိုင်းဆေးရုံလာတယ်၊ သူ့လွယ်အိတ်ရော စာအုပ်တွေရော ထည့်လာပြီး လက်ာ့နားငုတ်တုတ်ထိုင် စာကျက်နေတာလေ"

သမီးက အဲဒီလို လိမ္မာသည့်အတွက် လက်ာ စိတ်ချမ်းသာရပါသည်။

"မင်းသွေးစက် မလာဘူးလား သုတ"

အနားမှာ မနု မရှိတော့မှ လက်ာ မေးချင်တာကို ထုတ်မေးလိုက်သည်။ သုတ လက်ာ့ကို မမှိတ်မသုန် စိုက်ကြည့်ပြီးနေ၏။ သူ့အကြည့်များက စိတ်ပျက်လက်ပျက်ဖြစ်စွာ ကြည့်နေခြင်းမှန်း လက်ာနားလည်ပါသည်။

"ဖြေလေဟာ၊ သူလာလားလို့"

သုတ သက်ပြင်းတစ်ချက်ကို ဖြည်းလေးစွာ ချလိုက်သည်။ ခေါင်းကို မညိတ်ချင်ညိတ်ချင် ညိတ်ပြ၏။

"သူလာတာ မလာတာ အရေးကြီးလို့လား လက်ာ"

လက်ာ့မှာအဖြေမရှိပါ။ သူ လက်ာ့ကို ဂရုမစိုက်သေးရဲ့လားလို့ ကလေးဆန်စွာ သိချင်စိတ်တစ်ခုပါပဲ။

"နှင့်ကိုငါ ပြောစရာရှိတယ်"

"ဘာလဲ သုတ"

သုတက ပြောသင့်မပြောသင့် ချင့်ချိန်နေသည့်ပုံပါ။ ခဏကြာမှ





ပြောဖို့ဆုံးဖြတ်လိုက်သည့်ပုံနှင့် လက်ာမျက်နှာကို တည့်တည့်စိုက်ကြည့်ပြီး

"နင့်ကို ကဗျာ တအားစိတ်ပူနေတယ်"

"ဘာပြောတယ်"

"ဟုတ်တယ် လက်ာ၊ နင့် သတိလစ်နေတဲ့နေ့တွေတုန်းက သူ နေ့တိုင်းနီးပါးလာတယ်"

"ဟင်"

သူမ အံ့သြတုန်လှုပ်သွားမိသည်။ တကယ်တော့ သိပ်လည်း အံ့သြစရာလိုသည့်ကိစ္စတော့မဟုတ်။ ဟိုတယ်ကလူတွေ အားလုံး လက်ာ ခုလိုဖြစ်သွားတာကို သိနေမှာပဲလေ။

"နင် နင်နဲ့တွေ့ဖြစ်လိုက်တယ်ပေါ့"

"အမှန်အတိုင်းပြောရရင်တော့ ငါနဲ့တင်မကဘူး၊ သံသာနဲ့ပါ တော်တော်လေး ရင်းနှီးနေပါပြီ"

"ဟင် ဘယ်လိုဖြစ်လို့လဲ"

"ဆေးရုံကို သူလာတဲ့အချိန်တိုင်း သံသာကလည်း ရှိနေတတ်တယ်လေ၊ ဟိုးတစ်ရက်ကဆို စာတောင်တူတူလုပ်နေကြသေးတယ်"

ဒီလိုဆို သူတို့နှစ်ယောက်က တကယ်ကိုပဲ ရင်းနှီးကျွမ်းဝင်နေကြပြီပေါ့။ သံသာက ကဗျာ့ကို အမေမှန်းမသိနိုင်ပေမယ့် ကဗျာကတော့ သမီးမှန်းသိနေမှာလေ။ သမီးကို ကဗျာ တစ်ခုခုများပြောလိုက်လေမလား။ သံသာလေး တစ်သက်လုံးမှာ မိဘတွေအကြောင်း မေးလာခဲ့ရင် ဟိုးအဝေးကြီးမှာ အလုပ်လုပ်နေတယ်လို့ပဲ လက်ာ လိမ်ပြောထားခဲ့တာ၊ သိတတ်စအရွယ်တုန်းကတော့ အမေအကြောင်းကို ခဏခဏမေးပေမယ့် နောက်ပိုင်းတော့လည်း သူမ ဘယ်လောက်မေးမေး ဘာမှထူးမလာမှာကိုသိနေသည်မို့ မိဘတွေအကြောင်းနဲ့ပတ်သက်ပြီး မေးတော့။



www.burmeseclassic.com

www.burmeseclassic.com



ခုလိုအချိန်မှာ ဟိုတယ်မှာ သူမ တွေ့ခဲ့သည့် စားပွဲထိုးဝန်ထမ်း အမျိုးသမီးက သူမအမေမှန်း သိသွားခဲ့ရင် သမီးလေး အံ့ဩထိတ်လန့်သွားလေမလား။ လက်ာ စိတ်ပူပန်လာမိသည်။

“သူတို့ သူတို့ ဘာတွေပြောကြသေးလဲဟင်”

“နင် စိတ်ပူနေတာကို ငါသိပါတယ်လက်ာရယ်၊ ငါလည်း ကဗျာနဲ့ စကားပြောဖြစ်ခဲ့ပါတယ်”

“သူ နင့်ကိုဘာတွေပြောတာလဲ”

“သူ ရှိုက်ကြီးတငင် ငိုတယ်၊ သူ့အမှားတွေအတွက် သိပ်ကို နောင်တရနေတယ်”

“ကိုယ့်ကလေးကို စွန့်ပစ်ခဲ့တဲ့ အမေတစ်ယောက်ရဲ့နောင်တလား”

“အင်း ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ သူ နင့်ကိုကြောက်လို့ လာလည်းမတွေ့ရဲခဲ့ဘူးလေ၊ နင်တို့အကြောင်းတောင် သူ မစုံစမ်းခဲ့ပါဘူးတဲ့၊ သူ့ဘာသာ ဘဝမှာကြိုးစားပြီး နေထိုင်ခဲ့တယ်တဲ့၊ အခုဟိုတယ်မှာ အလုပ်ဝင်လာတာကလည်း နင်ရှိနေမှန်းမသိခဲ့ဘူးတဲ့၊ မန္တလေးက ဟိုတယ်တစ်ခုမှာ လုပ်သက်ဆားဖစ်ရလာတာနဲ့ ရန်ကုန်ကိုပြောင်းလာခဲ့တာလို့ ပြောတယ်”

“သူ အဆင်ပြေနေခဲ့တာပဲ”

ထိုစကားကို လက်ာ နာကျင်စွာ ပြောလိုက်မိတာပါ။

“ငါတို့ အပြင်ပန်းအမြင်နဲ့ ကြည့်ရင်တော့ သူတစ်ယောက်တည်း အဆင်ပြေပြေ နေနိုင်ခဲ့တယ်လို့ ထင်ချင်စရာပါပဲ၊ ဒါပေမဲ့ အဲဒီနေ့က ငါ သူနဲ့စကားပြောဖြစ်တော့ သူ့စိတ်ထဲမှာလည်း ဒဏ်ရာတွေ တော်တော်ကြီးတာ တွေ့ခဲ့ရတယ်”





“ဘယ်လိုဒဏ်ရာမျိုးလဲ သုတ၊ အစ်မအရင်းရဲ့နောက်ကျောကို ဓားနဲ့ထိုးလိုက်လို့ ပြန်ခံရတဲ့ဒဏ်ရာလား”

မဲ့ပြုံးလေးတစ်ခုနှင့်အတူ လက်ာ မေးမိလျှင်

“အေးပေါ့ဟာ သူလည်း တော်တော်နာကျင်ခံစားခဲ့ရပါတယ်၊ မွေးဖွားခါနီးမှာ ကလေးအဖေကို ဆက်သွယ်ဖို့ ကြိုးစားခဲ့ပေမယ့် ဘယ်လိုမှ ရှာမတွေ့ခဲ့ဘူးတဲ့လေ၊ အခုချိန်ထိပါပဲ”

နာမည်တစ်ခုအစား ကလေးအဖေလို့ သုံးနှုန်းပေးခဲ့သည့်အတွက် သုတကို လက်ာ ကျေးဇူးတင်လိုက်မိသည်။ အဲဒီနာမည်ကိုတောင် မကြားချင်တော့လောက်အောင် လက်ာ မုန်းတီးနေခဲ့တာလေ။

“သူတစ်ယောက်တည်းအောင်အနိုင်နိုင် ရုန်းကန်နေရတဲ့ ဘဝမို့ သမီးလေးကို နင့်ဆီပို့ခဲ့တာပါတဲ့”

ဘာမှမပြောချင်တော့။ ပြီးတာတွေက ပြီးခဲ့ပြီပဲ။ နာကျင်စရာတွေကလည်း နာကျင်စရာတွေအဖြစ် ရှိနေခဲ့ပြီပဲ။ ခုချိန်မှာ အပြစ်တင်စကားပြောမယ်ဆိုရင်တောင် ကဗျာ့ကို ဘယ်ကစပြီး ပြောရမှန်းတောင် မသိတော့။ အရာအားလုံးက မှားယွင်းနေခဲ့ပြီးသားလေ။

“ဒါနဲ့ သုတ ငါတို့ ဒီလိုဖြစ်ခဲ့တာ ဒီဇင်ဘာ ၃၁ နော်၊ ဟိုတယ်မှာ ဘာတွေဆက်ဖြစ်သေးလဲ၊ နယူးရီးယားရှိုးပွဲရော”

“ရှိုးပွဲကတော့ အောင်အောင်မြင်မြင်ပါပဲ”

သုတ စကားက တစ်မျိုးကြီးပါလား။ ရှိုးပွဲကတော့ အောင်အောင်မြင်မြင်ပြီးသွားပါတယ်ဆိုတော့ ဘယ်ဟာက ဘာဖြစ်ခဲ့လို့လဲ။ လက်ာ ဟိုတယ်ကို ပစ်ထားခဲ့ရတာ ရက်တော်တော်ကြာနေပါပြီ၊ ဟိုတယ်မှာ မင်းသွေးစက်တစ်ယောက်တည်း ဘာတွေဖြစ်နေပြီလဲ မသိ။

“ငါတို့ဖြစ်တဲ့ မတော်တဆမှုကရော ဘယ်လိုဆက်ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



လဲ''

''ဟူး နင့်ကျန်းမာရေးကြောင့်မပြောနဲ့ဦးလို့ မင်းသွေးစက်က ပြောထားခဲ့ပေမယ့် ငါ ပြောမှဖြစ်မယ်လို့ ထင်နေတယ် လက်ာ''

ဟင် ဒါဆိုရင်တော့ သေချာပြီပေါ့။ ဟိုတယ်မှာ တစ်ခုခုဖြစ်နေပြီဆိုတာ။

''မြန်မြန်ပြောစမ်းပါ သုတရယ်၊ ဟိုတယ်မှာ ဘာတွေဖြစ်နေလို့လဲ''

''တော်ဝင်နှင်းဆီဆောက်လုပ်ရေးက သုံးတဲ့ပစ္စည်းတွေ အရည်အသွေးမပြည့်မီလို့ ဒီမတော်တဆမှု ဖြစ်ရတာဆိုပြီး အဖြေထွက်လာတယ်''

''ဟာ တကယ်ပဲလား။ ကိုအုပ်စိုးကိုယ်တိုင် ပစ္စည်းတွေရဲ့ အရည်အသွေးကောင်းလို့ ဒီတော်ဝင်နှင်းဆီကို ရွေးချယ်ခဲ့တာလေ၊ ပြီးတော့ ငါတို့အရင်ကလည်း လက်တွဲလုပ်ခဲ့ဖူးတာပဲ''

''အေး စစ်ဆေးရသလောက်ကတော့ တော်ဝင်နှင်းဆီဘက်ကလည်း ဒါကို ခုမှသိတာ၊ အလုပ်သမားခေါင်းဆောင် ကိုကျော်ထက်ဆိုတဲ့လူက ပစ္စည်းတွေကို အရည်အသွေးနိမ့်ပြီး ဈေးပေါတာတွေနဲ့ အစားထိုးခဲ့တာ တဲ့''

''ဘာ ကိုကျော်ထက်က ဟုတ်လား''

''အေး ဟုတ်တယ် ငွေကြေးအတွက်လုပ်ခဲ့တဲ့ သဘောပေါ့၊ နင်တို့ Cele လိုပဲ တော်ဝင်နှင်းဆီဘက်ကလည်း သစ္စာဖောက်ခံလိုက်ရတာပဲ''

လက်ာ ဘယ်လိုမှ မယုံကြည်နိုင်။ ကိုကျော်ထက် ဒီလောက်ထိ လုပ်လိမ့်မယ်လို့ တစ်ခါမှ မတွေးဖူးခဲ့။

''အဲဒီတော့ ငါတို့ဆောက်လုပ်ရေးဘက်ကို အခုဘာလုပ်ထား





လဲ''

''လောလောဆယ်တော့ လုပ်ငန်းနားထားတယ်၊ တခြားကုမ္ပဏီတစ်ခုနဲ့ ချက်ချင်းပြန်ချိတ်ဖို့ မင်းသွေးစက်က လုပ်နေပေမယ့် တော်ဝင်နှင်းဆီဘက်ကလည်း သူတို့နာမည်ပါပျက်ခဲ့တာဆိုတော့ သူတို့ပဲ အကောင်းဆုံးပြန်ပြီး တာဝန်ယူချင်ပုံပဲ''

''ငါ သူနဲ့တွေ့ချင်တယ် သုတ''

''နင့်ကျန်းမာရေးမကောင်းသေးဘူး လက်ာ၊ အလုပ်ကိစ္စတွေ ခဏမေ့ထားပြီး အေးအေးဆေးဆေး အနားယူစမ်းပါ''

သုတ စကားကို ခပ်ပြတ်ပြတ်ပြောပြီး စိတ်တိုသွားပုံနှင့် အခန်းထဲမှ ထွက်သွားသည်။

လက်ာခုတင်ဘေးမှ စားပွဲလေးကိုလှမ်းကြည့်လိုက်မိ၏။ ဖုန်းတွေဘာတွေများ ရှိမလားလို့ပါ။ စားစရာသောက်စရာတွေ တင်ထားတာကလွဲရင် ဘာဖုန်းမှမရှိ၊ လက်ာ့ဖုန်းကိုလည်း သုတပဲ သိမ်းထားမှာပေါ့၊ ဖုန်းရှိနေရင် လက်ာက အလုပ်ကိစ္စတွေကို ဖုန်းနဲ့တစ်ဆင့် ဆက်သွယ်လုပ်ကိုင်နေဦးမယ်ဆိုတာ သူ ရိပ်မိမှာပေါ့လေ။

ခုတင်ပေါ်မှာ လှဲနေရပြီး ဘာမှမလုပ်ကိုင်နိုင်သည့် အခြေအနေကို လက်ာ မုန်းတီးနေမိသည်။ ခုချိန်ထိ ဒီလိုအနေအထားမျိုးမှာ မင်းသွေးစက် တစ်ယောက်တည်း ဘာတွေဘယ်လို ဆုံးဖြတ်လုပ်ကိုင်နေမလဲ။ သူ့ကိုစိတ်ပူနေမိသည်။ အင်းလေ ဘာပဲဖြစ်ဖြစ် သူ့မှာ အနီးကပ်ကူညီပေးနိုင်မည့် ကိုအုပ်စိုးတစ်ယောက်လုံး ရှိနေသေးတာပဲ။ အဆင်ပြေပြေ လုပ်နိုင်မှာပါ။

စိတ်ကိုဖြေတွေးလေးတွေးပြီး ဖြေလျှော့ထားလိုက်ရ၏။ မျက်လုံးများကို စုံမှိတ်ပစ်လိုက်ပြီး အိပ်ပျော်အောင် ကြိုးစားလိုက်သည်။ ခုချိန်မှာ လက်ာ လုပ်နိုင်တာ အိပ်စက်ခြင်းပဲ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



■ ■ ■

သူ မမကို သိပ်တွေ့ချင်နေသည်။ မမ သတိပြန်ရလာပြီလို့ ကိုသုတ ပြောပြတော့ သူ့ရဲ့တွေ့ချင်စိတ်တွေက ပိုလို့တောင် ထိန်းမရခဲ့။ ဒါပေမဲ့ လာမတွေ့ပါနဲ့ဦးဟု ကိုသုတက တောင်းဆိုထားသည်။ သူ့ကို တွေ့ရင် အလုပ်အကြောင်းတွေ မေးမြန်းဝင်ပါနေဦးမှာစိုးလို့တဲ့လေ။

ပြီးတော့ အဆိုးရွားဆုံးနောင်တတစ်ခုကလည်း ရှိနေသေးသည်။ သူ့နေရာမှာ မမကို အစားဝင်ခွင့်ပြုခဲ့သလို ဖြစ်သွားတာကိုပါ။ မမကို သူက မကာကွယ်ပေးနိုင်သည့်အပြင် မမက သူ့ကိုပြန်ပြီး ကာကွယ်ပေးနေရသည်။ သူဟာ တကယ့်ကို အသုံးမကျတဲ့ယောကျ်ား တစ်ယောက်လို ခံစားနေရသည်။ လုပ်ငန်းခွင်ထဲမှာ မမရဲ့အထက်အရာရှိသာ ဖြစ်နေခဲ့ပေမယ့် တကယ်တမ်းက မမရဲ့စီမံညွှန်ကြားမှုများအတိုင်း သူက လှုပ်ရှားနေရတာ။ လုပ်ငန်းခွင်ပြင်ပက ကိုယ်ပိုင်ဘဝလေးမှာတော့ မမက အားကိုးနိုင်သောယောကျ်ားတစ်ယောက် ဖြစ်ချင်ခဲ့သည်။

ခုတော့ ထိုမျှော်လင့်ချက်လည်း ပျက်သုဉ်းခဲ့ရပါပြီ။ သူဟာ ဘယ်တော့မှ မမအတွက်အားကိုးစရာ အနေအထားတစ်ခု ရှိမနေခဲ့။ သူ တွေးရင်းတွေးရင်း ပိုပိုနာကျင်လာမိသည်။ မမရဲ့အကြောင်းတွေကို သူ ဘာမှမသိရ၊ မမရဲ့ရင်ဖွင့်ဖော်ဟာ သူမဟုတ်ခဲ့။

အတွေးတွေထဲမှာ သူ မွန်းကျပ်လွန်းလာသည်။ ဟိုတယ်က လက်ရှိရင်ဆိုင်နေရသော အခြေအနေတွေကလည်း မကောင်း။ တော်ဝင့်နှင်းဆီဆောက်လုပ်ရေးနှင့် ခုလိုမျိုး ပြဿနာတက်ခဲ့ပြီးနောက်မှာ ညွှန်သည်အဝင်နည်းသွားသည်။ အရင်တစ်ခေါက်တုန်းကလည်း တော်ဝင်နှင်းဆီနှင့်ပင် လက်တွဲထားဖူးတော့ Cele ဟိုတယ်ရဲ့ ကြံ့ခိုင်မှုပိုင်းကို သံသယများနေခဲ့ကြသည်။





ခုနောက်ပိုင်း လူမှုကွန်ရက်မီဒီယာတွေမှာ သတင်းတစ်ခုပျံ့နှံ့သွားလျှင် တစ်ယောက်တစ်ပေါက် ဝင်ရောက်ပြောဆိုမှုများနှင့် မဟုတ်တာတောင် အဟုတ်ဖြစ်သွားတတ်ကြသည့် ခေတ်ကြီးမှာ Cele Hotel ကို ရှုတ်ချပြောဆိုသည့်လူတွေကလည်း မနည်း။ ထို့ကြောင့်ပင် စီးပွားရေးပိုင်းကိုပါ တိုက်ရိုက်ထိခိုက်လာတော့၏။ ရှယ်ယာဈေးတွေ ကျဆင်းကာ ဟိုတယ်ကို နလန်မထူနိုင်အောင် လုပ်နေသလို ခံစားမိသည်။

ဒီလိုအတွေးတွေနဲ့ ထိုင်နေလို့ မဖြစ်သေးပါဘူး။ သူ တစ်ခုခု လုပ်မှဖြစ်မှာပါ။ အနားမှာ မမ မရှိတဲ့အချိန် အကူအညီလိုအပ်လာတော့ သူ အရင်ဆုံးသတိရမိသွားတာဟာ ကိုသုတပဲ ဖြစ်သည်။ စီးပွားရေးနယ်ပယ်ထဲမှာလည်း မိတ်ဆွေအပေါင်းအသင်းများပြီး ဆိုရှယ်နက်ဝက်တ်တွေကနေတစ်ဆင့် လူတစ်ယောက်အကြောင်း စုံစမ်းပေးနိုင်မှာ လောလောဆယ် မင်းသွေးစက်အနား၌ သူတစ်ယောက်ပဲ ရှိနေတာလေ။ မင်းသမီးမိုးမြင့်ဝေဟင်ကိစ္စတုန်းကလည်း သူပဲ ကူညီပေးခဲ့တာမို့ ဒီတစ်ခါလည်း မင်းသွေးစက်လိုအပ်နေသော အကူအညီကို ပေးလိမ့်မယ်လို့ ယုံကြည်နေမိသည်။

"ကူညီနိုင်မလား ကိုသုတ"

ချက်ချင်းပင် ကိုသုတရဲ့စားသောက်ဆိုင်လေးကို သူ လိုက်သွားခဲ့သည်။

"ကျွန်တော်က ဘယ်သူ့ကို စုံစမ်းပေးရမှာလဲ"

"ရှယ်ယာတွေ ဈေးချပြီးရောင်းနေတာ ဘယ်သူလဲဆိုတာရယ်၊ ခုလိုမျိုး ခဏလေးတွင်းမှာ စီလီ ဒီလိုဖြစ်သွားတာ သွေးရိုးသားရိုးမဟုတ်ဘူးလို့ ကျွန်တော် ထင်တယ်၊ အဲဒီအတွက် နောက်ကွယ်က ကြိုးကိုင်နေတဲ့သူတစ်ယောက်ယောက် ရှိရမယ်"



www.burmeseclassic.com

www.burmeseclassic.com



''ထင်တဲ့သူတွေဘာတွေ မရှိဘူးလား။ ဒီလိုဆို ကျွန်တော် စုံစမ်းရတဲ့နယ်ပယ်လည်း ကျဉ်းသွားမယ်လေ''

သုတမျက်နှာကို မင်းသွေးစက် စိုက်ကြည့်နေမိသည်။ နာမည် တစ်ခုကို ထုတ်ပြောဖို့ သူ တွန့်ဆုတ်နေခြင်းပါ။

''ကျွန်တော့်အဖေ မဆုံးခင်တုန်းက သတိထားဖို့ ပြောခဲ့တဲ့ လူတစ်ယောက်တော့ ရှိပါတယ်''

''ဘယ်သူများလဲ ညီ၊ ဦးမင်းမျိုးဆက်က ဒီလိုမျိုးတောင် ထုတ် ပြောသွားခဲ့တယ်ဆိုတည်းက တော်ရုံတန်ရုံတော့ မဟုတ်လောက်ဘူးနဲ့ တူတယ်''

''ဟုတ်ပါတယ် ကျွန်တော်တို့ဒါရိုက်တာအဖွဲ့ဝင်တွေထဲကပါပဲ''

''အင်း ဖြစ်နိုင်တာပေါ့၊ မန်နေဂျင်းနေရာကိုရရင် ဟိုတယ်တစ်ခု လုံးကို စိတ်ကြိုက်ခြယ်လှယ်လို့ရပြီလေ၊ ညီ့နေရာကို လိုချင်တဲ့သူတွေ ရှိနေမှာ မဆန်းပါဘူး''

သုတ ပြောသည့်အတိုင်းပဲ မင်းသွေးစက်လည်း တွေးထင်နေ မိတာပါ။ သူ့လို စီးပွားရေးလောကနှင့် ခုမှစတင်ပတ်သက်ဖူးသည့် လူ တစ်ယောက်လက်ထဲကနေ မန်နေဂျင်းထိုင်ခုံကို လုယူဖို့ ကြံစည်မှုတွေ ရှိလာတာ မဆန်းပါဘူး။

''ကိုအုပ်စိုးပါ''

''ကိုအုပ်စိုး ဟုတ်လား။ ဟိုတယ်အုပ်ချုပ်ရေးပိုင်းကို တာဝန် ယူထားတဲ့ ဦးအုပ်စိုးခန့်ကို ပြောတာလား''

''ဟုတ်ပါတယ် ကိုသုတ''

လက်ာနှင့် ဟိုတယ်အရေးကိစ္စတွေ စကားစပ်မိတိုင်း ဒီနာမည် ပါလာတတ်တာမို့ သုတ ကြားဖူးနေတာ ကြာပါပြီ။





''စိတ်ချပါ ခုကိစ္စတွေက ကိုအုပ်စိုး ခြယ်လှယ်နေတာတွေလား ဒါမှမဟုတ် တခြားတစ်ခုခုပဲလားဆိုတာတော့ သိပ်မကြာခင် ကိုယ်တို့ သိရမှာပါ''

ကိုသုတကို နှုတ်ဆက်ပြီး ဆိုင်ထဲက ထွက်ဖို့ပြင်လိုက်သည်။ ဒါပေမဲ့ သူ သိချင်တာတွေ ကျန်နေသေး၏။ မေးဖို့ကို နှုတ်က ဆွံ့အ နေမိသည်။ မေးမယ်ဟန်ပြင်လိုက်တိုင်း ဒီဆိုင်ရှေ့မှာ တစ်ယောက်ကို တစ်ယောက် ဖက်ထားသည့် မမနဲ့ကိုသုတတို့ပုံက မျက်လုံးထဲမှာ ပေါ် ပေါ်လာသည်။

''ဟိုလေ ကိုသုတ''

''ပြောစရာ ကျန်သေးလို့လား''

''ဒါက အလုပ်နဲ့မပတ်သက်ပါဘူး''

မင်းသွေးစက်ရဲ့ထိုစကားကို ကြားလိုက်တည်းက သုတ သဘောပေါက်ပါပြီ။ ဒီတစ်ယောက် လက်ာ့အကြောင်းကို မေးဖို့ တာစူ နေပြီဆိုတာ။

''လက်ာ့အကြောင်း သိချင်လို့လား''

''ဩော် အင်း၊ တကယ်တော့ မမ သက်သာပြီလားဆိုတာ ကျွန်တော် သိပ်သိချင်နေလို့ပါ''

''ခုတော့ သက်သာနေပါပြီ၊မနက်ဖြန်တောင် ဆေးရုံက ဆင်း နိုင်နေပြီ''

''ဟာ တကယ်လား၊ ဒီလိုဆို မမကို ကျွန်တော် သွားကြည့်ဖို့ အဆင်ပြေပြီပေါ့နော်၊ ကျွန်တော် ကတိပေးပါတယ်ဗျာ၊ မမက အလုပ် အကြောင်းတွေ အတင်းမေးရင်တောင် ကျွန်တော်မပြောပါဘူး''

သုတက မင်းသွေးစက်ကို ဆေးရုံသွားမကြည့်နိုင်းရခြင်း အ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းရင်းအမှန်ဟာ အတ္တနည်းနည်းပါဝင်နေတာကိုတော့ ဝန်ခံချင်ပါသည်။ မင်းသွေးစက်ကိုကျ လက်ာ အလုပ်အကြောင်းတွေ အတင်းမေးပြီး သက်သက်သာသာ အနားမယူမှာစိုးသောကြောင့်ဆိုပြီး ဆေးရုံသွားကြည့်ခွင့် ပိတ်ပင်ထားခဲ့သည်။ တကယ်တမ်းကတော့ စတင်သတိရလာသည့် အချိန်တည်းက မင်းသွေးစက်ကို တသသ စိတ်ပူပန်နေသော လက်ာ့ကို သဝန်တိုစွာနှင့် သူ ပိတ်ပင်ထားခဲ့မိတာပါ။

"အင်း မင်းသွားကြည့်လိုက်ပါ၊ သူလည်း တော်တော်လေးသက်သာနေပါပြီ"

ခုကျတော့ သူ မင်းသွေးစက်ကိုကြည့်ပြီး ကရုဏာသက်နေမိသည်။ လက်ာသာမရှိရင် ကူကယ်ရာမဲ့နေသော လူတစ်ယောက်လိုဖြစ်နေသည့် ပုံစံက သူသာ အောင်အောင်မြင်မြင် မကူညီနိုင်ခဲ့လျှင် လုံးဝကို ပြိုလဲသွားတော့မလိုပါ။

"လက်ာ့ဆီမသွားခင် မင်းသိချင်မယ်ထင်တဲ့ အကြောင်းအရာလေးတွေ ကျွန်တော် ပြောပြချင်တယ်"

ဆိုင်ပြင်ထွက်ရန် ပြင်နေသော မင်းသွေးစက် ခြေလှမ်းတွေ ရပ်တန့်သွားသည်။ မင်းသိချင်မယ်ထင်တဲ့အကြောင်းအရာဆိုတော့ ဘာများလဲ။ သေချာတာကတော့ မမနဲ့ပတ်သက်နေမယ်ဆိုတာပေါ့။

"လက်ာရဲ့အတိတ်က အဖြစ်အပျက်တချို့ကို မင်းသိသင့်ပြီထင်လို့ပါ"

မင်းသွေးစက် အံ့ဩသွားမိသလို သိချင်စိတ်များဖြင့် ငေါက်ခနဲ ပြန်ထိုင်လိုက်မိသည်။

■ ■ ■



## အခန်း (၉)

"နင် ဒီကို ဘယ်လိုရောက်လာတာလဲ"

လက်ာ သတိလစ်နေစဉ် ကာလတစ်လျှောက်လုံး ဆေးရုံသို့ နေ့တိုင်းရောက်လာပါသည်ဆိုသော ကဗျာက ခုလို သူမ သတိပြန်ရလာပြီးနောက်ပိုင်းတော့ လုံးဝကို ပေါ်မလာခဲ့ဘဲ ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် ရောက်လာခဲ့သည်။ ဆေးရုံခန်းထဲမှာလည်း သူမနှင့်သံသာလေးနှစ်ယောက်တည်းသာ ရှိနေချိန်။

"ကာကာ ကဗျာ့ကို စကားပြောခွင့်ပေးပါနော်"

လက်ာ မဲ့ပြုံးလေးပြုံးလိုက်မိသည်။ ခုမှ ဘာကိုပြောချင်နေတာတဲ့လဲ။ ဆယ်နှစ်ကျော်ကျော်လောက် ကိုယ်ယောင်ဖျောက်နေခဲ့သော လူတစ်ယောက်ကလေ။

"ကဗျာ တောင်းပန်ပါတယ် ကာကာရယ်၊ ဘယ်လိုမှကို လူမဆန်တဲ့လုပ်ရပ်ကို လုပ်ခဲ့မိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



လက်ာ့ရှေ့တည့်တည့်မှာ ဒူးထောက်ချလျက် ကဗျာ မျက်ရည်တွေပေါက်ပေါက်ကျပြီး ပြောသည်။ သံသာလေးက လက်ာတို့နှစ်ယောက်ကို မျက်လုံးလေး ကလယ်ကလယ်နှင့် နားမလည်နိုင်စွာ ကြည့်နေရှာ၏။

''ကဗျာ့ကိုခွင့်လွှတ်ဖို့ မတောင်းဆိုပါဘူး။ ဒါပေမဲ့ ပစ်ပစ်ခါခါတော့ မဆက်ဆံပါနဲ့နော်''

''နင်အခု ဘာလုပ်တာလဲ၊ ကလေးရှေ့မှာ ဒါ ဘယ်လိုအပြုအမူမျိုးလဲ''

ကဗျာက သမီးကိုလှမ်းကြည့်သည်။ သမီးကတော့ လက်ာ့ကိုတစ်လှည့် ကဗျာ့ကိုတစ်လှည့်ကြည့်ရင်း ကြောင်တောင်တောင်လေး ဖြစ်နေရှာ၏။

''ကလေးတစ်သက်လုံး နင်ပစ်ထားခဲ့ပြီးမှ ခု ဘယ်လိုပုံစံမျိုးလဲ ကဗျာ''

''သမီးလေးကို ကဗျာ ထားခဲ့ရတယ်ဆိုတာ ကဗျာ့မှာလည်း ဘယ်လိုမှ မတတ်နိုင်ခဲ့လို့ပါ၊ သမီးသာ ကာကာနဲ့တူတူရှိနေမယ်ဆိုရင် ကဗျာ ဘာမှစိတ်ပူနေစရာ မလိုတော့ဘူးလေ''

''နင်က လွယ်လွယ်လေး တွေးခဲ့တာကိုး''

''ကဗျာ နားလည်ပါပြီ ကာကာရယ်၊ သမီးလေးကိုတွေ့ပြီးနောက်မှာ ကဗျာခွဲသွားဖို့ ဘယ်လိုမှ မလုပ်နိုင်တော့ဘူး၊ ကဗျာ့ကို နားလည်ပေးပါနော်''

ကဗျာ့စကားတွေကို မကြားချင်ယောင်ဆောင်ဖို့ လက်ာ နားများကို ပိတ်ထားလိုက်ချင်သည်။ သမီးရှေ့မှာ ဒီထက်ပိုပြီး သရုပ်မပျက်ချင်လို့သာ တောင့်ခံနေခဲ့ခြင်း ဖြစ်၏။

''နင် အခုလို မလုပ်ဘဲနဲ့ မတ်တပ်ရပ်ပြီး စကားပြောပါ၊ ဒါ





ဝါတို့ပဲရှိနေတာမဟုတ်ဘူး။ အများတကာ သွားလာနေတဲ့ဆေးရုံ သူနာပြုလေးတွေ တွေ့သွားရင်လည်း မကောင်းပါဘူး''

မျက်ရည်များကို သုတ်ပြီး တုန်ယင်ချင်နေသော အသံကို ထိန်းရင်း ပြောလိုက်သည်။ ကဗျာလည်း မျက်ရည်တွေသုတ်လျက် မတ်တတ်ထရပ်သည်။ မျက်ရည်များကို သုတ်လိုက်ပြီးဖြစ်သော်လည်း ရှိုက်ငင်နေဆဲဖြစ်သော ကဗျာ့မျက်လုံးများက သမီးဆီကနေ မခွာ။

''ကာကာနဲ့အန်တီနဲ့ ဘာဖြစ်နေတာကြတာလဲဟင်''

လူကြီးနှစ်ယောက်ကြားက စကားသံတွေ ရပ်စဲသွားတော့မှ သမီးက မဝံ့မရဲလေး ဝင်မေးသည်။ လက်ာတို့လူကြီးတွေ ကြုံတွေ့ဖြစ်ပျက်ခဲ့သောအတိတ်များအား သမီးကို အရိပ်အမြွက်လေးလောက်တောင် မသိစေချင်သောကြောင့် လက်ာ ဘာပြန်ပြောလို့ ပြောရမှန်းမသိ။

''သမီးလေး အန်တီ့ဆီလာပါဦး''

လက်ာ ဘယ်လိုမှ မထင်မှတ်စွာပင် ကဗျာက သမီးလက်ကို ဆွဲပြီး သူ့မ ရင်ခွင်သွင်းဖက်ထားလိုက်၏။ တင်းကျပ်နေအောင် ဖက်ထားခြင်းမို့ သမီး ရုတ်တရက်ထိတ်လန့်သွားပုံနှင့် ရုန်းထွက်ဖို့ ကြိုးစားနေသည်။

''အား ကာကာ သမီး အသက်ရှူလို့ မဝတော့ဘူး''

သမီးက ကဗျာ့ရင်ခွင်ထဲကနေ အသံအစ်အစ်လေးနှင့် လှမ်းပြောသည်။

''ကဗျာ နင် သမီးကို အရမ်းမလုပ်နဲ့လေ''

ခုတင်ထက်ကနေ လက်ာ ထဖို့ကြိုးစားလိုက်သည်။ ဗိုက်က နာကျင်မှုသက်သာနေပြီဆိုပေမယ့် အရှင်းပျောက်ကင်းသေးတာ မဟုတ်တော့ ခပ်မြန်မြန်လှုပ်ရှားလိုက်လျှင် အောင့်ခနဲ နာသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"အ ကဗျာ နင် သမီးကိုလွှတ်ပေးလိုက်စမ်း"

"ဟင့်အင်း ကာကာ၊ ကဗျာ မလွှတ်ပေးနိုင်ဘူး၊ ကာကာက ကဗျာ့ကို သမီးနားမှာနေခွင့်မပေးဘူးဆိုရင် သမီးကို ခေါ်သွားရလိမ့်မယ်"

သမီးကို ဖက်ထားရာကနေ လွှတ်ပေးလိုက်သော လက်မောင်း တစ်ဖက်ကိုဆွဲကိုင်ရင်း အခန်းပေါက်ဝဘက်ဆီ ကဗျာ လျှောက်သွား၏။

"အန်တီ ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့ အဲဒီလို လုပ်နေတာလဲ လို့ အီး ဟီး"

သမီးက ထိတ်လန့်သွားပုံနှင့် စတင်ငိုကြွေးတော့သည်။ ကဗျာ ကတော့ သူဖြစ်ချင်တာဆို တဖွတ်ထိုးလုပ်ချင်သည့် စိတ်လေးက မပျောက်သေးဘဲကိုး။

"သမီး နာသွားလို့လားဟင်၊ အန်တီ မဟုတ်သေးပါဘူး မေမေ ဟုတ်တယ် မေမေက သမီးလေးနဲ့တူတူနေချင်လို့ပါ၊ သမီးကရော မေမေ နဲ့တူတူ မနေချင်ဘူးလားဟင်"

ထိုအချိန်မှာ လက်ာ့ခြေလှမ်းတွေ ရပ်တန့်သွားသည်။ ကဗျာတို့ နားသို့ ရောက်အောင်သွားဖို့ အင်အားတောင် မရှိတော့သလိုမျိုး။ ငိုကြွေး နေသော သမီးအသံလေးလည်း တိခနဲ့နေအောင် ပိတ်ကျသွား၏။ ကဗျာ က သမီးမျက်နှာလေးနှင့် နီးကပ်သွားအောင် ဒူးထောက်ထိုင်ချလျက်

"မေမေက သမီးရဲ့မေမေပါ၊ သမီးကို မေမေ တစ်ယောက် တည်းထားခဲ့မိတာ ခွင့်လွှတ်ပါနော်"

လက်ာ့ကိုလှမ်းကြည့်လိုက်သော သမီးမျက်လုံးလေးတွေ ဝေခွဲ ရခက်နေပုံပါပဲ။ ကဗျာ ပြောနေသော စကားများဟာ အမှန်ဟုတ်မဟုတ် ဆိုတာကို လက်ာ့ဆီက အဖြေတစ်ခုခု တောင်းခံနေသည့်ပုံ။

ခုလိုအချိန်မျိုးမှာ လက်ာ ဘာပြောရမှာလဲ။ လက်ာ ဘာများ



ပြောနိုင်တော့မှာလဲ။ မျက်ရည်တွေ ပါးပြင်ပေါ်ပိုးဝိုးပေါက်ပေါက် ကျဆင်း လာတာကလွဲရင် လက်ာ ငြိမ်သက်နေမိသည်။

"ကဗျာ တကယ်ပြောနေတာ ကာကာ၊ သမီးကိုခေါ်သွားမယ်၊ ကာကာ့ကျေးဇူးကို ကန်းတာမဟုတ်ပါဘူး၊ ကာကာက မိခင်တစ်ယောက် ရဲ့စိတ်ကိုနားမလည်ပေးတဲ့အတွက် ကဗျာ ဒီလိုလုပ်ရတာပါ"

သမီးကို ကဗျာက ခေါ်သွားမယ်တဲ့၊ ညီအစ်မနှစ်ယောက်တည်း ရှိနေခဲ့စဉ်တုန်းကလည်း ကဗျာက လက်ာ့ကို တစ်ကိုယ်တည်းထားပြီး ထွက်သွားခဲ့သည်။ ခုလိုမျိုး လက်ာ့ဘဝထဲမှာ သမီးလေးနှင့်အသားကျ နေသည့်အချိန်မှာ ထပ်ပြီး သမီးကိုခေါ်ထုတ်သွားဖို့ ကြိုးစားနေပြန်သည်။

"အန်တီက တကယ်ပဲ သမီးရဲ့မေမေလား"

သမီးထံမှ အသံတိုးတိုးလေး ထွက်လာသည်။

"ဟုတ်ပါတယ် သမီးရယ်၊ မေမေကလေ ကာကာရဲ့ညီမ"

သမီးကိုပြန်ဖြေနေသည့် ကဗျာ့အသံတွေ လှိုက်မောတုန်ခါနေ ၏။ ပြီးတော့ သမီးကိုပြန်ဖက်ထားလိုက်ပြန်သည်။ ခုနကကို အလွန် တင်းတင်းကျပ်ကျပ်ကြီးတော့ မဟုတ်တော့ပါ။

"ဟင် လက်ာ ကဗျာ နင်တို့ဘာဖြစ်နေကြတာလဲ"

ဆေးရုံခန်းထဲသို့ ဝင်လာသော သုတက လက်ာတို့တစ်တွေ ဖြစ်ပျက်နေပုံကို နားမလည်နိုင်စွာ မေးသည်။ ဟင် သုတနောက်မှာ ကပ်ပါလာတာ မင်းသွေးစက်၊ မင်းသွေးစက်ပါလား။

"မမ သက်သာရဲ့လားဟင်"

ခုချိန်မှာ လက်ာ ဘယ်သူ့ကိုမှ စကားမပြောချင်၊ ထို့ကြောင့် ပင် ခြေလှမ်းများကို ဖြည်းဖြည်းမှန်မှန်လှမ်းလျက် သူတို့အားလုံးကို ချန်ရစ်ပြီး ထွက်ခဲ့လိုက်သည်။ အနောက်မှကပ်လျက်ပါလာသော ခြေသံ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ကြားရ၏။ ဘယ်သူဆိုတာ လက်ာသိပါ၏။ ဒါပေမဲ့ လှည့်မကြည့်မိ။

စိတ်ထဲမှာ ဘာတွေမှန်းမသိ ရှုပ်ထွေးလွန်းနေခဲ့သည်။ ဒီရက်ပိုင်းဖြစ်ပျက်ခဲ့သည့် အကြောင်းအရာတွေက များပြားလွန်းလှသည့်အတွက် လက်ာ့စိတ်တွေ ကြည်လင်ပေါ့ပါးခြင်း မရှိနိုင်ဘဲ ဖြစ်နေ၏။

ဆေးရုံဝင်းအပေါက်ဝရောက်လာတော့ လက်ာ့ခြေလှမ်းတွေ ရပ်တန့်သွားသည်။ သူမ ဘယ်ကိုသွားနေတာလဲ။ ဦးတည်ရာမရှိပါဘဲ တစ်ကိုယ်တည်းလွတ်မြောက်ချင်စိတ်ဖြင့် ထွက်လာခဲ့ခြင်းမို့ ဘယ်ဘက်ကို ဆက်သွားလို့ သွားရမှန်းမသိစွာ သူမ တွေဝေနေခဲ့သည်။

"မမ"

သူမ ထွက်လာတည်းက အသံတိတ်နောက်ကနေပါလာသော မင်းသွေးစက်ထံမှ ခေါ်သံထွက်လာသည်။ သူကရော ခုချိန်မှာ ဘာလာလုပ်တာလဲ။ လက်ာ သတိပြန်ရလာသည့်နေ့တည်းက သူ့ကိုမျှော်နေခဲ့မိသော်လည်း အရိပ်အယောင်လေးမှတောင် ပေါ်မလာခဲ့ပါ။

"ဘယ်သွားမလို့လဲ မမ"

သူ လက်ာ့ဘေးနားသို့ ရောက်လာခဲ့သည်။

"မင်း ခုမှ ဘာလာလုပ်တာလဲ"

တိုပြတ်သော လက်ာ့စကားသံထဲမှာ မကျေနပ်ခြင်းတွေ ပျော်ဝင်နေမှန်း ကျိန်းသေပါသည်။

"ကျွန်တော် လာချင်တာပေါ့ မမရယ်၊ ဒါပေမဲ့ ကျွန်တော့်ကို တွေ့တာနဲ့ မမက အလုပ်အကြောင်းတွေပဲ စိတ်ဝင်စားပြီး အနားမယူမှာစိုးလို့ မလာဖြစ်ခဲ့တာပါ၊ မမဆီကို လူသာမရောက်ဖြစ်ပေမယ့် စိတ်ကတော့ အချိန်တိုင်းရောက်နေတာပါ မမ ယုံတယ်မဟုတ်လားဟင်"





"ဟိုတယ်မှာရော အဆင်ပြေရဲ့လား"

"ဟောကြည့် တွေ့လား၊ မမက ကျွန်တော့်ကိုမြင်တာနဲ့ ဟိုတယ်အကြောင်းက စတော့တာပဲ"

"ကိုယ့်အထက်အရာရှိ ဘော့စ်ကိုမြင်တာ ကျွန်မက အလုပ်အကြောင်းမပြောလို့ ဘာတွေများပြောရမှာလဲ"

"ကျွန်တော့်ကို ရွဲ့မယ်ဆိုလည်း ကားပေါ်လေးတော့ အရင်တက်ပါဦးဗျာ၊ ကျွန်တော် မမအိမ်ကို ပြန်လိုက်ပို့ပေးပါ့မယ်"

သူက လက်ာ့လက်မောင်းတစ်ဖက်ကို ဆွဲယူလိုက်ပြီး အပြုံးလေးဖြင့် ပြောသည်။ ကားပေါ်ကို တက်မထိုင်မီ ဆေးရုံဆီသို့ တစ်ချက်လှမ်းကြည့်လိုက်မိသေး၏။ အထဲမှာ သမီးလေး ကျန်ခဲ့တယ်လေ။

"ကိုသုတ ရှိပါတယ် မမရယ်၊ အဆင်ပြေအောင် သူ ပြောနိုင်မှာပါ"

သူမ ကားထဲကို ဝင်ထိုင်လိုက်ချိန်မှာ မင်းသွေးစက်က အတည်ပေါက်ကြီး ပြောလိုက်တော့ လက်ာ ကြောင်သွားသည်။ သူက ဘာတွေသိလို့ ဝင်ပြောနေရတာလဲ။

"မမ အံ့သြနေတယ် မဟုတ်လား၊ မအံ့သြပါနဲ့တော့ မမရယ်၊ မမနဲ့ပတ်သက်တဲ့အတိတ်ကအကြောင်းတွေကို ကျွန်တော် သိပြီးပါပြီ၊ မမလို လှပထက်မြက်တဲ့မိန်းမတစ်ယောက်ဆီမှာ ခုလို နာကျင်စရာကောင်းတဲ့ အတိတ်တွေရှိနေခဲ့တာ ကျွန်တော် ကြားကြားချင်းတုန်းကယုံတောင် မယုံချင်ခဲ့ပါဘူး"

"မင်းဘာတွေပြောနေတာလဲ"

"မဖုံးကွယ်ပါနဲ့တော့ မမရယ်၊ ကိုသုတပြောပြလို့ ကျွန်တော်အားလုံးသိပြီးပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ သုတက ဟုတ်လား"

လက်ာ အံ့သြသွားသည်။ သုတက ဘာဖြစ်လို့ လက်ာ ဖုံးကွယ်ထားချင်ခဲ့သည့်အကြောင်းအရာများကို မင်းသွေးစက်အား ပြောပြလိုက်ရတာလဲ။

"ကိုသုတက မမအပေါ်မှာ သိပ်ကိုနားလည်ပေးပြီး ကောင်းလွန်းတဲ့သူငယ်ချင်းပဲနော်၊ ကျွန်တော့်ကြောင့်နဲ့တော့ ကိုသုတကို စိတ်မဆိုးလိုက်ပါနဲ့ဦး"

"မင်းကို သူက ဘာဖြစ်လို့ပြောပြရတာလဲ"

"မမအပေါ် သူ့လိုမျိုး နားလည်ပေးနိုင်မယ့် နောက်ထပ်ယောကျ်ားတစ်ယောက်ဟာ ကျွန်တော်မှန်း သူသိလို့နေမှာပေါ့"

"အောင်မာ"

သူ့ကိုယ်သူ အဟုတ်ကြီးလုပ်ကာ ပြောလိုက်သောစကားကြောင့် လက်ာ မျက်စောင်းလေးထိုးပစ်လိုက်သည်။ သူမရဲ့အတိတ်အကြောင်းတွေကို သုတ ပြောပြလိုက်တယ်လို့ သိသိချင်တုန်းကတော့ စိတ်ဆိုးချင်ခဲ့သော်လည်း ထိုအတိတ်များကို မင်းသွေးစက်က လက်ခံပေးနိုင်မှန်း သိလိုက်ရချိန်မှာ သုတကို စိတ်မဆိုးနိုင်တော့တဲ့ တိတ်တခိုးလေး ကျေးဇူးတင်လိုက်မိသည်။

"ကျေးဇူးတင်ပါတယ် မမရယ်"

"ဘာကိုလဲ"

"ကျွန်တော့်ကို ကယ်တင်ခဲ့တဲ့အတွက်ပေါ့"

"မင်းအစားဝင်ခံပေးခဲ့လို့လား"

"အင်း ဟုတ်တယ်၊ ဒါပေမဲ့ အဓိကကျေးဇူးတင်ချင်တာကတော့ အဲဒါကြောင့် မဟုတ်ဘူး"





"ဘာတွေများ ထပ်ရှိသေးလို့လဲ"

သူမ စိတ်ဝင်စားစွာ မေးမိသည်။ သူ့မျက်နှာကို လှည့်ကြည့်မိတော့ ချိုမြသောအပြုံးတစ်ခုက နေရာယူထား၏။

"ကျွန်တော့်ရဲ့အထီးကျန်နေတဲ့ဘဝကိုလည်း ကယ်တင်ပေးခဲ့လို့လေ"

"အမယ် မင်းကို ဘယ်သူက ကယ်တင်ပေးမယ် ပြောလို့လဲ"

"ထပ်မလိမ်ပါနဲ့တော့ မမရယ်၊ ကျွန်တော်တို့ အတူတူပျော်ရမယ့်အချိန်တွေ လျော့သွားမှာစိုးလို့ပါ"

သူမ နှုတ်ခမ်းလေးတွေ ပြုံးယောင်သမ်းသွားရသည်။ သူ သိပ်လည်တဲ့ယောကျ်ားပါလား။

"ဟော တွေ့လား မမ ပြုံးနေတယ်၊ ကျွန်တော်ပြောတာကို လက်ခံတယ်မဟုတ်လား၊ လက်ခံလို့ ပြုံးလိုက်တာ မဟုတ်လား၊ ဟုတ်တယ်နော် မမ"

ကားမောင်းနေရင်းတန်းလန်းနှင့် လက်ာ့ကိုလှည့်ကြည့်လှည့်ကြည့်လုပ်ကာ သူ တတွတ်တွတ် မေးသည်။ မျက်လုံးများပြုံးပြီး နှုတ်ခမ်းများက ပြုံးရယ်နေသော အံ့သြဝမ်းသာနေသည့်သူ့ပုံစံက ရယ်စရာလည်းကောင်းနေသောကြောင့် လက်ာ ဟန်မဆောင်နိုင်တော့တဲ့ ရယ်မောလိုက်မိတော့သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

လက်ာတို့နှင့် ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပင် သုတလည်း လက်ာ့အိမ်လေးဆီ ရောက်လာခဲ့သည်။ သုတလက်ကို ကိုင်ဆွဲလျက် သံသာလေးပါ ပြန်ပါလာသောကြောင့် လက်ာ ခုမှပင် သက်ပြင်းချလိုက်နိုင်၏။

"ကဗျာ့ကိုတော့ ငါ ဒီတိုင်းချော့မော့ပြီး ဟိုတယ်ပြန်ခိုင်းလိုက်တယ်၊ ဒါပေမဲ့ သူ့ လွယ်လွယ်နဲ့တော့ အလျှော့ပေးမှာမဟုတ်ဘူးဟ၊ နင်လည်း နားလည်ပေးသင့်တဲ့နေရာမှာ နားလည်ပေးလိုက်ပါဟာ၊ နင် နာကျင်ခံစားခဲ့ရတာတွေကို ငါအသိဆုံးပါ၊ ဒါပေမဲ့ ဒီကိစ္စက သားသမီးနဲ့ ပတ်သက်လာတဲ့ အမေတစ်ယောက်ရဲ့ခံစားချက်လေ၊ ဒါကိုသိနေရက်နဲ့ ငါတို့ ဘယ်လိုအနိုင်ယူမလဲ"

သမီးလေးကို အခန်းထဲမှာမနုနှင့်အတူ လွှတ်ပေးထားလိုက်ပြီး လက်ာတို့သုံးယောက်သား ခေါင်းချင်းဆိုင် ပြောဖြစ်ခဲ့သော အကြောင်း





အရာပါ။ သုတ ပြောသည့်စကားက နည်းလမ်းတော့ကျပါရဲ့၊ ဒါပေမဲ့ သမီးကို ကဗျာနဲ့ပြန်ထည့်ပေးလိုက်ဖို့ဆိုတာကတော့ ဖြစ်နိုင်ပါ့မလား၊ တစ်သက်လုံးက လက်ာနဲ့အတူ ကြီးပြင်းလာခဲ့သော သမီးက ကဗျာနဲ့ လိုက်သွားဖို့ဆိုတာ ဖြစ်နိုင်ပါ့မလားကွယ်။ ပြီးတော့ လက်ာကရော သမီးကိုခွဲပြီး နေနိုင်မှာမို့လို့လား။

"မမက သံသာ့ကို မခွဲနိုင်ဖြစ်နေတာမို့လား"

အို မင်းသွေးစက်က တကယ်ပဲ လက်ာ့ခံစားချက်တွေကို နားလည်ပေးနိုင်နေတာလား။

"နင် မခွဲနိုင်ဖြစ်မယ်ဆိုတာကို ငါတို့နားလည်ပါတယ်၊ ဒါပေမဲ့ နင် ပြန်စဉ်းစားကြည့်လေ၊ ကဗျာက သံသာရဲ့အမေရင်း၊ ပြီးတော့ ဒီနေ့ ဖြစ်ပျက်ခဲ့တဲ့ပုံစံတွေအတိုင်း သံသာက အားလုံးကိုနားလည်သွားပြီ၊ သိသွားပြီ၊ ငါတို့တယ်လိုမှ ရှေ့ဆက်ဖုံးကွယ်ထားလို့ မရတော့ဘူး"

"သံသာကရော ကဗျာနဲ့လိုက်နေမယ်လို့ ပြောလို့လား"

လက်ာ ထိတ်လန့်တကြား မေးလိုက်မိသည်။

"သမီးက ဘာမှမပြောပါဘူး၊ ဒါပေမဲ့ ဘယ်ဟာက အကောင်းဆုံးဆိုတာကို နင်စဉ်းစားပေါ့ဟာ၊ ခုချိန်ထိ ကဗျာ့ကို နင်မမုန်းခဲ့ဘူးဆိုတာ ငါသိပါတယ်၊ နင်သိဝ်ချစ်ခဲ့တဲ့ ညီမလေးပဲလေ၊ အဲဒီတော့ မေ့ပစ်သင့်တာတွေ မေ့ပစ်ပြီး လက်ရှိဘဝမှာ ပျော်ပျော်နေဖို့သာ စဉ်းစားစမ်းပါ၊ ဒါမှ နင့်အနာဂတ်မှာလည်း စိတ်ချမ်းချမ်းသာသာနေနိုင်မှာလေ"

လက်ာ့ကို သုတ တရားချနေလို့ မဆုံးသေးခင်မှာပင် ဖုန်းသံလေးတစ်ခု ကျယ်ကျယ်လောင်လောင် မြည်လာသည်၊ သုတက ဘောင်းဘီအိတ်ကပ်ထဲမှ ဖုန်းလေးကို နှိုက်ထုတ်လိုက်၏။ ပြတင်းပေါက်ဘက် ထွက်သွားကာ တစ်ကိုယ်တည်း ဖုန်းပြောပြီး ပြန်ဝင်လာတော့ ဘူ့မျက်



www.burmeseclassic.com

www.burmeseclassic.com



ဝန်းတွေ ထူးဆန်းနေခဲ့သည်။

''မင်းထင်နေတာ အမှန်တွေပဲ ညီ''

မင်းသွေးစက်ကိုကြည့်ပြီး သုတ အလောတကြီး ပြော၏။ သုတ စကားကို ကြားလိုက်ရသည်နှင့် မင်းသွေးစက်ကလည်း ထိုင်နေရာကနေ ငေါက်ခနဲ မတ်တပ်ထရပ်လိုက်သည်။

''ကျွန်တော့်ကို အသေးစိတ်ပြောပြပါဦး ကိုသုတ''

''ထိုင် ထိုင် ပြောပြမယ်''

''ဟဲ့ နင်တို့နှစ်ယောက် ဘာတွေဖြစ်နေတာလဲ၊ ငါ့ကိုလည်း ပြောဦးလေ''

လကံ့ာ မနေနိုင်စွာဝင်မေးတော့မှ သူတို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး သုတက အရင်ခေါင်းတစ်ချက်ဆတ်ပြသည်။ မင်းသွေးစက်က သက်ပြင်းလေးကို ခပ်ဖွဖွချ၏။ နောက်တော့ ဟိုတယ်မှာ ရင်ဆိုင်နေရသော ပြဿနာအကြမ်းဖျင်းကို လကံ့ာအားပြောပြ၏။

လကံ့ာ မျက်လုံးပြူးသွားရပါသည်။ လကံ့ာ မရှိခဲ့တဲ့ ရက်ပိုင်းလောက်လေးအတွင်းမှာ ဘာတွေဘယ်လိုဖြစ်ကုန်တာလဲ။

''အဲဒီတော့ အခု နင့်ဆီလာတဲ့ဖုန်းက''

''ရှယ်ယာတွေ ဘာတွေအကြောင်း ကောင်းကောင်းနားလည်ပြီး နင်တို့ဟိုတယ်အုပ်စုအသိုင်းအဝိုင်းထဲက ငါ့မိတ်ဆွေတစ်ယောက်ကို စုံစမ်းခိုင်းထားတာ၊ သူက အကြောင်းစုံသိရလို့ ငါ့ကိုဖုန်းလှမ်းဆက်ပြီး ချက်ချင်းအသိပေးတာလေ''

''ပြောပါဦး ကိုသုတ၊ ဘာတွေဖြစ်နေတယ်ဆိုတာ''

''ညီ ထင်တဲ့အတိုင်းပဲ၊ ဒါတွေအားလုံးကို နောက်ကွယ်က





ကြိုးကိုင်နေတာ ဦးအုပ်စိုးခန့်ပဲ''

''တောက်''

မင်းသွေးစက်က စိတ်မထိန်းနိုင်စွာ တက်တစ်ချက်ခေါက်သည်။ လကံ့ာကိုယ်တိုင်လည်း ယုံကြည်ဖို့တောင် ခဲယဉ်းနေခဲ့၏။

''ဟိုးအရင်တုန်းက မမကို ကျွန်တော်ပြောဖို့ ကြိုးစားခဲ့ဖူးပါတယ်၊ ကျွန်တော် သံသယဖြစ်နေတဲ့အရာတစ်ခုရှိနေတယ်ဆိုတာလေ''

မင်းသွေးစက် ပြောလိုက်တာနှင့် လကံ့ာ ချက်ချင်းပင် မှတ်မိလိုက်ပါသည်။ အစည်းအဝေးခန်းထဲကို နှစ်ယောက်တည်းခေါ်ပြီး ပြောပြဖို့ သူ ကြိုးစားခဲ့တာ။

''ဒါဆို ဘာဖြစ်လို့ အဲဒီတုန်းတည်းက မပြောပြခဲ့တာလဲ သွေးရယ်''

''မမကိုပြောရင် မယုံမှာကိုစိုးရိမ်မိတာပါ၊ လက်ဆုပ်လက်ကိုင်ပြစရာလည်း အဲဒီတုန်းက ဘာမှမရှိခဲ့ဘူးလေ''

''အခု ငါ့မိတ်ဆွေ ပြောပြတာကတော့ ဦးအုပ်စိုးခန့်က တော်ဝင်နှင်းဆီက အလုပ်သမားခေါင်းဆောင် ကိုကျော်ထက်ကို စည်းရုံးပြီး အရည်အသွေးနိမ့်တဲ့ကုန်ကြမ်းတွေသုံးပေးဖို့ စည်းရုံးခဲ့တယ်၊ ကုမ္ပဏီက တရားဝင်ထုတ်ပေးထားတဲ့ ငွေတွေအများကြီးကို ခံစားခွင့်ရမှာဆိုတော့ ကိုကျော်ထက်ကလည်း လွယ်လွယ်ပဲ လက်ခံခဲ့တယ်လေ''

''ဒါတွေကို နင့်မိတ်ဆွေက ဘယ်လိုသိလဲ''

''ဆက်စပ်ကြည့်ရင်း ဒီပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာပဲ ကျင်လည်နေကြတာဆိုတော့ သိနိုင်တာပေါ့ဟာ၊ ငါ့မိတ်ဆွေ ပြောတာကတော့ အရည်အသွေးနိမ့်တဲ့ ကုန်ကြမ်းထုတ်လုပ်တဲ့ စက်ရုံဘက်က ကြားတာလို့ ပြောတာပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ငါတို့ကြုံခဲ့ရတဲ့ မတော်တဆမှုကရော ကိုအုပ်စိုးလုပ်တာပဲလား"

လက်ာ သိချင်သည်များကို အသေးစိတ်မေးနေမိ၏။ အားလုံးကို ရှင်းရှင်းလင်းလင်း သိထားမှလည်း လက်ာတို့ဘက်က ပြင်ဆင်သင့်တာတွေ ပြင်ဆင်နိုင်မှာ မဟုတ်လား။

"ဒါကို ပြောပြပေးမယ့် လူတစ်ယောက်ကို ငါ ချိန်းခိုင်းလိုက်တယ်၊ ညီပါ တစ်ခါတည်းလိုက်ခဲ့လိုက်"

"ဟင် ငါကရော"

လက်ာ မျက်လုံးလေးပြူးပြီး မေးမိသည်။

"နင်က လမ်းတောင်မြန်မြန်မလျှောက်နိုင်သေးတော့ မလိုက်ပါနဲ့ဦးဟာ"

"အိုး ငါတို့က ကားနဲ့သွားမှာပဲဟာ ဘာလမ်းလျှောက်စရာမှ မလိုဘူး၊ ငါလိုက်မယ် ဒါပဲ"

ဒီတစ်ခါလည်း လက်ာ့ကို သူတို့နှစ်ယောက် လိုက်လျောရပြန်ပါသည်။ ကားပေါ်ရောက်မှ သုတက ပြောပြ၏။ လက်ာတို့ အခု ကိုကျော်ထက်ကို ကိုယ်တိုင်စကားပြောဖို့ သွားနေကြတယ်ဆိုတာ။

"ဒီကိစ္စမှာ ညီက အရေးကြီးတယ်၊ ကိုကျော်ထက်ကို ခြိမ်းခြောက်နိုင်မှ အမှန်တွေကို ကိုယ်တို့သိရမှာ"

"ကျွန်တော် နားလည်ပါတယ် ကိုသုတ"

လူရှင်းသော စားသောက်ဆိုင်လေးတစ်ခုမှာ လက်ာတို့သုံးယောက် ကိုကျော်ထက်ကို မိနစ်နှစ်ဆယ်လောက် ထိုင်စောင့်လိုက်ရ၏။ ရောက်လာတော့လည်း လက်ာတို့ကို မျက်နှာချင်းမဆိုင်ရဲစွာ ခေါင်းကိုငုံ့လျက်။



"ကျွန်တော် ရှည်ရှည်ဝေးဝေးတွေ မပြောချင်ဘူး ကိုကျော်ထက် ကျွန်တော်က ဟိုတယ်မှာ မန်နေဂျင်းပဲ၊ ကျွန်တော်တောင်းဆိုတဲ့အတိုင်း ခင်ဗျားလုပ်ပေးရင် တရားဥပဒေနဲ့ရင်ဆိုင်ရတဲ့အခါ သက်သာအောင် ကူညီပေးမယ်၊ ဘယ်လိုလဲ သဘောတူလား"

"ကျွန် ကျွန်တော် ဘာလုပ်ပေးရမှာလဲ"

"ဦးအုပ်စိုးခန့်နဲ့ပတ်သက်ပြီး ခင်ဗျား ဘာတွေလုပ်ပေးခဲ့တယ်ဆိုတာရယ်၊ ခင်ဗျားဘာတွေထပ်သိထားတယ်ဆိုတာရယ်၊ ပွင့်ပွင့်လင်းလင်း ပြောပြပေးပါ"

ကိုကျော်ထက်က ချက်ချင်းတော့ မဖြေပါ။ တော်တော်လေး တိတ်ဆိတ်သွားခဲ့၏။ ဝေခွဲရခက်နေပုံရသည်။

"ခင်ဗျားကို ဦးအုပ်စိုးခန့်က ရှေ့လျှောက်ဘာမှ ကူညီနိုင်မှာ မဟုတ်ဘူး၊ တရားဥပဒေနဲ့တကယ်တမ်း ရင်ဆိုင်ရမှာ ခင်ဗျားပဲ၊ စဉ်းစားပေါ့ဗျာ"

"ကျွန်တော့်ကို ပြစ်ဒဏ်လျော့အောင် ကူညီပေးမယ်ဆိုတာ တကယ်လား ဦးမင်းသွေးစက်"

"ကျွန်တော် တကယ်ပြောတာပါ၊ ခင်ဗျား ကျွန်တော့်ကိုယုံလို့ရတယ်၊ တစ်ခုပဲ ခင်ဗျားဘက်ကလည်း ကျွန်တော်တို့ယုံနိုင်လောက်တဲ့ မှန်မှန်ကန်ကန် အဖြေမျိုးကိုပဲ ပေးပါ"

"ကောင်းပါပြီ ကျွန်တော် ပြောပြပါ့မယ်"

ကိုအုပ်စိုးရဲ့အကွက်ကျကျ ပြင်ဆင်ထားသော လှည့်ကွက်တွေကို လက်ာတို့သိရှိလိုက်ပြီးသည့်နောက်မှာ မင်းသွေးစက်က နွေးနွေးဆီဖုန်းလှမ်းဆက်လျက် ဒါရိုက်တာအဖွဲ့ဝင်များ အရေးပေါ်အစည်းအဝေး ခေါ်ခိုင်းလိုက်သည်။ လက်ာတို့သုံးယောက်သားလည်း ဟိုတယ်ဆီ

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းထွက်လာခဲ့လိုက်၏။

နောက်ထပ်နာရီဝက်အတွင်းမှာ အစည်းအဝေးစတော့မှာမို့ ဒါရိုက်တာအဖွဲ့ဝင်တွေ တဖွဲဖွဲရောက်လာနေကြပြီ။ အရေးပေါ်ခေါ်သည်ဆိုတည်းက အခြေအနေတော်တော်ကြီးမားမှန်း အားလုံးနားလည်သဘောပေါက်ကြသည်။ အားလုံး လူစုံခါနီးမှာ ကိုအုပ်စိုးနှင့်ဦးရန်နိုင်တို့ ရောက်လာကြ၏။

ဘဲဥပုံစားပွဲရှည်ကြီး၏ ထိပ်ဆုံးထိုင်ခုံ၌ မင်းသွေးစက်ကနေရာယူလိုက်သည်။ မင်းသွေးစက်ရဲ့ဘယ်ဘက်ကပ်လျက်ထိုင်ခုံဟာ လက်ာ့နေရာ။ ထိုင်ခုံနေရာလွတ်မရှိ လူပြည့်သွားတော့မှ မင်းသွေးစက်ကနေရာမှ မတ်တပ်ထရပ်လိုက်ပြီး

"ဟိုတယ်ရဲ့ရှယ်ယာဈေးတွေ ထိုးကျပြီး အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်နေတာ လူကြီးမင်းတို့အားလုံးလည်း သိပြီးပါပြီ၊ အဲဒီအတွက် ကျွန်တော့်မှာ အပြည့်အဝတာဝန်ရှိပါတယ်"

"မန်နေဂျင်းက ဘယ်လိုတာဝန်ယူဖို့များ စဉ်းစားထားလို့လဲ"

ဝင်မေးလိုက်သော ကိုအုပ်စိုးလေသံက ခနဲ့သံလိုလို လှောင်ပြောင်လိုက်သလိုလိုမို့ မင်းသွေးစက်ရဲ့ချုပ်ထိန်းထားသော ဒေါသတွေ ပွင့်ထွက်မတတ် ဖြစ်ကုန်၏။

"ဦးအုပ်စိုးခန့်က ဟိုတယ်မတည်မငြိမ်ဖြစ်နေတာကို စိုးရိမ်စရာမလိုပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အားလုံးကို ပြန်တည်ငြိမ်သွားအောင်ကျွန်တော် လုပ်ဆောင်မှာမို့ပါ၊ ဒီဟာတွေအားလုံးရဲ့ အရင်းအမြစ်က ဘယ်ကလာတယ်ဆိုတာလည်း ကျွန်တော်သိပြီးပါပြီ"

ထိုစကားကိုကြားတော့ ကိုအုပ်စိုး မျက်နှာကွက်ခနဲ ပျက်သွား၏။



"မန်နေဂျင်း ဘာကိုဆိုလိုတာလဲ"

ဒါရိုက်တာလူကြီးတစ်ဦးက ထမေးသည်။ မင်းသွေးစက်က ကိုအုပ်စိုးကိုကြည့်လျက် လှို့ဝှက်စွာ ပြုံးလိုက်ပြီး

"တကယ်တော့ တော်ဝင်နှင်းဆီဘက်က အလုပ်သမားခေါင်းဆောင်ကို ချုပ်ကိုင်ပြီး အရည်အသွေးနိမ့်တဲ့ ကုန်ကြမ်းတွေသုံးဖို့ စေခိုင်းခဲ့သူ ရှိပါတယ်"

လူကြီးတွေအားလုံး တစ်ယောက်ကိုတစ်ယောက်ကြည့်လျက် တစ်ယောက်တစ်ပေါက်ပြောဆိုသံတွေ ခဏလေးအတွင်း ဆူညံသွား၏။ ကိုအုပ်စိုးကတော့ နဖူးမှာ ချွေးစေးတွေပျံလျက် နေရာကနေ ထထွက်သွားတော့မယောင် ဖင်တကြွကြွ ဖြစ်နေပြီ။

"အဲဒါကလည်း တခြားသူမဟုတ်ပါဘူး၊ ဒီအစည်းအဝေးပွဲမှာ အတူတက်ရောက်နေတဲ့ ဦးအုပ်စိုးခန့်ပါပဲ"

ဒီတစ်ခါတော့ ကိုအုပ်စိုး မတ်တပ်ထရပ်လျက် မင်းသွေးစက်ကိုစားတော့ဝါးတော့မလို စိုက်ကြည့်လိုက်ပြီး

"မင်းဘာတွေပြောနေတာလဲ မင်းသွေးစက်"

"ကျွန်တော်ပြောတာ မယုံရင် ဒီမှာနားထောင်ကြည့်ကြပါခင်ဗျာ"

ကုတ်အင်္ကျီအိတ်ကပ်ထဲမှ အသံသွင်းစက်လေးကိုထုတ်ပြီး ခုနက ကိုကျော်ထက်နှင့် ပြောထားသမျှတွေ ကူးယူထားသည့်အတိုင်း ဖွင့်ပြလိုက်သည်။

"မတော်တဆမှုကတော့ တိုက်ဆိုင်မှုသက်သက်ပဲဖြစ်ခဲ့တာပါ၊ ကိုအုပ်စိုးရဲ့ရည်ရွယ်ချက်က ဒီစီမံကိန်းကြီးဆောက်လုပ်ပြီးစီးတော့မှ ကြံ့ခိုင်မှုဘက်မှာ အားနည်းချက်ရှိနေတယ်ဆိုတဲ့ သာတင်းမျိုးကို သူက

www.burmeseclassic.com

www.burmeseclassic.com



လှည့်မှာ၊ အဲဒီကျတော့မှရှုယ်ယာဈေးတွေ ထိုးကျသွားအောင် သူ ဖန်တီးချင်ခဲ့တာ၊ သူ ကံကောင်းသွားတယ်ပဲ ပြောရမလား၊ ခုလို မတော်တဆဖြစ်လိုက်တော့ သူ မျှော်မှန်းထားတာတွေ မြန်မြန်ဖြစ်လာခဲ့တာပေါ့''

''ခင်ဗျားပြောတာတွေက အမှန်တွေ ဟုတ်ပါတယ်နော် ကိုကျော်ထက်''

''မယုံရင် ခင်ဗျားတို့ဒါရိုက်တာတွေထဲက ဦးရန်နိုင်ကို မေးကြည့်နိုင်ပါတယ်၊ သူက ဒီဟိုတယ်လုပ်ငန်းကို သိပ်စိတ်မဝင်စားဘဲ ကိုအုပ်စိုးအဆွယ်ကောင်းလို့ ရှယ်ယာပဲထည့်ထားရုံသက်သက်သမားပါ၊ အခုလို ရှယ်ယာဈေးတွေထိုးကျသွားအောင် သူကိုယ်တိုင်ဖန်တီးပြီး ဦးရန်နိုင်ပိုင်ဆိုင်တဲ့ရှယ်ယာတွေကိုပါ တစ်ဖက်လှည့်နဲ့ပြန်ဝယ်ဖို့ လုပ်ခဲ့တာ၊ ပြီးမှ တစ်ဆင့်ချင်းတက်ပြီး တခြားသူတွေကိုလည်း စည်းရုံးဖို့ ကြိုးစားနေတာ၊ သူ့မှာရှယ်ယာများများပိုင်ဆိုင်မှ ခင်ဗျားကိုအလဲထိုးနိုင်ပြီး သူ မန်နေဂျင်းနေရာရမှာလေ၊ အဲဒီအခါ သူ သိမ်းပိုက်ချင်နေခဲ့တဲ့ Cele ကိုလည်း သူ့စိတ်ကြိုက် ခြယ်လှယ်နိုင်ပြီပေါ့''

ထိုစကားအဆုံးမှာ ဒေါသတကြီး စားပွဲခုံကိုထုလျက် မတ်တပ်ထရပ်လိုက်သူက ဦးရန်နိုင်။ သူလည်း မင်းသွေးစက်တို့လိုပဲ ကိုအုပ်စိုးရဲ့ လှုလည်ကျတာကို ခံရတော့ဖို့ နည်းနည်းပဲလိုတော့တာ မဟုတ်လား။

''မင်း မင်းကွာ လုပ်ရက်တယ် အုပ်စိုးခန့်''

''ခင်ဗျားတို့ မင်းသွေးစက် လျှောက်ပြောတိုင်း မယုံပါနဲ့၊ ဒီကျော်ထက်ဆိုတဲ့ကောင်ကလည်း ကျွန်တော့်ကို တမင်လုပ်ကြံတာပါ၊ ဘာမှယုံစရာအကြောင်းမရှိဘူး''

''ဒါဆို မင်းငါ့ရှယ်ယာတွေကို ဝယ်မယ့်သူရှိတယ်ဆိုပြီး ခေါ်လာခဲ့တာ မင်းလူပဲပေါ့၊ မင်းကွာ အုပ်စိုးခန့်''



''ကျွန်တော် မဟုတ်ပါဘူးလို့ ခင်ဗျားတို့ကို ဘယ်နှစ်ခါပြောရမလဲ''

အစည်းအဝေးခန်းထဲမှာ အသံများစွာဖြင့် ဆူညံနေ၏။ အကျယ်လောင်ဆုံးကတော့ သွေးရူးသွေးတန်း ငြင်းဆန်နေသော ကိုအုပ်စိုးရဲ့အသံပေါ့။

''သူက ကိုကျော်ထက်ကို သူ့ပါတနာတစ်ယောက်ဖြစ်အောင် သိမ်းသွင်းထားတာလေ၊ သူ့စီမံကိန်းတွေအားလုံးကို ပြောပြထားခဲ့တာ''

''မင်းလုပ်ကြံပြောနေတာတွေ ရပ်တန်းကရပ်လိုက်တော့ မင်းသွေးစက်၊ ကျော်ထက်လိုလူရဲ့စကားကို ခင်ဗျားတို့ကရော ယုံနေကြတာလား''

''ကျွန်တော်တို့ ယုံတာမယုံတာထက် ဥပဒေဘက်တော်သားတွေ ယုံဖို့လိုပါတယ်''

မင်းသွေးစက်အနားမှာ ရပ်နေသော နွေးနွေးကို မျက်ရိပ်ပြလိုက်တာနှင့် နွေးနွေးက အစည်းအဝေးခန်းတံခါးကို ဆွဲဖွင့်လိုက်သည်။ သုတ အကြောင်းကြားကာ ခေါ်ယူထားသော ရဲအဖွဲ့ဝင်များ အစည်းအဝေးခန်းထဲသို့ ဝင်ရောက်လာကြပြီး အုပ်စိုးခန့်နားမှာ ဝိုင်းရံလိုက်ကြ၏။

''ဒါ ဒါ မင်းတို့ဘာလုပ်တာလဲ''

''ဟိုတယ်အကျိုးနစ်နာဆုံးရှုံးအောင် လုပ်မှု၊ သွယ်ဝိုက်သောအားဖြင့် လူကိုထိခိုက်နာကျင်ခြင်းဖြစ်စေမှုတွေနဲ့၊ Cele ဟိုတယ်မန်နေဂျင်းက အမှုဖွင့်ထားပါတယ်၊ ကုမ္ပဏီနာမည်ကျဆင်းစေမှုနဲ့လည်း တော်ဝင်နှင်းဆီဆောက်လုပ်ရေးဘက်က အမှုထပ်ဖွင့်ထားတယ်''

တာဝန်ကျဒုရဲအုပ်ရဲ့စကားအဆုံးမှာ အုပ်စိုးခန့် အကြောက်အကန်ငြင်းသည်။

www.burmeseclassic.com



"မဟုတ်ဘူး အဲဒါ ကျော်ထက်လုပ်တာ၊ ငါမဟုတ်ဘူး"

"ကျော်ထက်ကိုယ်တိုင် စခန်းမှာလာပြီး ဖြောင့်ချက်ပေးပြီး ပါပြီ၊ ခင်ဗျားလည်း စခန်းကိုလိုက်ခဲ့စေချင်ပါတယ်၊ ဘာကအမှန် ဘာက အမှားဆိုတာ ကျွန်တော်တို့ သိပ်မကြာခင် ဖော်ထုတ်နိုင်မှာပါ"

"ဘာ"

နောက်ဆုံးတော့လည်း ဘာမှမတတ်နိုင်စွာနှင့်ပင် ကိုအုပ်စိုး ပါသွားခဲ့၏။ လက်ာတို့တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး နှစ်မြို့က်စွာ ပြုံးလိုက်မိသည်။

အစည်းအဝေးခန်းမအပြင်ဘက်မှာ စောင့်ဆိုင်းနေသော သုတ ကို မင်းသွေးစက်က တင်းကျပ်စွာဖက်ပြီး ကျေးဇူးစကားဆိုသည်။

"ကိုသုတသာ မကူညီခဲ့ရင် ကျွန်တော်တော့ တကယ်သွားပါပြီ၊ သိပ်ကျေးဇူးတင်တယ်ဗျာ"

"ကျွန်တော် ကူညီတယ်ဆိုတာထက် မင်းသွေးစက်ကိုယ်တိုင် လည်း ဟိုတယ်နစ်နာမှာကို ဘယ်လိုမှ လက်မခံနိုင်တဲ့ စိတ်ဓာတ်ပြင်းထန် နေလို့သာ အောင်မြင်ခဲ့တာပါ၊ ဘယ်သူတွေ ဘယ်လိုပဲပြောပြော ဒီ ဟိုတယ်ရဲ့မန်နေဂျင်းနေရာဟာ ညီနဲ့ပဲ အလိုက်ဖက်ဆုံးဆိုတာ ယုံတယ်"

"ခုလို ယုံကြည်ပေးတာ ထပ်ပြီးကျေးဇူးတင်ပါတယ်ဗျာ၊ အဲဒါ ကျွန်တော့်အတွက် အားအင်တွေပါပဲ"

မျက်ရည်များရစ်ဝဲလျက် မင်းသွေးစက်ပြောတော့ သုတက သူ့လက်မောင်းကို ခပ်တင်းတင်းဆုပ်ကိုင်အားပေးလိုက်ရင်း

"ဒါဆို အောင်ပွဲခံအထိမ်းအမှတ်အနေနဲ့ ဒီည ကျွန်တော့်ဆိုင် မှာ အားလုံးစုံကြမယ်လေ၊ လက်ာလည်း သံသာ့ကိုပါ ခေါ်လာခဲ့ပေါ့"

"ဟုတ်တယ် မမ၊ ကျွန်တော်လည်း သံသာနဲ့မိတ်ဆက်ရဦး





မယ်"

"သွေးက ဘာကိုမိတ်ဆက်မှာတုန်း"

"ဒီက သံသာရဲ့ဦးလေးဖြစ်လာမယ့်သူပါဆိုပြီး မိတ်ဆက်မှာ ပေါ့"

"ဟယ် ကြည့်စမ်း၊ ရှက်လည်း မရှက်ဘူး"

သုံးယောက်သား ပြုံးတူရယ်မောလိုက်မိသည်။ အားလုံးရဲ့ ရယ်သံတွေထဲမှာ သုတရဲ့ရယ်မောလိုက်သံကလည်း ပေါ့ပေါ့ပါးပါး ပါဝင် နေတာမို့ ဒီတစ်ခါတော့ လက်ာ စိတ်ချမ်းသာသွားပါသည်။ ဟိုးအရင် တုန်းကလို သုတကို နာကျင်မှုတွေဖြင့် ထားခဲ့သူ ထပ်မဖြစ်ချင်တော့တာ အမှန်ပါ။

■ ■ ■

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ဒီညှ သုတာက ဆိုင်ကိုစောပိတ်လိုက်သည်။ သူမတို့အားလုံး လူစုံတော့ ညခြောက်နာရီပင် မခွဲသေး။

"ဒီည စန္ဒာရားလက်သံနဲ့ ဖျော်ဖြေမယ့်သူကတော့ မင်းသွေး စက်ပဲ ဖြစ်ပါတယ်၊ အားလုံး လက်ခုပ်တီးပေးပါ"

သံသာကပါ အားရပါးရနှင့်လက်ခုပ်ထတီးတော့ မင်းသွေးစက် ကျေနပ်သွားပုံနှင့် မိန့်မိန့်ကြီးပြုံးလျက် စန္ဒရားခုံဆီ ထသွားသည်။ ဒါတောင် လက်ာ့နားကပ်ပြီး တိုးတိုးလေး ပြောသွားသေး၏။ 'ဦးလေး မှန်းတော့ သိသား'တဲ့။

ဘာပဲဖြစ်ဖြစ် ခုလိုမျိုး သူ စိတ်ချမ်းသာနေတာ မြင်ရတော့ လက်ာလည်း ဝမ်းသာမိသည်။ ဆိုင်ထဲမှာ သူ့လက်သံ စန္ဒရားတေးသွား ငြိမ့်ငြိမ့်လေးက နေရာယူထား၏။ သုတာက အနားရောက်လာကာ လက်ာ့ ကို လက်တို့ပြီး တစ်နေရာကို လှမ်းပြသည်။ ဟိုးဆိုင်အပြင်ဘက် အမှောင်





ရိပ်ထဲမှာ လူရိပ်တစ်ခု။

ဒါ ဘယ်သူလဲ လက်ာ သိပါသည်။

"ငါတို့ ဒီမှာရှိတာ သူဘယ်လိုသိလဲ"

"သူက သံသာ့နောက်ကို လိုက်နေတာပဲ၊ သံသာရှိတဲ့နေရာမှာ သူရှိမှာပေါ့"

"ဘာလဲ နင်က သူ့ဘက်က ရှေ့နေလိုက်ပေးနေတာလား"

"အမှန်ကိုပြောရရင် အခုငါပြောခဲ့တာတွေအားလုံးက သူ့ အတွက်မဟုတ်ဘူး လက်ာ၊ နင့်အတွက်ပြောနေတာ"

"ဘယ်လို ငါ့အတွက် ဟုတ်လား"

"ငါပြောပေါင်းများပြီ လက်ာရယ်၊ မေ့ဖျောက်သင့်တဲ့အရာတွေ ကို မေ့ဖျောက်ပြီး နာကျင်မှုတွေဆီကနေ ရုန်းထွက်ဖို့ပေါ့၊ အရာရာကို အသစ်ကပြန်စပါ၊ အခုဆို နင့်မှာ နားလည်ပေးပြီး ချစ်ခင်ပေးမယ့် မင်းသွေးစက်လည်း ရှိနေပြီပဲ"

သူမ သက်ပြင်းလေး ချလိုက်သည်။ သုတ ပြောတာတွေက အမှန်တွေချည်းပါပဲ။ ကဗျာ့ကို မုန်းနေတာလားလို့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်ဖို့ မလိုခဲ့အောင်ပင် လက်ာ ကဗျာ့ကို မမုန်းတာကတော့ သေချာပါသည်။ လက်ာက ကဗျာ့ကိုမုန်းနေတာ မဟုတ်ဘဲ ဖြစ်ပျက်ခဲ့ သော အဖြစ်အပျက်ကြီးကို မုန်းတီးနေမိခြင်း ဖြစ်၏။ သူမ ခံစားခဲ့ရ သည့် နာကျင်မှုတွေကို မမေ့နိုင်တာ ဖြစ်သည်။

"နင်အဆင်သင့်ဖြစ်ရင် ငါ သူ့ကို အထဲခေါ်လိုက်မယ် လက်ာ"

"နင့်သဘော"

သူမ စကားကိုခပ်လျှမ်းလျှမ်းပြောလျက် စန္ဒရားတီးနေသော မင်းသွေးစက်နားသို့ ထလာခဲ့လိုက်သည်။ အားရဝမ်းသာဖြစ်သွားသော



www.burmeseclassic.com

www.burmeseclassic.com



အပြုံးများဖြင့် ဆိုင်အပြင်ဘက်ဆီ သုတ လှမ်းထွက်သွားတာ လက်ာ မြင်လိုက်၏။

ဟုတ်ပါတယ်။ လက်ာ အတိတ်တွေထဲကနေ ရုန်းထွက်ဖို့ ဆုံးဖြတ်လိုက်ပါပြီ။ နာကျင်မှုတွေကလွဲရင် ဘာအကျိုးမှမရှိသော အတိတ်တွေကို အတိတ်မှာပဲ မြှုပ်နှံထားခဲ့လိုက်တာ အကောင်းဆုံးရွေးချယ်မှု ဖြစ်မည်။

မင်းသွေးစက်က အနားမှာ လာရပ်လိုက်သော လက်ာ့ကို စန္ဒရားခလုတ်များပေါ် လက်ချောင်းလေးများ ဆော့ကစားနေရင်းမှ မော့ကြည့်သည်။ လှပသော တေးသွားလေးတစ်ခုက ဆိုင်ထဲမှာလွှမ်းခြုံထားသလို သူ့ရဲ့နွေးထွေးသောအပြုံးများကလည်း သူမ နှလုံးသားကို လွှမ်းခြုံထားသည်။

ဒီလောက်ဆိုရင်ပဲ နာကျင်စရာ အတိတ်တွေကိုမေ့ပစ်ပြီး ဘဝအသစ်စက်စက်တစ်ခု ပြန်စဖို့ ထိုက်တန်နေပါပြီနော်။

ပရိသတ်အတွက်
အမြဲတမ်း
ဗျူး

www.burmeseclassic.com